(၄-ယိုးမြစ်) ယေဘုယျဗုဒ္ဓ ပြဿနာဂုရုနှင့် ကြေးဝယ်ဆရာတော်ကြီး

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အရှင်ကုလ္လာဘိဝံသ
ရေးသားစီရင်သော

သီကောင်းစရာ ရေပွပဒေသာ

အတွဲ(၁)

တတိယအကြိမ်

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၆

ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

၁။ သဒ္ဓါတရား၊ လက်နှင့်ကား၊ မခြားတူပေသည်။
၂။ ပစ္စည်းထဲမှ၊ ထုတ်ယူရ၊ ဒါနအနှစ်မည်။
၃။ ခန္ဓာကိုယ်မှ၊ ထုတ်ယူရ၊ သီလအနှစ်မည်။
၄။ သက်ဇီဝမှ၊ ထုတ်ယူရ၊ ဝိပဿနာအနှစ်မည်။
၅။ မကောင်းရှောင်ခွာ၊ ကောင်းတာသာ၊ ဆောင်ကာယူသင့်သည်။
၆။ ရုပ်နာမ်ကိုပင်၊ ငါကောင်ထင်၊ စွဲလျှင်ကိုယ်စိတ်နာ။
၇။ ရုပ်နာမ်ပေါ်ဆဲ၊ ရှုမှတ်ခွဲ၊ ကိုယ်ဘဲနာပါစိတ်မနာ။
၈။ သစ်ပင်ရိပ်ထက်၊ မိဘရိပ်ဟာ၊ ပို၍သာ၊ မှန်စွာချမ်းသာသည်။
၉။ မိဘရိပ်ထက်၊ ဆရာရိပ်ဟာ၊ ပို၍သာ၊ မှန်စွာချမ်းသာသည်။
၁၀။ ဆရာရိပ်ထက်၊ မင်းအရိပ်ဟာ၊ ပို၍သာ၊ မှန်စွာချမ်းသာသည်။
၁၁။ မင်းအရိပ်ထက်၊ တရားရိပ်ဟာ၊ ပို၍သာ၊ မှန်စွာချမ်းသာသည်။
၁၂။ အလှူအကျင့်၊ ရဲရဲရင့်၊ အသင့်စိတ်စွဲစေ။
၁၃။ အတတ်ပညာ၊ ဥစ္စာရှာ၊ ဖန်ခါစိတ်မြဲစေ။
၁၄။ အဂ္ဂါဝါးဖြာ၊ ပြည့်စုံလာ၊ ရတနာသားမြတ်ပေ။

ဤဆောင်ပုဒ်များနှင့် အလားတူ သိကောင်းစရာများကို
ထည့်သွင်း ဖော်ပြထားပါသည်။

(၈-ရိုးရိုး) ယေဘုယျ ပါဠိတော်ကျမ်း ပါဠိတော်ကျမ်းတွင်ယခု ၁ယောဇဉ်ပြီးပြီး၁၁ ၁ယောဇဉ်ကျော်ပြီ



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အရှင်ကုလ္လာဘိဝံသ
ရေးသားစီရင်သော

သီကောင်းစရာ ဗျိုပဒေသာ

အတွဲ(၁)

တတိယအကြိမ်

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၈ ခရစ်-၂၀၀၆

ပုံနှိပ်မှတ်တမ်း

ဘာသာစကားဆိုင်ရာစာမူခွင့်ပြုချက်အမှတ်
၃၂၀၆၄၄၀၆၀၉

မျက်နှာပုံးခွင့်ပြုချက်အမှတ်
၃၂၀၆၃၁၀၆၁၀

ပုံနှိပ်ခြင်း
တတိယအကြိမ်

အုပ်စရေ – ၃၀၀၀

တန်ဖိုး – [redacted]

ပုံနှိပ်ပြီးသည့်လ
ဒီဇင်ဘာလ

မျက်နှာပုံးနှင့်အတွင်းပုံနှိပ်သူ
ဦးသိန်းထွန်း (၀၄၇၂၂)
သိန်းထွန်းအော့ဖ်ဆက်
၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေပြည်နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒု-ဗိုလ်မှူးကြီး တင်အောင် (လေ-အကြီးစား)၊ (၀၃၃၃၆)
သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဇေယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

မာတိကာ

မာတိကာ

နိဒါန်း

ယခုဖတ်ရှုကြရမည့် စာအုပ်သည် လစဉ်ထုတ်ဝေလျက်ရှိသော မြတ်မင်္ဂလာစာစောင်၌ သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား ဓမ္မလက်ဆောင်အဖြစ်ဖြင့် ရေးသားချီးမြှင့်ခဲ့သော တရားဆောင်းပါးများကို ပြန်လည်ပေါင်းစုကာ ထုတ်ဝေလိုက်သော စာအုပ်ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရား ရေးသားတော်မူခဲ့သော တရားဆောင်းပါးများကို မဖတ်ရှုရသေးသော စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်နှင့် ဖတ်ရှုပြီးကြသော စာဖတ်ပရိသတ်များလည်း ပြန်လည်လေ့လာ ကြည့်ရှုနိုင်ရန်အတွက် တရားဆောင်းပါး လေးဆယ်ကို စုပေါင်း၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့သည် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မကွန္ဓာရှစ်သောင်းလေးထောင် ဟူ၍ များပြားလှပေသည်။ ထိုတရားတော်တို့ကို လူဘောင်လူလောက၌ နေထိုင်ကြကုန်သော ပုဂ္ဂိုလ်များ ပြည့်စုံအောင် သင်ယူလေ့လာနိုင်ဖို့ရာ မလွယ်ကူကြပေ၊ ခဲယဉ်းလှပေသည်။ ဤကဲ့သို့ သင်ယူလေ့လာနိုင်ရန် ခဲယဉ်းသော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်တို့မှ မှတ်သားဖွယ်ရာများကို ရှာဖွေထုတ်နှုတ်၍ ဤစာအုပ်၌ ရေးသား ဖော်ပြထားပါသည်။

နိဒါန်း

ဤစာအုပ်ကို ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရားက "သိကောင်းစရာ ဓမ္မပဒေသာ"ဟူ၍ အမည်ပေးလိုက်ပါသည်။ ပဒေသာဟူသောအမည်သည် "ကပ္ပရက္ခ"ဟူသော ပါဠိမှ ပေါက်ဖွားသက်ဆင်းလာသော အမည်ဖြစ်ပေသည်။

ရှေးအခါက ဘုန်းကံကြီးမားသူများအတွက် "ကပ္ပရက္ခ"ဟုခေါ်သော ပဒေသာပင်များ မြေမှ ထွက်ပေါ်၍ လာကြပေသည်။ ယင်းပဒေသာပင်များမှ အဝတ်အထည်နှင့် စားဖွယ်သောက်ဖွယ် စသည်များကို အလိုရှိသလို ဆွတ်ခူးသုံးစွဲနိုင်ကြသကဲ့သို့ "သိကောင်းစရာ ဓမ္မပဒေသာ" ဤစာအုပ်၌လည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပိဋကတ်တရားတော်များမှ သိကောင်းစရာ အနှစ်သာရတို့ကို စာဖတ်ပရိသတ်များ ဆွတ်ခူးထုတ်ယူနိုင်ကြလိမ့်မည်ဟု ဆိုလိုရင်းအဓိပ္ပါယ် ဖြစ်ပေသည်။

ဤ"သိကောင်းစရာ ဓမ္မပဒေသာ" စာအုပ်မှ ဆွတ်ခူးထုတ်ယူနိုင်သော အနှစ်သာရများမှာ -

(၁) လောကီဘက်ကလည်း ပါဠိတော်၊ အဋ္ဌကထာများမှ လာရှိသော လူမှုရေးရာ၊ စားဝတ်နေရေး၊ ကျွန်းမာသက်ရှည်ရေးစသည့် အနှစ်သာရများကို ဆွတ်ခူးထုတ်ယူနိုင်ကြမည် ဖြစ်ပေသည်။

(၂) လောကုတ္တရာဘက်ကလည်း ပါဠိတော်၊ အဋ္ဌကထာများမှ လာရှိသော ပစ္စည်းဥစ္စာထဲမှ ဒါနအနှစ်သာရ၊ ခန္ဓာကိုယ်မှ သီလအနှစ်သာရ၊ အသက်ဇီဝထဲမှ မဂ်ဖိုလ်နိဗ္ဗာန်ရောက်စေနိုင်သော ဝိပဿနာအနှစ်သာရများကို ထုတ်ယူရခြင်းစသည့် အနှစ်သာရများကို ဆွတ်ခူးထုတ်ယူနိုင်ကြမည် ဖြစ်ပေသည်။

သိကောင်းစရာ ဓမ္မပဒေသာ

ဤ"သိကောင်းစရာ ဓမ္မပဒေသာ" စာအုပ်မှ ထုတ်နုတ်၍ ဟောကြားလိုကြသော တရားဟောတရားပြ ဆရာတော်၊ သံဃာတော်များ အတွက်လည်း လွယ်ကူစွာ လေ့လာနိုင်ဖို့ရာ ပါဠိတော်၊ အဋ္ဌကထာများ၏ စာမျက်နှာနံပါတ်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။

ပါဠိတော်၊ အဋ္ဌကထာများမှလာသော တရားတော်များ၏ အနှစ်သာရများကို ထုတ်ယူကာ ထည့်သွင်းဖော်ပြထားသော "သိကောင်းစရာ ဓမ္မပဒေသာ" ဤစာအုပ်ကို ကြည့်ရှုလေ့လာကြသူ၊ ဟောပြောပြသကြသူ၊ လိုက်နာကျင့်ကြံကြသူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မိမိတို့အလိုရှိအပ် တောင့်တအပ်သည့် လောကီလောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများကို ခံစားရရှိနိုင်ကြပါစေကုန်သတည်း။

အရှင်ဥက္ကံသ (ဓမ္မာစရိယ)
ဂန္ဓာရုံကျောင်းတိုက်၊
ကျိုက်ဝိုင်း၊ သမိုင်း၊ ရန်ကုန်မြို့။

လက်နှင့်တူစွာ မြတ်သဒ္ဓါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကောင်းမှုပြုရာတွင် 'သဒ္ဓါ' ဟူသောစကားကို များစွာအသုံးပြု ပြောဆိုကြပေသည်။ သဒ္ဓါတရား နှင့် ပြည့်စုံပါပေသည်၊ သဒ္ဓါတရား အလွန်ထက်သန်ပါပေသည် စသည်ဖြင့် အရာရာမှာ ဂုဏ်တင်ကာ ပြောဆိုလျက် ရှိကြပေသည်။

'သဒ္ဓါ'ဟူသော ပါဠိ၏အဓိပ္ပါယ်မှာ လွန်စွာလေးနက် ကျယ်ပြန့်လှပေသည်။ သဒ္ဓါတရားသည် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ အလိုလား ဆုံး အတောင့်တဆုံးဖြစ်သော နိဗ္ဗာန်သို့ ရောက်သွားဖို့ရာ အကောင်း ဆုံး အခြေခံလည်း ဖြစ်ပေသည်။ ကုသိုလ်ကောင်းမှု ပြုရာတွင်လည်း သဒ္ဓါတရားပါမှသာ ပြီးမြောက်အောင်မြင်နိုင်ကြပေသည်။

'သဒ္ဓါ'ကို ယုံကြည်ခြင်းဟု ပြန်ဆိုကြပေသည်။ ယုံကြည်ခြင်း ဟူသော စကားသည် တစ်ခွန်းတည်းသော စကားဟု မှတ်ထင်နေ ကြပေသည်။ သို့သော် တစ်ခွန်းတည်းသော စကားမဟုတ်၊ နှစ်ခွန်း ပေါင်းစပ်ထားသော စကားဖြစ်ပေသည်။ 'ယုံ'တာက တစ်ခွန်း၊ 'ကြည်' တာက တစ်ခွန်း ဖြစ်ပေသည်။

ယုံတာ(၅)မျိုး

(၁) ဘုရားကို ယုံခြင်း။
(၂) တရားကို ယုံခြင်း။

(၃) သံယာကို ယုံခြင်း။
(၄) ကံကို ယုံခြင်း။
(၅) ကံ၏အကျိုးပေးကို ယုံခြင်းဟူသော (၅)မျိုးဖြစ်ပါသည်။

ယုံပုံ

မိမိတို့ ကိုးကွယ်ဆည်းကပ်နေကြသော ဂေါတမမြတ်စွာဘုရားသည် မကောင်းတာမှန်သမျှကို ပယ်သတ်နိုင်သော အရဟတ္တမဂ်ဉာဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဖြစ်သည်။ မြတ်စွာဘုရားသန္တာန်တော်မှာ ယုတ်ညံ့တဲ့ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာအညစ်အကြေး မကောင်းတာမှန်သမျှ ဘာတစ်ခုမှမရှိ၊ အကြွင်းမဲ့ သန့်ရှင်းစင်ကြယ်တော်မူသော မြတ်စွာဘုရားဖြစ်သည်။

သိစရာမှန်သမျှ အကုန်အစင်သိနိုင်သော သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားဖြစ်သည်။ မြတ်စွာဘုရားသည် သိစရာဘက်ကလည်း သူတစ်ပါး အကူအညီမပါ၊ အလိုလိုသာ အကုန်အစင်သိတော်မူပြီးသော မြတ်စွာဘုရားဖြစ်သည်ဟု ယုံကြည်တာကို 'ယုံသည်'ဟု ဆိုရပါသည်။

ယခု မိမိတို့ ကျင့်ကြံအားထုတ်နေကြသော (၅)ပါးသီလမှစ၍ သတိပဋ္ဌာန်ဝိပဿနာတိုင်အောင် အကျင့်တရားတို့သည် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော တရားတော်များဖြစ်သည်။ ဤတရားတော်တို့ကို လိုက်နာကျင့်သုံး အားထုတ်လျှင် ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်သွားနိုင်ကြသည်။ ဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားနိုင်ကြသည်ဟု ယုံတာကို 'ယုံသည်'ဟု ဆိုရပါသည်။

ယခု မိမိတို့ ကိုးကွယ်ဆည်းကပ်နေကြသည့် သံယာတော်တို့သည် မြတ်စွာဘုရား၏ အဆုံးအမအတိုင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မြတ်တို့ကို ကျင့်နေကြသော သံယာတော်များဖြစ်သည်။ လူအပေါင်းတို့၏ ကောင်းမှုအမျိုးမျိုး ပြုလုပ်ဖို့ရာ၊ ကောင်းကျိုးအမျိုးမျိုးတို့ကို ရရှိစေဖို့ရာ အကျင့်ကောင်း အကျင့်မြတ်တို့ကို ကျင့်ကြံအားထုတ်နေကြသော သံယာတော်တို့ဖြစ်သည်ဟု ယုံတာကို 'ယုံသည်'ဟု ဆိုရပါသည်။

မိမိတို့ ပြုလုပ်လျှောက်ထားနေကြသော ဒါနကုသိုလ်ကံ၊ ဆောက်တည်ကြသော သီလကုသိုလ်ကံ စသည်တို့သည် နာမ်တရားများ ဖြစ်ကြ၍ ပကတိသော မျက်စိဖြင့် မမြင်ကောင်း။ ကိုင်ပြလို့ မရကောင်း ပါသော်လည်း မိမိတို့သန္တာန်မှာ (ကောင်းကျိုးများ ပေးဖို့ရာ) ရှိနေကြသည်ဟု ကုသိုလ်ကံကိုလည်း ယုံသည်။

ဤကုသိုလ်ကံများကြောင့် ယခုဘဝမှာလည်း တိုးတက်ကြီးပွားလာခြင်း၊ ဘေးရန်အန္တရာယ်ကင်းခြင်းစသော ကောင်းကျိုးအမျိုးမျိုးတို့ကို ရရှိခံစားနိုင်သည်။ နောက်နောင်ဘဝများမှာလည်း မြင့်မြတ်ရာ ဘုံဘဝများသို့ ရောက်ရှိသွားပြီး ကောင်းကျိုးအမျိုးမျိုးတို့ကို ရရှိခံစားနိုင်ကြသည်ဟု ကုသိုလ်ကံ၏ အကျိုးပေးကိုလည်း ယုံသည်။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းတာတွေ ပြုလုပ်မိရင်လည်း မကောင်းတဲ့ အကုသိုလ်ကံတွေဖြစ်သည်၊ ယင်း အကုသိုလ်ကံတို့သည်လည်း နာမ်တရားများဖြစ်ကြ၍ ပကတိသော မျက်စိဖြင့် မမြင်ကောင်း။ ကိုင်ပြ၍ မရကောင်းသော်လည်း ပြုမိသော သူတို့၏သန္တာန်၌ (မကောင်းကျိုးများ ပေးဖို့ရန်) အရိပ်ပမာ ရှိနေကြသည်ဟု အကုသိုလ်ကံကိုလည်း ယုံသည်။

ဤအကုသိုလ်ကံများကြောင့် ယခုဘဝမှာလည်း ဆုတ်ယုတ်နစ်နာခြင်း၊ မကောင်းတဲ့အကျိုး ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရပေသည်။ နောက်နောင်ဘဝများမှာလည်း ယုတ်နိမ့်ရာ ဘုံဘဝများသို့ ရောက်ရှိပြီး မကောင်းတဲ့အကျိုး ဆင်းရဲဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရပေမည်ဟုလည်း ယုံသည်။ ဤကဲ့သို့ ကံနှင့် ကံ၏အကျိုးပေးတို့ကို ယုံတာကိုလည်း 'ယုံသည်'ဟု ဆိုရပါသည်။

ကြည်ပုံ

ယုံကြည်ခြင်းသဒ္ဓါ မိမိသန္တာန်မှာ ဖြစ်ပေါ်လာသောအခါ စိတ်ကို ညစ်နွမ်းနောက်ကျစေတတ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယစသော အယုတ်တရားများ ကင်းပျောက်ပြီး စိတ်အစဉ်များ ကြည်လင်လာကြပါသည်။ ဤကဲ့သို့ စိတ်ကိုကြည်စေတတ်သောကြောင့် 'ကြည်သည်'ဟု ဆိုရပါသည်။

ဥပမာအားဖြင့် စကြာမင်းကြီး၏ ပတ္တမြားရတနာနှင့် တူပါပေသည်။ ရှေးခေတ်အခါက လေးကျွန်းလုံးကို အစိုးရသော စကြာမင်းကြီးများ ရှိခဲ့ကြလေသည်။ စကြာမင်းကြီးများ လေးကျွန်းလုံးကို လှည့်လည်ကြည့်ရှုဖို့ရာ နောက်လိုက်ဗိုလ်ပါ မြောက်မြားစွာဖြင့် ခရီးထွက်သောအခါ အချို့သော အရပ်ဒေသများ၌ ရေကြည်ရေကောင်းများ မရနိုင်ခဲ့လျှင် ရှုံ့ညွှန်အနည်များပါသော ရေများကိုပင် ခပ်ယူစေ၍ စကြာမင်းကြီး၏ ပတ္တမြားရတနာကို ရေခွက်ထဲသို့ ထည့်လိုက်သည် ရှိသော် ရှုံ့ညွှန်အနည်များ အောက်သို့ ထိုင်သွားကာ သောက်သုံးလို့ရသော ရေကြည်ရေကောင်းများ ဖြစ်လာကြပေသည်။

ထိုနည်းတူစွာ ယုံကြည်ခြင်းသဒ္ဓါ မိမိတို့သန္တာန်မှာ ဖြစ်လာသောအခါ ရှုံ့ညွှန်အနည်များနှင့်တူသော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယစသော အယုတ်တရားများ ကင်းပျောက်ပြီး

စိတ်တွေ သန့်ရှင်း ကြည်လင်လာကြပါသည်။ ကောင်းမှုကုသိုလ်များ ဆက်ကာဆက်ကာ ပြုလုပ်နိုင်ကြပါသည်။

စိတ်အစဉ် ကြည်လင်ခြင်းကြောင့် ကိုယ်နှုတ်အမှုအရာများ သွက်လက်ခြင်း။ မျက်နှာအဆင်းများ ကြည်လင်ခြင်းတို့ ဖြစ်လာကြပါသည်။ အလျှုဒါန ပြုလုပ်နေကြသော ကောင်းမှုရှင်များ ယဉ်ကျေးသွက်လက်နေပုံ၊ မျက်နှာအဆင်း ကြည်လင်ပုံများကို ထင်ရှားစွာ တွေ့မြင်ကြရပေသည်။

ယုံလို့ ကြည်ပုံ

သဒ္ဓါကို ယုံကြည်ခြင်းဟာ ပြန်ဆိုရာ၌ ယုံတာက တစ်ခွန်း။ ကြည်တာက တစ်ခွန်း ဖြစ်ပါသော်လည်း သဘောတရားအားဖြင့် ယုံတာနှင့် ကြည်တာတို့သည် ဆက်စပ်လျက်ပင် ရှိကြပေသည်။ ယုံလို့သာ ကြည်ခြင်း ဖြစ်လာပေသည်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြသော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားအပေါ်မှာ ယုံခြင်း။ မြတ်စွာဘုရား၏ ဂုဏ်တော်များအပေါ်မှာ ယုံခြင်းတို့ကြောင့် စိတ်အစဉ်များ ကြည်လင်လာကြပေသည်။ တရားတော်ကို ကိုးကွယ်ဆည်းကပ်ကြသော ပုဂ္ဂိုလ်တို့သည် တရားတော်သည် ဆင်းရဲငြိမ်းကြောင်း အမှန်ဖြစ်သည်ဟု ယုံကြည်ခြင်းကြောင့် စိတ်အစဉ်များ ကြည်လင်လာကြပေသည်။ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ကြသော ပုဂ္ဂိုလ်တို့သည် သံဃာတော်များအပေါ်မှာ ယုံခြင်း။ သံဃာတော်များ၏ ဂုဏ်တော်တို့အပေါ်မှာ ယုံခြင်းကြောင့် စိတ်အစဉ်များ ကြည်လင်လာကြပေသည်။ ဤကဲ့သို့ ယုံခြင်းနှင့် ကြည်ခြင်းတို့သည် သဘောတရားအားဖြင့် ဆက်စပ်လျက်ပင် ရှိကြပေသည်။

ဘုရားဂုဏ်တော်ကို ပွားများခြင်း၊ တရားဂုဏ်တော်ကို ပွားများခြင်း၊ သတိပဋ္ဌာန်ဝိပဿနာကို ပွားများအားထုတ်ခြင်း၊ သံဃာဂုဏ်တော်ကို ပွားများအားထုတ်ခြင်းတို့ကို ပြုလုပ်အားထုတ်ကြသော ပုဂ္ဂိုလ်တို့မှာ မိမိတို့စိတ်အစဉ်များ ကြည်လင်လာကြတာကို ကိုယ်တိုင်တွေ့သိကြရပေသည်။

မယုံကာ မကြည်

တစ်ခါတစ်ရံ ခိုးဆိုးလုယက် လိမ်လည်ကောက်ကျစ်သူများ မိမိတို့ထံသို့ ရောက်ရှိလာသောအခါ ထိုသူတို့နှင့် တွေ့ကြုံရသော အခြိန်များ၌ စိတ်မကြည်မလင် ဖြစ်ကြရပေသည်။ ဘာတွေများ ခိုးယူလုယက် ဖျက်ဆီးသွားလိမ့်မည်နည်း။ ထိုသူ၏ မကောင်းသော အပြုအမူများကို ဘယ်လိုများ လွတ်အောင် ရှောင်တိမ်းရပါမည်နည်း စသည်ဖြင့် စိတ်အနှောင့်အယှက် စိတ်ပူပန်မှုများ ဖြစ်ကြရပေသည်။ မယုံရ၍ မကြည်ခြင်း ဖြစ်ပေသည်။

လက်နှင့်တူပုံ

လက်သည် မိမိတို့အတွက် လိုရာကိစ္စများ ပြီးမြောက်စေသကဲ့သို့ ယုံကြည်ခြင်းသဒ္ဓါတရားသည် မိမိတို့အတွက် ကုသိုလ်ရရှိရေးကိစ္စများကို ပြီးမြောက်စေသောကြောင့် လက်နှင့်တူပေသည်။

(အံ-၂/၃၀၄)

လက်သည် မိမိတို့အတွက် အရေးအပါဆုံး၊ အသုံးအဝင်ဆုံး ဖြစ်ပေသည်။ ခန္ဓာကိုယ်၌ မသန့်ရှင်းသည်များကို လက်ဖြင့်ပင် သန့်ရှင်းအောင် ပြုလုပ်ကြရပေသည်။ မတင့်တယ်တာများကိုလည်း တင့်တယ်လာအောင် လက်ဖြင့်ပင် ပြုပြင်ကြရပေသည်။ အဖိုးမတန်သော်လည်း အသုံးဝင်သော ပစ္စည်းများကို လက်ဖြင့်ပင် သိမ်းဆည်းကြရ

ပေသည်။ အသင့်အတင့် အဖိုးတန်သောပစ္စည်းများနှင့် အဖိုးများစွာ ထိုက်တန်သော စိန်၊ ရွှေ၊ ရတနာများကိုလည်း လက်ဖြင့်ပင် သိမ်းဆည်းကြရပေသည်။ အလိုရှိရာ အရာဝတ္ထု၊ တစ်မျိုးမျိုးကိုလည်း လက်ဖြင့်ပင် ကိုင်ယူကြရပေသည်။

ထိုနည်းတူစွာ ဒါနကုသိုလ်ကောင်းမှုရှိသော သူတို့သည် ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ဆင်းရဲနွမ်းပါးခြင်း မရှိပါဘဲ ပစ္စည်းဥစ္စာ ရတနာများ ပေါများကြွယ်ဝပြီး ကောင်းမှုကုသိုလ် အမျိုးမျိုးတို့ကို ဆက်ကာဆက်ကာ ပြုလုပ်နိုင်ကြပေသည်ဟု ယုံကြည်ခြင်း ရှိသည်ဖြစ်၍ လှူဒါန်းပေးကမ်းခြင်း ဒါနကုသိုလ်ကို လွယ်ကူစွာ ပြုလုပ်နိုင်ကြပေသည်။ ရအောင်ယူနိုင်ကြပါသည်။ ဤကဲ့သို့ ရအောင်ယူနိုင်ခြင်းသည် လက်နင့်တူသော သဒ္ဓါတရားကြောင့် ဖြစ်ပေသည်။

သီလရှိသောပုဂ္ဂိုလ်တို့သည် ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ အဆင်းလှခြင်း၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိခြင်း၊ စိတ်တည်ငြိမ်ခိုင်ခံ့ခြင်းစသော ကောင်းကျိုးများကို ရရှိ၍ ကောင်းမှုအထူးတို့ကို ဆက်ကာဆက်ကာ ပြုလုပ်နိုင်ကြပေသည်ဟု ယုံကြည်ခြင်း ရှိသည်ဖြစ်၍ သီလကို မြဲအောင်ဆောက်တည်နိုင်ကြပေသည်။ သီလကုသိုလ်များကို ရယူနိုင်ကြပေသည်။ ဤကဲ့သို့ ရယူနိုင်ခြင်းသည် လက်နင့်တူသော သဒ္ဓါတရားကြောင့်ပင် ဖြစ်ပေသည်။

သမထ ဝိပဿနာကုသိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည် မိမိတို့အလိုရှိအပ်ဆုံး အတောင့်တအပ်ဆုံးဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာသို့ လျင်မြန်စွာ ရောက်ရှိသွားနိုင်ကြပေသည်ဟု ယုံကြည်ခြင်း ရှိသည်ဖြစ်၍ သမထ ဝိပဿနာကုသိုလ်တို့ကို ကြိုးစားအားထုတ်နိုင်ကြပေသည်။ သမထ ဝိပဿနာကုသိုလ်တို့ကို ရအောင်ယူနိုင်ကြပေသည်။ ဤကဲ့သို့

ရအောင်ယူနိုင်ခြင်းသည် လက်နှင့်တူသော သဒ္ဓါတရားကြောင့်ပင် ဖြစ်ပေသည်။ သို့ဖြစ်၍ သဒ္ဓါတရားသည် လက်နှင့်တူလုပါပေသည်။

ဆောင်ပုဒ်။ ။ သဒ္ဓါတရား၊ လက်နှင့်ကား၊ မခြားတူပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အကာကွယ်ခြင်း အနှစ်ယူပါ

ပါရမီအခြေခံနေသော်၍ လူစည်းစိမ်ကို နှစ်ခြိုက်ပျော်ရွှင်စွာ ခံစားနေကြသော ပုဂ္ဂိုလ်တို့သည် အနှစ်သာရမဟုတ်သော အရာဝတ္ထုများကို အနှစ်သာရဟု ထင်မြင်ယူဆလျက် ရှိကြပေသည်။

အနှစ်သာရမဟုတ်သော အရာဝတ္ထုများမှာ -

(၁) မိမိတို့၏ စည်းစိမ်ဥစ္စာ၊
(၂) မိမိတို့၏ ကိုယ်ခန္ဓာ၊
(၃) မိမိတို့၏ အသက်(ဇီဝိတိန္ဒြေ)တို့ ဖြစ်ကြပေသည်။

(ဇာတကဋ္ဌ-၄/၇)

အနှစ်သာရလို့ ထင်မြင်ပုံ

ပါရမီအခြေခံနေသောသော ပုဂ္ဂိုလ်တို့သည် -

(၁) မိမိတို့၏ စိန်ရွှေရတနာ၊ အိမ်ရာတိုက်တာစသော စည်းစိမ်ဥစ္စာတို့သည် မိမိတို့၏ မိုခိုအားထားရာ အမှန်ဖြစ်သည်၊ စည်းစိမ်ဥစ္စာရှိမှ လူရာဝင်သည်၊ လိုရာကိစ္စ ပြီးမြောက်နိုင်သည် စသည်ဖြင့် စည်းစိမ်ဥစ္စာကို အနှစ်သာရဟု ထင်မြင်ယူဆကြပေသည်။

(၂) မိမိတို့၏ ခန္ဓာကိုယ်တွင် ထိခိုက်ဖွယ်ရာ အကြောင်းတစ်ခုခုနှင့် တွေ့ကြုံလာသောအခါ စည်းစိမ်ဥစ္စာများ ကုန်ချင်ကုန်သွားပါစေ၊ ခန္ဓာကိုယ်ကိုတော့ မထိခိုက်စေရအောင် စောင့်ရှောက်ကာကွယ်ကြပေသည်။ စည်းစိမ်ဥစ္စာထက် ခန္ဓာကိုယ်က ပို၍အနှစ်သာရဖြစ်သည်ဟု ထင်မြင်ယူဆကြပေသည်။

(၃) မိမိတို့၏ အသက်(ဇီဝိတိန္ဒြေ)ကို ထိခိုက်ဆုံးရှုံးစေနိုင်သော အကြောင်းတစ်ခုခုနှင့် တွေ့ကြုံလာရသောအခါ စည်းစိမ်ဥစ္စာများလည်း ကုန်ချင်ကုန်သွားပါစေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုချွတ်ယွင်းချင် ချွတ်ယွင်းသွားပါစေ အသက်ကိုတော့ မထိခိုက် မဆုံးရှုံးသွားရအောင် ကာကွယ်ကြပေသည်။ စည်းစိမ်ဥစ္စာနှင့် ခန္ဓာကိုယ်ထက် အသက်က ပို၍အနှစ်သာရဖြစ်သည်ဟု ထင်မြင်ယူဆကြပေသည်။

အနှစ်သာရမဟုတ်ဟု ထင်မြင်ပုံ

ပါရမီအခြေခံ ရင့်ကျက်ပြီးသည့် ဘုရားအလောင်းစသော ပုဂ္ဂိုလ်တို့၏ အမြင်မှာ -

(၁) မိမိတို့၏ စည်းစိမ်ဥစ္စာတို့သည် ရေကြောင့်လည်း ပျက်စီးနိုင်၊ မီးကြောင့်လည်း ပျက်စီးနိုင်၊ မင်းဆိုးများကြောင့်လည်း ပျက်စီးနိုင်၊ ခိုးသူဓားပြတို့ကြောင့်လည်း ပျက်စီးနိုင်၊ မချစ်မုန်းပွား ရန်ပြိုးထားသူတို့ကြောင့်လည်း ပျက်စီးနိုင်သောကြောင့် ခိုင်မြဲတဲ့ အနှစ်သာရမဟုတ်၊ အကာမ္ပသာဖြစ်သည်ဟု မြင်တော်မူကြပေသည်။

(၂) မိမိတို့၏ ခန္ဓာကိုယ်သည်လည်း အတွင်းမှာ ရောဂါဝေဒနာ အမျိုးမျိုးတို့နှင့် ပြင်ပမှ ဓား၊ လုံ၊ သေနတ်စသော လက်နက်အမျိုးမျိုးတို့ ကျရောက်ရာဖြစ်၍ ဒီနေ့၊ ဒီလ၊ ဒီနှစ်မှာ ကျန်းမာပါသော်လည်း မနက်ဖြန်၊ နောက်လ၊ နောက်နှစ်များ၌ မထနိုင်အောင် အိပ်ရာထဲတွင် နားနေရသော အဖြစ်မျိုးသို့ ရောက်ရှိသွားနိုင်ကြပေသည်။ သို့ဖြစ်သော ကြောင့် အနှစ်သာရမဟုတ်၊ အကာမျှသာဖြစ်သည်ဟု မြင်တော်မူကြပေသည်။

(၃) မိမိတို့၏ ရုပ်သက်၊ နာမ်သက်တို့သည် ပရမတ္ထရုပ်နာမ်တို့၏ သဘာဝအတိုင်း ခဏမစဲ အမြဲဖြစ်ပျက် ပြောင်းလဲနိပ်စက်လျက်ရှိသောကြောင့် တစ်ဘဝလုံး ဆုံးခန်းတိုင်အောင် အချိန်မရွေး ပျက်စီးသွားနိုင်ကြပေသည်။ သို့ဖြစ်သောကြောင့် အနှစ်သာရမဟုတ်၊ အကာမျှသာဖြစ်သည်ဟု မြင်တော်မူကြပေသည်။

အကာမှမှ အနှစ်ကိုယူ

ပါရမီအခြေခံ ရင့်ကျက်ပြီးသည့် ဘုရားအလောင်းစသော ပုဂ္ဂိုလ်တို့သည် ဤအနှစ်သာရမဟုတ်သော အရာဝတ္ထု(၃)မျိုးထဲမှ အနှစ်သာရ(၃)မျိုးတို့ကို ထုတ်ယူရမည်ဟု မြင်တော်မူကြပေသည်။

(၁) အနှစ်သာရမဟုတ်တဲ့ စည်းစိမ်ဥစ္စာများထဲမှ ပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ်အနှစ်သာရကို ထုတ်ယူကြရပေသည်။

စည်းစိမ်ဥစ္စာတို့သည် ရုပ်ဝတ္ထုများဖြစ်ကြ၍ ရန်သူမျိုး(၅)ပါးတို့ လုယူဖျက်ဆီးနိုင်ကြပေသည်။ လှူဒါန်းလိုက်ပြီးသောအခါ အလှူရှင်တို့

ရရှိလိုက်သော ဒါနကုသိုလ်သည် နာမ်တရားများဖြစ်၍ ပကတိသော မျက်စိဖြင့် မမြင်ကောင်း၊ ကိုင်၍လည်း မရကောင်းသဖြင့် ရန်သူမျိုး (၅)ပါးတို့ လုမယူနိုင်၊ မဖျက်ဆီးနိုင်၊ ဘဝအဆက်ဆက် နိဗ္ဗာန်ရောက်သည့်တိုင်အောင် လိုက်ပါပြီး ကောင်းကျိုးအမျိုးမျိုးတို့ကို ပေးနိုင်သော ကြောင့် ခိုင်မာသော အနှစ်သာရဖြစ်ပေသည်။ သို့ဖြစ်၍ တတ်နိုင်သမျှ လှူဒါန်းနေကြရပေသည်။ ဒါနအနှစ်ကို ထုတ်ယူကြရပေမည်။

ဆောင်ပုဒ်။ ။ ပစ္စည်းထဲမှ၊ ထုတ်ယူရ၊ ဒါနအနှစ်မည်။

(၂) အနှစ်သာရမဟုတ်တဲ့ ခန္ဓာကိုယ်မှ သီလကုသိုလ် အနှစ်သာရကို ထုတ်ယူကြရပေသည်။

မိမိတို့၏ ခန္ဓာကိုယ်သည် အတွင်းမှ (၉၆)ပါးသော ရောဂါဝေဒနာနှင့် ပြင်ပမှ အဆိပ်လက်နက် စသည်တို့ ကျရောက်ရာဖြစ်၍ အနှစ်သာရပင် မဟုတ်ကြားသော်လည်း သီလရှိသော ရဟန်းသံဃာတော်များကို ရှိခိုးခြင်း၊ အသက်ဂုဏ်သိက္ခာကြီးသော ပုဂ္ဂိုလ်တို့ကို ရှိခိုးခြင်း၊ ရတနာ(၃)ပါး ဆရာ မိဘတို့၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစုခြင်း၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်တို့ကို ဆောက်တည်ခြင်းတို့သည် ခန္ဓာကိုယ်ဖြင့်ပင် ပြုလုပ်ရသော သီလကုသိုလ်ဖြစ်သဖြင့် ဘဝအဆက်ဆက် နိဗ္ဗာန်ရောက်သည့်တိုင်အောင် ကောင်းကျိုးအမျိုးမျိုးတို့ကို ပေးနိုင်သောကြောင့် ခိုင်မာသော အနှစ်သာရဖြစ်ပေသည်။ သို့ဖြစ်ပါ၍ သီလကို ဆောက်တည်ကြရပေမည်။ ခန္ဓာကိုယ်မှ သီလအနှစ်ကို ထုတ်ယူကြရပေမည်။

ဆောင်ပုဒ်။ ။ ခန္ဓာကိုယ်မှ၊ ထုတ်ယူရ၊ သီလအနှစ်မည်။

(၃) အနှစ်သာရမဟုတ်တဲ့ အသက်(ဇီဝိတိန္ဒြေ)ထဲမှ ဝိပဿနာကုသိုလ်အနှစ်သာရကို ထုတ်ယူကြရပေသည်။

မြတ်စွာဘုရားသာသနာတော်နင့် တွေ့ကြုံရ၍ အသက်ရှင်နေခိုက်မှာ နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို ရှုမှတ်ပွားများ အားထုတ်ခြင်းဖြင့် ရရှိအပ်သော ဝိပဿနာကုသိုလ်တို့သည် အကြောင်းညီညွတ်က ယခုဘဝမှာပင် အပါယ်တံခါးပိတ်ကာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားနိုင်သောကြောင့် အခိုင်အမာဆုံး အနှစ်သာရဖြစ်ပေသည်။ သို့ဖြစ်၍ ဝိပဿနာတရားကို အားထုတ်ကြရပေမည်။ အသက်(ဇီဝိတိန္ဒြေ)မှ ဝိပဿနာအနှစ်ကို ထုတ်ယူကြရပေမည်။

ဆောင်ပုဒ်။ ။ သက်ဇီဝမှ၊ ထုတ်ယူရ၊ ဝိပသ်အနှစ်မည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အမျိုးသမီးများမှာ အားကိုးရာ

အမျိုးသမီးများသည် အရာရာတွင် သိမ်မွေ့သူများ ဖြစ်ကြ၍ အားအစွမ်းမရှိသူ၊ နည်းပါးသူများ ဖြစ်ကြ၏ဟု မှတ်ထင်ကြရပေသည်။ မှတ်ထင်ကြသည့်အတိုင်း မဟုတ်ပေ။ ထက်မြက်သော အားအစွမ်းများ ရှိကြသူများသာ ဖြစ်ပေသည်။

အမျိုးသမီးများ၏ အားအစွမ်းများမှာ -

(၁) ရူပဗလံ = ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်းသည် အမျိုးသမီးတို့၏ အားအစွမ်းတစ်မျိုး ဖြစ်ပေသည်။ သို့ဖြစ်၍ အမျိုးကောင်းသမီးတို့သည် ရုပ်ရည်အဆင်းများ လှပတင့်တယ်အောင် ပြုပြင်ကြရပေသည်။

(၂) ဘောဂဗလံ = ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်းသည် အမျိုးသမီးတို့၏ အားအစွမ်းတစ်မျိုးပင် ဖြစ်ပေသည်။ သို့ဖြစ်၍ အမျိုးကောင်းသမီးတို့သည် စီးပွားဥစ္စာကို စုဆောင်းရာဖွေ သိမ်းဆည်းကြရပေသည်။

(၃) ဥတိဗလ = ဆွေမျိုးဥတိ မိဘများ ပြည့်ပြည့်စုံစုံ ရှိခြင်းသည် အမျိုးသမီးတို့၏ အားအစွမ်းတစ်မျိုးပင် ဖြစ်ပေသည်။ သို့ဖြစ်၍ အမျိုးကောင်းသမီးတို့သည် မိဘဆွေမျိုးများနှင့် အရာရာမှာ သင့်တင့်ညီညွတ်အောင် နေထိုင်ကြရပေသည်။

(၄) ပုတ္တဗလ = သားသမီးများနှင့် ပြည့်စုံခြင်းသည် အမျိုးသမီးတို့၏ အားအစွမ်းတစ်မျိုးပင် ဖြစ်ပေသည်။ သို့ဖြစ်၍ အမျိုးကောင်းသမီးတို့သည် သားသမီးရရှိရေးကို အလေးပြုကြရပေသည်။

(၅) သီလဗလ = အကျင့်သီလနှင့် ပြည့်စုံခြင်းသည် အမျိုးသမီးတို့၏ အားအစွမ်းတစ်မျိုးပင် ဖြစ်ပေသည်။ သို့ဖြစ်၍ အမျိုးကောင်းသမီးတို့သည် သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးခြင်း၊ သူ့သားယောက်ျားများ မဖျက်ဆီးခြင်း၊ လိမ်ညာ၍ မပြောခြင်း၊ အရက်သေစာ မသောက်စားခြင်းစသော အကျင့်သီလနှင့် ပြည့်စုံအောင် နေထိုင်ကြရပေသည်။

ဤအား(၅)မျိုးသည် အမျိုးကောင်းသမီးတို့၏ ထက်မြက်သော အားအစွမ်းများပင် ဖြစ်ကြပေသည်။

(သံ-၂/၄၄၃)

ဤအားအစွမ်း(၅)မျိုးနှင့် ပြည့်စုံသော အိမ်ရှင်မတို့သည် မိမိတို့၏မိသားစုကို ကောင်းမွန်စွာ ထိန်းသိမ်းအုပ်ချုပ်နိုင်သောကြောင့် မိသားစုအားလုံးတို့၏ အလေးဂရုပြုခြင်းကို ခံယူရရှိကြပေသည်။

အမျိုးကောင်းသမီးတို့၏ အားအစွမ်း(၅)မျိုးတို့တွင် အဆင်းလှပ တင့်တယ်ခြင်းဟူသော အားအစွမ်း၊ စီးပွားဥစ္စာ ပြည့်စုံကြွယ်ဝခြင်းဟူသော အားအစွမ်း၊ ဆွေမျိုးမိဘ ပြည့်စုံခြင်းဟူသော အားအစွမ်း၊ သားသမီး ပြည့်စုံခြင်းဟူသော အားအစွမ်းတို့သည် နောင်ဘဝများတွင် ကောင်းမြတ်သော ဘုံဘဝများသို့ ရောက်သွားဖို့ရာ အားအစွမ်းများ မဟုတ်ကြပေ။ ယခုမျှက်မှောက်ဘဝအတွက် အားအစွမ်းများသာ ဖြစ်ကြပေသည်။

အကျင့်သီလ အားအစွမ်းတစ်ခုတည်းသာလျှင် နောင်ဘဝများတွင် ကောင်းမြတ်သော ဘုံဘဝများသို့ ရောက်သွားဖို့ရာ အားအစွမ်းဖြစ်ပေသည်။

သီလအားအစွမ်းနှင့် ပြည့်စုံသော အမျိုးကောင်းသမီးတို့သည် အကျိုး(၅)မျိုး ရရှိခံစားကြရပေသည်။

၁။ ပစ္စည်းဥစ္စာ ရှာဖွေရာမှာ ရလွယ်ခြင်း၊
၂။ ဂုဏ်သတင်းကောင်းတို့ဖြင့် ကျော်ကြားခြင်း၊
၃။ ပွဲနေပွဲထိုင် ပရိသတ်အမျိုးမျိုးသို့ ရှင်လန်းဝမ်းမြောက်စွာ ဝင်ရောက်နိုင်ခြင်း၊
၄။ သေခါနီးမှာ ကောင်းသောနိမိတ်များထင်ကာ မတွေ့မဝေ သေရခြင်း၊
၅။ သေပြီးကာလ နောက်ဘဝမှာ နတ်ပြည်သို့ ရောက်ရခြင်း ဟူသော ဤအကျိုး(၅)မျိုးကို ခံစားရရှိကြရပေသည်။

ဆောင်ပုဒ်။ ။ ပစ္စည်းရလွယ်၊ ဂုဏ်ကောင်းကြွယ်၍၊
မင်ယမ်မျက်နှာ၊ မတွေ့ကာသေ၊
ရောက်လေနတ်ရွာ၊ ဣန္ဒိုးဖြာ၊
မှန်စွာသီလအကျိုးတည်း။

သို့ဖြစ်၍ အမျိုးကောင်းသမီးတို့သည် အကျင့်သီလနှင့် ပြည့်စုံခြင်းဟူသော အားအစွမ်းကိုသာ အထူးအားကိုးသင့်ကြပေသည်။ သီလကို အထူးလုံခြုံအောင် စောင့်ထိန်းသင့်ကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကောင်းဆိုးနှစ်သွယ် စံပြမယ်

လူတစ်ဦးတွင် ကောင်းတာနှင့်ဆိုးတာ နှစ်မျိုးတွဲလျက်ပင် ရှိကြပေသည်။ မှော်ရှိသောရေကန်၌ မှော်ကိုဖယ်၍ ရေကိုခပ်ယူကြသကဲ့သို့ ဆိုးတာကိုဖယ်၍ ကောင်းတာကို ယူကြရပေသည်။

မြတ်စွာဘုရားလက်ထက်တော်အခါက သာသနာတော်မှာ ကောင်းတာနှင့်ဆိုးတာ နှစ်မျိုးလုံး ကျော်ကြားခဲ့သော အမျိုးသမီးတစ်ယောက် ရှိခဲ့ဖူးလေသည်။ သူ့အမည်မှာ ခုဇ္ဇုတ္တရာ ဖြစ်ပေသည်။ သူ့အမည်သည် ခုဇ္ဇနှင့် ဥတ္တရာ နှစ်ခုပေါင်းစပ်ထားသော အမည် ဖြစ်ပေသည်။ ခုဇ္ဇက ခါးကုန်းတာ၊ ဥတ္တရာက သူ့အမည်ရင်း မဥတ္တရာ ဖြစ်ပေသည်။ မွေးရာပါ ခါးကုန်းမလေးဖြစ်၍ ခုဇ္ဇုတ္တရာဟု ခေါ်ကြခြင်း ဖြစ်ပေသည်။

ခုဇ္ဇုတ္တရာသည် သာမာဝတီမိဖုရား၏ ပန်းအဝယ်တော် ကျွန်မ ဖြစ်လေသည်။ ဥတေနမင်းကြီးက သာမာဝတီမိဖုရားအား နေ့စဉ်နေ့တိုင်း ပန်းဖိုးငွေရှစ်ကျပ် ပေး၏။ သာမာဝတီက ငွေရှစ်ကျပ်ကို ပန်းဝယ်ပေးရန် ခုဇ္ဇုတ္တရာအား ပေး၏။ ခုဇ္ဇုတ္တရာသည် လေးကျပ်ကို သူယူ၍ လေးကျပ်ကို ပန်းဝယ်ပြီး ရှစ်ကျပ်ဖိုးဟုပြောကာ သာမာဝတီကို ဆက်သလေ၏။

တစ်နေ့သောအခါ ပန်းရောင်းသူ သုမနပန်းသည်အိမ်၌ မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းလေသည်။ သုမနပန်းသည်က ဆွမ်းကျွေးတရားနာ ဖိတ်သဖြင့် ခုဇ္ဇုတ္တရာသည် မြတ်စွာဘုရား ဟောကြားတော်မူသော (အနမောဒနာ)တရားကို ရိုရိုသေသေ တစ်လုံးမကျန် မှတ်မိအောင် စူးစူးစိုက်စိုက် နာကြားလေသည်။ နာကြားရင်းပင် စူးစူးစိုက်စိုက် ရှုမှတ်လေရာ တရားပြီးဆုံးသောအခါ သောတာပန် ဖြစ်သွားလေ၏။

တရားပြီးဆုံး၍ ပန်းဝယ်သောအခါ ငွေရှစ်ကျပ်ဖိုးလုံးဖြင့် ပန်းဝယ်ယူပြီး သာမာဝတီမိဖုရားကို သွား၍ဆက်သလေ၏။ သာမာဝတီမိဖုရားက ပန်းတစ်ဆ ပိုများလာ၍ "ဒီနေ့ ဥတေနမင်းကြီးက ပန်းဖိုးငွေရှစ်ကျပ် ထပ်ပေးလို့ ပန်းတွေ များလာတာလား"ဟု မေးရာ ခုဇ္ဇုတ္တရာက "မဟုတ်ပါ။ ဒီနေ့ ပန်းများဟာ ရှစ်ကျပ်ဖိုးပင် ဖြစ်ပါသည်၊ ယခင်နေ့များက နေ့စဉ်နေ့တိုင်း မိမိအတွက် လေးကျပ်ကို ယူ၍ လေးကျပ်ကို ပန်းဝယ်ကာ ဆက်သခဲ့ပါသည်"ဟု မကွယ်မဝှက် ပြောလိုက်လေ၏။

သာမာဝတီက အံ့သြစွာဖြင့် "ဘာကြောင့် ဒီနေ့တော့ မခိုးနိုင်၊ မလိမ်နိုင်တော့တာလဲ"ဟု မေးရာ "ဒီနေ့ သုမနပန်းသည်အိမ်မှာ မြတ်စွာဘုရား၏တရားကို နာကြားရသောကြောင့် မခိုးနိုင်၊ မလိမ်နိုင်တော့ခြင်း ဖြစ်ပါသည်"ဟု ခုဇ္ဇုတ္တရာက ဖြေကြားလေ၏။

သာမာဝတီက မြတ်စွာဘုရား၏ တရားတော်သည် ဤမျှလောက်ပင် တန်ခိုးတော် ထက်မြက်ပါပေသည်ဟု ကြည်ညိုလှသည် ဖြစ်၍ နာကြားလိုသောကြောင့် ခုဇ္ဇုတ္တရာကို ဤသို့ ပြောလေ၏။ "သင်နာကြားခဲ့ရသော တရားကို ပြန်၍ဟောပြနိုင်ပါမည်လား"ဟု မေးရာ "ဟောပြနိုင်ပါသည်"ဟု ဖြေကြားသဖြင့် မွန်မြတ်သော အဝတ်

များနှင့် မွန်မြတ်သော နေရာကိုပေး၍ ခုဇ္ဈတ္တရာကို တရားဟော စေ၏။

သာမာဝတီနှင့် အပေါင်းအဖော် ငါးရာတို့သည် တရားပြီးဆုံး သောအခါ သောတာပန် ဖြစ်သွားကြလေသည်။ သာမာဝတီနှင့် အပေါင်းအဖော် ငါးရာတို့သည် သောတာပန် ဖြစ်ပြီးသောအခါမှာ မြတ်စွာဘုရား၏ တရားတော်တို့ကို ရှေးကထက် ပိုမိုမြတ်နိုးလာ၍ နာကြားလိုသော ဆန္ဒများကြောင့် ခုဇ္ဈတ္တရာကို မြတ်စွာဘုရား တရားဟောတိုင်းဟောတိုင်း လိုက်နာစေ၍ ခုဇ္ဈတ္တရာထံမှတစ်ဆင့် နာယူကြလေ၏။

ခုဇ္ဈတ္တရာသည် မြတ်စွာဘုရား တရားဟောတိုင်းဟောတိုင်း လိုက်နာရပြီး သာမာဝတီနှင့် အပေါင်းအဖော် ငါးရာတို့အား ပြန်၍ ဟောပြရသောကြောင့် ပိဋကတ်သုံးပုံကို မသင်ယူရပါဘဲ နာကြားရုံ မျှဖြင့် တတ်မြောက်သွားလေ၏။

မြတ်စွာဘုရားသည် အမျိုးသမီးများကို အတော်ဆုံး အကောင်းဆုံး (တေဒဂ်)ဆုပေးရာတွင် ပိဋကတ်သုံးပုံကို တတ်မြောက်ကျွမ်းကျင်ရာမှာ ခုဇ္ဈတ္တရာသည် အတော်ဆုံး အကောင်းဆုံး ဖြစ်ပေသည်ဟု အကောင်းဆုံးဆု (တေဒဂ်)ဂုဏ်ထူးကို ပေးတော်မူလိုက်လေသည်။

ဤကဲ့သို့ အကောင်းဆုံး(တေဒဂ်)ဂုဏ်ထူးကို ရပြီးသောအခါ ခုဇ္ဈတ္တရာသည် သာသနာတော်၌ အထူးထင်ရှားလာလေသည်။ တစ်နေ့သောအခါ ရဟန်းတော်များက မြတ်စွာဘုရားကို လျှောက်ထားကြသည်မှာ -

"မြတ်စွာဘုရား ... ခုဇ္ဈတ္တရာသည် ဘာကြောင့် -
၁။ ခါးကုန်းရပါသနည်းဘုရား။

၂။ ပိဋကတ်သုံးပုံကို နာကြားရုံမျှဖြင့် တတ်မြောက်သော ဉာဏ်ပညာနှင့် ပြည့်စုံရပါသနည်းဘုရား။

၃။ တရားနာရင်းပင် လျင်မြန်စွာ သောတာပန် ဖြစ်ရပါသနည်း ဘုရား။

၄။ တရားထူးရမည့်ဘဝမှာ ဘာကြောင့် ကျွန်ဖြစ်ရပါသနည်း ဘုရား" ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ -

"ခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် ကဿပမြတ်စွာဘုရား ပွင့်ပြီးနောက် ဂေါတမမြတ်စွာဘုရား မပွင့်မီအကြားကာလတွင် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ နန်းတော်၌ အလုပ်အကျွေး အမျိုးသမီး တစ်ယောက် ဖြစ်ခဲ့လေသည်" စသည်ဖြင့် အတိတ်အကြောင်းများ ကို မိန့်ကြားတော်မူလေ၏။

၁။ ခုဇ္ဇုတ္တရာ ခါးကုန်းရခြင်းသည် ဗြဟ္မဒတ်မင်း၏ နန်းတော်သို့ ခါးကုန်းနေသော အရှင်ပစ္စေကဗုဒ္ဓါတစ်ပါး အပါအဝင် ရှင်ပစ္စေက ဗုဒ္ဓါရှစ်ပါး ဆွမ်းခံကြွတော်မူကြ၏။ ခုဇ္ဇုတ္တရာအလောင်း အလုပ် အကျွေး အမျိုးသမီးနှင့်တကွ အမျိုးသမီးတစ်စုတို့သည် ရွှေ ခွက်ထဲ ဆွမ်းများထည့်၍ ပခုံးပေါ်တွင် ကမ္မလာနီတဘက်များ ကိုတင်ကာ ဆွမ်းလောင်းလှူကြလေ၏။

ဆွမ်းလောင်းပြီးသောအခါ ခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် ရွှေခွက်ကို သပိတ်လိုပိုက်၍ ကမ္မလာနီတဘက်ကို သက်နှံလိုခြုံကာ ဆွမ်းလောင်းဖော် အမျိုးသမီးများရှေ့သို့ သွားကာ ခါးကုန်းနေသော ရှင်ပစ္စေကဗုဒ္ဓါ၏ ခါးကုန်းပုံကိုပြကာ ရယ်စရာဖြစ်အောင် ဆွမ်းခံပြ လေ၏။

ဤကဲ့သို့ ရှင်ပစ္စေကဗုဒ္ဓါကို ရယ်စရာဖြစ်အောင် နောက်ပြောင်ခဲ့သော မကောင်းမှုကံကြောင့် အချိုးမကျ မွေးရာပါ ခါးကုန်းမ ဖြစ်ရလေသည်။

၂။ ခုဇ္ဇုတ္တရာ ဉာဏ်ပညာနှင့် ပြည့်စုံရခြင်းသည် တစ်နေ့သဋ္ဌ ဗြဟ္မဒတ်မင်း၏ နန်းတော်တွင်းသို့ ရှင်ပစ္စေကဗုဒ္ဓါရှစ်ပါး ဆွမ်းခံဝင်ရာတွင် နို့ယနာဆွမ်းပူပူများကို သပိတ်ပြည့်အောင် လောင်းလှူလိုက်ကြသဖြင့် သပိတ်ကို ဘယ်လက်မှ ညာလက်သို့၊ ညာလက်မှ ဘယ်လက်သို့ ပြောင်းကာပြောင်းကာဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ လက်ပူနေသော အခြင်းအရာကို ခုဇ္ဇုတ္တရာ အလောင်း အမျိုးသမီး မြင်လေ၏။

ထိုသို့မြင်သောအခါ သူ့လက်တွင် ဝတ်ဆင်ထားသော ဆင်စွယ်လက်ကောက် ရှစ်ကွင်းတို့ကိုချွတ်၍ ရှင်ပစ္စေကဗုဒ္ဓါရှစ်ပါးတို့ကို လက်ပူခြင်း အမြန်ကင်းပျောက်စေရန် သပိတ်အောက်မှ ခံဖို့ရာ သပိတ်ခြေအဖြစ် လှူဒါန်းလိုက်လေ၏။

ဤကဲ့သို့ ရှင်ပစ္စေကဗုဒ္ဓါများ လက်ပူခြင်းပျောက်ကင်းစေရန် ဉာဏ်ကို ရှေ့သွားပြုကာ ဆင်စွယ်လက်ကောက် သပိတ်ခြေရှစ်ခုကို အလျင်အမြန် လှူဒါန်းခဲ့သော ကောင်းမှုကံကြောင့် တရားပွဲများ၌ သွားရောက်ကာ တရားနာသည်နှင့်ပင် ပိဋကတ်သုံးပုံကို တတ်မြောက်သော ဉာဏ်ပညာနှင့် ပြည့်စုံရခြင်းပင် ဖြစ်ပေသည်။

၃။ ခုဇ္ဇုတ္တရာ လျင်မြန်စွာ သောတာပန် ဖြစ်ရခြင်းသည် ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို နန်းတော်သို့ ကြွရောက်သီတင်းသုံးနေသောအခါများ၌ ခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် ရိုရိုသေသေ ပြုစုလုပ်ကျွေးခဲ့လေသည်။

ဤကဲ့သို့ ရိုရိုသေသေ ပြုစုခဲ့သော ကောင်းမှုကံကြောင့် သုမနပန်းသည်၏ ဆွမ်းကျွေးရာ၌ မြတ်စွာဘုရား၏တရားကို နာနေသော အချိန်အတွင်းမှာပင် လျင်မြန်စွာ သောတာပန် ဖြစ်သွားရလေသည်။

၄။ ခုဇ္ဇုတ္တရာ ကျွန်ဖြစ်ရခြင်းသည် ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက ခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် ဗာရာဏသီပြည်၌ သူဌေးသမီးတစ်ယောက် ဖြစ်ခဲ့လေသည်။ တစ်နေ့သောအခါ ညချမ်းအချိန်၌ ကိုယ်လုံးပေါ်မှန်ရှေ့မှာ အလှပြင်ဆင်နေ၏။ ထိုအချိန်တွင် သူဌေးသမီးနှင့် ရင်းနှီးသော ရဟန္တာဘိက္ခုနီမတစ်ပါး ကြွရောက်လာ၏။

သူဌေးသမီးသည် အလှပြင်ပစ္စည်းများကို လိုနေ၍ ရဟန္တာဘိက္ခုနီမကို ယူခိုင်းလေ၏။ ရဟန္တာဘိက္ခုနီမ ဆင်ခြင်တော်မူသည်မှာ "ဤသူဌေးသမီးသည် သူယူခိုင်းသည့်အတိုင်း မယူပေးလျှင် အမျက်ထွက်၍ ရန်ပြိုးဖွဲ့ကာ ငရဲကျတော့မည်၊ ယူပေးလိုက်ပြန်လျှင်လည်း ဘဝငါးရာပတ်လုံး ကျွန်ဖြစ်ရတော့မည်" ဟု ဆင်ခြင်မိလေ၏။

ထိုဖြစ်ရခြင်း နှစ်မျိုးတို့တွင် ငရဲ၌ဖြစ်ရခြင်းထက် ကျွန်ဖြစ်ရခြင်းက တော်သေးသည်၊ သက်သာရာရသေးသည်ဟု နလုံးသွင်းဆင်ခြင်ကာ သူဌေးသမီး စေခိုင်းသည့်အတိုင်း အလှပြင်ပစ္စည်းများကို သွားယူပေးလိုက်လေ၏။

ဤကဲ့သို့ ဂုဏ်သိက္ခာကြီးမားသော ရဟန္တာဘိက္ခုနီမကို စေခိုင်းသောကြောင့် ဘဝငါးရာပတ်လုံး ကျွန်ဖြစ်ရလေသည်ဟု မြတ်စွာဘုရားက ဖြေကြားတော်မူလေသည်။

(ဓမ္မပဒ-၆-၁/၁၄၄)

ခုဇ္ဈတ္တရာဌ -

၁။ မွေးရာပါ ခါးကုန်းမ ဖြစ်ရခြင်းအကြောင်းဖြစ်တဲ့ ရှင်ပစ္စေက ဗုဒ္ဓါကို ခါးကုန်းဟန်ပြ၍ နောက်ပြောင်ခြင်းသည်လည်း ကောင်း။

၂။ ဘဝင်းရာပတ်လုံး ကျွန်ုပ်ဖြစ်ရခြင်းအကြောင်းဖြစ်တဲ့ ရဟန္တာ ဘိက္ခုနီမကို စေခိုင်းခြင်းသည်လည်းကောင်း မကောင်းတဲ့ အပြုအမူများဖြစ်၍ ရှောင်ကြဉ်ဖွယ်ရာများ ဖြစ်ကြပေသည်။

၃။ ဝိဋုဋတ်သုံးပုံကို သင်ယူခြင်းမရှိ၊ နာကြားရုံမျှဖြင့် တတ်မြောက်ရခြင်းအကြောင်းဖြစ်တဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ လက်ပူခြင်း ကင်းစေရန် ဥဏှာကိုအသုံးပြုကာ ဆင်စွယ် လက်ကောက် သပိတ်ခြေရှစ်ခုကို အလျင်အမြန် လှူဒါန်း ခြင်းသည်လည်းကောင်း။

၄။ တရားနာရင်းပင် လျင်မြန်စွာ သောတာပန် ဖြစ်ရခြင်း အကြောင်းဖြစ်တဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ရိုရိုသေသေ ပြုစုလုပ်ကျွေးခြင်းသည်လည်းကောင်း ကောင်းတဲ့အပြုအမူ များဖြစ်၍ အတုယူဖွယ်ရာများ ဖြစ်ကြပေသည်။

ဆောင်ပုဒ် ။ ။ မကောင်းရှောင်ခွာ၊ ကောင်းတာသာ၊
ဆောင်ကာယူသင့်သည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကိုယ်သာနှာ၌ စိတ်မနှာ

အခါတစ်ပါး မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း၊ သုသုမာရဂိရမြို့၏အနီး သားတို့ကိုဘေးမဲ့ပေးရာတောင် သီတင်းသုံးနေတော်မူ၏။ ထိုအခါ သုသုမာရဂိရမြို့သား အသက်အရွယ် အလွန်အိုမင်းနေသော နကုလပိတာမည်သော သူဌေးကြီးသည် မြတ်စွာဘုရားထံ ရောက်လာလေ၏။

သူဌေးကြီးသည် မြတ်စွာဘုရားနှင့် အကျွမ်းဝင်သူတို့တွင် (အကျွမ်းအဝင်ဆုံး တေဒဂ်)ဂုဏ်ထူး ရထားသူဖြစ်၏။ အမြဲမပြတ် မြတ်စွာဘုရားထံသို့ သွားရောက်ဖူးမြင်လေ့ရှိ၏။

ယခုအချိန်မှာ အသက်အရွယ်က အလွန်ကြီး၍ အားအင်ကနည်းပါးလာသဖြင့် ရောဂါဝေဒနာ ဖိစီးလာ၏။ ကျန်းမာတယ်ဟူ၍ပင် မရှိတော့ပေ။ နောင်အခါ မြတ်စွာဘုရားထံ သွားရောက်ဖူးမြင်နိုင်တော့မည် မဟုတ်ပေ။ သွားနိုင်တုန်း ယခုတစ်ခေါက်တော့ ကြိုးစားပြီး သွားမည်။ မိမိအတွက် အရည်အကျိုးများမည့် တရားတစ်ပုဒ်ကို တောင်းယူနာကြားခဲ့မည်ဟု ကြံစည်ကာ မြတ်စွာဘုရားထံ ရောက်လာခြင်း ဖြစ်ပေသည်။

သူဌေးကြီးသည် မြတ်စွာဘုရားကို ရှိခိုးဦးချပြီးလျှင် တရားဟောဖိုရာ လျှောက်ထားလေ၏။ "မြတ်စွာဘုရား ... တပည့်တော်သည်

နောက်ဆုံးအရွယ်သို့ရောက်၍ အလွန်အိုမင်းသွားပါပြီဘုရား။ တစ်ခဏာ မျှ ကျန်းမာတယ်လို့ မရှိတော့ပါ။ ရောဂါဝေဒနာများ၏ နိပ်စက်ခြင်း ကိုသာ ခံစားနေရပါသည်၊ နောက်တစ်ခေါက် မြတ်စွာဘုရားထံ ရောက်ဖို့မလွယ်တော့ပါဘုရား။ သို့ဖြစ်ပါသောကြောင့် တပည့်တော် အတွက် အရည်အကျိုးများမည့် အဆုံးအမတရားတစ်ပုဒ်ကို ဟော ကြားတော်မူပါဘုရား"ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားက "အသက်အရွယ်ကြီး၍ ကျန်းမာသည်ဟူ၍ မရှိတော့ပါဟု သူဌေးကြီးလျှောက်ထားခြင်းသည် မှန်ပေသည်၊ သို့ ပါသော်လည်း ရောဂါဝေဒနာမရှိ၊ အမြဲတမ်း ကျန်းမာနေတဲ့ ပုဂ္ဂိုလ် ဟူ၍ မရှိပေ။ အားလုံး ရောဂါဝေဒနာ ရှိနေကြသောသူများသာ ဖြစ် ကြသည်။ ရောဂါဝေဒနာမရှိဟု ပြောသောသူသည် မသိလို့သာ ပြော ခြင်းဖြစ်သည်၊ မိုက်မဲတွေဝေလို့သာ ပြောခြင်းဖြစ်သည်"ဟု မိန့်ကြား တော်မူလေသည်။

ထို့နောက် မြတ်စွာဘုရားက "သူဌေးကြီး ... ကိုယ်သာနာ၍ စိတ်မနာစေနဲ့၊ စိတ်မနာအောင်ကျင့်"ဟု သူဌေးကြီးနှင့် အသင့်တော် ဆုံးတရားကို ဟောကြားတော်မူလိုက်ပါသည်။

သူဌေးကြီးသည် သူနှင့်အသင့်တော်ဆုံးတရားကို နာကြားရ၍ မြတ်စွာဘုရားကို အထူးရိုသေမြတ်နိုးစွာ ရှိခိုးဦးချပြီး လက်အုပ်ချီကာ မြတ်စွာဘုရားကို လက်ယာရစ်လှည့်လည် အရိုအသေပြုလျက် မြတ်စွာ ဘုရားထံမှ ထွက်လာခဲ့လေသည်။ သူဌေးကြီးသည် မြတ်စွာဘုရား ထံသို့ သွားရောက်ဖူးမြင်တိုင်း အရှင်သာရိပုတ္တရာထံသို့လည်း သွား ရောက် ဖူးမြင်လေ့ရှိ၏။ ယနေ့လည်း အရှင်သာရိပုတ္တရာကို သွား ရောက် ဖူးမြင်လေ၏။

အရှင်သာရိပုတ္တရာက "သူဌေးကြီး ... မျက်နှာကွန်ပြီ အဆင်းများ တယ်ကြည်လင်ပါလား၊ မြတ်စွာဘုရားက တရားများဟောလိုက်ပါရဲ့လား"ဟု မေးတော်မူရာ "တပည့်တော်ကဲ့သို့သောသူကို ဘယ်မှာ တရားမဟောဘဲ ရှိပါမည်နည်း၊ ဟောလိုက်ပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

အရှင်သာရိပုတ္တရာက "ဘာတရားများ မြတ်စွာဘုရား ဟောကြားလိုက်ပါသလဲ"ဟု မေးတော်မူရာ "ကိုယ်သာနာ၍ စိတ်မနာစေနဲ့ စိတ်မနာအောင်ကျင့်ဟု ဟောကြားတော်မူလိုက်ပါသည်"ဟု လျှောက်ထားလေ၏။

အရှင်သာရိပုတ္တရာသည် ပညာအရာမှာ အတော်ဆုံး (တေဒဂ်) ဆုကို ရထားသော ပုဂ္ဂိုလ်ဖြစ်၏။ ထို့ကြောင့် သူဌေးကြီး လျှောက်ထားသောစကားကို ကြားသည်နှင့်တစ်ပြိုင်နက် ကိုယ်လည်းနာ စိတ်လည်းနာ၊ ကိုယ်သာနာ၍ စိတ်မနာ ဖြစ်ပုံတို့ကို ကွဲပြားစုံလင်စွာ သိဖို့ရာ လိုအပ်သည်။ မြတ်စွာဘုရားကို ပြန်လျှောက်ထားဖို့ လိုအပ်သည်ဟု သိမြင်တော်မူ၏။

ဤကဲ့သို့ သိမြင်တော်မူသောကြောင့် "ဘယ်လိုကျင့်ရင် ကိုယ်လည်းနာ စိတ်လည်းနာ၊ ဘယ်လိုကျင့်ရင် ကိုယ်သာနာ၍ စိတ်မနာ ဖြစ်ပုံများကို မြတ်စွာဘုရားအား လျှောက်ထားခဲ့ပါသေးသလား"ဟု မေးတော်မူလေ၏။

သူဌေးကြီးက "တပည့်တော် မလျှောက်ထားခဲ့မိပါဘုရား၊ ကိုယ်လည်းနာ စိတ်လည်းနာ၊ ကိုယ်သာနာ၍ စိတ်မနာ ဖြစ်ပုံများကို အရှင်ဘုရား ဟောပြမှသာ တပည့်တော် သိရပါမည်၊ နောက်တစ်ခေါက် တပည့်တော် လာရောက်ရန်လည်း မလွယ်တော့ပါဘုရား၊ ဟောပြ

တော်မူပါရန် လျှောက်ထားတောင်းပန်ပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

အရှင်သာရိပုတ္တရာက အတ္တဒိဋ္ဌိနှစ်ဆယ် အကျယ်ပြုကာ (ရုပ်)ကိုယ်နှင့် အသိ(နာမ်)ကို အတ္တ(ငါ)ဟု တပေါင်းတည်းပြုကာ စွဲလမ်းနေပါက ကိုယ်လည်းနာ စိတ်လည်းနာ ဖြစ်သည်။

ဥပမာ - ဇောအရပ်သို့ သွားရောက်၍ အလုပ်လုပ်သောသူသည် လက်ဖဝါး ခြေဖဝါး စသည်တို့၌ ဆူးစူးသောအခါ ဆူးကို ကော်ထုတ်ဖို့ရာ ချိတ်၊ အပ်များ မရှိသဖြင့် ဆူးတစ်ချောင်းကို ရှာဖွေ၍ ပထမစူးနေသော ဆူးကို ကော်ထုတ်၏။ ပထမဆူး မထွက်ပါဘဲ ဒုတိယဆူး အသားထဲတွင် ကျိုးကျန်နေပြန်၏။ ထိုသူသည် ဆူးနှစ်ချောင်း အစူးခံရ၍ ဆင်းရဲဒုက္ခနှစ်မျိုးခံရသကဲ့သို့ ထို့အတူ ရုပ်နှင့် နာမ် ကွဲပြားအောင် မရှုမှတ်နိုင်သောသူသည် ကိုယ်လည်းနာ စိတ်လည်းနာဟူသော ဆင်းရဲဒုက္ခနှစ်မျိုးခံရပေသည်။

ရုပ်ကိုယ်က တခြား၊ သိတဲ့နာမ်က တခြားဟူ၍ ကွဲပြားအောင် ရှုမှတ်နိုင်ပါက ကိုယ်သာနာ၍ စိတ်မနာ ဖြစ်ပေသည်ဟု ဟောကြားတော်မူလိုက်ပါသည်။

ဆောင်ပုဒ်။ ။ ရုပ်နာမ်ကိုပင်၊ ငါကောင်ထင်၊
စွဲလျှင်ကိုယ်စိတ်နာ။
ရုပ်နာမ်ပေါ်ဆဲ၊ ရှုမှတ်ခွဲ၊ ကိုယ်ပဲနာပါစိတ်မနာ။

ဝိပဿနာရှုမှတ်၍ ဘဂ်ဉာဏ်ရောက်နေသော ပုဂ္ဂိုလ်တို့သည် ရုပ်ကိုယ်၌ နာကျင်မှုဝေဒနာများ ပေါ်လာသောအခါ ဝေဒနာပေါ်မှာ မှတ်စိတ်ကို တည့်တည့်ချ၍ စူးစူးစိုက်စိုက် ရှုမှတ်လိုက်လျှင်

တစ်ချက်မှတ် တစ်ချက် ကုန်ပျက်သွားတာများကို တွေ့သိကြရပေသည်။ ကုန်ပျက်တာများကို စူးစိုက်မှတ်နေရသောကြောင့် ရုပ်ကိုယ်ကသာနာနေ၍ စိတ်ဆင်းရဲမှု မရှိသဖြင့် စိတ်မနာတာကို ကိုယ်တိုင်တွေ့သိကြရပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက ကိုယ်သာနာ၌ စိတ်မနာအောင်ကျင့်ဟူ၍ ဟောကြားတော်မူလိုက်ခြင်း ဖြစ်ပေသည်။

(သံ-၂/၁)

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

လူ့ဘဝမှာ သက်ရှည်စွာ

လောကထဲ၌ အသက်ရှင်နေကြသော သတ္တဝါတို့၏ ဘဝသည်-

(၁) သုဂတိဘဝ = ကောင်းမြတ်သောဘဝ၊

(၂) ဒုဂ္ဂတိဘဝ = မကောင်း၊ ယုတ်ညံ့သော အပါယ်ဘဝဟူ ၍ အကျဉ်းချုပ်အားဖြင့် နှစ်မျိုးရှိပေသည်။

ထိုနှစ်မျိုးတို့တွင် သုဂတိဘဝ = ကောင်းမြတ်သောဘဝသည် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဟူ၍ သုံးမျိုးရှိပေသည်။ ထိုသုံးမျိုးတို့ တွင်လည်း လူ့ဘဝသည် ကောင်းမှုကုသိုလ်များ ပြုလုပ်ဖို့ရာ အကောင်းဆုံးဘဝ ဖြစ်ပေသည်။

အတိတ်ကဖြစ်ခဲ့ဖူးသော လူ့ဘဝပေါင်းများစွာတို့တွင်လည်း ယခုအသက်ရှင်နေသော လူ့ဘဝသည် မြတ်စွာဘုရား ပွင့်တော်မူသော အခါ သာသနာတော်နှင့်လည်း တွေ့ကြုံနေရပေသည်။ အပါယ်တံခါး ပိတ်စေနိုင်သော သူတော်ကောင်းတရားတို့ကိုလည်း နာကြားကျင့်ကြံ ခွင့် ရနေကြပေသည်။ မိမိတို့မှာ အယူကောင်းအယူမှန်လည်း ရှိနေ ကြပေသည်။ သို့ဖြစ်၍ အကောင်းဆုံး အသက်ရှင်နေသော လူ့ဘဝ ဖြစ်ပေသည်။

ယခုအသက်ရှင်နေသော လူ့ဘဝသည် နောင်ဘယ်သောအခါမှ ယုတ်ညံ့သော အပါယ်ဘုံဘဝများသို့ မရောက်သွားရအောင်၊ ယခုလက်ရှိဘဝထက် မြင့်မြတ်ရာ ဘုံဘဝများသို့ ရောက်သွားရအောင်၊ ဆင်းရဲခပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားရအောင် ကောင်းမှုကုသိုလ်များ ပြုခွင့်ရသောဘဝ ဖြစ်ပေသည်။ အသက်ရှည်သမျှ ကောင်းမှုကုသိုလ်များ တိုးပွားဖို့ရာ ဖြစ်ပေသည်။ သို့ဖြစ်၍ အသိဉာဏ်ပြည့်ဝတဲ့ ပုဂ္ဂိုလ်တိုင်း လူ့ဘဝမှာ အသက်ရှည်စွာ နေဖို့ရာကို အလိုရှိနေကြပေသည်။

သို့ဖြစ်သောကြောင့် မြတ်စွာဘုရားက လူ့ဘဝမှာ အသက်ရှည်ကြောင်း တရားငါးပါးကို ဟောကြားတော်မူခဲ့ပါသည်။

၁။ သပ္ပါယကာရီ ဟောတိ = မိမိခန္ဓာကိုယ်နှင့် မသင့်မလျော်သော အစားအစာ၊ အနေအထိုင်၊ အအေးအပူ၊ ဥတုရာသီများကို ရှောင်ကြဉ်၍ သင့်လျော်သော အစားအစာ၊ အနေအထိုင်၊ အအေးအပူ၊ ဥတုရာသီများကို မှီဝဲသုံးဆောင် ပြုလုပ်နေထိုင်ရမည်။

၂။ သပ္ပါယမတ္တံ ဇာနာတိ = သင့်လျော်သော အစားအစာ၊ အနေအထိုင်၊ အပူအအေး၊ ဥတုရာသီများကို မှီဝဲသုံးဆောင် ပြုလုပ်ရာမှာလည်း မိမိခန္ဓာကိုယ်နှင့် မျှတရုံ အတိုင်းအရှည်ပမာဏကိုသိ၍ မှီဝဲသုံးဆောင် ပြုလုပ်နေထိုင်ရမည်။

၃။ ပရိဏာတဘောဇီစ ဟောတိ = အစားအစာများကို မှီဝဲသုံးဆောင်သောအခါ ကြေခဲကျက်ခဲ အစာကြမ်းများကို ရှောင်နှင်သမျှရှောင်၍ ကြေလွယ်ကျက်လွယ်သော အစားအစာတို့ကို မှီဝဲသုံးဆောင်ရမည်။

၄။ သီလဝါစ = သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာ မခိုးခြင်း၊ သူတစ်ပါး သားသမီးများကို မလွန်ကျူး မဖျက်ဆီးခြင်း၊ လိမ်ညာ၍ မပြောခြင်း၊ အရက်သေစာ မသောက်စားခြင်းစသော အကျင့်သီလနှင့် ပြည့်စုံရမည်။

၅။ ကလျာဏမိတ္တောစ = စိတ်နလုံးကို ချမ်းမြေ့စေတတ်သော မိတ်ကောင်းဆွေကောင်း၊ သားကောင်းသမီးကောင်း၊ လင်ယောက်ျားကောင်း၊ ဇနီးကောင်းများနှင့် ပြည့်စုံရမည်။ အတူတကွ နေထိုင်ရမည်။

ဤတရားငါးပါးနှင့် ပြည့်စုံအောင် နေထိုင်ကြသော လူပုဂ္ဂိုလ်တို့သည် လူဘဝမှာ အသက်ရှည်စွာ နေထိုင်ကြရလိမ့်မည်ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဆောင်ပုဒ်။ ။ သင့်လျော်တိုင်းရှည်၊ ကြေမည်အစာ၊ ရှိပါသီလ၊
မိတ်ကောင်းရ၊ ငါးဝသက်ရှည်ကြောင်း။

ဤခန္ဓာကိုယ် တည်ရှိနေခြင်းသည် လေးချောင်းထောက် စားပွဲခုံနှင့် တူပေသည်။ လေးချောင်းထောက် စားပွဲခုံ၌ ခြေထောက် တစ်ချောင်း ကျိုးသွားတဲ့အခါမှာ တည့်မတ်စွာ မတည်နိုင်တော့၍ အသုံးမကျ ပျက်စီးရ၏။ ထိုနည်းတူစွာ ခန္ဓာကိုယ်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ဖြင့် တည်ရှိနေ၏။ ထိုအကြောင်းတရား လေးပါးတို့တွင် တစ်ပါးပါး ချွတ်ယွင်းခဲ့လျှင် အသက်ရှည်စွာ မတည်နိုင်တော့ပါဘဲ ပျက်စီးရမည်သာ ဖြစ်ပေသည်။

သို့ဖြစ်၍ မိတ်ဆွေဆိုး၊ လင်ယောက်ျားဆိုး၊ သားသမီးဆိုး၊ ဇနီးဆိုးများနှင့် အတူတကွ ဆက်ဆံပေါင်းသင်း နေထိုင်ရခြင်းသည် စိတ်ဆင်းရဲခြင်း ဖြစ်ရသည်သာ များသောကြောင့် အသက်တိုကြရပေသည်။ မိတ်ဆွေကောင်း၊ သားသမီးကောင်း၊ လင်ယောက်ျားကောင်း၊ ဇနီးကောင်းများနှင့် အတူတကွ ဆက်ဆံပေါင်းသင်း နေထိုင်ရခြင်းသည် စိတ်အေးချမ်းသာမှုကို ရရှိသောကြောင့် အသက်ရှည်ကြောင်း တစ်ပါး ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ချမ်းသာလို့လျှင် ရိပ်သာဝင်

သက်ရှိ ပုဂ္ဂိုလ်သတ္တဝါမှန်သမျှတို့သည် ချမ်းသာကို အမြဲလိုချင်ကြပေသည်။ ချမ်းသာကို ရနိုင်သမျှ ရှာမီးနေကြပေသည်။ ချမ်းသာစွာ နေရသော နေရာဌာနများ၌ နေထိုင်လိုကြပေသည်။ ချမ်းသာစွာ နေရသော နေရာဌာနကို ရိပ်သာဟူ၍ ခေါ်ဆိုကြပေသည်။

ရိပ်သာဟူသော ဤစကားသည် ရိပ်က တစ်ခွန်း၊ သာက တစ်ခွန်း နှစ်ခွန်းပေါင်းစပ်ထားသော စကားဖြစ်ပေသည်။ ရိပ်က အရိပ်၊ သာက ချမ်းသာဟူ၍ အဓိပ္ပါယ်ရပါသည်။ အရိပ်ချမ်းသာဟု ဆိုလိုရင်း ဖြစ်ပါသည်။

အရိပ်ချမ်းသာ၌ အရိပ်တို့သည် -

၁။ သစ်ပင်အရိပ်၊

၂။ ဆွေမျိုးအရိပ်၊

၃။ ဆရာအရိပ်၊

၄။ မင်းအရိပ်၊

၅။ မြတ်စွာဘုရား၏ တရားတော်အရိပ်ဟူ၍ (၅)မျိုးရှိပါသည်။

ထိုအရိပ်(၅)မျိုးတို့တွင် သစ်ပင်အရိပ်ထက် ဆွေမျိုးမိဘအရိပ်က ပိုချမ်းသာသည်။ ဆွေမျိုးမိဘအရိပ်ထက် ဆရာအရိပ်က ပိုချမ်းသာသည်။ ဆရာအရိပ်ထက် မင်းအရိပ်က ပိုချမ်းသာသည်။

မင်းအရိပ်ထက် မြတ်စွာဘုရား၏ တရားတော်အရိပ်က ပိုချမ်းသာ သည်။

၁။ သစ်ပင်အရိပ်သည် နွေရာသီ နေပူရှိန် ပြင်းထန်ချိန်မှာ ခရီး သွားသဖြင့် ပင်ပန်းလာသောသူတို့အတွက် အရိပ်ကောင်းသော သစ်ပင်အောက်သို့ ဝင်ရောက် အနားယူလိုက်သောအခါ ကိုယ် ရောစိတ်ပါ ချမ်းသာကြရပေသည်။

၂။ သစ်ပင်အရိပ်ကို ခိုလှုံရခြင်းသည် သစ်ပင်အောက်တွင်နေခိုက် ခဏမျှသာ ချမ်းသာစွာ နေရ၏။ ဆွေမျိုးမိဘတို့၏ မေတ္တာ အရိပ်ကို ခိုလှုံရခြင်းသည် ဆွေမျိုးမိဘတို့၏ စီးပွားဥစ္စာ အမွေ များကို ရရှိ၍ တစ်သက်တာ ချမ်းသာစွာ နေရ၏။ ထို့ကြောင့် သစ်ပင်အရိပ်ထက် ဆွေမျိုးမိဘအရိပ်က ပို၍ချမ်းသာ၏။

ဆောင်ပုဒ်။ ။ သစ်ပင်ရိပ်ထက်၊ မိဘရိပ်ဟာ၊ ပို၍သာ၊ မှန်စွာချမ်းသာသည်။

၃။ ဆွေမျိုးမိဘတို့၏ အရိပ်ကို ခိုလှုံရခြင်းသည် စီးပွားဥစ္စာ အမွေ ကို ရရှိ၍ ချမ်းသာစွာ နေရ၏။ သို့သော် ခိုးသား၊ ဓားပြ စသည်တို့ကြောင့် စီးပွားဥစ္စာ ပျက်စီးနိုင်၏။ ဆရာ၏ မေတ္တာ အရိပ်ကို ခိုလှုံရခြင်းသည် အသက်မွေးဝမ်းကျောင်း အတတ် ပညာများကို တတ်မြောက်၍ ချမ်းသာစွာ နေရ၏။ ခိုးသား၊ ဓားပြ စသည်တို့ကြောင့် အတတ်ပညာသည် မပျက်စီးနိုင်။ ထို့ကြောင့် ဆွေမျိုးမိဘအရိပ်ထက် ဆရာအရိပ်က ပို၍ချမ်း သာ၏။

ဆောင်ပုဒ်။ ။ မိဘရိပ်ထက်၊ ဆရာရိပ်ဟာ၊ ပို၍သာ၊ မှန်စွာချမ်းသာသည်။

၄။ ဆရာ၏အရိပ်ကို ခိုလှုံရခြင်းသည် အတတ်ပညာ တစ်ခုဖြင့်သာ ချမ်းသာစွာ နေရ၏။ တိုင်းပြည်အုပ်ချုပ်သော မင်း၏အရိပ်ကို ခိုလှုံရခြင်းသည် ပြည်တွင်းပြည်ပ ဘေးရန်အန္တရာယ် အမျိုးမျိုးတို့မှ လွတ်ကင်း၍ အတတ်ပညာ စီးပွားဥစ္စာ တရားဓမ္မတို့ကို ရှာမှီးခွင့်ရသဖြင့် ချမ်းသာအမျိုးမျိုးတို့ကို ရရှိ၏။ ထို့ကြောင့် ဆရာအရိပ်ထက် မင်းအရိပ်က ပို၍ချမ်းသာ၏။

ဆောင်ပုဒ်။ ။ ဆရာရိပ်ထက်၊ မင်းအရိပ်ဟာ၊ ပို၍သာ၊
မှန်စွာချမ်းသာသည်။

၅။ မင်း၏အရိပ်ကို ခိုလှုံရခြင်းသည် ယခုဘဝမှာ ဘေးရန်အန္တရာယ်များမှ ကင်းလွတ်၍ ချမ်းသာစွာ နေရ၏။ မြတ်စွာဘုရား၏ တရားတော်အရိပ်ကို ခိုလှုံရခြင်းသည် တရား၏အရသာကို ခံစားရ၍ ယခုဘဝမှာလည်း ချမ်းသာ၏။ နောက်နောင်ဘဝများမှာလည်း အပါယ်ဆင်းရဲမှစ၍ ဆင်းရဲအမျိုးမျိုးတို့မှ လွတ်မြောက်သဖြင့် ချမ်းသာစွာ နေရ၏။ အချမ်းသာဆုံး မြတ်နိဗ္ဗာန်သို့လည်း ရောက်ရ၏။ ထို့ကြောင့် မင်းအရိပ်ထက် မြတ်စွာဘုရား၏ တရားတော်အရိပ်က ပို၍ချမ်းသာ၏။

ဆောင်ပုဒ်။ ။ မင်းအရိပ်ထက်၊ တရားရိပ်ဟာ၊ ပို၍သာ၊
မှန်စွာချမ်းသာသည်။

သို့ဖြစ်ပါ၍ အပါယ်ဆင်းရဲမှစ၍ ဆင်းရဲအမျိုးမျိုးတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို လိုချင်လျှင် တရားရိပ်သာသို့ ဝင်ကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

သားသမီးမြတ်ရတနာ ဖြစ်ဖို့ရာ

သားငယ် သမီးငယ်များကို အရွယ်ရောက်သည့်တိုင်အောင် ကျွေးမွေးစောင့်ရှောက်ကြရသော မိခင်ဖခင်တို့သည် မိမိတို့၏ သားသမီးများ အဖက်ဖက်က ပြည့်စုံစေချင်ကြပေသည်။ သားမြတ်ရတနာ သမီးမြတ်ရတနာ ဖြစ်စေချင်ကြပေသည်။

သားသမီးများကလည်း သားညံ့ သမီးညံ့များ မဖြစ်လိုကြပေ။ သားမြတ် သမီးမြတ်များသာ ဖြစ်လိုကြပေသည်။ သားမြတ် သမီးမြတ် ဖြစ်လိုသောသူတို့သည် အင်္ဂါ(၅)ပါးနှင့် ပြည့်စုံကြရမည်။ အင်္ဂါ(၅)ပါးနှင့် ပြည့်စုံသောသူတို့သည် သားမြတ်ရတနာ သမီးမြတ်ရတနာများ ဖြစ်ကြသည်ဟု ရှေးပညာရှိများက ဖော်ပြထားခဲ့ကြပေသည်။

သားမြတ် သမီးမြတ် အင်္ဂါ(၅)ပါး

၁။ ပေးလှူခြင်းဌ္ဌ အလေ့ဝါသနာရှိခြင်း။
၂။ တရားကျင့်ရာဌ္ဌ အလေ့ဝါသနာရှိခြင်း။
၃။ ရဲရင့်သော စိတ်ဓာတ်ရှိခြင်း။
၄။ အတတ်ပညာကို စွဲမြဲစွာ သင်ယူလေ့ရှိခြင်း။
၅။ စီးပွားဥစ္စာကို စွဲမြဲစွာ ရှာဖွေလေ့ရှိခြင်းဟူသော အင်္ဂါ(၅)ပါးနှင့် ပြည့်စုံသောသူတို့သည် သားမြတ်ရတနာ သမီးမြတ်ရတနာတို့ ဖြစ်ကြပေသည်ဟူ၍ ဖော်ပြထားခဲ့ပေသည်။

ဆောင်ပုဒ် ။ ။ အလှူအကျင့်၊ ရဲရဲရင့်၊ အသင့်စိတ်စွဲစေ။
အတတ်ပညာ၊ ဥစ္စာရှာ၊ ဖန်ခါစိတ်မြိုစေ။
အင်္ဂါငါးဖြာ၊ ပြည့်စုံလာ၊ ရတနာသားမြတ်ပေ။

၁။ ပေးလှူခြင်းဌ္ဌ အလေ့ဝါသနာရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ငယ်ရွယ်စဉ်အခါကပင် မိမိပိုင်ဆိုင်သော ပစ္စည်းများကို ဆင်းရဲနွမ်းပါးသူတို့အား မျှတ၍ ပေးတတ်၏။ လူကြီးမိဘများထံမှ မုန့်စားဖွယ်သောက်ဖွယ်များကို ရလာသောအခါ သူငယ်ချင်း အပေါင်းအဖော်များကို ဝေငှ၍ ကျွေးလေ့ရှိ၏။ မိမိတို့၏ မုန့်ဖိုးထံမှ စုဘူးအလှူ၊ ဘုန်းကြီးကျောင်းအလှူ၊ ဆေးရုံအလှူ စသည်များကို ပေးလှူလေ့ရှိ၏။ ဤကဲ့သို့ ပေးလှူတတ်သော အလေ့ဝါသနာရှိခြင်းသည် သားမြတ် သမီးမြတ် အင်္ဂါတစ်ပါးပင် ဖြစ်ပေသည်။

၂။ တရားကျင့်ခြင်းဌ္ဌ အလေ့ဝါသနာရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ငယ်ရွယ်စဉ်အခါကပင် ရရသမျှသော စားဖွယ်သောက်ဖွယ် အဝတ်အထည်များဖြင့် ရောင့်ရဲတင်းတိမ်တတ်၏။ မိဘ ဘိုးဘွား အသက်အရွယ်ကြီးသူများ တရားရှုမှတ် အားထုတ်ကြတာကို အတုယူ၍ တတ်နိုင်သမျှ တရားအားထုတ်လေ့ရှိ၏။ ဤကဲ့သို့ တရားကျင့်လေ့ရှိခြင်းသည် သားမြတ် သမီးမြတ် အင်္ဂါတစ်ပါးပင် ဖြစ်ပေသည်။

၃။ ရဲရင့်သော စိတ်ဓာတ်ရှိသော အမျိုးကောင်းသားသမီးတို့သည် ငယ်ရွယ်စဉ်အခါကပင် မိမိ၏ ဆန့်ကျင်ဘက်များနှင့် တွေ့ကြုံရသောအခါ၊ ဆွေမျိုး မိဘများ၏ ဆန့်ကျင်ဘက်များနှင့် တွေ့ကြုံရသောအခါ၊ တိုင်းပြည်၏ ဆန့်ကျင်ဘက်များနှင့် တွေ့ဆုံရသောအခါ၊ ဘာသာ သာသနာ၏ ဆန့်ကျင်ဘက်များနှင့် တွေ့

ကြိုရသောအခါတို့၌ မှန်ရာဘက်မှ ရဲရဲဝံ့ဝံ့ မကြောက်မရွံ့ ရပ်တည်၍ ပြောဆိုဆောင်ရွက်တတ်၏။ ဤကဲ့သို့ ရဲရင့်သော စိတ်ဓာတ်ရှိခြင်းသည် သားမြတ် သမီးမြတ် အင်္ဂါတစ်ပါးပင် ဖြစ်ပေသည်။

၄။ အတတ်ပညာကို စွဲမြဲစွာ သင်ယူလေ့ရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ငယ်ရွယ်စဉ်အခါကပင် ကျောင်းမှန်မှန်တက်ဖို့ရာ၊ စာမှန်မှန်ကျက်ဖို့ရာ လူကြီးမိဘများက မတိုက်တွန်းရပါဘဲ ကျောင်းတက်ချိန်များ၌ ကျောင်းမှန်မှန်တက်၏။ စာကျက်ချိန်များ၌ စာမှန်မှန်ကျက်၏။ အတတ်ပညာကို ထူးချွန်စွာ တတ်မြောက်အောင် စွဲမြဲစွာ သင်ယူလေ့ရှိ၏။ ဤကဲ့သို့ အတတ်ပညာကို စွဲမြဲစွာ သင်ယူလေ့ရှိခြင်းသည် သားမြတ် သမီးမြတ် အင်္ဂါတစ်ပါးပင် ဖြစ်ပေသည်။

၅။ စီးပွားဥစ္စာကို စွဲမြဲစွာ ရှာဖွေလေ့ရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ပညာတတ်မြောက်ပြီး၍ စီးပွားဥစ္စာရှာသောအခါ မိမိအတွက်၊ ဆွေမျိုးမိဘများအတွက်၊ တိုင်းပြည်အတွက် စီးပွားဥစ္စာများ တိုးတက်ကြီးပွားလာဖို့ရာ မိမိလုပ်ငန်း မိမိအလုပ်ဌာနများသို့ အချိန်မှန်မှန် သွားရောက်တတ်၏။ လုပ်ငန်းခွင် အလုပ်ဌာနများ၌ မပြတ်မလပ် စွဲမြဲစွာ လုပ်ကိုင်ဆောင်ရွက်လေ့ရှိ၏။ ဤကဲ့သို့ စီးပွားဥစ္စာရှာခြင်း၌ စွဲမြဲစွာ ရှာဖွေလေ့ရှိခြင်းသည် သားမြတ် သမီးမြတ် အင်္ဂါတစ်ပါးပင် ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မိမိတို့အတွက်၊ ဆွေမျိုးမိဘများအတွက်၊ တိုင်းပြည်အတွက်၊ ဘာသာသာသနာအတွက် တိုးတက်ကြီးပွားလာအောင် ဆောင်ရွက်နိုင်ဖို့ရာ

ဤသားမြတ် သမီးမြတ် အင်္ဂါ(၅)ပါးနှင့် ပြည့်စုံအောင် ကြိုးစားကြ ရပေမည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

မမေ့ပို့ရာ မြတ်စွာဘုရားအမှာ

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရဟန်းတော်တို့သည် တရားနာဖို့ရာ စုဝေး၍ နေကြကုန်၏။ ထိုရဟန်းတော်များ နေရာအရပ်သို့ မြတ်စွာဘုရား ကြွလာတော်မူပြီးလျှင် မြေကြီးပေါ်မှ မြေမှုန့်အနည်းငယ်ကို လက်သည်းပေါ်မှာ တင်ထားပြီး ရဟန်းတော်များကို မိန့်ကြားတော်မူလိုက်၏။

"ချစ်သားရဟန်းတို့ ... ငါဘုရားလက်သည်းပေါ်မှာ တင်ထားသော မြေမှုန့်နှင့် မဟာပထဝီမြေကြီးပေါ်မှာရှိတဲ့ မြေမှုန့်တို့တွင် ဘယ်မြေမှုန့်က ပို၍များပါသနည်း"ဟု မြတ်စွာဘုရား (သိတော်မူလျက်နှင့်ပင်) မိန့်ကြားတော်မူလိုက်လေသည်။

(ရဟန်းသည် သာသနာ့ဘောင်သို့ဝင်၍ သက်နှံးဝတ်ကာ ဆွမ်းခံစားတော်မူကြသော ရဟန်းများနှင့် သံသရာဘေးကို ရှုမြင်တတ်သော ပုဂ္ဂိုလ်အပေါင်း ရဟန်းဟူ၍ အကျဉ်းချုပ်အားဖြင့် နှစ်မျိုးရှိပါသည်။ ဤနေရာ၌ နှစ်မျိုးလုံးနှင့် သက်ဆိုင်ပါသည်။)

ရဟန်းတော်များက "မြတ်စွာဘုရား ... မြတ်စွာဘုရား၏ လက်သည်းပေါ်မှာတင်ထားသော မြေမှုန့်သည် မဟာပထဝီမြေကြီးပေါ်မှာ ရှိနေကြသော မြေမှုန့်များနှင့် နှိုင်းစာလိုက်ပါလျှင် အရေအတွက်

ထဲသို့ ထည့်သွင်းလို့ မရအောင် နည်းပါးလှပါသည်ဘုရား၊ မဟာ ပထဝီမြေကြီးပေါ်၌ရှိသော မြေမှုန့်က အလွန်ပင် များပြားလှပါသည် ဘုရား"ဟု လျှောက်ထားကြလေ၏။

ထိုသို့ ရဟန်းတော်များက လျှောက်ထားလိုက်သောအခါ မြတ်စွာ ဘုရားက "ချစ်သားရဟန်းတို့ ... ဤနည်းဥပမာနှင့်တူစွာ လူ့ဘဝက ကွယ်လွန်စုတေသွားပြီး လူ့ဘဝမှာ လူပြန်ဖြစ်သော ပုဂ္ဂိုလ်တို့သည် ငါဘုရားလက်သည်းပေါ်မှာ တင်ထားတဲ့ မြေမှုန့်လောက်ပင် နည်း ပါးကြပေသည်။

လူ့ဘဝက ကွယ်လွန်စုတေသွားပြီး ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်ဘုံဘဝများသို့ ကျရောက်သွားကြသော ပုဂ္ဂိုလ်တို့သည် မဟာပထဝီမြေကြီးပေါ်မှာရှိတဲ့ မြေမှုန့်လောက် များ ပြားကြသည်"ဟူ၍ လူတစ်ယောက်ဖြစ်ဖို့ရာ ခဲယဉ်းပုံကို ဟောကြား တော်မူလိုက်ပါသည်။

(သံ-၁/၄၅၄)

ဆောင်ပုဒ် ။ ။ လူ့ဘဝမှာပဲ၊ ဖြစ်ပြန်မြီ၊
လက်သည်းတင်ပြ၊ မြေမှုန့်မျှတည်း။
အပါယ်သတ္တဝါ၊ ဖြစ်သူမှာ၊
မဟာမြေကြီးအမျှတည်း။

ထိုသို့ မိန့်ကြားတော်မူပြီးနောက် ဆက်လက်၍ မှာကြားတော် မူသည်မှာ "ဤကဲ့သို့ ငါဘုရားလက်သည်းပေါ်မှာ တင်ထားတဲ့ မြေ မှုန့်လောက် နည်းပါး၍ ခဲယဉ်းသော လူ့ဘဝကို ရထားကြသောကြောင့် သင်ရဟန်းတို့သည် သာသနာတော် ရှိနေခိုက်မှာ မမေ့ကြနဲ့၊ ကျင့်ကြံ အားထုတ်ကြ"ဟု မှာကြားတော်မူလိုက်ပါသည်။

မြတ်စွာဘုရားသည် တရားဟောဖို့ရာ အချိန်မရခဲ့ပါလျှင် "မမေ့ကြနဲ့၊ ကျင့်ကြံအားထုတ်ကြ" ဟု မှာကြားတော်မူသော စကားတော်သည် မြတ်စွာဘုရား၏ လက်သုံးတော်စကားပင် ဖြစ်ပါသည်။ အချို့အချို့သော နေရာများမှာ "အပ္ပမာဒေန သမ္မာဒေထ = မမေ့ကြနဲ့၊ ပြည့်စုံအောင် ကျင့်ကြံအားထုတ်ကြ" ဟူ၍ မှာကြားတော်မူလေ့ ရှိပါသည်။

မမေ့ကြနဲ့၊ ပြည့်စုံအောင် ကျင့်ကြံအားထုတ်ကြဟူ၍ မှာကြားတော်မူအပ်သော စကားတော်၏ အဓိပ္ပါယ်မှာ လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တို့ကို ခံစားစံစားရန် သာမန်ကုသိုလ်များ ပြည့်စုံဖို့ရာ မမေ့ကြနဲ့၊ ကျင့်ကြံအားထုတ်ကြဟူ၍ ဆိုလိုရင်း မဟုတ်ပါ။ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန်ဝိပဿနာတရား ပွားများအားထုတ်မှုကို မမေ့ကြနဲ့၊ ကျင့်ကြံအားထုတ်ကြဟူ၍ ဆိုလိုရင်း ဖြစ်ပါသည်။

ဘာကြောင့် သတိပဋ္ဌာန်ဝိပဿနာတရား ပွားများအားထုတ်မှုကို မမေ့ကြနဲ့၊ ကျင့်ကြံအားထုတ်ကြဟူသော အဓိပ္ပါယ်ကို ယူရပါသနည်းဆိုပါလျှင် မြတ်စွာဘုရားသည် ဘုရားဖြစ်ဖို့ရာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အသက်နှင့်ခန္ဓာကိုယ်ကို မငဲ့ညှာပါဘဲ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခြင်းသည် ဝေနေယျပုဂ္ဂိုလ်သတ္တဝါတို့ လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တို့ကို ခံစားဖို့ရန်အတွက် ရည်ရွယ်၍ အသက်နှင့်ခန္ဓာကိုယ်ကို မငဲ့ညှာပါဘဲ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခြင်း မဟုတ်ပါ။

မိမိတို့နှင့်တကွ လောကအားလုံးမှာ ရှိကြတဲ့ ဝေနေယျပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့ အပါယ်ဆင်းရဲမှစ၍ ဆင်းရဲအမျိုးမျိုးမှ လွတ်မြောက်ကာ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရာအတွက် ပါရမီတော်

တို့ကို ဖြည့်ကျင့်တော်မူခြင်း ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန်ဝိပဿနာတရား ရှုမှတ်ပွားများ အားထုတ်ဖို့ရာကို မမေ့ကြနဲ့၊ ကျင့်ကြံအားထုတ်ကြဟူ၍ ဆိုတော်မူလိုရင်း ဖြစ်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဝေဒနာကို့ရှုရာ နည်းသုံးဖြာ

ယခုအချိန်အခါသည် သတိပဋ္ဌာန်ဝိပဿနာတရား ထွန်းကားလာသောအချိန် ဖြစ်ပေသည်။ အသိဉာဏ်ပြည့်ဝတဲ့ ပုဂ္ဂိုလ်တိုင်း သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ကြပေသည်။ အားထုတ်ခွင့် မရကြသေးသော ပုဂ္ဂိုလ်တို့ကလည်း အားထုတ်ဖို့ရာ နည်းလမ်းမှန်များကို ရှာဖွေစုဆောင်းလျက် ရှိကြပေသည်။

သတိပဋ္ဌာန်ဝိပဿနာတရားကို လက်တွေ့အားထုတ်ကြသော အခါမှာ အစပိုင်းတွင် နာကျင်ကိုက်ခဲမှု၊ ပင်ပန်းညောင်းညာမှုစသော ဒုက္ခဝေဒနာများနှင့် တွေ့ကြရပေသည်။ တစ်ဦးနှင့်တစ်ဦး အနည်းနှင့်အများသာ ကွာခြားကြပေသည်။ နောက်ပိုင်းကျမှသာ လူသာမန်တို့ မခံစားနိုင်သော ချမ်းသာသုခများကို ခံစားကြရပေသည်။

သို့ဖြစ်၍ ဝိပဿနာတရားအားထုတ်ခါစမှာ ဉာဏ်စဉ်အားလျော်စွာ နာကျင်ကိုက်ခဲခြင်း၊ မှူး၊ ယား၊ အော့အန်ခြင်း၊ ယိမ်းယိုင်ခြင်းစသော ကိုယ်ရောစိတ်ပါ မချမ်းသာသော ဆင်းရဲဒုက္ခဝေဒနာများကို တွေ့ကြုံခံစားရသောအခါ ယခင်ကြားခဲ့ဖူးသည်မှာ မြတ်စွာဘုရား၏ တရားတော်တို့သည် ကျင့်သုံးသူများအတွက် တစ်ဆင့်ထက်တစ်ဆင့် ပို၍ချမ်းသာခွင့်ရသည်။ တစ်ဆင့်ထက်တစ်ဆင့် ပို၍သိမ်မွေ့သည်ဟု ကြားခဲ့ဖူး၏။

ယခု လက်တွေ့အားထုတ်သောအခါမှာ နာကျင်ကိုက်ခဲခြင်း၊ မှုးယား၊ အော့အန်ခြင်း၊ ယိမ်းယိုင်ခြင်းစသော ဆင်းရဲဒုက္ခများကိုသာ တွေ့နေရသဖြင့် မိမိသည် ဤဘဝမှာ တရားရထိုက်သူမဟုတ်ဟူ၍ ပင် စိတ်ဓာတ်များ ကျဆင်းသွားတတ်ကြပေသည်။ သို့ဖြစ်ပါ၍ ဝိပဿနာ တရား ရှုမှတ်ပွားများသူတိုင်း ဝေဒနာကို လွှမ်းမိုးအောင် တရားရှုမှတ်ပုံ ရှုမှတ်နည်းများကို သိထားဖို့ရာ အထူးပင် လိုအပ်လှပေသည်။

ဝေဒနာရှုမှတ်ပုံ သုံးမျိုး

ဝိပဿနာတရား ရှုမှတ်ပွားများ၍ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာ များကို ရှုမှတ်ပုံမှာ သုံးမျိုး ကွဲပြားလျက်ရှိသည်။

၁။ ဝေဒနာပျောက်ကင်းသွားရအောင် ရည်ရွယ်၍ ရှုမှတ်ခြင်း။
၂။ ဒီဝေဒနာကို အပြုတ်တိုက်ထုတ်မည်ဟု စိတ်ကြမ်းကြီး ထူ ထောင်၍ ရှုမှတ်ခြင်း။
၃။ ဝေဒနာ၏သဘောကို သိအောင် ရှုမှတ်ခြင်းဟူ၍ သုံးမျိုး ကွဲပြားလျက် ရှိပေသည်။

၁။ ဝေဒနာပျောက်ကင်းသွားရအောင် ရည်ရွယ်၍ ရှုမှတ်ခြင်းဌ - ဝေဒနာပျောက်ကင်းလိုသော အာသာဆန္ဒသည် ချမ်းသာကို လိုချင်သော လောဘပင် ဖြစ်ပေသည်။ တရားရှုမှတ်ခြင်းသည် လောဘကင်းအောင် ရှုမှတ်ခြင်းဖြစ်၏။ ဝေဒနာပျောက်ကင်း သွားရအောင် ရည်ရွယ်၍ ရှုမှတ်ခြင်းဌ လောဘပါဝင်၍ ကိ လေသာကြားညပ်နေသောကြောင့် တရားအတွေ့နေး၊ တရား အတက် နေးနေတတ်ပါသည်။ သို့ဖြစ်၍ ဝေဒနာပျောက်ကင်း သွားရအောင် ရည်ရွယ်၍ ရှုမှတ်သောနည်းကို မယူသင့်ပေ၊ ရှောင်သင့်ပေသည်။

၂။ ဒီဝေဒနာကို အပြုတ်တိုက်ထုတ်မည်ဟု စိတ်ကြမ်းကြီး ထူထောင်၍ ရှုမှတ်ခြင်းဌ - စိတ်ကြမ်းကြီးဟူသည် တရားကိုယ်အားဖြင့် မှတ်စိတ်နှင့် အတူတကွဖြစ်သော ဒေါသပင် ဖြစ်ပေသည်။ တရားရှုမှတ်ခြင်းသည် ဒေါသကင်းအောင် ရှုမှတ်ခြင်းဖြစ်၏။ ဒီဝေဒနာကို အပြုတ်တိုက်ထုတ်မည်ဟု စိတ်ကြမ်းကြီး ထူထောင်၍ ရှုမှတ်ခြင်းဌ ဒေါသပါဝင်၍ ကိုလေသာကြားညပ်နေသောကြောင့် တရားအတွေ့နေ။ တရားအတက်နေးနေတတ်ပါသည်။ သို့ဖြစ်၍ ဝေဒနာကို အပြုတ်တိုက်ထုတ်မည်ဟု စိတ်ကြမ်းကြီးထူထောင်၍ ရှုမှတ်သောနည်းကိုလည်း မယူသင့်ပေ၊ ရှောင်သင့်ပေသည်။

၃။ ဝေဒနာ၏သဘောကို သိအောင် ရှုမှတ်ခြင်းဟူသောနည်းကို ယူသင့်ပေသည်။

ဝေဒနာ၏သဘောကို သိအောင် ရှုမှတ်ဖို့ရာမှာ နာကျင်ကိုက်ခဲခြင်းစသော ဝေဒနာများ ဖြစ်ပေါ်လာသောအခါ ခန္ဓာကိုယ်ကိုလည်း မတင်းမိအောင်၊ စိတ်ကိုလည်း မတင်းမိအောင် သတိပြုရမည်။ တင်းလိုက်မိပါက ဝိရိယလွန်ကဲခြင်း ဖြစ်သည်။ ပုံမှန်အတိုင်း မလျော့မတင်း ရှိစေရမည်။ ဝေဒနာအပေါ်မှာ မှတ်စိတ်ကို တည့်တည့်ချထားရမည်။

ရှုမှတ်တဲ့အခါမှာလည်း ခြေက နာသည်၊ လက်က နာသည်၊ ဒူးက နာသည်၊ တင်ပါးက နာသည် စသည်ဖြင့် ပုံသဏ္ဌာန်များကို ထည့်၍ မမှတ်ရ။ နာကျင်ကိုက်ခဲမှု သဘောသက်သက်မျှကိုသာ စူးစိုက်၍ ရှုမှတ်ရပါသည်။ ဤကဲ့သို့ ရှုမှတ်ပါမှ ဝေဒနာ၏သဘောကို သိနိုင်မည် ဖြစ်ပေသည်။

တရားရှုမှတ်နေစဉ် နာကျင်ကိုက်ခဲခြင်းစသော ဝေဒနာများ ဖြစ်ပေါ်လာသောအခါ နာကျင်ကိုက်ခဲခြင်းစသော ဝေဒနာသည် အသားပေါ် အရေပေါ်ကပင် နာကျင်ကိုက်ခဲသည်၊ အကြောထိအောင် နာကျင်ကိုက်ခဲသည်၊ အရိုးထိအောင် နာကျင်ကိုက်ခဲသည့် စသည်ဖြင့် နာပုံအတိုင်းအရှည်ပမာဏကို သိအောင် စူးစိုက်၍ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်ဟူ၍ ရှုမှတ်ရပါမည်။ ဒုတိယ၊ တတိယ စသည့် မှတ်ချက်များ၌လည်း နည်းတူ နာပုံအတိုင်းအရှည်ပမာဏကို သိအောင် စူးစိုက်၍ မှတ်ရပါမည်။

သမာဓိဉာဏ်များ အသင့်အတင့် အားရှိထက်သန်လာသောအခါ (၄)ချက်၊ (၅)ချက်လောက် စူးစူးစိုက်စိုက် ရှုမှတ်လိုက်လျှင် ပို၍ ပို၍ နာကျင်ကိုက်ခဲသော ဝေဒနာ၏သဘောကို သိလာတတ်ကြပေသည်။ အထွတ်အထိပ်သို့ရောက်အောင် နာကျင်ကိုက်ခဲပြီး၍ ပြန်လျော့လာတဲ့အခါမှာလည်း (၄)ချက်၊ (၅)ချက်လောက် မှတ်လိုက်လျှင် တစ်မျိုးပြီးတစ်မျိုး သက်သာသွားတာကို တွေ့သိကြရပေသည်။

ထို့နောက် ဆက်ကာဆက်ကာ ရှုမှတ်သဖြင့် သမာဓိဉာဏ်များ တစ်ဆင့်အားရှိ ထက်သန်လာသောအခါ တစ်ချက်မှတ် တစ်ချက် ပိုနာ ပိုကျင် ပိုကိုက်တဲ့ ဝေဒနာ၏သဘောကို တွေ့သိကြရပေသည်။ ဝေဒနာ ပြန်လျော့တဲ့အခါမှာလည်း တစ်ချက်မှတ် တစ်ချက် သက်သာသွားသော ဝေဒနာ၏သဘောများကို တွေ့သိကြရပေသည်။

ထို့နောက် ဆက်ကာဆက်ကာ ရှုမှတ်သဖြင့် သမာဓိဉာဏ်များ အားရှိထက်သန်လာပြန်သောအခါ နာတယ်၊ နာတယ်လို့ ရှုမှတ်လိုက်ရင် တစ်ချက်မှတ် တစ်ချက် ဝေဒနာဖြစ်ပေါ်ပြီး ကုန်ပျက်သွားတာများကို တရားအားထုတ်ကြသော ပုဂ္ဂိုလ်များကိုယ်တိုင် တွေ့သိကြရပေသည်။

ဉာဏ်ထက်မြက်သော ယောဂီပုဂ္ဂိုလ်များမှာ နာတယ်လို့ ရှုမှတ်လိုက်ရင် တစ်ချက်မှတ် တစ်ချက်နာတာ ကုန်ပျက်သွားတာကို သိပြီးတဲ့အပြင် နာတယ်လို့ သိနေတဲ့စိတ်လည်း ကုန်ပျက်သွားတာ၊ နာတယ်လို့ မှတ်လိုက်တဲ့စိတ်လည်း ကုန်ပျက်သွားတာများကို တွေ့သိကြရပေသည်။

ကုန်ပျက်သွားတာကို ထင်ထင်ရှားရှား တွေ့မြင်ကြသော ပုဂ္ဂိုလ်တို့သည် ဝေဒနာလည်း မမြဲ၊ မှတ်သိစိတ်လည်း မမြဲဟူ၍ မမြဲခြင်း အနိစ္စလက္ခဏာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိလာကြပေသည်။ ကုန်ပျက်တာများက လျင်မြန်စွာ ကုန်ပျက်နိပ်စက်ခြင်းကြောင့် ဆင်းရဲခြင်းသဘောပင် ဖြစ်သည်ဟု ဒုက္ခလက္ခဏာကိုလည်း သိလာကြပေသည်။ ကုန်ပျက်နိပ်စက်ခြင်းကို ဘယ်လိုမှ ကာကွယ်လို့မရ၊ သူ့သဘောအတိုင်း ကုန်ပျက်နိပ်စက်ခြင်း ဖြစ်သည်ဟု အစိုးမရသော အနတ္တလက္ခဏာများကိုလည်း သိလာကြပေသည်။

ဝေဒနာ၏သဘောကို သိအောင်ရှုမှတ်သော ပုဂ္ဂိုလ်တို့သည် သမာဓိဉာဏ်များ အဆင့်ဆင့် အားရှိထက်သန်လာသောအခါ ဝေဒနာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မြင်အောင် ရှုနိုင်သောကြောင့် ဓိမိတို့ အလိုရှိအပ်သော တရားထူးတရားမြတ်များနှင့် နီးကပ်လျက်ပင် ရှိကြပေသည်။ ဣန္ဒြေငါးပါး ညီမျှသွားသောအခါ တရားထူးတရားမြတ်များ ရသွားကြမည်သာ ဖြစ်ပေသည်။ နိဗ္ဗာန်သို့ ရောက်သွားကြမည်သာ ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ဝေဒနာ၏သဘောကို သိအောင် ရှုမှတ်ခြင်းဟူသော နည်းကိုသာ ယူသင့်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

လေးမျိုးဒကာ သိမ္ဗယ်ရာ

မြတ်စွာဘုရားသာသနာတော် အရှည်တည်တံ့အောင်၊ တိုးတက်ကြီးပွားအောင် ဆောင်ရွက်ကြသူများမှာ ဆရာတော်၊ သံဃာတော်များနှင့် ဒကာဒကာမများဟူ၍ နှစ်မျိုးရှိကြပေသည်။

ဆရာတော်၊ သံဃာတော်တို့ချည်း သက်သက်လည်း သာသနာတော်ကြီး အရှည်တည်တံ့အောင်၊ တိုးတက်ကြီးပွားအောင် မဆောင်ရွက်နိုင်ကြပေ။ ဒကာဒကာမတို့ချည်း သက်သက်လည်း သာသနာတော်ကြီး အရှည်တည်တံ့အောင်၊ တိုးတက်ကြီးပွားအောင် မဆောင်ရွက်နိုင်ကြပေ။ တစ်ဦးကိုတစ်ဦး အမှီပြုကာ ဆရာဒကာနှစ်ဦး ပေါင်းစပ်၍ ဆောင်ရွက်နိုင်မှသာ သာသနာတော်ကြီး အရှည်တည်တံ့ တိုးတက်ကြီးပွားနိုင်ကြမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(ဣတိဝုတ္တက - ၂၇၀)

"ဆရာတော်၊ သံဃာတော်တို့သည် မိမိတို့ သုံးစွဲစားသောက်ဖို့ရာ အဝတ်အထည်(သင်္ကန်း)၊ စားဖွယ်သောက်ဖွယ်(ဆွမ်း)၊ အိမ်ရာတိုက်တာ(ကျောင်း)နှင့် ဆေးစသော ပစ္စည်းဥစ္စာများကို လူများကဲ့သို့ လယ်ထွန်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဆေးကုသခြင်း စသည်တို့ဖြင့် ကိုယ်တိုင် လုပ်ကိုင်ရှာဖွေခြင်းများကို မပြုလုပ်ရ"ဟု မြတ်စွာဘုရား ပညတ်တော်မူထားပါသည်။ သို့ဖြစ်၍ ပစ္စည်းဥစ္စာအတွက် ဒကာဒကာမများကို အမှီပြုကြရပေသည်။

ဒကာဒကာမတို့သည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ တိုင်းရေးပြည်ရေး စသည်တို့ဖြင့် လူမှုကိစ္စ အလွန်များပြားကြသည်ဖြစ်၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့ကို ပြည့်စုံစွာ တတ်မြောက်အောင် သင်ယူခြင်း၊ အားထုတ်ခြင်းများကို မပြုလုပ်နိုင်ပေ။ သို့ဖြစ်၍ တရားဓမ္မအတွက် ဆရာတော်၊ သံဃာတော်တို့ကို အမှီပြုကြရပေသည်။

ဤကဲ့သို့ အမှီပြုရာတွင် ဆရာတော်၊ သံဃာတော်တို့၏ အမှီပြုကြရမည့် ဒကာဒကာမတို့သည် (၄)မျိုးရှိပေသည်။

၁။ တောင်းသာ တောင်းကောင်း၍ မပေးကောင်းသော ဒကာ ဒကာမ၊

၂။ ပေးသာ ပေးကောင်း၍ မတောင်းကောင်းသော ဒကာ ဒကာမ၊

၃။ တောင်းလည်း တောင်းကောင်း၊ ပေးလည်း ပေးကောင်းသော ဒကာဒကာမ၊

၄။ တောင်းလည်း မတောင်းကောင်း၊ ပေးလည်း မပေးကောင်းသော ဒကာဒကာမဟူ၍ (၄)မျိုးရှိပေသည်။

တစ်ဦးကိုတစ်ဦး အမှီပြုရာ၌ ဤ(၄)မျိုးကို သိထားကြမှသာ ဆရာတော်၊ သံဃာတော်များနှင့် ဒကာဒကာမတို့သည် အပြစ်ကင်း၍ သာသနာတော်ကြီး အရှည်တည်တံ့အောင်၊ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ ဤ(၄)မျိုးကို မသိကြပါလျှင် တစ်ဦးကိုတစ်ဦး အမှီပြုရာ၌ ဆရာဒကာနှစ်ဦးလုံးမှာ အပြစ်ရှိနေကြမည်ဖြစ်၍ သာသနာတော်ကြီး အရှည်တည်တံ့အောင်၊ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ကြမည် မဟုတ်ပေ။ ဆုတ်ယုတ်သွားဖွယ်ရာသာ ဖြစ်ပေသည်။

၁။ အချို့သော ဒကာဒကာမတို့သည် ဆရာတော်၊ သံယာတော်တို့အား "သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း(၄)ပါးတို့နှင့် တကွ အလိုရှိတာ တပည့်တော်ထံမှာ တောင်းတော်မူပါ၊ အလှူခံတော်မူပါဘုရား" ဟူ၍ ဖိတ်သာ ဖိတ်ကြားထားကြကုန်၏။ ဆရာတော်၊ သံယာတော်တို့၏ ကျောင်း၊ အိပ်ရာ၊ နေရာ စသည်တို့ကို ဆောက်လုပ်ပြုပြင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို စီမံချက်ပြုတ်ပေးခြင်းစသော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုလုပ်ကြကုန်။ ဆရာတော်၊ သံယာတော်တို့သည် ထိုဒကာဒကာမတို့ထံ၌ တောင်းသာ တောင်းကောင်းကြကုန်၏။ မိမိတို့ပစ္စည်းကို မပေးကောင်း။ သို့ဖြစ်၍ ယင်းဒကာဒကာမတို့သည် တောင်းသာ တောင်းကောင်း၍ မပေးကောင်းသော ဒကာဒကာမတို့ ဖြစ်ကြပေသည်။

ဆောင်ပုဒ်။ ။ ဝတ်ကားမမှု၊ ဖိတ်ကြားသူ၊
တောင်းယူမပေးအပ်။

၂။ အချို့သော ဒကာဒကာမတို့သည် ဆရာတော်၊ သံယာတော်တို့၏ ကျောင်း၊ အိပ်ရာ၊ နေရာ စသည်တို့ကို ဆောက်လုပ်ပြုပြင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို စီမံချက်ပြုတ်ပေးခြင်းစသော ဝတ်ကြီးဝတ်ငယ်တို့ကိုသာ ပြုလုပ်ပေးကြကုန်၏။ "ပစ္စည်းလေးပါးနှင့် အလိုရှိတာမျှားကို တောင်းတော်မူပါ၊ အလှူခံတော်မူပါ" ဟူ၍ လျှောက်ထားခြင်းမရှိကြပေ။ ဆရာတော်၊ သံယာတော်တို့သည် ထိုဒကာဒကာမတို့အား မိမိတို့၏ပစ္စည်းကို ပေးသာ ပေးကောင်း၍ ထိုဒကာဒကာမတို့ထံ မတောင်းကောင်း။ သို့ဖြစ်၍ ယင်းဒကာဒကာမတို့သည် ပေးသာ ပေးကောင်း၍ မတောင်းကောင်းသော ဒကာဒကာမတို့ ဖြစ်ကြကုန်၏။

ဆောင်ပုဒ်။ ။ ဖိတ်ကြားမကြေ၊ ဝတ်ကားကြေ၊
ပေးလေမတောင်းအပ်။

၃။ အချို့သော ဒကာဒကာမတို့သည် ဆရာတော်၊ သံဃာတော်တို့အား "သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း(၄)ပါးနှင့် တကွ အလိုရှိတာ တပည့်တော်ထံမှာ တောင်းယူတော်မူပါဘုရား၊ အလှူခံတော်မူပါဘုရား" ဟူ၍ ဖိတ်လည်း ဖိတ်ကြားထားကြကုန်၏။ ဆရာတော်၊ သံဃာတော်တို့၏ ကျောင်း၊ အိပ်ရာ၊ နေရာ စသည်တို့ကို ဆောက်လုပ်ပြုပြင်ပေးခြင်း၊ နေလုန်းပေးခြင်း၊ တံမြက်လှည်းခြင်း၊ ဆွမ်းခံဖွယ်ဘောဇဉ်တို့ကို စီမံချက်ပြုတ်ပေးခြင်းစသော ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း ပြုလုပ်ပေးကြကုန်၏။ ဆရာတော်၊ သံဃာတော်တို့သည် ထိုဒကာ ဒကာမများထံ၌ တောင်းလည်း တောင်းကောင်းကြကုန်၏။ ထိုဒကာ ဒကာမများအား ပေးလည်း ပေးကောင်းကြကုန်၏။ သို့ဖြစ်၍ ယင်းဒကာဒကာမတို့သည် တောင်းလည်း တောင်းကောင်း၊ ပေးလည်း ပေးကောင်းသော ဒကာဒကာမမျိုးတို့ ဖြစ်ကြပေသည်။

ဆောင်ပုဒ်။ ။ ဖိတ်ကြားသဖြင့်၊ ဝတ်လည်းကျင့်၊
တောင်းသင့်ပေးသင့်မှတ်။

၄။ အချို့သော ဒကာဒကာမတို့သည် ဆရာတော်၊ သံဃာတော်တို့အား "သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း(၄)ပါးနှင့် တကွ အလိုရှိတာ တပည့်တော်ထံမှာ တောင်းတော်မူပါ၊ အလှူခံတော်မူပါ" ဟူ၍ ဖိတ်ကြားထားခြင်းလည်း မရှိကြပေ။ ဆရာတော်၊ သံဃာတော်တို့၏ ဝတ်ကြီးဝတ်ငယ်ကိုလည်း ပြုလုပ်ခြင်း မရှိကြပေ။ ဆရာတော်၊ သံဃာတော်တို့သည် ထိုဒကာ

ဒကာမများထံ၌ တောင်းလည်း မတောင်းကောင်း။ ထိုဒကာ ဒကာမများအား ပေးလည်း မပေးကောင်း။ သို့ဖြစ်၍ ယင်း ဒကာဒကာမတို့သည် တောင်းလည်း မတောင်းကောင်း၊ ပေးလည်း မပေးကောင်းသော ဒကာဒကာမမျိုးတို့ ဖြစ်ကြပေ သည်။

ဆောင်ပုဒ်။ ။ ဖိတ်ကြားကင်းဝေး၊ ဝတ်လည်းဝေး၊
မပေးမတောင်းအပ်။

ဤဒကာဒကာမ (၄)မျိုးကို သိထားကြသော ဆရာတော်၊ သံဃာတော်များနှင့် ဒကာဒကာမတို့သည် မြတ်စွာဘုရား၏ အဆုံး အမ ဝိနည်းဒေသနာတော်နှင့် လျော်ညီစွာ တောင်းသင့်သူထံမှာ တောင်းခြင်း။ ပေးသင့်သူအား ပေးခြင်းတို့ဖြင့် အပြစ်ကင်းစွာ သာသနာ တော်ကြီး အရှည်တည်တံ့အောင်၊ တိုးတက်ကြီးပွားအောင် ဆောင် ရွက်နိုင်ကြမည် ဖြစ်ပေသည်။ မိမိတို့အလိုရှိအပ် တောင့်တအပ်သော နိဗ္ဗာန်ချမ်းသာတိုင်အောင် အကျိုးများကိုလည်း ရရှိသွားနိုင်ကြလိမ့် မည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ယခုလည်းမကွာ နောင်လည်းတွေ့ဖို့ရာ

စိတ်နေသဘောထား မြင့်မြတ်ကြ၍ အတူတကွ ချမ်းသာစွာ နေထိုင်ကြရသော လင်ယောက်ျားနှင့် ဇနီးမယားဖြစ်သူတို့သည် ယခုဘဝမှာလည်း အသက်ရှင်နေသမျှ ကာလပတ်လုံး အတူတကွ နေလိုကြသည်။ နိဗ္ဗာန်မရောက်သေးမီအကြား နောက်နောင်ဘဝများမှာလည်း ပြန်၍တွေ့ဆုံချင်ကြပေသည်။

ဤကဲ့သို့ ယခုဘဝမှာလည်း တစ်သက်ပတ်လုံး အတူတကွ နေလိုကြ၊ နောက်နောင်ဘဝများမှာလည်း ပြန်တွေ့ဆုံချင်ကြသူများ အတွက် မိမိတို့ အလိုဆန္ဒအတိုင်း ပြည့်ဝစေဖို့ရာ တရား(၄)ပါးနှင့် အညီအမျှ ကျင့်ကြရမည်ဟု သမဇီဝိသုတ္တန်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(အံ-၁/၃၇၃)

လင်ယောက်ျားနှင့် ဇနီးမယားဖြစ်သူတို့ အညီအမျှ ကျင့်ရမည့် တရား(၄)ပါးမှာ -

၁။ သမသဒ္ဓါ = လင်ယောက်ျားနှင့် ဇနီးမယားဖြစ်သူတို့သည် အရာရာတွင် ယုံကြည်ချက်ချင်း တူညီရမည်။

၂။ သမသီလာ = လင်ယောက်ျားနှင့် ဇနီးမယားဖြစ်သူတို့သည်

သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးခြင်း၊ သူ့
တစ်ပါး သားသမီး သားမယားကို မလွန်ကျူး
မဖျက်ဆီးခြင်း၊ အရက်သေစာ မသောက်စား
ခြင်းစသော အကျင့်သီလချင်း တူညီရမည်။

၃။ သမစာဂါ = လင်ယောက်ျားနှင့် ဇနီးမယားဖြစ်သူတို့သည်
လင်ယောက်ျားဘက်၊ ဇနီးမယားဘက်တို့မှ
မိဘဆွေမျိုးများကို ပေးကမ်းလှူဒါန်း စွန့်ကြဲ
ကြရာ၊ ရဟန်းသံဃာနှင့် သီလရှင်စသော
အလှူခံပုဂ္ဂိုလ်များကို လှူဒါန်းကြရာတို့၌ စိတ်
သဘောထားချင်း တူညီကြရမည်။

၄။ သမပညာ = လင်ယောက်ျားနှင့် ဇနီးမယားဖြစ်သူတို့သည်
သွားသင့်မှသွားခြင်း၊ နေသင့်မှနေခြင်း၊ စား
သင့်မှစားခြင်း၊ ပြောသင့်မှပြောခြင်း စသည်
ဖြင့် အရာရာတွင် အဆင်အခြင် ဉာဏ်ပညာ
ချင်း တူညီကြရမည်။

ဤတရား(၄)ပါးကို အညီအမျှ ကျင့်နိုင်ကြသော လင်ယောက်ျား
နှင့် ဇနီးမယားဖြစ်သူတို့သည် ယခုဘဝမှာလည်း တစ်သက်ပတ်လုံး
ကိုယ်ချမ်းသာ စိတ်ချမ်းသာနှင့် အတူတကွ နေကြရမည် ဖြစ်ပေ
သည်။ လောကီစီးပွားဥစ္စာ ရတနာများနှင့် လောကုတ္တရာ နိဗ္ဗာန်
ရောက်ကြောင်း အထောက်အပံ့ကောင်း ကုသိုလ်တရားများလည်း
တိုးတက်ကြီးပွားလာကြမည် ဖြစ်ပေသည်။

နိဗ္ဗာန်မရောက်သေးမီအကြား နောက်နောင်ဘဝများမှာလည်း
ပြန်၍တွေ့ဆုံကြရမည် ဖြစ်ပေသည်။ စည်းစိမ်အမျိုးမျိုး ပြည့်ဖြိုး
ချမ်းသာသော နတ်ပြည်ဘုံဘဝများသို့လည်း ရောက်ကြရမည် ဖြစ်
ပေသည်ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

ဆောင်ပုဒ် ။ ။ ယုံကြည်ကိုယ်ကျင့်၊ ပေးကမ်းနှင့်၊
ညီသင့်ဥာဏ်ပညာ။
အိမ်ထောင်ရှင်များ၊ ဤလေးပါး။
တူကြားစိတ်ချမ်းသာ။
နောက်နောင်ဘဝ၊ တွေ့ဆုံကြ၊
ရောက်ရနတ်ပြည်ရှာ။

ဤသမဇီဝီသုတ္တန်လာ လင်ယောကျ်ားနှင့် ဇနီးမယားတို့ အညီအမျှ ကျင့်ကြရမည့် တရား(၄)ပါးကို ဘဂ္ဂတိုင်း သုသုမာရဂိရမြို့၌ နေထိုင်ကြသည့် နကုလပိတာ၊ နကုလမာတာ အမည်ရှိကြသော သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့က လျှောက်ထား၍ ဟောကြားတော်မူခဲ့ပါသည်။ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် မြတ်စွာဘုရားနှင့် လွန်ခဲ့သော ဘဝပေါင်း(၅၀၀)က သားအမိ သားအဖ တော်စပ်ခဲ့ဖူးသူများ ဖြစ်ကြပေသည်။ ယခုဘဝမှာလည်း မြတ်စွာဘုရားနှင့် ဆက်ဆံပြောဆိုကြရာတွင် အရင်းအနှီးဆုံး၊ အကျွမ်းအဝင်ဆုံး ဖြစ်ကြ၍ မြတ်စွာဘုရားနှင့် အကျွမ်းဝင်သောသူအပေါင်းတို့တွင် အကျွမ်းအဝင်ဆုံး (တေဒဂ်)ဂုဏ်ထူးကို ရရှိထားသူများ ဖြစ်ကြပေသည်။

အခါတစ်ပါး မြတ်စွာဘုရားသည် နကုလပိတာသူဌေးကြီးနှင့် နကုလမာတာသူဌေးကတော်ကြီးတို့ကို ချီးမြှောက်တော်မူဖို့ရာ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့သို့ ကြွသွားတော်မူ၏။ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် မြတ်စွာဘုရားကို ဖူးမြင်ကြရသောအခါ မိမိတို့သားအရင်းဖြစ်သည်ဟု မှတ်ထင်ယူဆပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဝတ်ချကာ ဦးတိုက်၍ မိဘတို့ကို စွန့်ပစ်ကာ ဘယ်အရပ်ဒေသများသို့ သွားရောက်လည်ပတ်၍ နေပါသနည်း စသည်ဖြင့် အပြစ်တင်စကား၊ ဝမ်းနည်းစကားများ ပြောကြားကြ၏။ မြတ်စွာဘုရားက

ယခုဘဝမှာ သားအရင်းမဟုတ်တဲ့အကြောင်းများကို မပြောကြား မတားမြစ်ပါဘဲ သည်းခံ၍ နေတော်မူ၏။

သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် အပြစ်တင်စကား၊ ဝမ်းနည်းစကားများကို စိတ်ထဲမှာရှိသလောက် ပြောကြားကြပြီးနောက် သတိပြန်ရကာ စိတ်တွေအမှန်အတိုင်း ဖြစ်လာသောအခါ သူတို့နှင့် သင့်တော်ရာတရားကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ တရားအဆုံးမှာ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့ နှစ်ဦးစလုံး သောတာပန် ဖြစ်သွားကြပေသည်။ သောတာပန် ဖြစ်သွားပြီးသောအခါ မြတ်စွာဘုရား ပြန်ကြွသွားတော်မူ၏။

သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့ အသက်အရွယ် အိုမင်းကြသောအခါ ဒုတိယအခေါ်က် မြတ်စွာဘုရား ဘဂ္ဂတိုင်း၊ သုသုမာရဂိရမြို့သို့ ကြွသွားတော်မူ၏။ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် နောက်ပါသံဃာများနှင့်တကွ မြတ်စွာဘုရားကို မိမိတို့အိမ်သို့ ပင့်ဖိတ်၍ မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်း ကျွေးမွေးကြကုန်၏။

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးသောအခါ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့သည် မြတ်စွာဘုရား အနီးအနားသို့ သွားရောက်ကာ သူဌေးကြီးက ရှေးဦးစွာ ဤသို့ လျှောက်လေ၏။ "မြတ်စွာဘုရား ... ဤသူဌေးကတော်ကြီးနှင့် တပည့်တော် အသက်အရွယ် ငယ်ငယ်ကပင် လက်ထပ်ထိမ်းမြားခဲ့ပါသည်ဘုရား။ သူဌေးကတော်ကြီးနှင့် အတူတကွ နေခဲ့ရသမျှ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာမှုများကို အမြဲပင် ရရှိခဲ့ပါသည်ဘုရား။ တပည့်တော်ကလည်း သူဌေးကတော်ကြီး ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်ဖွယ်ရာ ပြစ်မှားကျူးလွန်

မှုများကို စိတ်ဖြင့်ပင် မကြံစည်ခဲ့မိပါဘုရား။ ကိုယ်ဖြင့် ပြစ်မှားကျူးလွန်ဖို့ရာမှာ သာလို့ပင် ဝေးပါသည်။ လုံးဝမရှိခဲ့ပါဘုရား။

သို့ဖြစ်၍ ဒီဘဝမှာလည်း အသက်ရှင်နေသမျှကာလပတ်လုံး ဤသူဌေးကတော်ကြီးနှင့်ပင် မကွေမကွာ တွေ့မြင်ကာ အတူနေချင်ပါသည်ဘုရား။ နောက်နောင်ဘဝများမှာလည်း ပြန်တွေ့ချင် ဆုံချင်ကြပါသည်။ တပည့်တော်တို့ ဘယ်တရားများ ကျင့်ရပါမည်နည်းဘုရား" ဟု လျှောက်ထားလေ၏။ သူဌေးကြီး လျှောက်ထားပြီးသောအခါ သူဌေးကတော်ကြီးကလည်း နည်းတူပင် လျှောက်ထားလေ၏။

မြတ်စွာဘုရားက "သင်တို့နှစ်ဦး ဒီဘဝမှာလည်း အသက်ရှင်နေသမျှ တွေ့မြင်ကာ အတူတကွ နေလိုကြ၍ နောက်ဘဝများမှာလည်း တွေ့ဆုံလိုကြလျှင် -

၁။ သမသဒ္ဓါ = ယုံကြည်ချက်ချင်း တူမျှအောင် ကျင့်ကြံရမည်။

၂။ သမသီလာ = အကျင့်သီလချင်း တူမျှအောင် ကျင့်ကြံရမည်။

၃။ သမစာဂါ = ပေးကမ်းလှူဒါန်းရာ၌ သဘောထားချင်း တူမျှအောင် ကျင့်ကြံရမည်။

၄။ သမပညာ = အဆင်အခြင် ဉာဏ်ပညာချင်း တူမျှအောင် ကျင့်ကြံရမည်" ဟူ၍ လင်ယောကျ်ားနှင့် ဇနီးမယားဖြစ်သူတို့ အညီအမျှ ကျင့်ရမည့် တရား (၄)ပါးကို ဟောကြားတော်မူလိုက်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

နှစ်တစ်ရာဆယ်ပါ မကျေရာ

မိဘတို့၏ ကျေးဇူးကို အထူးသိ၍ ဆပ်လိုသော အမျိုးကောင်းသားသမီး တစ်ဦးသည် အမိကို ညာဘက်ပခုံးဖြင့်ထမ်း၊ အဖကို ဘယ်ဘက်ပခုံးဖြင့်ထမ်းလျက် နှစ်တစ်ရာပတ်လုံး ပြုစုလုပ်ကျွေးကာ ကျေးဇူးဆပ်ပါသော်လည်း ဆပ်လို့မကျေနိုင်ဟု၍ မိဘများ၏ ကျေးဇူးကြီးမားတဲ့အကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။
(အံ-၁/၆၃)

မိဘတို့၏ ကျေးဇူးသည် သားသမီးများအတွက် အနှစ်တစ်ရာပတ်လုံး ပေးဆပ်လို့ မကျေနိုင်အောင် ကြီးမားတဲ့အကြောင်းကို အပြည့်အစုံ သိဖို့ရာမှာ မြတ်စွာဘုရား၏ ဉာဏ်တော်အရာသာ ဖြစ်ပေသည်။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်ဖြင့်သာ သိကြရပေသည်။

သားသမီးများ သိဖို့ရာ မိဘတို့၏ ဂုဏ်ကျေးဇူး(၃)ပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်မှာ -

မိဘတို့သည်

၁။ သားသမီးများ၏ ဗြဟ္မာ ဖြစ်ကြပေသည်၊

၂။ သားသမီးများ၏ အကောင်းဆုံး လက်ဦးဆရာ ဖြစ်ကြပေသည်။

၃။ သားသမီးများ၏ အကောင်းဆုံး ပူဇော်ရာ ဖြစ်ကြပေသည် ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

(အံ- ၁/၁၃၀)

၁။ ဗြဟ္မာပြည်၌ ရှိနေကြသော ဗြဟ္မာတို့သည် တစ်ခါတစ်ရံ "အားလုံးသောသတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ"ဟူ၍ ချစ်ခြင်း မေတ္တာတရား ပွားများကာ နေကြပေသည်။

တစ်ခါတစ်ရံ ဆင်းရဲဒုက္ခရောက်နေကြသော "အားလုံးသော သတ္တဝါတွေ ဆင်းရဲဟူသမျှမှ လွတ်သွားကြပါစေ"ဟူ၍ သနားခြင်း ကရုဏာတရား ပွားများကာ နေကြပေသည်။

တစ်ခါတစ်ရံ စည်းစိမ်ချမ်းသာများနှင့် ပြည့်စုံနေကြသော "အားလုံးသော သတ္တဝါတွေ ရရှိမြဲတိုင်းသော စည်းစိမ်ချမ်းသာ၌ တည်နိုင်ကြပါစေ"ဟူ၍ ဝမ်းမြောက်ခြင်း မုဒိတာတရား ပွားများကာ နေကြပေသည်။

တစ်ခါတစ်ရံ စည်းစိမ်ချမ်းသာများနှင့် ပြည့်စုံနေကြသော ပုဂ္ဂိုလ်သတ္တဝါများနှင့် ဆင်းရဲဒုက္ခ တွေ့ကြုံနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် "မိမိတို့ ပြုထားအပ်သော ကံအားလျော်စွာ စံစားနေကြရခြင်း၊ ခံစားနေကြရခြင်းသာ ဖြစ်ကြပေသည်"ဟူ၍ လျစ်လျူရှုခြင်း ဥပေက္ခာ တရား ပွားများကာ နေကြပေသည်။

ထိုနည်းတူစွာ မိဘတို့မှာ သားသမီးတို့ကို မြင်တွေ့ရတိုင်း၊ သတိရတိုင်း တိုးတက်ကြီးပွား ကောင်းစားချမ်းသာကြပါစေဟူသော ချစ်ခြင်း မေတ္တာသည် အလိုလို ပွားများပြီးသား ဖြစ်ကြပေသည်။ မရေမတွက်နိုင်အောင်ပင် များပြားကြပေသည်။

မိဘတို့မှာ သားသမီးများ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံရသော အခါ ယင်းဆင်းရဲဒုက္ခကို ဖယ်ရှားပေးလိုသော သနားခြင်း ကရုဏာ သည် အလိုလို ပွားများပြီးသား ဖြစ်ကြပေသည်။ မရေမတွက်နိုင် အောင်ပင် များပြားကြပေသည်။

မိဘတို့မှာ သားသမီးများ အတတ်ပညာ၊ စီးပွားဥစ္စာများ ပြည့်စုံ၍ ကျန်းမာချမ်းသာစွာ နေထိုင်ကြသည်တို့ကို တွေ့မြင်ရသောအခါ ရရှိထားသော စည်းစိမ်ချမ်းသာပြည့်စုံခြင်းများ မဆုတ်ယုတ်သွားကြ ပါစေလင့်၊ တည်မြဲတိုင်းသာ တည်နိုင်ကြပါစေဟူသော ဝမ်းမြောက် ခြင်း မုဒိတာသည် အလိုလို ပွားများပြီးသား ဖြစ်ကြပေသည်။ မရေ မတွက်နိုင်အောင်ပင် များပြားကြပေသည်။

မိဘတို့မှာ သားသမီးများ အဘက်ဘက်က ပြည့်စုံပြီး သူ့အိုး သူ့အိမ်ဖြင့် ကောင်းမွန်စွာ နေနိုင်တာကို တွေ့မြင်ရသောအခါ သား သမီးတို့အပေါ်၌ လျစ်လျူရှုခြင်း ဥပေက္ခာသည် အလိုလို ပွားများ ပြီးသား ဖြစ်ကြပေသည်။ မိဘတို့သည် သားသမီးတို့အပေါ်၌ လျစ် လျူရှုခြင်း ဥပေက္ခာဖြစ်တာ နည်းပါးကြပေသည်။ ချစ်ခြင်း မေတ္တာ သာဖြစ်တာ များကြပေသည်။ သို့ဖြစ်၍ မိဘတို့သည် သားသမီးများ ၏ ဗြဟ္မာဖြစ်ကြသည်ဟူ၍ ဟောတော်မူခဲ့ပါသည်။

၂။ မိဘတို့သည် သားသမီးများ သိတတ်သောအရွယ်မှစ၍ သွားပုံ၊ ရပ်ပုံ၊ ထိုင်ပုံ၊ အိပ်ပုံ၊ စားပုံများကိုလည်းကောင်း၊ သူ့အသက် မသတ်ဖို့ရာ၊ သူ့ဥစ္စာမခိုးဖို့ရာ၊ သူတစ်ပါးသားသမီး မဖျက်ဆီး ဖို့ရာ၊ လိမ်မပြောဖို့ရာ၊ ဆဲဆို၍ ကြမ်းတမ်းစွာ မပြောဖို့ရာ၊ အရက်မသောက်ဖို့ရာ စသည်များကိုလည်းကောင်း၊ ချဉ်းကပ် ပေါင်းသင်းသင့်သူ၊ မချဉ်းကပ် မပေါင်းသင်းသင့်သူများကို

လည်းကောင်း တစ်သက်ပတ်လုံး ကောင်းစား ချမ်းသာသွား စေလိုသော မေတ္တာဓာတ် အပြည့်အဝဖြင့် သင်ကြားပြသ ဆုံးမ ပေးခဲ့ကြပေသည်။

မိဘများ၏ သင်ပြဆုံးမခြင်း ပြည့်စုံကောင်းမွန်သည်နှင့်အမျှ သားသမီးများ တစ်သက်ပတ်လုံး ယဉ်ကျေးလိမ္မာ တိုးတက်ကြီးပွား ချမ်းသာသွားကြပေသည်။ သို့ဖြစ်သောကြောင့် မိဘတို့သည် သား သမီးတို့၏ အကောင်းဆုံး လက်ဦးဆရာ ဖြစ်ကြသည်ဟူ၍ ဟော ကြားတော်မူခဲ့ပါသည်။

၃။ မိဘတို့သည် သားသမီးတို့အား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရား(၄)ပါး အရင်းခံရှိထားပြီးသူ များ ဖြစ်ကြသည့်အားလျော်စွာ သားသမီးတို့ကို အစဉ်သနား စောင့်ရှောက်သူများသာ ဖြစ်ကြပေသည်။

သို့ဖြစ်၍ မိဘတို့သည် သားသမီးတို့၏ ပူဇော်ခြင်း အမျိုးမျိုး တို့ကို ခံယူထိုက်သော (အာဟုနေယျ)ပုဂ္ဂိုလ်တို့ ဖြစ်ကြပေသည်။ သားသမီးတို့သည် မိဘတို့ကို ရိုခိုးခြင်း၊ စားဖွယ်သောက်ဖွယ်များကို စိမ်၍ ကျွေးမွေးခြင်း၊ အဝတ်အထည်တို့ကို ဖွပ်လျှော်ပေးခြင်း၊ ဝတ် ဆင်ပေးခြင်း၊ အမွှေးနံ့သာ လိမ်းပေးခြင်း၊ ရေချိုးပေးခြင်း၊ နင်းနှိပ် ပေးခြင်း၊ ခြေဆေးပေးခြင်း စသည်တို့ဖြင့် ပြုလုပ်ပူဇော်ကုန်ရာ၏။ "မိဘတို့သည် အရိယာပုဂ္ဂိုလ်များကဲ့သို့ သားသမီးတို့၏ ပူဇော်ခြင်း အမျိုးမျိုးတို့ကို ခံယူထိုက်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏"ဟူ၍ ဟော ကြားတော်မူခဲ့ပါသည်။

မိဘတို့သည် သားသမီးတို့၏ ဗြဟ္မာ၊ လက်ဦးဆရာ၊ အကောင်း ဆုံး ပူဇော်ရာဟူသော ဂုဏ်ကျေးဇူး(၃)ပါး ရှိသောသူများ ဖြစ်သော

ကြောင့် အနှစ်တစ်ရာပတ်လုံး ကျေးဇူးဆပ်၍ မကျေနိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ တရားဖြင့်သာ ကျေအောင် ဆပ်နိုင်ကြပေသည်။

ဆောင်ပုဒ် ။ ။ မိဘဟူသည်၊ ဗြဟ္မာတူ၏၊ လက်ဦးဆရာ၊ ပူဇော်ရာ၊ မှန်စွာဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဒါနရှိတာ ငါးမျိုးသာ

အသိဉာဏ်ပြည့်ဝကြသူတိုင်း အသက်ရှည်ခြင်း၊ အဆင်းလှ ခြင်း၊ ချမ်းသာများခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်းဟူသော ဤအကျိုး ငါးမျိုးကို အလိုရှိကြကုန်၏။ ဤကဲ့သို့ပင် အလိုရှိကြပါသော်လည်း ရှေးဘဝများက ဒါနကုသိုလ် မရှိခဲ့သူများမှာ မရရှိနိုင်ကြပေ။ ရှေးဘဝများက ဒါနကုသိုလ် ရှိခဲ့ဖူးသူများသာ ရရှိနိုင်ကြပေသည်။

၁။ ကောင်းမြတ်သော လူဘဝ၊ နတ်ဘဝတို့၌ အသက်တိုခြင်းသည် မကောင်းသော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ အသက်ရှည်ခြင်းသည် ကောင်းမြတ်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အသက်ရှည်ခြင်းကို အလိုရှိကြပေသည်။ အသက်ရှည်အောင် အတတ်နိုင်ဆုံး ပြုပြင်၍ နေကြရပေသည်။

၂။ ကောင်းမြတ်သော လူဘဝ၊ နတ်ဘဝတို့၌ ရုပ်ရည်အဆင်းပျက်ခြင်း၊ မတင့်တယ်ခြင်းသည် မကောင်းသော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်းသည် ကောင်းမြတ်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ရုပ်ရည်လှပတင့်တယ်ခြင်းကို အလိုရှိကြပေသည်။ လှပတင့်တယ်အောင် ပြုပြင်၍ နေကြရပေသည်။

၃။ ကောင်းမြတ်သော လူဘဝ၊ နတ်ဘဝတို့၌ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်နေရခြင်းသည် မကောင်းသော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်ရခြင်းသည် ကောင်းမြတ်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကိုယ်ချမ်းသာ စိတ်ချမ်းသာမှုကို အလိုရှိကြပေသည်။ ကိုယ်စိတ်ချမ်းသာမှုရှိအောင် ပြုပြင်၍ နေကြရပေသည်။

၄။ ကောင်းမြတ်သော လူဘဝ၊ နတ်ဘဝတို့၌ ပြုစုစောင့်ရှောက်မည့်သူမရှိခြင်း၊ အခြံအရံကင်းမဲ့ခြင်းသည် မကောင်းသောဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ ပြုစုစောင့်ရှောက်သူရှိခြင်း၊ အခြံအရံ ပရိသတ် ပေါများခြင်းသည် ကောင်းမြတ်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ပြုစုစောင့်ရှောက်သူ အခြံအရံ ပရိသတ်များကို အလိုရှိကြပေသည်။ ပြုစုစောင့်ရှောက်သူ အခြံအရံ ပရိသတ်များရှိအောင် ပြုလုပ်၍ နေကြရပေသည်။

၅။ ကောင်းမြတ်သော လူဘဝ၊ နတ်ဘဝတို့၌ စိုးပိုင်မှုကင်းမဲ့၍ အရာရာတွင် သူတစ်ပါး၏ အလိုကိုသာ ကြည့်နေရခြင်းသည် မကောင်းသော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ အရာရာတွင် မိမိအလိုအတိုင်း စိုးပိုင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းသည် ကောင်းမြတ်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း စိုးပိုင်မှုကို အလိုရှိကြပေသည်။ စိုးပိုင်အောင် ပြုလုပ်၍ နေကြရပေသည်။

လူတိုင်းလူတိုင်း အလိုရှိကြသော ဤအကျိုးငါးမျိုးကို ရေးဘဝများက ဒါနကုသိုလ်မရှိသူများ မရရှိနိုင်ကြပေ။ ရေးဘဝများက ဒါနကုသိုလ် ရှိသူများသာ ရရှိနိုင်ကြပေသည်။ ဒါနကုသိုလ် ရှိသူများက

ဒါနကုသိုလ် မရှိသူများထက် ဤအကျိုးငါးမျိုးကို သာလွန်၍ ရှိနေကြပေသည်။

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက အတူတကွ နေကြသော ရဟန်းနှစ်ပါး ဒါနနှင့်စပ်၍ အငြင်းပွားခဲ့ကြသည်။ ရဟန်းတစ်ပါးက "အိမ်စဉ်လှည့်လည်၍ ဆွမ်းခံတောင်းစားရသော ရဟန်းပင် ဖြစ်ပါသော်လည်း မိမိ၏သုံးဆောင်ဖွယ်များကို သူတစ်ပါးအားပေးလှူပြီးမှ မိမိသုံးဆောင်ခြင်း(သာရဏီယဓမ္မ)ကို ဖြည့်ကျင့်သောအားဖြင့် ပေးလှူခြင်းဒါနကို ပြုသင့်လုပေသည်"ဟု ပြောကြား၏။

ရဟန်းတစ်ပါးက "ရဟန်းဟူသည် သူတစ်ပါးလှူဒါန်းသော လှူဖွယ်ပစ္စည်းကို အပိုခံယူ၍ မဖျက်ဆီးအပ်၊ မိမိအတွက် မျှတရုံသာ ခံယူခြင်း(ဘတ္တဂ္ဂဝတ်)ကို ဖြည့်ကျင့်သောအားဖြင့် ပေးလှူခြင်းဒါနကို မပြုလုပ်သင့်ပေ"ဟု ပြောကြား၏။

ထိုရဟန်းနှစ်ပါးတို့သည် တစ်ပါး၏အယူအဆကို တစ်ပါးက လိုက်နာအောင် မပြောပြနိုင်ကြသောကြောင့် မိမိတို့၏ ကျင့်မြဲဝတ်ကိုပင် ကျင့်၍နေကြကုန်၏။ သက်တမ်းကုန်၍ ပျံ့လွန်တော်မူကြသော အခါ နတ်ပြည်၌ ဖြစ်ကြလေကုန်၏။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာသောအခါ ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် သာဝတ္ထိပြည်၌ ဖြစ်လာကြ၏။ သာရဏီယဓမ္မကို ဖြည့်ကျင့်၍ အလှူဒါနကို ပြုခဲ့ဖူးသောပုဂ္ဂိုလ်က ကောသလမင်းကြီး၏ ထိပ်ခေါင်တင် အမြတ်ဆုံး မိဖုရားကြီးဝမ်း၌ဖြစ်၍ မွေးဖွားလေ၏။ ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်၍ အလှူဒါန မပြုခဲ့သောပုဂ္ဂိုလ်က မိဖုရားကြီး၏ အလုပ်အကျွေး အခိုင်းအစေ မိန်းမ၏ဝမ်း၌ဖြစ်၍ မွေးဖွားလာလေ၏။ တစ်နေ့တည်းမှာပင် မွေးဖွားလာကြ၏။

သူငယ်နှစ်ဦးကို နာမည်ပေးသောနေ့၌ တစ်ဦးနှင့်တစ်ဦး တွေ့မြင်ကြရာ ပေးလှူခြင်း သာရဏီယဓမ္မကို ဖြည့်ကျင့်၍ မင်းသားငယ်ဖြစ်သူက မပေးလှူပါဘဲ ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်၍ အခိုင်းအစေမိန်းမ၏ သားဖြစ်သူကို "ကျွန်ုပ် ထီးဖြူအောက်မှာ မြင့်မြတ်၍ အသရေရှိသော အိပ်ရာ၌ အိပ်နေသည်ကို သင်တွေ့မြင်ရပေ၏။ သင်၏ ယုတ်နိမ့်သော ခုတင်ညောင်စောင်း၌ ကြမ်းတမ်းသော အဝတ်အခင်းတွင် အိပ်နေရသည်ကိုလည်း သင်တွေ့မြင်ရသည် မဟုတ်ပါလော။ ဒီလိုဖြစ်ရတာ သင်ပေးလှူခြင်း သာရဏီယဓမ္မကို မကျင့်ခဲ့လို့ ယခုလို ယုတ်ညံ့သော နေရာမှာ အိပ်နေရခြင်း ဖြစ်ပေ၏"ဟု ပြစ်တင်စကားနှင့် နှိပ်ကွပ်၍ ပြောကြား၏။

မပေးလှူပါဘဲ ဘတ္တဂ္ဂဝတ်ကိုသာ ဖြည့်ကျင့်၍ အလုပ်အကျွေး၏ သားငယ်ဖြစ်သူကလည်း မင်းသားငယ်ကို "သင်မွန်မြတ်တာတွေ သုံးဆောင်ခံစားနေရတာကို မှီပြီး မာနဖြစ်နေပေသည်။ ယုတ်ညံ့တဲ့ အခင်းအရံနှင့် မွန်မြတ်တဲ့ အခင်းအရံတွေ အားလုံးသည် ပထဝီဓာတ်ချည်းပင် ဖြစ်ကြပေသည်။ ဓာတ်သဘောအရ အတူတူပင် ဖြစ်ပေသည်"ဟူ၍ ချေပပြောကြားလေ၏။

ဤသူငယ်နှစ်ယောက်တို့၏ အပြန်အလှန် ပြောကြသော စကားများကို သုမနမင်းသမီး ကြားရသောအခါ မြတ်စွာဘုရားထံသို့သွား၍ လျှောက်ထားလေ၏။

"မြတ်စွာဘုရား ... မြတ်စွာဘုရား၏ သာသနာတော်၌ ပုဂ္ဂိုလ်နှစ်ဦး ရှိကြပါသည်။ ထိုနှစ်ဦးမှာ ယုံကြည်ချက် သဒ္ဓါတရားချင်းလည်း တူကြပါသည်။ အကျင့်သီလချင်းလည်း တူကြပါသည်။ ဉာဏ်ပညာချင်းလည်း တူကြပါသည်ဘုရား။

ဤသို့ပင် တူကြပါသော်လည်း တစ်ဦးက ပေးလှူခြင်းဒါနကို ပြုလုပ်ပါသည်။ တစ်ဦးက ပေးလှူခြင်းဒါနကို မပြုလုပ်ပါဘုရား။ ထိုသူနှစ်ဦးတို့သည် ကွယ်လွန်၍ နတ်ပြည်သို့ ရောက်သွားကြတဲ့အခါ အကျိုးပေးချင်း တူကြပါသလား။ မတူ ထူးကြပါသလားဘုရား" ဟူ၍ လျှောက်ထားလေ၏။

မြတ်စွာဘုရားက "သုမနမင်းသမီး ... အကျိုးပေးချင်း မတူကြပေ။ ပေးလှူတတ်သောသူက မပေးလှူသောသူကို နတ်၌ဖြစ်သော-

(၁) အသက်ရှည်ခြင်း။
(၂) အဆင်းလှခြင်း။
(၃) ချမ်းသာများခြင်း။
(၄) အခြံအရံပရိသတ်များခြင်း။
(၅) အစိုးရခြင်းဟူသော ဤအကျိုး(၅)မျိုးဖြင့် သာလွန်လွှမ်းမိုး၍ဖြစ်၏" ဟူ၍ မိန့်ကြားတော်မူ၏။

သုမနမင်းသမီးက ထပ်မံ၍ လျှောက်ထားပြန်ပါသည်။ "မြတ်စွာဘုရား ... ထိုနတ်သားနှစ်ဦးတို့သည် နတ်ပြည်မှ စုတေ၍ လူပြည်သို့ အကယ်၍ ပြန်ရောက်ကြပါလျှင် အကျိုးပေးချင်း တူကြပါပြီလား။ မတူ ထူးကြပါသေးသလားဘုရား" ဟူ၍ လျှောက်ထားပြန်ရာ ...

မြတ်စွာဘုရားက "သုမနမင်းသမီး ... အကျိုးပေးချင်း မတူကြသေးပေ။ ပေးလှူခဲ့ဖူးသောသူက မပေးလှူသောသူကို လူ၌ဖြစ်သော -

(၁) အသက်ရှည်ခြင်း။
(၂) အဆင်းလှခြင်း။
(၃) ချမ်းသာများခြင်း။

(၄) အခြံအရံပရိသတ်များခြင်း။
(၅) အစိုးရခြင်းဟူသော ဤအကျိုး(၅)မျိုးဖြင့် သာလွန်လွှမ်းမိုး၍ဖြစ်၏"ဟူ၍ မိန့်ကြားတော်မူ၏။

ဆောင်ပုဒ်။ ။ သက်ရှည်ဆင်းလာ၊ ချမ်းသာရ၍၊ များလှခြံရံ၊ စိုးရပြန်၊ ငါးတန်ဒါနအကျိုးတည်း။

သုမနမင်းသမီးက ထုပ်မံ၍ လျှောက်ထားပြန်ပါသည်။ "ထိုသူနှစ်ဦးတို့သည် အကယ်၍ လူဘောင်မှထွက်ခွာလျက် သာသနာတော်၌ ရဟန်းပြုကြပါလျှင် အကျိုးပေးချင်း တူကြပါပြီလား။ မတူ ထူးကြပါသေးသလားဘုရား"ဟူ၍ လျှောက်ထားပြန်ရာ ...

မြတ်စွာဘုရားက "သုမနမင်းသမီး ... အကျိုးပေးချင်း မတူကြသေးပေ။ ပေးလှူခဲ့ဖူးသော ရဟန်းက မပေးလှူသော ရဟန်းကို ရဟန်းတော်တို့ အသုံးအဆောင်ဖြစ်သော -

(၁) သင်္ကန်းပေါများခြင်း။
(၂) ဆွမ်းပေါများခြင်း။
(၃) ကျောင်းပေါများခြင်း။
(၄) ဆေးပစ္စည်းပေါများခြင်း။
(၅) အတူတကွနေကြသော သီတင်းသုံးဖော်တို့က ကြည်ညိုမြတ်နိုးကြခြင်းဟူသော ဤအကျိုး(၅)မျိုးဖြင့် သာလွန်လွှမ်းမိုး၍ဖြစ်၏"ဟူ၍ မိန့်ကြားတော်မူ၏။

"ထိုပုဂ္ဂိုလ်နှစ်ဦးတို့သည် တရားအားထုတ်ကြ၍ ရဟန္တာဖြစ်ကြရာတွင် အကျိုးပေးချင်း တူကြပါပြီလား။ မတူ ထူးကြပါသေးသလားဘုရား"ဟု လျှောက်ထားပြန်ရာ ...

မြတ်စွာဘုရားက "သုမနမင်းသမီး ... ရဟန္တာဖြစ်သောအခါ ကိလေသာမှ လွတ်မြောက်ရာ အရဟတ္တဖိုလ်ချမ်းသာချင်း တူသွားကြပေပြီ။ ထူးခြားချက်မရှိ၊ အညီအမျှပင် ဖြစ်ကြသည်"ဟူ၍ မိန့်ကြားတော်မူ၏။

သုမနမင်းသမီးသည် မျှားစွာနှစ်သက်အားရခြင်း ရှိလှသည်ဖြစ်၍ -

"မြတ်စွာဘုရား ... အံ့သြဖွယ်ရာ မကြားနာရဖူးသော ထူးခြားဆန်းကြယ်သော တရားစကားကို နာကြားရပါသည်ဘုရား။ ဒါနကုသိုလ်ကောင်းမှုတို့သည် နတ်ဖြစ်သူအားလည်း ကျေးဇူးပြုပါကုန်သည်၊ လူဖြစ်သူအားလည်း ကျေးဇူးပြုပါကုန်သည်ဖြစ်၍ ပေးလှူခြင်းဒါနကုသိုလ်ကို ပြုသင့်လှပါသည်ဘုရား"ဟူ၍ လျှောက်ထားလေ၏။

မြတ်စွာဘုရားကလည်း "ဟုတ်မှန်ပေသည်၊ ဒါနကုသိုလ်ကောင်းမှုတို့ကို ပြုသင့်လှပေသည်"ဟု အားပေးချီးမြှောက်စကား ထပ်မံမိန့်ကြားတော်မူ၏။

(အံ- ၂/၂၇)

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

တရားဖြင့်သာ လွတ်မြောက်ရာ

အသိဉာဏ်ပြည့်ဝကြသော ပုဂ္ဂိုလ်တိုင်း မိမိတို့မှာ ကျရောက်လာမည့် ဘေးရန်အန္တရာယ်များကို မကျရောက်လာမီ ကြိုတင်ကာကွယ်ကြရပေသည်။ မရောင်သာ၍ ကျရောက်လာသည့်အခါမှာလည်း မိမိ၏ ကိုယ်အား၊ ဉာဏ်အား၊ စည်းစိမ်ဥစ္စာအားတို့ဖြင့် အစွမ်းကုန်ကာကွယ်ကြရပေသည်။ ကိုယ်တိုင် မကာကွယ်နိုင်သောအခါမှာလည်း ကာကွယ်ပေးနိုင်သော ပုဂ္ဂိုလ်များထံ အကူအညီ တောင်းကြရပေသည်။

ဤကဲ့သို့ စွမ်းအားရှိသလောက် ကာကွယ်ကြရာတွင် အချို့အချို့သော ဘေးရန်အန္တရာယ်များကို ကာကွယ်လို့ ရကြပေသည်။ အချို့အချို့သော ဘေးရန်အန္တရာယ်တို့ကိုမူ ကာကွယ်လို့ မရနိုင်ဘဲ ဖြစ်ကြရပေသည်။ စိုးရိမ်ပူဆွေးရခြင်း သောက၊ ငိုကြွေးရခြင်း ပရိဒေဝတို့ ဖြစ်ကြရပေသည်။ ကာကွယ်လို့ မရကောင်းသော ဘေးရန်အန္တရာယ်များကို ကြိုတင်သိထားမှသာ တရားဖြင့် ဖြေဖျောက်နိုင်ကြမည် ဖြစ်ပေသည်။ တရားဖြင့် ကာကွယ်လွတ်မြောက်နိုင်ကြမည် ဖြစ်ပေသည်။

မည်သူမျှ တာဝန်ယူ၍ ကာကွယ်တားဆီးပေးလို့ မရကောင်းသော တရားများမှာ -

(၁) ဇရာဝမ္မ = အိုခြင်း (ဘေးသဘောတရား)

(၂) ဗျာဓိဓမ္မ = နာခြင်း (ဘေးသဘောတရား)
(၃) မရဏဓမ္မ = သေခြင်း (ဘေးသဘောတရား)
(၄) ပါပကမ္မဝိပါက = မကောင်းမှုကံ (ဘေး၏အကျိုးပေး မျှား)ဟူ၍ (၄)ပါးရှိပေသည်။

(အံ-၁/၄၉၁)

(၁) အိုခြင်းသဘောတရား အိုခြင်းဘေးဒုက္ခနှင့် ဘယ်ပုဂ္ဂိုလ်မှ မတွေ့လိုကြ၊ စွမ်းနိုင်သမျှ ကာကွယ်လိုကြသည်။ သို့ပါသော်လည်း အုံ့ဩဖွယ်ကောင်းလောက်အောင် တိုးတက်လာသော သိပ္ပံပညာနည်းဖြင့်လည်း ကာကွယ်လို့ မရကြပေ။ ဝိဇ္ဇာမန္တန်နည်း၊ တန်ခိုးဂုဏ်ဒိုပါဒ်နည်းတို့ဖြင့်လည်း ကာကွယ်လို့ မရကြပေ။ သို့ဖြစ်၍ အိုခြင်း(ဘေး)သဘောတရားသည် ဘယ်ပုဂ္ဂိုလ်မှ တာဝန်ယူ၍ ကာကွယ်ပေးနိုင်သော သဘောတရားတစ်ခု မဟုတ်ကြောင်း သိကြရပေသည်။

(၂) နာခြင်းသဘောတရား နာခြင်းဘေးဒုက္ခနှင့်လည်း ဘယ်ပုဂ္ဂိုလ်မှ မတွေ့လိုကြပေ။ စွမ်းနိုင်သမျှ ကာကွယ်လို့ နေကြပေသည်။ သို့ပါသော်လည်း အုံ့ဩဖွယ်ကောင်းလောက်အောင် တိုးတက်လာသော သိပ္ပံပညာနည်းဖြင့်လည်း ကာကွယ်လို့ မရကြပေ။ ဖြစ်လာပြီးသော နာခြင်းရောဂါများကိုသာ ကာကွယ်ကုသနေကြရပေသည်။ ဝိဇ္ဇာမန္တန်နည်း၊ တန်ခိုးဂုဏ်ဒိုပါဒ်နည်းတို့ဖြင့်လည်း ကာကွယ်လို့ မရကြပေ။ သို့ဖြစ်၍ နာခြင်း(ဘေး)သဘောတရားသည်လည်း ဘယ်ပုဂ္ဂိုလ်မှ တာဝန်ယူ၍ ကာကွယ်ပေးနိုင်သော သဘောတရားတစ်ခု မဟုတ်ကြောင်း သိကြရပေသည်။

(၃) သေခြင်းသဘောတရား သေခြင်းဘေးဒုက္ခနှင့်လည်း ဘယ်ပုဂ္ဂိုလ်

မှ မတွေ့လိုကြပေ။ စွမ်းနိုင်သမျှ ကာကွယ်နေကြပေသည်။ သို့ပါသော်လည်း အုံ့ဩဖွယ်ကောင်းလောက်အောင် တိုးတက်လာသော သိပ္ပံပညာနည်းဖြင့်လည်း ကာကွယ်လို့ မရကြပေ။ ဝိဇ္ဇာမန္တန်နည်း၊ တန်ခိုးဣဒ္ဓိပါဒ်နည်းတို့ဖြင့်လည်း ကာကွယ်လို့ မရကြပေ။ သို့ဖြစ်၍ သေခြင်း(ဘေး)သဘောတရားသည်လည်း ဘယ်ပုဂ္ဂိုလ်မှ တာဝန်ယူ၍ ကာကွယ်ပေးနိုင်သော သဘောတရားတစ်ခု မဟုတ်ကြောင်း သိကြရပေသည်။

(၄) မကောင်းမှုက်(ဘေး)၏ အကျိုးပေး အပြစ်ဒဏ်များကိုလည်း ဘယ်ပုဂ္ဂိုလ်မှ မခံယူလိုကြပေ။ သို့ပါသော်လည်း တစ်ဖက်ကမ်းရောက်အောင် တတ်မြောက်ကြသော သိပ္ပံပညာရှင်များကလည်း သိပ္ပံပညာနည်းဖြင့် ကာကွယ်မပေးနိုင်ကြပေ။ ဝိဇ္ဇာမန္တန်ပညာရှင်များကလည်း ဝိဇ္ဇာမန္တန်နည်းဖြင့်၊ တန်ခိုးဣဒ္ဓိပါဒ်ရှင်များကလည်း တန်ခိုးဣဒ္ဓိပါဒ်နည်းဖြင့် ကာကွယ်မပေးနိုင်ကြပေ။ သို့ဖြစ်၍ မကောင်းမှုက်(ဘေး)၏ အကျိုးပေး အပြစ်ဒဏ်သည်လည်း ဘယ်ပုဂ္ဂိုလ်မှ တာဝန်ယူ၍ ကာကွယ်မပေးနိုင်သော သဘောတရားတစ်ခုဖြစ်ကြောင်း သိကြရပေသည်။

မကောင်းမှုက်(ဘေး)၏ အပြစ်ဒဏ်ကို ကာကွယ်လို့မရပုံ

အရှင်မဟာမောဂ္ဂလာန်အလောင်းသည် ပါရမီနှစ်ဥအခါက ဗာရာဏသီပြည်၌ မျက်မမြင်မိဘနှစ်ပါး၏ တစ်ဦးတည်းသောသားဖြစ်ခဲ့လေသည်။ လူပျိုဘဝဖြင့် မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခဲ့လေသည်။ နောင်သောအခါ မိဘများ၏ တိုက်တွန်းချက်အရ အမျိုးသမီးတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ခဲ့လေသည်။

ဇနီးမယားဖြစ်သူသည် နှစ်ရက်သုံးရက်မျှ မျက်မမြင်ယောကျ်မများကို ပြုစုလုပ်ကျွေးပြီးသောအခါ မျက်မမြင်ယောကျ်မ သက်ကြီး

အိုမျိုးနှင့် မနေလိုသောကြောင့် မျက်မမြင်ယောကျ်မ သက်ကြီးအို တို့၏ အပြုအမူမကောင်းပုံ၊ အိမ်ရှင် မသန့်မရှင်းဖြစ်ပုံ၊ ဆိုးသွမ်းပုံများ ကို လင်ယောက်ျား အလုပ်မှပြန်လာသောအခါ ပြောကြားလေ၏။ ယောကျ်မ သက်ကြီးအိုများနှင့် အတူမနေလိုကြောင်း မိန်းမတို့၏ ပရိယာယ် အမျိုးမျိုးဖြင့် ပူဆာပြောကြားလေ၏။

အရှင်မဟာမောဂ္ဂလာန်အလောင်း အမျိုးသားကောင်းသည် ဇနီးမိုက်၏စကားကို ယုံကြည်သောကြောင့် မျက်မမြင်မိဘနှစ်ပါးကို "ဆွေမျိုးများက တွေ့လိုကြသည်၊ ဆွေမျိုးများထံ ပို့ပေးမည်" ဟုပြော ဆိုကာ နွားလှည်းပေါ်သို့တင်၍ ခေါ်ဆောင်သွားလေ၏။ တော အုပ်တစ်ခု၏အလယ်သို့ ရောက်သောအခါ မျက်မမြင်မိဘနှစ်ပါးကို လှည်းပေါ်၌ထားခဲ့၍ လှည်းပေါ်မှဆင်းကာ "သူခိုးဓားပြများ ဝိုင်း လာကြသည်"ဟု အော်ဟစ်လျက် မျက်မမြင်မိဘနှစ်ပါးကို သေအောင် ကိုယ်တိုင် ရိုက်သတ်ပြီး တောထဲ၌ ပစ်ထားခဲ့လေ၏။

ဤကဲ့သို့ မျက်မမြင်မိဘများကို သတ်ခဲ့ဖူးသော မကောင်းမှု ကံကြောင့် အနှစ်တစ်သိန်းမက ငရဲသို့ ကျရောက်၍ ခံခဲ့ရလေ၏။ ငရဲမှ လွတ်မြောက်သောအခါ မိဘတို့ကို သတ်ခဲ့သော မကောင်းမှု ကံကြွင်းကြောင့် ဘဝတစ်ရာမက မှုန့်မှုန့်ညက်ညက်ကျေအောင် သူတစ်ပါးတို့က ရိုက်သတ်၍ သေခဲ့ရလေ၏။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာသောအခါ တန်ခိုးအရာ တွင် အတော်ဆုံး(ဇေတဒဂ်)ဆုရ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် ဖြစ်လာလေ၏။ အရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့ ကြွသွား ပြီးလျှင် နတ်တို့ပြုခဲ့ဖူးသော ကုသိုလ်ကံကိုမေး၍ လူ့ပြည်သို့ ပြန် ကြွလာပြီး တရားဟောလေ၏။ ငရဲပြည်သို့ ကြွသွားပြီးလျှင် ငရဲသားတို့ ပြုခဲ့ဖူးသော အကုသိုလ်ကံကိုမေး၍ လူ့ပြည်သို့ ပြန်ကြွလာပြီး တရား

ဟောတ်။ မြေလျှိုးမိုးပျံနိုင်သော တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၏။ ဤသို့ မြေလျှိုးမိုးပျံကာ ဟောပြနိုင်သောကြောင့် မြတ်စွာဘုရား သာသနာတော်၌ ပစ္စည်းလာဘ်လာဘာ အလွန်ပေါများ၏။

အခါတစ်ပါး အရှင်မဟာမောဂ္ဂလာန်သည် ရာဇဂြိုဟ်ပြည်အနီး ဂ္ဂသိဂိလိတောင်၏ နံပါးရှိ ကာလမည်သော ကျောက်ဖြာ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တိတ္ထိတို့သည် လာဘ်လာဘာ၌ ဝန်တိုကြ၍ ခိုးသားဓားပြတို့ကို ငွေတစ်ထောင်ပေးကာ အရှင်မဟာမောဂ္ဂလာန်ကို သတ်ခိုင်းကြ၏။

ခိုးသားဓားပြတို့သည် အရှင်မဟာမောဂ္ဂလာန်ကို သတ်ဖို့ရာ ဝိုင်းထားကြကုန်၏။ အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် သော့ပေါက်မှထွက်၍ ကြွသွားတော်မူ၏။ ဒုတိယအကြိမ် ဝိုင်းကြပြန်သော အခါ ခေါင်မိုးအထွတ်မှ ဖောက်ထွက်၍ ကောင်းကင်မှ ကြွသွားတော်မူ၏။ တတိယတစ်ကြိမ် ဝိုင်းထားပြန်သောအခါ မိမိပြုခဲ့သော မကောင်းမှု၏ ဆွဲငင်သော အကျိုးပေးအပြစ်ဒဏ်မှ မလွတ်နိုင်သည်ကို သိတော်မူသောကြောင့် မရောင်တိမ်းတော့ပါဘဲ အမိခံလိုက်လေ၏။

ခိုးသားဓားပြတို့သည် မထေရ်မြတ်၏ ခန္ဓာကိုယ်၌ အရိုးတို့ကို ဆန်ကွဲကဲ့သို့ ညက်ညက်ကျေအောင် ထုရိုက်သတ်ကြလေ၏။ သတ်ပါသော်လည်း ပရိနိဗ္ဗာန်မစံမူ၍ မြတ်စွာဘုရားထံ ကြွသွားကာ လျှောက်ထားပြီးမှ ပရိနိဗ္ဗာန်စံတော်မူ၏။

အရှင်မဟာမောဂ္ဂလာန်သည် မြေလျှိုးမိုးပျံနိုင်၍ တန်ခိုးအရာတွင် အတော်ဆုံး(တေဒဂ်)ဆုရ ပုဂ္ဂိုလ်ဖြစ်ပါသော်လည်း မိမိ၏ မကောင်းမှုကံ အကျိုးပေးအပြစ်ဒဏ်ကို တန်ခိုးဖြင့် မကာကွယ်မတားမြစ်နိုင်။ သို့ဖြစ်သောကြောင့် မကောင်းမှုကံ၏ အကျိုးပေးအပြစ်

ဒဏ်ကို ဘယ်ပုဂ္ဂိုလ်မှ ကာကွယ်တားမြစ်ခြင်း မပြုနိုင်သည်မှာ ထင်ရှားလှပါပေသည်။

ဆောင်ပုဒ်။ ။ အိုနာသေမျိုး၊ မကောင်းကံကျိုး၊ လေးမျိုးတားမရ။

အရှင်မဟာမောဂ္ဂလာန်သည် အဘိညာဉ်ရ ရဟန္တာပုဂ္ဂိုလ်ဖြစ်သောကြောင့် ခိုးသားဓားပြတို့ ရိုက်နှက်စဉ်မှာ ကိုယ်ဆင်းရဲဒုက္ခသာ ဖြစ်ရပေသည်။ စိတ်ဆင်းရဲခြင်း = ဒေါမနဿ၊ စိုးရိမ်ပူဆွေးရခြင်း = သောက၊ ငိုကြွေးရခြင်း = ပရိဒေဝတို့ လုံးဝမဖြစ်ပါဘဲ လွန်မြောက်နေပါသည်။

အရှင်မဟာမောဂ္ဂလာန်သည် ရဟန္တာမဖြစ်သေးပါက မိဘတို့ကို ရိုက်သတ်ခဲ့ဖူးသော မကောင်းမှုကံ၏ အကျိုးပေးအပြစ်ဒဏ်ကို နောက်နောင်ဘဝများမှာ ခံရဦးမည် ဖြစ်ပေသည်။ ယခုအခါမှာမူ တရားကျင့်ကြံ ရှုမှတ်အားထုတ်သဖြင့် ရဟန္တာဖြစ်၍ နောင်ဘဝများ မရှိတော့ပြီဖြစ်သောကြောင့် မကောင်းမှုကံ၏ အကျိုးပေးအပြစ်ဒဏ်မှ လုံးဝလွတ်မြောက်သွားရပေသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့မှလည်း လုံးဝလွတ်မြောက်သွားရပေသည်။

ဆောင်ပုဒ်။ ။ တရားရှုက၊ လေးမျိုးမှ၊ မုချလွတ်ရသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကုသိုလ်မှားဧ အမျှဝေ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကောင်းမှုများကို ယုံကြည်အားကိုးကြပေသည်။ ဒါနကုသိုလ်ကောင်းမှုများကို အလှူရေစက် လက်နှင့်မကွာ လှူဒါန်းလိုကြပေသည်။ ကုသိုလ်ကောင်းမှုပြုလိုသော စိတ်ဆန္ဒချင်းတော့ တူကြပေသည်။ ရေစက်ချ အမျှဝေရာတွင် အယူအဆချင်း မတူကြပေ။ ကွဲပြားလျက် ရှိကြပေသည်။ အချို့သောပုဂ္ဂိုလ်များက လှူပြီးလျှင် ပြီးတာပါပဲ၊ ရေစက်ချဖို့မလို၊ အလုပ်ပိုတစ်ခုဖြစ်သည်ဟု ထင်မြင်ယူဆကြပေသည်။ အချို့သောပုဂ္ဂိုလ်များက ရေစက်ချအမျှဝေမှ ပို၍အကျိုးများသည်ဟု ယူဆကြပေသည်။

ရေစက်ချခြင်းသည် ကုသိုလ်ကောင်းမှုများ တိုးပွားဖို့ရာ -

(၁) မိမိ၏ လှူဖွယ်ဝတ္ထုပစ္စည်းများကို နှုတ်ဖြင့်ပေးလှူခြင်း၊

(၂) မိမိအလိုရှိသော ဆုမွန်ကောင်းများကို တောင်းဆိုခြင်း၊

(၃) မိမိပြုပြီးသော ကုသိုလ်များကို သူတစ်ပါးတို့အား အမျှပေးဝေခြင်းဟူသော ဤ(၃)မျိုးကို ပြုလုပ်ခြင်းပင် ဖြစ်ပေသည်။

(၁) မိမိ၏ လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းရာတွင် ရဟန်းတော်များကိုယ်တိုင် လက်ဖြင့်မကိုင်ယူကောင်းသော ရွှေ၊ ငွေများနှင့် ယနေ့ ဘဏ်ပေးဖို့ရာမဟုတ်၊ နောင်နေ့များမှ ဘဏ်ပေးဖို့ရာ

စားဖွယ်ပစ္စည်းများကို နှုတ်ဖြင့်သာ လှူဒါန်းရပေသည်။ မ,ချီ၍ မရနိုင်သော ကျောင်းအဆောက်အအုံ စသည်များကို နှုတ်ဖြင့်ရေစက်ချကာ လှူဒါန်းကြရပေသည်။ ကိုယ်တိုင်လက်ဖြင့် လှူဒါန်းပြီးသော လှူဖွယ်ပစ္စည်းများကိုလည်း ကုသိုလ်ပွားစေရန် နှုတ်ဖြင့်ရေစက်ချကာ ထပ်မံလှူဒါန်းကြရပေသည်။ သို့ဖြစ်၍ နှုတ်ဖြင့်ရေစက်ချကာ လှူဒါန်းခြင်းသည် ကုသိုလ်ကောင်းမှုများ တိုးပွားဖို့ရာဖြစ်သောကြောင့် ပြုသင့်သော ကိစ္စတစ်ရပ်ပင် ဖြစ်သည်။

ရေစက်ချ၍ လှူဒါန်းရာ၌လည်း ရေခွက်မှရေသွန်ချခြင်းက လိုရင်းမဟုတ်ပေ။ စေတနာထက်သန်စွာဖြင့် နှုတ်ကရွတ်ဆိုခြင်းသာ လိုရင်းဖြစ်ပေသည်။

(၂) မိမိအလိုရှိသော ဆုမွန်ကောင်းများကို တောင်းဆိုခြင်းသည် ဘုရားအလောင်းအစရှိသော သူတော်သူမြတ်တို့ ပြုလုပ်အပ်သော ကိစ္စတစ်ရပ်ပင် ဖြစ်ပေသည်။ အရှင်အနုရုဒ္ဓါအလောင်းမြက်ထမ်းသမား ဖြစ်စဉ်ဘဝက ဆွမ်းဒါနပြုပြီး ဖြစ်လေရာဘဝတိုင်းမှာ ဆင်းရဲသားမျိုး၌ မဖြစ်ရလိုပါ၊ မရှိဟူသောစကားကိုလည်း မကြားရ မသိရလိုပါဟု ဆုမွန်ကောင်းတောင်းခြင်းသည် အနုရုဒ္ဓါမင်းသား ဖြစ်လာသောအခါ ပြည့်စုံသွားရပေသည်။ သို့ဖြစ်၍ ဆုမွန်ကောင်းများတောင်းခြင်းသည် အကျိုးရှိနိုင်သောကြောင့် ပြုသင့်သော ကိစ္စတစ်ရပ်ပင် ဖြစ်ပေသည်။

(၃) မိမိပြုပြီးသော ကုသိုလ်များကို သူတစ်ပါးတို့အား အမျှပေးဝေခြင်းသည် မိမိရရှိသော ကုသိုလ်များကို သူတစ်ပါးတို့ ရကြစေရန် ပေးလှူခြင်းပင် ဖြစ်ပေသည်။ လှူဖွယ်ပစ္စည်းပင် မပါသော်လည်း ဒါနပြုခြင်း တစ်မျိုးပင် ဖြစ်ပေသည်။ သာဓုခေါ်ကြသော

သူတစ်ပါးတို့မှာလည်း ကုသိုလ်ကောင်းမှုများ တိုးပွားရရှိသွားကြပေသည်။ သို့ဖြစ်၍ အမျှဝေခြင်းသည် မိမိ သူတစ်ပါး ကုသိုလ်များ တိုးပွားရရှိလာသောကြောင့် ပြုသင့်သော ကိစ္စတစ်ရပ်ပင် ဖြစ်ပေသည်။

ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်အခါက ဒီဗွစက္ခု အာဘိညာဉ်အရာတွင် အမြတ်ဆုံး(တေဒဂ်)ဆုမွန်ကောင်းကို တောင်းခဲ့သော အရှင်အနုရုဒ္ဓါအလောင်းသည် ဂေါတမမြတ်စွာဘုရား မပွင့်မီ အချိန်ကာလ တစ်ခုသောဘဝ၌ သုမနသူဌေးအိမ်တွင် မွီခိုရှိနေရသော အန္နဘာရခေါ် ဆင်းရဲသား မြက်ထမ်းသမား ဖြစ်ခဲ့ရလေသည်။

အန္နဘာရ မြက်ထမ်းသမားသည် တောလမ်းခရီးဖြင့် မြက်ထုံးကိုထမ်းကာ အိမ်သို့ပြန်လာခဲ့ရာ ဥပရိဋ္ဌခေါ် အရှင်ပစ္စေကဗုဒ္ဓသည် နိရောဓသမာပတ်မှထကာ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ၏။ အန္နဘာရ မြက်ထမ်းသမား၏ရှေ့၌ သက်ဆင်းကာ သပိတ်ကိုပိုက်လျက် ဆွမ်းခံကြွတော်မူ၏။ အန္နဘာရသည် အရှင်ပစ္စေကဗုဒ္ဓ၏ အနီးသို့ချဉ်းကပ်၍ သပိတ်ကိုတောင်းယူကာ အိမ်သို့အမြန်ပြန်လာခဲ့လေ၏။

အိမ်သို့ရောက်သောအခါ ဆင်းရဲသူမ ဇနီးမယားအား မိမိအတွက် တစ်ထပ်စာထမင်းကို သပိတ်ထဲ လောင်းလှူဖို့ရာ တိုက်တွန်းပြောကြားလေ၏။ "မိမိတို့မှာ ရေးဘဝများက ဒါနကုသိုလ်ကောင်းမှုနည်းပါးကြသောကြောင့် ယခုလို စားဝတ်နေရေး ခက်ခဲ၍ ဆင်းရဲနွမ်းပါးနေကြခြင်း ဖြစ်ပေသည်။ လှူဒါန်းခြင်း ဒါနပြုဖို့ရာမှာလည်း တစ်ခါတစ်ရံ လှူဖွယ်ပစ္စည်းများ ရှိပါသော်လည်း အလှူခံပုဂ္ဂိုလ်ကို မတွေ့ကြရပေ၊ အလှူခံပုဂ္ဂိုလ်ကို တွေ့ကြရပြန်ပါသော်လည်း လှူဖွယ်ပစ္စည်း မရှိကြ၍ မလှူခဲ့ကြပေ။ ယခုမှာမူ အရှင်ပစ္စေကဗုဒ္ဓ အလှူခံပုဂ္ဂိုလ်ကို တွေ့နေကြရပေသည်၊ တစ်ထပ်စာထမင်းလှူဖွယ်

ပစ္စည်းလည်း အသင့်ရှိနေကြပေပြီ၊ သို့ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းကြပါစို့"ဟု၍ ပြောကြားလေ၏။

ဆင်းရဲသူမ ဇနီးမယားသည် စေတနာ သဒ္ဓါဓာတ်ခံရှိသူလည်း ဖြစ်၊ လင်ယောက်ျား အန္နဘာရ၏ စကားကိုလည်း နစ်သက်သဘော ကျလှသည်ဖြစ်၍ အန္နဘာရအတွက် တစ်ထပ်စာထမင်းဟင်းနှင့် မိမိ၏ တစ်ထပ်စာထမင်းဟင်းတို့ကိုပါ သပိတ်ထဲ အကုန်လောင်းထည့်၍ လှူဒါန်းလိုက်လေ၏။

အန္နဘာရသည် သပိတ်ကိုယူသွားပြီးလျှင် ရှင်ပစ္စေကဗုဒ္ဓအား ဆက်ကပ်လေ၏။ အရှင်ပစ္စေကဗုဒ္ဓ ဆွမ်းဘုဉ်းပေးပြီးသောအခါ "ဤ တစ်ထပ်စာမျှသောဆွမ်းကို လှူဒါန်းရသော ကောင်းမှုကြောင့် နောင် ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ပစ္စည်းရှားပါး ဆင်းရဲသားမျိုးဌ မဖြစ်ရပါလို၏ဘုရား။ မရှိဟူသော စကားကိုလည်း မကြားရ၊ မသိရ ပါလို၏ဘုရား"ဟု ဆုမွန်ကောင်းကို တောင်းလိုက်လေ၏။

အန္နဘာရ၏ ဆွမ်းအလှူသည် -

(၁) အလှူခံပုဂ္ဂိုလ်ကလည်း ပစ္စေကဗုဒ္ဓ ရဟန္တာပုဂ္ဂိုလ်ဖြစ်၏။

(၂) အချိန်ကာလကလည်း နိရောဓသမာပတ်မှ ထသောအခါ ဖြစ်၏။

(၃) လှူဖွယ်ပစ္စည်းကလည်း မြက်ရိတ်၍ တရားသဖြင့်ရသော ပစ္စည်းဖြစ်၏။

(၄) လှူဒါန်းသော စေတနာသုံးတန်ကလည်း ထက်သန်ရှင်လန်းသော စေတနာဖြစ်၏။ သို့ဖြစ်သောကြောင့် ဆင်းရဲသားဘဝမှ သူဌေးဘဝရောက်အောင် အကျိုးပေးမည့် ဆွမ်းအလှူပင် ဖြစ်ပေသည်။

ဤကဲ့သို့ အကျိုးကြီးမြတ်သော တစ်ထပ်စာ ဆွမ်းအလှူ ဖြစ်သောကြောင့်ပင် သုမနသူဌေးအိမ်မှ ထီးစောင့်နတ်က ကျယ်စွာသော အသံဖြင့် သာဓုခေါ်လေ၏။ သုမနသူဌေးက သာဓုခေါ်ရခြင်းအကြောင်းကို မေးသောအခါ အနန္ဒာဘာရ၏ တစ်ထပ်စာ ဆွမ်းအလှူကို တွေသိရ၍ သာဓုခေါ်ခြင်းပင် ဖြစ်ပေသည်ဟု ဆိုလေ၏။

သုမနသူဌေးက နေ့စဉ် မိမိလှူဒါန်းနေသော အလှူများကိုတော့ သာဓုမခေါ်ပါဘဲ အဘယ်ကြောင့် အနန္ဒာဘာရ၏ တစ်ထပ်စာ ဆွမ်းအလှူကိုသာ သာဓုခေါ်ရပါသနည်းဟု မေးပြန်ရာ အလွန်အကျိုးကြီးမားသော အလှူဖြစ်၍ သာဓုခေါ်ရပါသည်ဟု ဖြေဆိုလေ၏။ ထိုစကားကို ကြားရသော သုမနသူဌေးသည် အနန္ဒာဘာရ၏ တစ်ထပ်စာဆွမ်းအလှူကို ရောင်းပါ။ ငွေတစ်ကျပ် ပေးပါမည်ဟု တစ်ကျပ်ဖြင့် ဝယ်၏။ အနန္ဒာဘာရက "မရောင်းနိုင်"ဟု ဆိုလေ၏။ နှစ်ကျပ်မှစ၍ တစ်ထောင်ထိအောင် တိုး၍တိုး၍ပေးကာ ဝယ်လေ၏။ အနန္ဒာဘာရက မရောင်းနိုင်ဟု ဆိုသဖြင့် မရောင်းနိုင်လျှင် အမျှဝေပါ။ သာဓုခေါ်ပါရစေဟု တောင်းပန်လေ၏။

အနန္ဒာဘာရသည် အရှင်ပစ္စေကဗုဒ္ဓထံသွား၍ ကုသိုလ်ကို အမျှပေးဝေသင့်၊ မပေးဝေသင့် လျှောက်ထားလေ၏။ အရှင်ပစ္စေကဗုဒ္ဓက "အနန္ဒာဘာရ အိမ်ခြေတစ်ရာ ရှိသောရွာ၌ အိမ်တစ်အိမ်တွင် ညှိထွန်းထားသော မီးရှိလေ၏။ ကျန်(၉၉)အိမ်မှ လူတို့သည် ထိုအိမ်သို့ လာရောက်၍ မီးကို ညှိထွန်းယူကြကုန်၏။ ထိုသို့ ညှိထွန်းကြရာတွင် ပထမအိမ်၌ ညှိထွန်းထားသော မီးသည်လည်း မကုန်မလျော့ပါဘဲ လာညှိထွန်းကြသော (၉၉)အိမ်တို့၌လည်း မီးအလင်းရောင်များ တိုးပွားသွားသကဲ့သို့ သင်အမျှဝေလိုက်လျှင် သင့်မှာ ကုသိုလ်များ မကုန်မလျော့သွားပါဘဲ သာဓုခေါ်သူများမှာလည်း ကုသိုလ်များ တိုးပွားရရှိသွားကြပေသည်"ဟု မိန့်ကြားတော်မူလိုက်လေ၏။

အန္ဓဘာရသည် အိမ်သို့ပြန်လာပြီး သုမနသူဌေးအား ကုသိုလ်ကို အမျှပေးဝေလေ၏။ သုမနသူဌေးက အန္ဓဘာရကို ငွေတစ်ထောင်ကိုလည်းပေး၏။ လိုအပ်သော အသုံးအဆောင်ပစ္စည်းများကိုလည်းပေးမည်ဟုဆိုကာ မင်းကြီးထံသို့ ခေါ်သွားလေ၏။ မင်းကြီးကလည်း ငွေတစ်ထောင် ထပ်၍ပေးလေ၏။ အိမ်ဆောက်ဖို့ရန် မြေနေရာကိုလည်းပေးလေ၏။ အိမ်ဆောက်ရန် မြေနေရာကို သုတ်သင်ရှင်းလင်းကြရာတွင် ရွှေအိုးကြီးများ ပေါ်ထွက်လာ၍ သူဌေးကြီးဖြစ်သွားရလေတော့၏။

(အံ-ဌ-၁/၁၄၆)

ဆောင်ပုဒ်။ ။ ကုသိုလ်ဟွားစေ၊ အမျှဝေ၊ မိန့်လေပစ္စေကာ။
မီးလိုဟွားကာ၊ မျှဝေတာ၊ မှန်စွာကျိုးများသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

စားတတ်ပါက ကုသိုလ်ရ

အသိဉာဏ်ပြည့်ဝ၍ တရားဓမ္မကို အလေးပြုကြသော ပုဂ္ဂိုလ်တို့သည် အကုသိုလ်များကိုတော့ ကင်းနိုင်သမျှကင်းအောင် နေလိုကြပေသည်။ ကုသိုလ်များကိုတော့ ရနိုင်သမျှရအောင် ပြုလုပ်လိုကြပေသည်။ အရာရာမှာပင် ကုသိုလ်ဖြစ်အောင် နေလိုကြပေသည်။ စားဖွယ်သောက်ဖွယ်များ မှီဝဲသုံးဆောင်ရာ၌ပင် ကုသိုလ်ရလိုကြပေသည်။ ကုသိုလ်ရအောင် စားလိုကြပေသည်။

စား၊ ဝတ်၊ နေရေး (၃)မျိုးတို့တွင် စားရေးသည် နေ့စဉ်နှင့် အမျှ ဖန်တီးရသည်ဖြစ်၍ ဝတ်ရေး၊ နေရေးတို့ထက် ပို၍အရေးကြီးလှပေသည်။ စားသုံးသောအခါမှာလည်း ဆင်ခြင်နှလုံးသွင်းမှု မရှိပါက ကောင်းသောစားဖွယ်တို့ကို မှီဝဲသုံးဆောင်ရသောအခါ တပ်မက်ခြင်း လောဘ၊ မကောင်းသော စားဖွယ်တို့ကို မှီဝဲသုံးဆောင်ရသောအခါ စိတ်နှလုံးမသာယာခြင်း ဒေါမနဿ၊ ဒေါသတို့ ဖြစ်ကြရပေသည်။ အစားကို အမှီပြု၍ နေ့စဉ်နှင့်အမျှ လောဘ၊ ဒေါသ အကုသိုလ်တို့ကို ပွားများနေသကဲ့သို့ ဖြစ်ကြရပေသည်။ သို့ဖြစ်၍ တရားဓမ္မနှင့် ကုသိုလ်ရရှိရေးကို အလေးပြုကြသော ပုဂ္ဂိုလ်တို့သည် ကုသိုလ်ဖြစ်အောင် စားကြရပေသည်။

ကုသိုလ်ဖြစ်အောင် စားခြင်းမှာ (၃)မျိုးရှိပါသည်။

(၁) သီလဖြင့် စားခြင်း။
(၂) သမထဖြင့် စားခြင်း။
(၃) ဝိပဿနာဖြင့် စားခြင်းဟူ၍ (၃)မျိုးရှိပါသည်။

(၁) သီလဖြင့် စားခြင်းဟူသည် - စားဖွယ်သောက်ဖွယ်များ စားသောက်ရာတွင် ဤစားဖွယ်သောက်ဖွယ်များကို စားသောက်ရခြင်းသည် ကလေးသူငယ်များကဲ့သို့ မြူးတူးပျော်ပါး ကစားဖို့ရာ စားသည်မဟုတ်၊ အရေအဆင်း လှပတင့်တယ်ဖို့ရာ စားသည်မဟုတ်၊ အားမာန်တွေ တက်ကြွလာဖို့ရာ စားသည်မဟုတ်၊ ဤခန္ဓာကိုယ် မှုန်ကြုတတရှိဖို့ရာ၊ ကျန်းကျန်းမာမာရှိဖို့ရာ၊ ဘာသာသာသနာအတွက် မိမိသူတစ်ပါးအတွက် အကျိုးရှိရာများကို ဆောင်ရွက်နိုင်ဖို့ရာ၊ အကျင့်ကောင်း အကျင့်မြတ်များကို ကျင့်ကြံအားထုတ်နိုင်ဖို့ရာ စားခြင်းဖြစ်သည်ဟု ပညာဖြင့် နှလုံးသွင်းဆင်ခြင်၍ စားသုံးပါက သီလဖြင့်စားသုံးခြင်း ဖြစ်ပေသည်။ စားဖွယ်ပစ္စည်းကို အမှီပြု၍ဖြစ်သော သီလကုသိုလ်များကို ရရှိပါသည်။

ဆောင်ပုဒ်။ ။ ကျင့်နိုင်ဖို့ရာ၊ ဆင်ခြင်ကာ၊ စားတာသီလမည်။

(၂) သမထဖြင့် စားခြင်းဟူသည် - စားဖွယ်သောက်ဖွယ်များ စားသောက်ရာတွင် ဤစားဖွယ်သောက်ဖွယ်များကို ချက်ပြုတ်စီမံကြသော ပုဂ္ဂိုလ်များ၊ ကျွေးမွေးထောက်ပံ့ခဲ့ဖူးသော မိဘဆရာသမားများ၊ လာရောက်လှူဒါန်းကြသော အလှူရှင်များမှစ၍ အရပ်ဆယ်မျက်နှာရှိ အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟူ၍ မေတ္တာပွားကာ စားသုံးပါက သမထဖြင့်စားခြင်း ဖြစ်ပေသည်။ မေတ္တာပွားများကာ စားခြင်းဖြင့် သမထကုသိုလ်များကို ရရှိပါသည်။

ဆောင်ပုဒ်။ ။ မေတ္တာပွားကာ၊ စားသုံးတာ၊ မှန်စွာသမထမည်။

(၃) ဝိပဿနာဖြင့် စားခြင်းဟူသည် - စားဖွယ်သောက်ဖွယ်များကို မြင်ရသောအခါမှစ၍ စားသောက်သော အမှုအရာများကို ရှုမှတ်၍ စားခြင်းပင် ဖြစ်ပေသည်။

စားဖွယ်သောက်ဖွယ်များကို မြင်ရသောအခါ မြင်တယ်၊ မြင်တယ်ဟု မြင်ကာမျှမတ္တမှာ တည်အောင် ရှုမှတ်ရပါသည်။ ထမင်းပွဲဆီသို့ လက်လှမ်းတော့ လှမ်းတယ် လှမ်းတယ်၊ ထမင်းနှင့်လက်နှင့် ထိတော့ ထိတယ် ထိတယ်၊ ထမင်းလုတ်ကိုပြင်တော့ ပြင်တယ် ပြင်တယ်၊ ထမင်းလုတ်ကိုယူတော့ ယူတယ် ယူတယ်၊ ခေါင်းငုံ့တော့ ငုံ့တယ် ငုံ့တယ်၊ ထမင်းလုတ်ကိုခွဲ့တော့ ခွဲ့တယ် ခွဲ့တယ်၊ ခေါင်းပြန်ထူတော့ ထူတယ် ထူတယ်၊ ဝါးတော့ ဝါးတယ် ဝါးတယ်၊ အရသာကိုသိတော့ သိတယ် သိတယ်၊ မျိုလိုက်တော့ မျိုတယ် မျိုတယ်ဟူ၍ စားသောအမှုအရာများကို ရှုမှတ်၍ စားသုံးပါက ဝိပဿနာဖြင့် စားခြင်း ဖြစ်ပေသည်။ ဝိပဿနာကုသိုလ်များကို ရရှိပါသည်။

ဆောင်ပုဒ်။ ။ စားသုံးမှုရာ၊ ရှုမှတ်ကာ၊ စားတာဝိပသ်မည်။

ဤသို့ ဝိပဿနာဖြင့်စားခြင်းသည် ရှုမှတ်ခါစတွင် ရှုမှတ်လို့ မရ၊ လွတ်လွတ်သွားသည်ကပင် များပါသည်။ နောင်ရှုမှတ်ဖန်များ၍ အလေ့အကျင့်ရလာသောအခါ အားလုံးကိုပင် ရှုမှတ်လို့ ရလာတတ်ပါသည်။ ရှုမှတ်ခါစမှာ ထင်ရှားသော အမှုအရာတစ်ခုခုကို အဓိကထား၍ ရှုမှတ်ရပါသည်။ ထမင်းပွဲဆီသို့ လက်လှမ်းတဲ့ အမှုအရာကို ဖြစ်စေ၊ ခေါင်းငုံ့တဲ့ အမှုအရာကိုဖြစ်စေ၊ ဝါးတဲ့ အမှုအရာကိုဖြစ်စေ တစ်ခုခုကို အဓိကထား၍ ရှုမှတ်ရပါသည်။ တစ်ခုခုကို ရှုမှတ်လို့ ရလာပါက နောင်တဖြည်းဖြည်း အားလုံးကိုပင် ရှုမှတ်လို့ ရလာတတ်ပါသည်။

ရှုမှတ်၍ သမာဓိဉာဏ်များ အသင့်အတင့် ဖြစ်လာသောအခါ စားသောက်သော ကိုယ်အမှုအရာ(ရုပ်)က တခြား၊ မှတ်သိမှု(နာမ်)က တခြားဟု ကွဲပြားပြီး သိလာကြပေသည်။ ထို့နောက် သမာဓိဉာဏ်များ အဆင့်ဆင့် ရင့်ကျက်ထက်သန်လာသောအခါ စားချင်သောစိတ်နှင့် စားသောကိုယ်အမှုအရာများ အဆင့်ဆင့် ဖြစ်ပျက်နေကြသည်ကို ကိုယ်တိုင် တွေ့သိကြရမည် ဖြစ်ပေသည်။ စားရင်းပင် ဝိပဿနာကုသိုလ်များ ရနေကြပေသည်။ ပါရမီ ရင့်ကျက်ပြီးသော ပုဂ္ဂိုလ်များမှာ စားရင်းပင် တရားထူးတရားမြတ်များ ရရှိခဲ့ကြဖူးပါသည်။

ရှေးအခါက ဦးရီးတော်ဖြစ်သူ ဥပဇ္ဈာယ် မဟာသံဃရက္ခိတ ဆရာတော်နှင့် တူဖြစ်သူ သံဃရက္ခိတသာမဏေတို့ တစ်ကျောင်းတည်းမှာ အတူနေကြ၏။ သာမဏေငယ်သည် နံနက်ရုစ်နာရီခွဲ ကိုးနာရီခန့်အချိန်တွင် အိမ်စဉ်လှည့်လည်၍ ဆွမ်းခံကြွလေ၏။ ကျောင်းသို့ ပြန်ရောက်သောအခါ ဆယ်နာရီခွဲ ဆယ့်တစ်နာရီခန့်အချိန်တွင် ဆွမ်းစားလေ၏။ သာမဏေ ဆွမ်းစားနေသောအခါ ဦးရီးတော် မဟာသံဃရက္ခိတဆရာတော် ကြွလာ၍ သြဝါဒစကား မိန့်ကြားတော်မူ၏။

"သာမဏေ ... သင့်လျှာကို ဆွမ်းပူဟင်းပူများ မလောင်စေလင့်"ဟူ၍ သြဝါဒစကား မိန့်ကြားတော်မူ၏။ အိမ်စဉ်လှည့်လည်၍ ခံယူခဲ့သော ဆွမ်းဟင်းတို့သည် ဆယ်နာရီခွဲ ဆယ့်တစ်နာရီခန့်အချိန်မှာ အပူရှိန်မရှိ၊ လုံးဝအေးနေသည်ကို သိတော်မူပါလျက် ဆွမ်းပူဟင်းပူများ လျှာကိုမလောင်စေလင့်ဟူ၍ သြဝါဒစကား မိန့်ကြားတော်မူခြင်းသည် ပကတိသော ဆွမ်းပူဟင်းပူများကို ဆိုလိုရင်းမဟုတ်၊ လောဘ၊ ဒေါသ ဆွမ်းပူဟင်းပူများ မလောင်စေလင့်ဟူ၍ ဆိုလိုရင်း ဖြစ်သည်ဟု သာမဏေသိသဖြင့် ရှုမှတ်ကာ စားလေ၏။

ကောင်းမြတ်သော ဆွမ်းဟင်းများကို မှီဝဲသုံးဆောင်ရသောအခါ ရှုမှတ်မှု၊ နလုံးသွင်းဆင်ခြင်မှုများ မရှိပါက အာဟာရ၌ တပ်မက်သော ရသတဏှာ လောဘဖြစ်၏။ ယုတ်ညံ့သော ဆွမ်းဟင်းများကို မှီဝဲသုံးဆောင်ရသောအခါ စိတ်နလုံးမသာယာမှု ဒေါမနဿ၊ ဒေါသဖြစ်၏။ လောဘ၊ ဒေါသ ဆွမ်းပူဟင်းပူများ လျှာကိုလောင်၏။ ယင်းကဲ့သို့ မလောင်စေရအောင် သာမဏေဝယ်သည် ရှုမှတ်မှုဖြင့် မှီဝဲသုံးဆောင်လေ၏။

ဤကဲ့သို့ ရှုမှတ်၍ မှီဝဲသုံးဆောင်ခြင်းကြောင့် ဆွမ်းစားနေဆဲမှာပင် ရဟန္တာဖြစ်တော်မူသွားလေ၏။

ဆောင်ပုဒ်။ ။ ဝိပဿနာရှုကာ၊ စားရင်းမှာ၊ ရဟန္တာဖြစ်လေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အပြစ်ကင်းတာ လွန်ချမ်းသာ

တစ်နေ့သဋ္ဌ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ အနာထပိဏ်သူဌေးကြီး ရောက်လာ၏။ မြတ်စွာဘုရားကို ရှိခိုးဦးချကာ သင့်တော်သောနေရာ၌ ထိုင်နေလေ၏။ ထိုအခါ မြတ်စွာဘုရားက "အနာထပိဏ်သူဌေးကြီး ... လူဘောင်လူလောကဌ နေကြသော ပုဂ္ဂိုလ်တို့သည် ချမ်းသာ(၄)မျိုးကို ရရှိနိုင်ကြပေသည်"ဟု မိန့်ကြားတော်မူပါသည်။

(၁) အတ္ထိသုခ = စီးပွားဥစ္စာရှိခြင်းချမ်းသာ၊
(၂) ဘောဂသုခ = သုံးဆောင်ခြင်းချမ်းသာ၊
(၃) အာနဏျသုခ = ကြွေးမြီကင်းခြင်းချမ်းသာ၊
(၄) အနဝဇ္ဇသုခ = အပြစ်ကင်းခြင်းချမ်းသာဟူသော ဤချမ်းသာ(၄)မျိုးကို မိန့်ကြားတော်မူပါသည်။

(အံ-၁/၃၀၁)

(၁) လူဘောင်လူလောကဌ နေကြသော ပုဂ္ဂိုလ်တို့သည် စီးပွားဥစ္စာ မရှိပါက ယခုစားဝတ်နေရေးအတွက်လည်း ပူပန်ဆင်းရဲရ၏။ နောင်အခါ စားဝတ်နေရေးအတွက်လည်း မျှော်တွေး၍ ပူပန်ဆင်းရဲရ၏။ မတရားသောနည်းဖြင့် စီးပွားဥစ္စာ ရှာဖွေပြန်လျှင်လည်း ရရှိလာသော စီးပွားဥစ္စာကြောင့် အပြစ်ဒဏ်သင့်လာမည်ကိုလည်း တွေးတော၍ ပူပန်ဆင်းရဲရ၏။

တရားသဖြင့်ရှာဖွေ၍ စီးပွားဥစ္စာရှိသောပုဂ္ဂိုလ်တို့သည် စီးပွားဥစ္စာတို့ဖြင့် မိမိကိုလည်း ချမ်းသာစေ၏။ မိမိနှင့် အတူတကွနေကြသော မိဘများနှင့် သားသမီးများကိုလည်း ချမ်းသာစေ၏။ အလုပ်သမားများနှင့် မိတ်ဆွေသင်္ဂဟများကိုလည်း ချမ်းသာစေ၏။ ရဟန်းသံဃာစသော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းရ၍လည်း ချမ်းသာခြင်း အကျိုးကို ဖြစ်စေသည်။

သို့ဖြစ်၍ မိမိ၏ ကိုယ်အားဉာဏ်အား တရားသောနည်းလမ်းများဖြင့် ရှာဖွေ၍ ရရှိလာသော စီးပွားဥစ္စာရှိခြင်းသည် လူဘောင်လူလောကဌ် နေကြသော ပုဂ္ဂိုလ်တို့၏ ချမ်းသာခြင်းတစ်မျိုးပင် ဖြစ်သည်ဟု မိန့်ကြားတော်မူခြင်း ဖြစ်ပါသည်။

ဆောင်ပုဒ် ။ ။ ဥစ္စာစီးပွား။ ရှိခြင်းကား၊ တစ်ပါးချမ်းသာမည်။

(၂) တရားသဖြင့် စီးပွားဥစ္စာရအောင် မရှာဖွေသော ပုဂ္ဂိုလ်တို့သည် စားဝတ်နေရေးတို့၌ မိမိကိုယ်တိုင်လည်း အလိုရှိတိုင်း မသုံးဆောင်ရသောကြောင့် ဆင်းရဲရ၏။ မိမိ၏ကို မှီ၍နေကြသော မိဘများ၊ သားသမီးများ၊ ဆွေမျိုးများ၊ အလုပ်သမားများလည်း အလိုရှိတိုင်း မသုံးဆောင်ကြရ၍ ဆင်းရဲကြ၏။ မိမိထံရောက်လာသော အလှူခံပုဂ္ဂိုလ်များကိုလည်း မလှူဒါန်းရသောကြောင့် ဆင်းရဲရ၏။

တရားသဖြင့်ရှာဖွေ၍ စီးပွားဥစ္စာရှိသော ပုဂ္ဂိုလ်တို့သည် စားဖွယ်သောက်ဖွယ်၊ အဝတ်အထည် စသည်များကို ခွဲခြားဝေဖန်၍ မိဘများ၊ ဆွေမျိုးများ၊ အလုပ်သမားများနှင့် အတူတကွ အလိုရှိတိုင်း မှီဝဲသုံးဆောင်ရသောကြောင့် ချမ်းသာရ၏။ ရဟန်းသံဃာစသော အလှူခံပုဂ္ဂိုလ်များကို ခွဲဝေလှူဒါန်းရသောကြောင့်လည်း ချမ်းသာ၏။

သို့ဖြစ်၍ ခွဲဝေသုံးဆောင်ရခြင်း၊ လှူဒါန်းရခြင်းသည် လူဘောင် လူလောကဌ် နေကြသော ပုဂ္ဂိုလ်တို့၏ ချမ်းသာခြင်းတစ်မျိုးပင် ဖြစ်သည်ဟု မိန့်ကြားတော်မူခြင်း ဖြစ်ပါသည်။

ဆောင်ပုဒ် ။ ။ သုံးဆောင်ခံစား၊ လှူဒါန်းကြား၊
တစ်ပါးချမ်းသာမည်။

တရားသဖြင့် ရှာဖွေရရှိသော စီးပွားဥစ္စာကို မြတ်စွာဘုရား တရားတော်အရ (၄)ပုံ ခွဲဝေရပါသည်။ တစ်ပုံကို မိဘများ၊ သား သမီးများ၊ မိတ်ဆွေသင်္ဂဟများ၊ အလှူခံပုဂ္ဂိုလ်များနှင့် ဝေဖန်၍ သုံး ဆောင်ရပါသည်။ နှစ်ပုံကို အလုပ်အကိုင် အရင်းအနှီးထဲသို့ ပြန် ထည့်ရပါသည်။ တစ်ပုံကို ဘေးရန်အန္တရာယ်တို့ ကျရောက်သောအခါ ကာကွယ်ဖို့ရန် မြှုပ်နှံသိမ်းဆည်းထားကြရပါသည်။

(၃) တရားသဖြင့် စီးပွားဥစ္စာရအောင် မရှာဖွေသောကြောင့် မွဲသူ တို့သည် -
- (က) အကြွေးယူရလောက်အောင် ပစ္စည်းဥစ္စာမွဲသူ ဖြစ်ရခြင်း သည်လည်း ဆင်းရဲခြင်းတစ်မျိုးပင် ဖြစ်သည်။
- (ခ) ကြွေးယူရခြင်းသည်လည်း ဆင်းရဲခြင်းတစ်မျိုးပင် ဖြစ်၏။
- (ဂ) အကြွေးပေးဆပ်ပါမည်ဟု ဝန်ခံရခြင်းသည်လည်း ဆင်းရဲ ခြင်းတစ်မျိုးပင် ဖြစ်၏။
- (ဃ) ကြွေးတောင်းခံရခြင်းသည်လည်း ဆင်းရဲခြင်းတစ်မျိုးပင် ဖြစ်၏။
- (င) ကြွေးရှင်တို့ အလိုက်ခံရခြင်းသည်လည်း ဆင်းရဲခြင်း တစ်မျိုးပင် ဖြစ်၏။
- (စ) ကြွေးမဆပ်နိုင်၍ အချုပ်အနှောင်ခံရခြင်းသည်လည်း ဆင်းရဲခြင်းတစ်မျိုးပင် ဖြစ်၏။

ဤကဲ့သို့ ကြွေးမြီရှိသူတို့သည် စိတ်နလုံးပူပန်ရခြင်းစသော ဆင်းရဲခြင်းအမျိုးမျိုး ဖြစ်ကြရပေသည်။

တရားသဖြင့် စီးပွားဥစ္စာရအောင် ရှာဖွေသောကြောင့် ကြွေးမြီကင်းသော ပုဂ္ဂိုလ်တို့သည် ကြွေးယူရခြင်းဆင်းရဲ၊ အတိုးပေးဆပ်ပါမည်ဟု ဝန်ခံရခြင်းဆင်းရဲ၊ ကြွေးတောင်းခံရခြင်းဆင်းရဲ၊ ကြွေးရှင်တို့ အလိုက်ခံရခြင်းဆင်းရဲ၊ ကြွေးမဆပ်နိုင်၍ အချုပ်အနှောင်ခံရခြင်းဆင်းရဲတို့မှ ကင်းလွတ်ရ၍ ချမ်းသာစွာ နေကြရကုန်၏။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရကုန်၏။

သို့ဖြစ်၍ ကြွေးမြီကင်းခြင်းသည် လူဘောင်လူလောကတွင် နေကြကုန်သော ပုဂ္ဂိုလ်တို့၏ ချမ်းသာခြင်းတစ်မျိုးပင် ဖြစ်သည်ဟု မိန့်ကြားတော်မူခြင်း ဖြစ်ပါသည်။

ဆောင်ပုဒ် ။ ။ ကြွေးမြီကင်းခြား၊ ဝမ်းမြောက်ပွား၊
တစ်ပါးချမ်းသာမည်။

(၄) အပြစ်ကင်းခြင်းချမ်းသာဟူသည် -
(က) ကိုယ်၌ အပြစ်ကင်းခြင်း။
(ခ) နှုတ်၌ အပြစ်ကင်းခြင်း။
(ဂ) စိတ်၌ အပြစ်ကင်းခြင်းဖြစ်၍ ချမ်းသာခြင်းပင် ဖြစ်ပေသည်။

(က) ကိုယ်၌ အပြစ်ကင်းခြင်းသည် - ကိုယ်ဖြင့် သူအသက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးခြင်း၊ ကာမဂုဏ်တို့၌ မှောက်မှားခြင်းဖြင့် သူတစ်ပါးသားသမီး၊ သားမယားတို့ကို မလွန်ကျူး မဖျက်ဆီးခြင်းတို့သည် ကိုယ်၌ အပြစ်ကင်းခြင်းပင် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ သူ့အသက်သတ်၊ သက်တိုတတ်၊
မသတ်အသက်ရှည်၊
ခိုးယူတတ်ငြား၊ ပစ္စည်းရှား၊ မခိုးပေါ်များသည်။
ကာမဂုဏ်မှား၊ လူမှုန်းများ၊ မမှားချစ်ခင်သည်။

ဟူသည်နှင့်အညီ ယခုဘဝမှာလည်း အသက်ရှည်ခြင်း၊ အနာရောဂါ ကင်းခြင်း၊ ပစ္စည်းဥစ္စာ ပေါများခြင်း၊ သူတစ်ပါးတို့ ချစ်ခင်ကြည်ညိုကြခြင်း အစရှိသော အကျိုးများကို ရရှိသောကြောင့် ချမ်းသာကြရပေသည်။ နောင်သံသရာဘဝမှာလည်း စည်းစိမ်ချမ်းသာများ ပြည့်စုံကြွယ်ဝသည့် နတ်ပြည် အစရှိသော ကောင်းမြတ်ရာ သုဂတိဘုံဘဝများသို့ ရောက်ကြရသောကြောင့်လည်း ချမ်းသာကြရပေသည်။

(ခ) နှုတ်၌ အပြစ်ကင်းခြင်းဟူသည် - နှုတ်ဖြင့် လိမ်ညာ၍ မပြောခြင်း၊ အချစ်ပျက်အောင် ကုန်းတိုက်၍ မပြောခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်း၍ မပြောခြင်း၊ အကျိုးမရှိသည့် သိမ်ဖျင်းသောစကားကို မပြောခြင်းတို့သည် နှုတ်၌ အပြစ်ကင်းခြင်းတို့ပင် ဖြစ်ပေသည်။

လူတို့သည် နေ့စဉ်နှင့်အမျှ အကြောင်းအားလျော်စွာ စကားပြောနေကြရသောကြောင့် ကိုယ်၌ အပြစ်ကင်းအောင် နေနိုင်ဖို့ထက် နှုတ်၌ အပြစ်ကင်းအောင် နေနိုင်ဖို့က ပို၍ခက်ကြပေသည်။ တစ်ရံတစ်ခါ မုသားစကား ပြောဆိုဖို့ရာ ကြုံလာတတ်ကြပေသည်။ တစ်ရံတစ်ခါ အချစ်ပျက်စေသောစကားကို ပြောဆိုဖို့ရာ ကြုံလာတတ်ကြပေသည်။ တစ်ရံတစ်ခါ ကြမ်းတမ်းသောစကားကို ပြောဆိုဖို့ရာ ကြုံလာတတ်ကြပေသည်။ တစ်ရံတစ်ခါ အကျိုးမရှိသော အဖျင်းစကားကို ပြောဆိုဖို့ရာ ကြုံလာတတ်ကြပေသည်။ သို့ဖြစ်၍ နှုတ်၌ အပြစ်ကင်းအောင် နေနိုင်ဖို့က ပို၍ခက်ကြပေသည်။

မိသားစုများ။ ဆရာတပည့်များ အတူတကွ နေထိုင်ကြရာတွင် ကြမ်းတမ်းစွာ ပြောဆိုခြင်း ဖရာသဝါစာ မဖြစ်အောင် အထူးသတိပြု ကြရပေသည်။ တစ်ရံတစ်ခါ ဆရာသမား မိဘများက မလိမ္မာသော တပည့်များ၊ သားသမီးများကို ယဉ်ကျေးလိမ္မာစေလိုသောကြောင့် ခပ်ကြမ်းကြမ်းလည်း ပြောကြရပေသည်။ ယင်းကဲ့သို့ ခပ်ကြမ်းကြမ်း ပြောတိုင်းလည်း ဖရာသဝါစာ မဖြစ်ကြပေ။ စိတ်စေတနာကြမ်းမှသာ ဖရာသဝါစာ ဖြစ်ကြပေသည်။

နှုတ်ထွက်ကပင် ချိုသာသော်လည်း စိတ်စေတနာ ကြမ်းတမ်း ပါက ဖရာသဝါစာ ဖြစ်၏။

အခါတစ်ပါး တိုင်းပြည်အုပ်ချုပ်သော မင်းကြီးသည် မင်းသား များ၊ အမတ်ကြီးများနှင့် ညီလာခံ ကျင်းပနေ၏။ ထိုအချိန်၌ တိုင်းပြည် ပုန်ကန်နေသည့် အလွန်ဆိုးသွမ်းသော သူပုန်လူဆိုးတစ်ယောက်ကို ရဲအာဏာသားများက ဖမ်းဆီးလို့ မိလာတဲ့အကြောင်း မင်းကြီးထံ တင် လျှောက်ကြလေ၏။

မင်းကြီးက အလွန်ဂုဏ်သရေရှိကြသော မင်းသားများ၊ အမတ် ကြီးများ ရှေ့မှောက်တွင် ကြမ်းတမ်းသောစကားများကို မပြောသင့် ၍ "ဤသူပုန်လူဆိုးကို တောထဲခေါ်သွားပြီး ချမ်းသာစွာ အိပ်စေလိုက် ပါ"ဟု ပြောဆိုကာ အမိန့်ပေးသောစကားသည် နှုတ်ထွက်ကပင် ချို သာသော်လည်း စိတ်စေတနာက သေစေလိုသောကြောင့် ကြမ်းတမ်း သော ဖရာသဝါစာ ဖြစ်ပေသည်။

နှုတ်ထွက်စကားပင် ကြမ်းတမ်းသော်လည်း စိတ်စေတနာ မကြမ်းပါက ဖရာသဝါစာအပြစ်မှ လွတ်၏။

ရှေးအခါက တစ်အိမ်တည်း၌ သားနှင့်အမိ အတူတကွ နေ ကြသည်။ စိတ်သဘောထားချင်း မတူကြသဖြင့် သားနှင့်အမိ မကြာ ခဏ ခိုက်ရန်ဖြစ်ကြ၏။ သားဖြစ်သူက "ဤမျှကြမ်းတမ်းသော မိခင် နှင့်အတူ နေလို့မဖြစ်ပြီ၊ ဤအိမ်မှ ထွက်သွားတော့မည်၊ အရပ်တစ်ပါး ၌ သွားရောက်နေထိုင်မည်"ဟုဆိုကာ အိမ်မှထွက်လေ၏။

မိခင်ဖြစ်သူက မသွားစေလိုသောကြောင့် "သင်သွားရင် သွား သည့်လမ်းမှ တောထဲက ကျွဲရိုင်းမ ဝေ့ခတ်၍ သေလိမ့်မည်၊ သေပါ စေ"ဟု ကျိန်စာတိုက်ကာ ကြမ်းတမ်းစွာ ပြောဆိုလေ၏။

သားဖြစ်သူက နားမထောင်ဘဲ တောလမ်းခရီးဖြင့် သွားလေ ၏။ မိခင်ဖြစ်သူက ပြောဆိုလိုက်သည့်အတိုင်းပင် ကျွဲရိုင်းမကြီးသည် အဟုန်ပြင်းစွာဖြင့် အနီးသို့ ရောက်လာလေ၏။ ရှောင်တိမ်း၍ မလွတ် နိုင်တော့သည်ကို သိသဖြင့် "မိခင်၏ ကျွဲခတ်ပါစေဟူသော စကား သည် နှုတ်ကသာပြော၍ စိတ်စေတနာမပါခဲ့လျှင် မခတ်ပါစေသတည်း၊ စိတ်စေတနာပါခဲ့လျှင် ခတ်ပါစေသတည်း"ဟု သစ္စာအဓิฐာန်ပြုလေ ၏။ ကျွဲရိုင်းမသည် ခတ်ရမည့်သူကို မမြင်တော့သကဲ့သို့ အရပ်တစ်ပါး သို့ ထွက်သွားလေ၏။

ဤမိခင်၏စကားကဲ့သို့ နှုတ်ထွက်ကသာကြမ်း၍ စိတ်စေတနာ က မကြမ်းတမ်းသော စကားမျိုးသည် ဖရာသဝါစာမဖြစ်၊ ဖရာသဝါစာ အပြစ်မှ လွတ်၏။

နှုတ်၌ အပြစ်ကင်းအောင် စကားပြောလိုကြသော ပုဂ္ဂိုလ်တို့ သည် စကားကောင်းအင်္ဂါ(၅)ပါးနှင့် ပြည့်စုံအောင် ပြောကြရပေသည်။

စကားကောင်းအင်္ဂါ(၅)ပါး

(၁) ပြောသင့်သောအချိန်အခါကို ကြည့်၍ ပြောခြင်း။
(၂) မှသားမပါ၊ မှန်ကန်သောစကားကို ပြောခြင်း။
(၃) သိမ်မွေ့သော စကားအသုံးအနှုန်းတို့ဖြင့် ပြောခြင်း။
(၄) အကျိုးရှိသောစကားကို ပြောခြင်း။
(၅) မေတ္တာစိတ်ဖြင့် ပြောဆိုခြင်း။

ဤအင်္ဂါ(၅)ပါးနှင့် ပြည့်စုံသောစကားသည် စကားကောင်းအင်္ဂါနှင့် ပြည့်စုံသည်ဖြစ်၍ နှုတ်၌ အပြစ်ကင်းသောကြောင့် ကုသိုလ်ရကြပါသည်။ ကောင်းကျိုးချမ်းသာများလည်း ရကြပါသည်။

(အံ-၂/၂၁၃)

နှုတ်၌ အပြစ်ကင်း၍ သီလစင်ကြယ်သော ပုဂ္ဂိုလ်တို့သည် -
(၁) ပစ္စည်းဥစ္စာ ရှာဖွေရလွယ်ခြင်း။
(၂) ကောင်းသောဂုဏ်သတင်းတို့ဖြင့် ကျော်ကြားခြင်း။
(၃) ပွဲနေပွဲထိုင် ပရိသတ်အမျိုးမျိုးသို့ ဝင်ရောက်နိုင်ခြင်း။
(၄) သေခါနီးမှာ ကောင်းသောအာရုံနိမိတ်များ ထင်ကာ မတွေ့မဝေ သေရခြင်း။
(၅) သေပြီးကာလ နောင်ဘဝများ၌ နတ်ပြည်သို့ ရောက်ရခြင်းတို့ကြောင့် ယခုဘဝမှာလည်း ချမ်းသာကြရပေသည်။ နောင်ဘဝများမှာလည်း ချမ်းသာကြရပေသည်။

(အံ-၂/၂၂၁)

(ဂ) စိတ်၌ အပြစ်ကင်းခြင်းဟူသည် -
(၁) သူတစ်ပါး၏ စည်းစိမ်ဥစ္စာကို ကိုယ့်စည်းစိမ်ဥစ္စာ ဖြစ်လာရအောင် မတရားသောနည်းဖြင့် ယူဖို့ရာ လောဘဖြင့် ကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း။

(၂) သူတစ်ပါးတို့ သေကြေပျက်စီးအောင် ဆုတ်ယုတ်နစ်နာ သွားအောင် ဒေါသဖြင့် ကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း။
(၃) ကုသိုလ်ကံ၊ အကုသိုလ်ကံမရှိ စသည်ဖြင့် အမှားမှား အယွင်းယွင်း ယူဆခြင်းတို့မှ ရှောင်ကြဉ်ခြင်းတို့သည် စိတ်၌ အပြစ်ကင်းခြင်းပင် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ကိုယ်နှုတ်စိတ်များ၊ ပြစ်ကင်းကြား၊ တစ်ပါးချမ်းသာမည်။

ကိုယ်နှင့်နှုတ်တို့၌ အပြစ်ကင်းဖို့ထက် စိတ်၌ အပြစ်ကင်းဖို့က ပို၍ခက်ကြပေသည်။ ဘဝပေါင်းများစွာက ဆိုးသွမ်းခဲ့သောစိတ်ကို နှိမ်နင်းဖို့ရာ အလွန်ခက်၏။ စိတ်သည် အပြောင်းအလဲ အလွန်လျင်မြန်၏။ သူကျလိုရာ မကောင်းသောအာရုံများ၌ ကျရောက်နေတတ်၏။ အပြစ်ကင်း၍ စိတ်စင်ကြယ်သွားပါလျှင် နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြရပေသည်။ အပါယ်တံခါး ပိတ်ကြရပေသည်။ သို့ဖြစ်၍ စိတ်စင်ကြယ်ပြီး အပြစ်ကင်းအောင် နေတတ်ကြဖို့ရာ အလွန်အရေးကြီးလှပါပေသည်။

စိတ်စင်ကြယ် အပြစ်ကင်းအောင် သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ကြရပေသည်။ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုမှတ်မှုအလုပ်တစ်ခုဖြင့်ပင် ကိစ္စနှစ်ရပ်ကို ပြီးစေကြကုန်၏။ တစ်ဖက်က လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိအစရှိသော စိတ်အညစ်အကြေးများ ပယ်သတ်ခြင်း ကိစ္စကို ပြီးစေကြကုန်၏။ တစ်ဖက်က ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်သို့ ရောက်စေမည့် သမာဓိဉာဏ်များ ရင့်ကျက်ထက်သန်စေခြင်းကိစ္စကိုလည်း ပြီးစေကြကုန်၏။ ဝိပဿနာဉာဏ် ပြည့်စုံ၍ မဂ်ဉာဏ်ဖြစ်ပေါ်လာသောအခါ စိတ်အညစ်အကြေး အပြစ်များ အပြီးတိုင်ကင်း၍

ချမ်းသာတကာတို့ထက် အမွန်မြတ်ဆုံး နိဗ္ဗာန်ချမ်းသာကို ရရှိသွားကြပေသည်။ သို့ဖြစ်၍ -

အတ္ထိသုခ = စီးပွားဥစ္စာရရှိခြင်းချမ်းသာ၊
ဘောဂသုခ = မိုဝဲသုံးဆောင်ခြင်းချမ်းသာ၊
အာနဏျသုခ = ကြွေးမြီကင်းခြင်းချမ်းသာတို့သည် ကိုယ်၊ နှုတ်၊ စိတ်တို့၌ အပြစ်ကင်းခြင်းချမ်းသာ၏ (၁၆)စိတ်တွင် တစ်စိတ်မျှ လောက်ပင် ချမ်းသာကြသည်မဟုတ်။ ကိုယ်၊ နှုတ်၊ စိတ်တို့၌ အပြစ်ကင်းခြင်းချမ်းသာက အဆပေါင်းများစွာ သာလွန်၍ ချမ်းသာပေသည်ဟု မြတ်စွာဘုရား မိန့်ကြားတော်မူခြင်း ဖြစ်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ရည်စွာတည်မှ ချမ်းသာရ

လူဘောင်လူလောကဌ် နေကြကုန်သော ပုဂ္ဂိုလ်တို့သည် တရားသဖြင့် စီးပွားဥစ္စာကိုရအောင် ရှာဖွေတတ်ခြင်းသည် ကောင်းခြင်းတစ်ခုပင် ဖြစ်ပေသည်။ ရရှိပြီးသော စီးပွားဥစ္စာကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည်လည်း ကောင်းခြင်းတစ်ခုပင် ဖြစ်ပေသည်။

စီးပွားဥစ္စာ ရရှိလာပြီးမှ ကြာရှည်စွာမတည်၊ ပျက်ပြားဆုတ်ယုတ်သွားခြင်းသည် မလိုလားအပ်၊ မကောင်းသော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ ရရှိပြီးသော စီးပွားဥစ္စာများ ကြာမြင့်စွာ တည်တံ့နေခြင်းသည် လိုလားအပ်၊ နစ်သက်အပ်၊ မြတ်နိုးအပ် ကောင်းမြတ်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်ပေသည်။ ယခုဘဝအတွက် နောင်ဘဝများအတွက် ချမ်းသာဖို့ရာ ဖြစ်ပေသည်။

သို့ဖြစ်၍ စီးပွားဥစ္စာ ကြာမြင့်စွာမတည်ခြင်း၏ အကြောင်းနှင့် ကြာမြင့်စွာတည်ခြင်း၏ အကြောင်းတို့ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ရဟန်းတို့ -

(၁) ပျောက်သွားသော ပစ္စည်းဥစ္စာကို မရှာဖွေခြင်းသည် စီးပွားဥစ္စာ ကြာမြင့်စွာမတည်ခြင်း၏ အကြောင်းဖြစ်သည်။

ရှာဖွေခြင်းသည် ကြာမြင့်စွာတည်ခြင်း၏ အကြောင်းဖြစ်သည်။

(၂) ဆွေးမြေ့ယိုယွင်းသည်ကို မပြုပြင်ခြင်းသည် စီးပွားဥစ္စာ ကြာမြင့်စွာမတည်ခြင်း၏ အကြောင်းဖြစ်သည်။ ပြုပြင်ခြင်းသည် ကြာမြင့်စွာတည်ခြင်း၏ အကြောင်းဖြစ်သည်။

(၃) အတိုင်းအရှည်မသိ သုံးစွဲစားသောက်ခြင်းသည် စီးပွားဥစ္စာ ကြာမြင့်စွာမတည်ခြင်း၏ အကြောင်းဖြစ်သည်။ အတိုင်းအရှည်သိကာ သုံးစွဲစားသောက်ခြင်းသည် စီးပွားဥစ္စာ ကြာမြင့်စွာတည်ခြင်း၏ အကြောင်းဖြစ်သည်။

(၄) သီလမရှိသူကို အကြီးအကဲအရာ၌ထားခြင်းသည် စီးပွားဥစ္စာ ကြာမြင့်စွာမတည်ခြင်း၏ အကြောင်းဖြစ်သည်။ သီလရှိသူကို အကြီးအကဲအရာ၌ ထားခြင်းသည် စီးပွားဥစ္စာ ကြာမြင့်စွာတည်ခြင်း၏ အကြောင်းဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။

(အံ-၁/၅၇၂)

(၁) ခရီးသွားရင်း ပစ္စည်းဥစ္စာပျောက်ခဲ့သော် အချိန်မီ ချက်ချင်း ပြန်လည် မရှာဖွေပါက အခြားခရီးသည်များ ကောက်ယူရရှိသွားတတ်ပေသည်။ အချိန်မီ ပြန်ရှာပါက ပြန်လည်ရရှိလာတတ်ပေသည်။ မိမိတို့အိမ်တွင် အထားမှား၍ ပစ္စည်းပျောက်ရာ၌ အချိန်မီ မရှာဖွေဘဲနေပါက ကြာလေမေ့လေဖြစ်၍ အပြီးတိုင် ပျောက်ဆုံးသွားတတ်ပေသည်။

အိမ်သူအိမ်သားများ အားလုံးကို အသိပေး၍ စုပေါင်းရှာဖွေပါက ပြန်လည်ရရှိလာတတ်ပေသည်။ အချို့သောသူတို့သည် ပစ္စည်းပျောက်ရှာဖွေရာတွင် မှန်းဆတွေးသိဉာဏ် အလွန်ပင် ကောင်းကြ

ပေသည်။ မရနိုင်တော့ပြီဟု ဆုံးဖြတ်ထားသော ပစ္စည်းများကိုပင် ပြန်လည်ရှာဖွေ ရရှိလာတတ်ကြပေသည်။

(၂) မိမိတို့အိမ် အစရှိသော အဆောက်အအုံများနှင့် အသုံးအဆောင် ပရိဘောဂများ ဆွေးမြေ့ယိုယွင်းလာသောအခါ အချိန်မီ မပြုပြင်ပါက မဆုံးရှုံးသင့်သော တန်ဖိုးများ ဆုံးရှုံးသွားကြရပေသည်။ အချိန်မီ ပြုပြင်ပါက အရှည်တည်တံ့ ကောင်းမွန်လာတတ်ကြပေသည်။

ဥပမာ - ကုလားထိုင်၊ ခုတင်၊ ထမင်းစားပွဲ စသည်များ၏ ခြေထောက်တစ်ချောင်း ယိုယွင်းလာသောအခါ မပြုပြင်ဘဲ ဆက်လက် အသုံးပြုနေပါက ကျန်ခြေထောက်သုံးချောင်းပါ တဖြည်းဖြည်း ယိုယွင်းလာ၍ သုံးလို့မရအောင် ပျက်စီးယိုယွင်းသွားတတ်ကြပေသည်။ ယိုယွင်းလာသော ခြေထောက်တစ်ချောင်းကို အချိန်မီ ပြုပြင်လိုက်ပါက ကြာရှည်စွာ အသုံးပြု၍ ရလာတတ်ကြပေသည်။

အမြို့ပြိုအနယ်နယ်တို့၌ ဘာသာရေး သာသနာရေး အဆောက်အအုံများ ဆောက်လုပ်ကြရာတွင် စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ဆောက်လုပ်ကြပေသည်။ သို့ပါသော်လည်း အဆောက်အအုံများ ယိုယွင်းလာသောအခါ ပြန်လည်ပြုပြင်ရေး၌ စိတ်အားထက်သန်မှု မရှိကြသဖြင့် မပျက်စီးသင့်ဘဲ ပျက်စီးခဲ့ကြပေသည်။ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ကြရပေသည်။ သို့ဖြစ်၍ ပြန်လည်ပြုပြင် ထိန်းသိမ်းရေးကိုလည်း အထူးသတိပြုသင့်ကြပေသည်။ ပြန်လည်ပြုပြင် ထိန်းသိမ်းရေးကို မြတ်စွာဘုရား အလွန်နှစ်သက်တော်မူ၍ ချီးမွမ်းတော်မူပါသည်။

အဟောင်းပြုပြင်ခြင်းကို နှစ်သက်တော်မူသော မြတ်စွာဘုရား၏ အလိုတော်အားဖြင့် စေတီသစ်တည်ခြင်းထက် စေတီဟောင်း

ပြုပြင်ခြင်းကို ပိုရ်ုန်စ်သက်တော်မူခြင်းမှာ ထင်ရှားလှပေသည်။ သို့ဖြစ်၍ စေတီသစ်ထပ်တည်ခြင်းထက် စေတီဟောင်းများကို ပြုပြင်ခြင်းက ပိုရ်ုအကျိုးများကြမည် ဖြစ်ပေသည်။

(၃) စားဝတ်နေရေးတို့၌ ဝင်ငွေထွက်ငွေ အတိုင်းအရှည် မသိပါဘဲ ကောင်းနိုးရာရာများကိုသာ မိုဝဲသုံးဆောင်နေခြင်းသည် ဝင်ငွေထွက်ငွေ မမျှတသောကြောင့် စီးပွားဥစ္စာများ ကြာရှည်မတည်၊ မကြာမီ ပျက်စီးသွားတတ်ကြပေသည်။

အတိုင်းအရှည်သိကာ မိုဝဲသုံးဆောင်ခြင်းသည် ဝင်ငွေထွက်ငွေ မျှတသောကြောင့် စီးပွားဥစ္စာ ကြာမြင့်စွာ တည်နိုင်ကြပေသည်။ အတိုင်းအရှည်သိကာ သုံးဆောင်ဖို့ရာမှာ ရှာဖွေရရှိလာသော ပစ္စည်းဥစ္စာများကို (၄)ပုံ ပုံရပါမည်။

(က) ၁-ပုံကို မိဘ၊ သားသမီးများ၊ မိတ်ဆွေသင်္ဂီဟများ၊ အလှူခံ ပုဂ္ဂိုလ်များနှင့် ခွဲဝေသုံးဆောင်ရပါမည်။
(ခ) ၂-ပုံကို အလုပ်အကိုင် အရင်းအနှီးထဲသို့ ပြန်ထည့်ရပါမည်။
(ဂ) ၁-ပုံကို ဘေးရန်အန္တရာယ်များ ကျရောက်လာသောအခါ ကာကွယ်ဖို့ရာ မြှုပ်နှံသိမ်းဆည်းထားကြရပါမည်။

ဤကဲ့သို့ (၄)ပုံ ပုံ၍ ခွဲဝေသုံးဆောင်ခြင်းသည် မြတ်စွာဘုရား တရားတော်အရ အတိုင်းအရှည်သိကာ သုံးဆောင်ခြင်းဖြစ်ကြောင်း စီးပွားဥစ္စာ ကြာမြင့်စွာတည်ခြင်း၏ အကြောင်းဖြစ်ပေသည်။

(၄) အကြီးအကဲဖြစ်သူသည် သီလပျက်နေသူဖြစ်ခဲ့သော် နောက်လိုက်ဖြစ်ကြသော သားသမီးများ၊ လက်အောက်ငယ်သားများပါ သီလပျက်လာတတ်ကြပေသည်။ သီလပျက်သူတို့ စုပေါင်း

နေထိုင်ကြသော အိုးအိမ်များနှင့် မြို့နယ်ရပ်ရွာ ဌာနအသီးသီး တို့သည် စီးပွားဥစ္စာ ကြာမြင့်စွာ မတည်သည့်အပြင် လောကဓမ္မ နှစ်ဌာနလုံးတို့၌ ဆုတ်ယုတ်သွားကြမည်သာ ဖြစ်ပေသည်။

အကြီးအကဲဖြစ်သူသည် သီလရှိသူဖြစ်ခဲ့သော် မြစ်တစ်ဖက်ကို ကူးကြကုန်သော နွားအပေါင်းတို့တွင် ရှေ့ဆောင်နွားက ဖြောင့်ဖြောင့် ကူးသွားသည်ရှိသော် နောက်လိုက်နွားများ ဖြောင့်ဖြောင့်လိုက်ကာ ကူးကြသကဲ့သို့ နောက်လိုက်ဖြစ်ကြသော သားသမီးများ၊ လက်အောက်ငယ်သားများတို့သည်လည်း အတူလိုက်ကာ သီလရှိသူများ ဖြစ်လာတတ်ကြပေသည်။ သီလရှိသူတို့ စုပေါင်းနေထိုင်ကြသော အိုးအိမ်များနှင့် မြို့နယ်ရပ်ရွာ ဌာနအသီးသီးတို့သည် စီးပွားဥစ္စာ ကြာမြင့်စွာ တည်နိုင်ကြသည့်အပြင် လောကဓမ္မ နှစ်ဌာနလုံးတို့၌ တိုးတက်ကြီးပွားချမ်းသာကြမည်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ -

(၁) ပျောက်သည်ကို မရှာခြင်း။
(၂) ဆွေးမြေ့ယိုယွင်းသည်ကို မပြုပြင်ခြင်း။
(၃) အတိုင်းအရှည်မသိ စားသုံးခြင်း။
(၄) သီလမရှိသူကို အကြီးအကဲအရာ၌ထားခြင်းဟူသော အကြောင်းတရား(၄)ပါးကို ရှောင်ကြဉ်ကြရမည် ဖြစ်ပေသည်။

(၁) ပျောက်သည်ကိုရှာခြင်း။
(၂) ဆွေးမြေ့ယိုယွင်းသည်ကို ပြုပြင်ခြင်း။
(၃) အတိုင်းအရှည်သိကာ သုံးဆောင်ခြင်း။
(၄) သီလရှိသူကို အကြီးအကဲအရာ၌ထားခြင်းဟူသော အကြောင်းတရား(၄)ပါးကို ပြည့်စုံအောင် လိုက်နာကြရမည်ဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ရရှိလာပြီးသော ပစ္စည်းဥစ္စာများ ကြာမြင့်စွာတည်ခြင်း အကြောင်းတရား(၄)ပါးကို ပြည့်စုံအောင် လိုက်နာကျင့်ကြံကြသော ပုဂ္ဂိုလ်တို့သည် စီးပွားဥစ္စာ ပျက်စီးခြင်းကြောင့်ဖြစ်သော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဒုက္ခတို့မှ ကင်းလွတ်ကြရပေသည်။ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြင့် နေထိုင်ကြရပေသည်။ ယခုဘဝအတွက် နောင်ဘဝများ အတွက် ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို ပြုလုပ်အားထုတ်နိုင်ကြသောကြောင့် နိဗ္ဗာန်ချမ်းသာတိုင်အောင် ချမ်းသာသုခများ ရရှိသွားနိုင်ကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ပူဇော်ခြင်းကား နှစ်ဦးအကျိုးများ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် အခါကြီးရက်ကြီးဖြစ်ကြသော ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်၊ နှစ်ဆန်း(၁)ရက် စသည့်နေ့များ၌ အသက်သိက္ခာ ဂုဏ်ဝါကြီးမားကြသော ဆရာ ဓိဘများထံသို့ သွားရောက်၍ ပူဇော်ကန်တော့လေ့ ရှိကြပေသည်။ ရှေးသူမြတ်တို့၏ အစဉ်အလာ ယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ပေသည်။

ပူဇော်ကန်တော့ထိုက်သူကို ပူဇော်ကန်တော့ခြင်းသည် ပူဇော်ကန်တော့သူနှင့် ပူဇော်ကန်တော့ခံသူ နှစ်ဦးလုံးတို့၌ ကောင်းကျိုးချမ်းသာ ကုသိုလ်မဂ်လာများ တိုးပွားရ၍ အကျိုးများကြပေသည်။

ပူဇော်သူတို့ အကျိုးများခြင်း

ပူဇော်ထိုက်သူတို့ကို ပူဇော်ကန်တော့ကြသော ငယ်ရွယ်သူတို့သည် နိဝါတမဂ်လာနှင့် ပြည့်စုံကြပေသည်။ အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့ကို ပူဇော်ကန်တော့ကြသောအခါ မိမိတို့၏စိတ်ကို ရှေးဦးစွာ နှိမ်ချရပေသည်။ ယင်းစိတ်ကို နှိမ်ချခြင်းဖြင့် မာန်မာနများ ပျောက်ကင်းသွားရပေသည်။ မာန်မာနသည် ဘဝသံသရာ၌ ဆင်းရဲဒုက္ခကို များပြားအောင် ချဲ့တတ်သော တရားဆိုးတစ်ခုပင် ဖြစ်ပေသည်။

ပူဇော်ကန်တော့ခြင်းကြောင့် မာန်မာနများ ပျောက်ကင်းသွားခြင်းသည် ဘဝသံသရာ၌ ကောင်းကျိုးချမ်းသာများ ရရှိသွားဖို့ရာ ဖြစ်ပေသည်။ သို့ဖြစ်၍ ပူဇော်ကန်တော့ကြသောသူတို့သည် မကောင်းကျိုးပျောက်၊ ကောင်းကျိုးရောက်စေတတ်သော နိဝါတမဂ်လာနှင့် ပြည့်စုံခြင်းအကျိုးကိုလည်း ရရှိကြပေသည်။

ပူဇော်ထိုက်သူတို့ကို ပူဇော်ကန်တော့ကြသော ငယ်ရွယ်သူတို့သည် ဂါရဝမဂ်လာနှင့်လည်း ပြည့်စုံကြပေသည်။ အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့ကို ကိုယ်နှုတ်တို့ဖြင့် အရိုအသေပြုကာ ကန်တော့လိုက်ခြင်းကြောင့် မရိုသေနိုင်ခြင်း၊ တောင့်တင်းခိုင်မာနေခြင်းဟူသော "ထမ္ဘ"ပျောက်ကင်းသွားပေသည်။ ထမ္ဘသည် ရိုသေထိုက်သူများကို မရိုသေနိုင်အောင် တောင့်တင်းခိုင်မာနေသော မာနတစ်မျိုးပင် ဖြစ်ပေသည်။ ထမ္ဘသည်လည်း ဘဝသံသရာ၌ ဆင်းရဲဒုက္ခ များပြားအောင် ချဲ့တတ်သော တရားဆိုးတစ်ခုပင် ဖြစ်ပေသည်။

ပူဇော်ကန်တော့ခြင်းကြောင့် ထမ္ဘပျောက်ကင်းသွားခြင်းသည် ဘဝသံသရာ၌ ကောင်းကျိုးချမ်းသာများ ရရှိသွားဖို့ရာ ဖြစ်ပေသည်။ သို့ဖြစ်၍ ပူဇော်ကန်တော့ကြသောသူတို့သည် မကောင်းကျိုးပျောက်၊ ကောင်းကျိုးရောက်စေတတ်သော ဂါရဝမဂ်လာနှင့် ပြည့်စုံခြင်းအကျိုးကိုလည်း ရရှိကြပေသည်။

ပူဇော်ခြင်းသည် -

(၁) အာမိသပူဇာ = လှူဖွယ်ပစ္စည်းဖြင့် ပူဇော်ခြင်း။

(၂) ဓမ္မပူဇာ = အကျင့်တရားဖြင့် ပူဇော်ခြင်းဟူ၍ (၂)မျိုး ရှိပေသည်။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် (၂)မျိုးလုံးဖြင့် ပူဇော်လေ့ ရှိကြပေသည်။

(၁) အာမိသပူဇာ = ပစ္စည်းဖြင့် ပူဇော်ခြင်းဟူသည် - အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့ စားသုံးဖို့ရာ သစ်သီးစားဖွယ်နှင့် ဝတ်ဆင်ဖို့ရာ အဝတ်အထည် စသည်တို့ဖြင့် ပူဇော်ခြင်းပင် ဖြစ်ပေသည်။ ပူဇော်သူတို့သည် လှူဒါန်းပူဇော်သောအခါ ရိုရိုသေသေ လှူဒါန်းပူဇော်ကြသောကြောင့် အပစာယနကုသိုလ်ကိုလည်း ရရှိကြပေသည်။ ဒါနကုသိုလ်ကိုလည်း ရရှိကြပေသည်။

အပစာယနကုသိုလ်သည် သီလကုသိုလ်၌ အကျုံးဝင်သောကြောင့် အပစာယနကုသိုလ် ရှိသောသူတို့သည် ဖြစ်လေရာဘဝတိုင်း ဘဝတိုင်း၌ -

(၁) ပစ္စည်းဥစ္စာများ ရလွယ် ပေါများခြင်း၊
(၂) ကောင်းသောဂုဏ်သတင်းတို့ဖြင့် ကျော်ကြားခြင်း၊
(၃) ပွဲနေပွဲထိုင် ပရိသတ်အမျိုးမျိုးသို့ ချဉ်းကပ်ဝင်ရောက်သောအခါ မျက်နှာမငယ်ပါဘဲ ရွှင်လန်းဝမ်းမြောက်စွာ ဝင်ရောက်နိုင်ခြင်း၊
(၄) ကွယ်လွန်ခါနီးတွင် ကောင်းသောနိမိတ်များထင်၍ မတွေ့မဝေ သေရခြင်း၊
(၅) သေပြီးကာလ နောက်ဘဝ၌ နတ်ပြည်သို့ ရောက်ရခြင်း ဟူသော ဤအကျိုး(၅)မျိုးကို ရရှိကြပေသည်။

ဒါနကုသိုလ်ရှိသောသူတို့သည် ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းတို့၌ -

(၁) အသက်ရှည်ခြင်း၊
(၂) အဆင်းလှခြင်း၊
(၃) ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိခြင်း၊

(၄) ကူညီစောင့်ရှောက်ကြမည့် အခြေအရံပရိသတ် ပေါများခြင်း။

(၅) အရာရာတွင် အစိုးရခြင်းဟူသော ဤအကျိုး(၅)မျိုးကိုလည်း ရရှိကြပေသည်။

ဆောင်ပုဒ် ။ ။ သက်ရှည်ဆင်းလှ၊ ချမ်းသာရှိ၊ မျှားလှခြံရုံ၊ စိုးရပြန်၊ ငါးတန်ဒါနအကျိုးတည်း။

သို့ဖြစ်၍ အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့ကို အာမိသပူဇာ = ပစ္စည်းဖြင့် ပူဇော်ကန်တော့သောသူတို့သည် ပြဆိုအပ်ခဲ့ပြီးသော အကျိုး(၁၀)မျိုးကို ရရှိသောကြောင့် ပူဇာ စ ပူဇနေယျမဂ်လာနှင့် ပြည့်စုံခြင်း အကျိုးကိုလည်း ရရှိကြပေသည်။

(၂) ဓမ္မပူဇာ = တရားဖြင့် ပူဇော်ခြင်းဟူသည် - အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့က ဆုံးမကြသော အဆုံးအမများကို လိုက်နာ၍ အကျင့်သီလဖြင့် ပူဇော်ခြင်း၊ တရားရှုမှတ်၍ အမှတ်တရားဖြင့် ပူဇော်ခြင်းတို့ပင် ဖြစ်သည်။

ပစ္စည်းဖြင့် ပူဇော်ခြင်းနှင့် တရားဖြင့် ပူဇော်ခြင်း နှစ်မျိုးတို့တွင် တရားဖြင့် ပူဇော်ခြင်းသည် ပါရမီရှိကြသော ပုဂ္ဂိုလ်တို့အတွက် မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တိုင်အောင် အကျိုးများ ရရှိသွားနိုင်သောကြောင့် ပစ္စည်းဖြင့် ပူဇော်ခြင်းထက် တရားဖြင့် ပူဇော်ခြင်းက ပိုမြတ်ပေသည်။

တရားဖြင့် ပူဇော်သောသူတို့သည် နိဗ္ဗာနသစ္ဆိကိရိယ = နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းဟူသော လောကုတ္တရာမဂ်လာကိုပါ ရရှိနိုင်ကြပေသည်။ သို့ဖြစ်သောကြောင့် သတိပဋ္ဌာန်အခြေခံရှိသော ပုဂ္ဂိုလ်

တို့သည် အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူများကို ရှုမှတ်မှုအမှတ်တရားဖြင့် ပူဇော်လေ့ ရှိကြ၏သည်။

ပူဇော်ခံသူတို့ အကျိုးများခြင်း

အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့ကို ယယ်ရွယ်သူများက လာရောက် ပူဇော်ကန်တော့ကြသောအခါ မိမိတို့သည် သာမန်ပုဂ္ဂိုလ်များ မဟုတ်ကြပေ။ ယယ်ရွယ်သူ သူတစ်ပါးတို့၏ ပူဇော်ကန်တော့ခံကြရသော ပုဂ္ဂိုလ်များ ဖြစ်ကြရပေပြီ။ ပူဇော်ကန်တော့ခြင်းကို ခံယူထိုက်သော သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ပြည့်စုံပါမှ သင့်တော်ကြပေမည်။ ယယ်ရွယ်စဉ်အခါ ရေးကထက်ပို၍ သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ပြည့်စုံအောင် ကျင့်ကြံအားထုတ်မှ သင့်တော်ကြမည်ဟု သတိသံဝေဂများ ရရှိကာ သီလ၊ သမာဓိ၊ ပညာများ ပြည့်စုံသည်ထက် ပြည့်စုံအောင် အားထုတ်ကြရသောကြောင့် ကုသိုလ်တရား တိုးပွားမှု အကျိုးများကြပေသည်။

မေတ္တာစစ်မှန် အဖိုးတန်

ယယ်ရွယ်သူများ လာရောက် ပူဇော်ကန်တော့ကြသောအခါ အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့က စစ်မှန်သော မေတ္တာ ကရုဏာများဖြင့် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ အသက်ရာကျော် ရှည်နိုင်ကြပါစေ၊ အလိုရှိအပ်တောင့်တအပ်သော ဆုမွန်ကောင်းများ လျင်မြန်စွာ ပြည့်စုံကြပါစေ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းအကျင့်မြတ်တို့ကို နေ့ညမခြားကြိုးစားအားထုတ်နိုင်ကြပါစေ စသည်ဖြင့် ပေးလိုက်သော ဆုမွန်ကောင်းများသည် မျက်မှောက်သံသရာ အကျိုးများဖွယ်ရာ အဖိုးမဖြတ်နိုင်သော အနှစ်သာရများ ဖြစ်ကြပေသည်။

မေတ္တာရောင်ပြန် အဖိုးတန်

အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့က စစ်မှန်သော မေတ္တာ ကရုဏာများဖြင့် ဆုမွန်ကောင်းများ ပေးလိုက်သောအခါ ပူဇော်ကန်တော့ကြသော ငယ်ရွယ်သူများ၏စိတ်တွင် နှစ်သက်အားရခြင်း ပီတိများ ဖြစ်ကြရပေသည်။ မေတ္တာဓာတ်များ ရောင်ပြန်ဟပ်ကာ မိမိတို့၏ ဆရာသမား မိဘများ သက်တော်ရာကျော် ရှည်နိုင်ကြပါစေ၊ ဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ကြပါစေ စသည်ဖြင့် ဆုမွန်ကောင်းများ ပြန်၍တောင်းကြပေသည်။ ယင်းကဲ့သို့ မေတ္တာစစ် မေတ္တာမှန်ဖြင့် ဆုမွန်ကောင်းများ ပြန်၍ တောင်းကြခြင်းသည်လည်း မျက်မှောက်သံသရာ အကျိုးများဖွယ်ရာ တန်ဖိုးမဖြတ်နိုင်သော အနှစ်သာရများပင် ဖြစ်ပါပေသည်။

ဤကဲ့သို့ ပူဇော်ကန်တော့ထိုက်သူတို့ကို ပူဇော်ကန်တော့ခြင်းသည် ပူဇော်ကန်တော့သူနှင့် ပူဇော်ကန်တော့ခံသူ နှစ်ဦးလုံးတို့၌ မကောင်းကျိုးများ ကင်းပျောက်၍ ကောင်းကျိုးချမ်းသာ ကုသိုလ်မင်္ဂလာများ တိုးပွားကာ အကျိုးများကြပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဝိပဿနာအကျင့် အားထုတ်သင့်

လူ့ဘဝသည် စားဝတ်နေရေး၊ လူမှုရေး၊ တိုင်းပြည်ရေး စသည်ဖြင့် ရေးရာကိစ္စအားဖြင့်လည်း မျှားပြားလှပေသည်။ နတ်၊ ဗြဟ္မာ ဘဝများနှင့် နိုင်းစာလိုက်ပါက သက်တမ်းအားဖြင့်လည်း တိုတောင်းလှပေသည်။ လူ့ပြည်၌ အနစ်တစ်ရာသည် ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ တစ်နာရီခွဲမျှသာ ဖြစ်ပေသည်။

ဤကဲ့သို့ ရေးရာကိစ္စလည်းများ၊ သက်တမ်းကလည်း တိုတြားပါသော်လည်း လူ့ဘဝသည် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း ကုသိုလ်ပါရမီအထူးတို့ကို ဆည်းပူးရယူဖို့ရာမှာ အကောင်းဆုံးဘဝ ဖြစ်ပေသည်။ နိဗ္ဗာန်သို့ စံဝင်သွားကြသော ဘုရား၊ ပစ္စေကမုဒ္ဓါ၊ ရဟန္တာတို့သည်လည်း ဤလူ့ဘဝကပင် ကုသိုလ်ပါရမီအထူးတို့ကို ဆည်းပူး၍ နိဗ္ဗာန်ချမ်းသာကို ရယူသွားကြခြင်းပင် ဖြစ်ပေသည်။

သို့ဖြစ်၍ လူ့ဘဝကို ရနေခိုက် မိမိအတွက်ရရှိသော အချိန်များကို အကျိုးအရှိဆုံးအလုပ်၌ အသုံးချဖို့ရာ လိုအပ်လှပေသည်။ မိမိအတွက် ရရှိသော အချိန်များကို အကျိုးအရှိဆုံး အသုံးချလိုပါလျှင် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ရမည်သာ ဖြစ်ပေသည်။ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်းသည် မိမိအတွက် ရရှိသောအချိန်ကို အကျိုးအရှိဆုံး အသုံးချခြင်းပင် ဖြစ်ပေသည်။

 ်ိုင်ားစရာ ဓမ္မပဒေသာ

၁၁၂ သိကောင်းစရာ ဓမ္မပဒေသာ

သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်းအလုပ်သည် ရှုမှတ်ခြင်းအလုပ် တစ်ခုတည်းကို ပြုလုပ်ခြင်းဖြင့် မိမိတို့ကို အပါယ်ဘုံဘဝ၊ အပါယ်ဆင်းရဲများသို့ ကျရောက်စေမည့် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာတို့ကို (တစ်ဖက်က) ပယ်သတ်ခြင်းကိစ္စကိုလည်း ပြီးစေနိုင်ပါသည်။ မိမိတို့ကို အမြတ်ဆုံးချမ်းသာ (နိဗ္ဗာန်) သို့ ပို့ဆောင်ဆိုက်ရောက်စေမည့် သမာဓိဉာဏ်တို့ကို (တစ်ဖက်က) တိုးတက်ရင့်ကျက်ခြင်းကိစ္စကိုလည်း ပြီးမြောက်စေပါသည်။ ဤကဲ့သို့ ကိစ္စနှစ်ရပ်ကို ပြီးမြောက်စေပါသည်။

သို့ဖြစ်၍ လူဘဝကို ရနေခိုက် မိမိအတွက် အကျိုးအရှိဆုံး သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်းအလုပ်ကို ပြုလုပ်သင့်လုပေသည်။

သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်းသည် စိတ်ဖြင့်ပြုလုပ်ရသော အလုပ်ဖြစ်ပေသည်။ စိတ်ဖြင့်ပြုလုပ်ရသောအလုပ်သည် အလွန်ခက်ခဲနက်နဲ သိမ်မွေ့လှပေသည်။ သို့ပါသော်လည်း မြတ်စွာဘုရား ကိုယ်တော်တိုင် ကျင့်သုံး၍ ပေးသနားတော်မူသော အလုပ်ဖြစ်သောကြောင့် နည်းလမ်းမှန်ကန်စွာ ရှုမှတ်ကျင့်သုံး အားထုတ်ပါက ထူးခြားသော စိတ်၏တည်ငြိမ်ခိုင်ခံ့မှုများ ဖြစ်ပေါ်လာသည်ကို တွေ့သိရမည် ဖြစ်ပေသည်။ ထူးခြားသော အသိဉာဏ်များ ဖြစ်ပေါ်လာသည်ကိုလည်း တွေ့သိရမည် ဖြစ်ပေသည်။ လူသာမန် နတ်သာမန်တို့ မတွေ့သိ မခံစားနိုင်သော ချမ်းသာထူးများကို တွေ့သိခံစားကြရမည် ဖြစ်ပေသည်။ သို့ဖြစ်၍ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်းအလုပ်ကို ပြုလုပ်သင့်လုပေသည်။

သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ခြင်းဖြင့် အပါယ်သံသရာ၊ အပါယ်ဆင်းရဲများမှ လွတ်မြောက်စေမည့် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့

ကေန်မုချ ရောက်ရမည် ဖြစ်ပေသည်။ ကုသိုလ်ကောင်းမှုများ ပြုတိုင်း ပြုတိုင်း ဆုတောင်းခဲ့ကြသည့် နိဗ္ဗာန်ချမ်းသာသို့လည်း ကေန်မုချ ရောက်သွားကြမည် ဖြစ်ပေသည်။ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်း အကျင့်လမ်းစဉ်မှတစ်ပါး အခြားအကျင့်လမ်းစဉ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်သွားသည်ဟူ၍ မရှိပေ။ သို့ဖြစ်၍ လူဘဝကို ရရှိနေခိုက် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်သင့်လှပေသည်။

သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်းသည် မိမိတို့၏ ခန္ဓာကိုယ်၌ ရုပ်တရား နာမ်တရားတို့၏ အလျင်အမြန် ပြောင်းလဲနေသော သဘောကို အမှန်အတိုင်းသိအောင် ရှုမှတ်ရခြင်းပင် ဖြစ်ပေသည်။ ရုပ်တရား နာမ်တရားတို့၏ အလျင်အမြန် ပြောင်းလဲနေသော သဘောကို အမှန်အတိုင်းသိအောင် ရှုမှတ်ရမည့် တရားများမှာ (၄)ပါးရှိပါသည်။

(၁) ကာယာနုပဿနာ = ကိုယ်အမူအရာ ဖြစ်တိုင်းဖြစ်တိုင်းကို သိအောင်ရှုမှတ်ရခြင်း။

(၂) ဝေဒနာနုပဿနာ = ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ် အလယ်အလတ်ဖြစ်ခြင်းဟူသော ဝေဒနာ(၃)မျိုးကို သိအောင်ရှုမှတ်ရခြင်း။

(၃) စိတ္တာနုပဿနာ = စိတ်၏ အမျိုးမျိုး ပြောင်းလဲနေသော အမူအရာကို သိအောင်ရှုမှတ်ရခြင်း။

(၄) ဓမ္မာနုပဿနာ = ပြဆိုခဲ့ပြီးသော (၃)ပါးမှ ကြွင်းသော သဘောတရားများကို သိအောင်ရှုမှတ်ရခြင်းဟူ၍ (၄)ပါးရှိပါသည်။

(၁) ကာယာနုပဿနာ = ကိုယ်အမူအရာ ဖြစ်တိုင်းဖြစ်တိုင်းကို သိအောင်ရှုမှတ်ရခြင်းဟူသည် - သွားသောအမူအရာ၊ ရပ်သောအမူအရာ၊ ထိုင်သောအမူအရာ၊ ထသောအမူအရာ၊ လက်ခြေတို့၏ ကွေးဆန့်သောအမူအရာ စသည်တို့၏ သဘောကို အမှန်အတိုင်း သိအောင်ရှုမှတ်ရခြင်းပင် ဖြစ်ပေသည်။ ရှုမှတ်ခါစ၌ ကိုယ်အမူအရာအားလုံးကို သိအောင်ရှုမှတ်၍ မရသေးပေ။ ထိုင်မှတ်ခြင်းဖြင့် စိတ်တည်ငြိမ်မှု သမာဓိဖြစ်အောင် ရှုမှတ်ရပါသည်။

ထိုင်ပြီးရှုမှတ်သောအခါမှာ တင်ပျဉ်ခွေ၍ဖြစ်စေ၊ ဒူးတုပ်၍ဖြစ်စေ ကြာကြာထိုင်နိုင်သော ထိုင်နည်းမျိုးဖြင့် ထိုင်ရပါသည်။ ခါးကိုလည်း တည့်တည့်မတ်မတ် ထားရပါသည်။ ခေါင်းကိုလည်း တည့်တည့်မတ်မတ် ထားရပါသည်။ စိတ်ကို ဝမ်းဗိုက်မှာ စူးစိုက်ထားရပါသည်။ အသက်ရှူသွင်းလိုက်၍ ဝမ်းဗိုက်ဖောင်းတက်လာသည်ကို ဖောင်းတယ်ဟု အတွင်းက တောင့်တင်းတွန်းကန်သော သဘောကို သိအောင် ရှုမှတ်ရပါသည်။ ဝမ်းဗိုက်ပုံသဏ္ဌာန်(ပညတ်)ကို ခွာ၍ တောင့်တင်းတွန်းကန်မှု(ပရမတ်)ကို သိအောင်စူးစိုက်၍ ရှုမှတ်ရပါသည်။

အသက်ရှူထုတ်လိုက်၍ ဝမ်းဗိုက်ပိန်ကျသွားသည်ကို ပိန်တယ်ဟု အတွင်းက လှုပ်သွား၊ ရွှေ့သွား၊ လျော့သွားသော သဘောကို သိအောင်ရှုမှတ်ရပါသည်။ ဝမ်းဗိုက်ပုံသဏ္ဌာန်(ပညတ်)ကို ခွာ၍ အတွင်းက လှုပ်သွား၊ ရွှေ့သွား၊ လျော့သွားသော သဘောကို သိအောင်စူးစိုက်၍ ရှုမှတ်ရပါသည်။

စိတ်တည်ငြိမ်မှု(သမာဓိ) ဖြစ်လာပြီးသောအခါ ဖောင်းတာ ပိန်တာနှင့် ရုပ်ကိုယ်ကြီးက တခြား၊ မှတ်သိနေတာက တခြားဟူ၍

ကွဲပြားကာ သိလာမည် ဖြစ်ပေသည်။ ဖောင်းတာ ပိန်တာ ရုပ်ကိုယ်ကြီးနှင့် မှတ်သိနေတာမှတစ်ပါး ငါကောင်ဆိုတာမရှိဟု အမှန်အတိုင်း စဉ်သိလာမည် ဖြစ်ပေသည်။

ထို့နောက် ဆက်ကာဆက်ကာ ရှုမှတ်ပါက အကြောင်းတရားကြောင့် အကျိုးတရားများ ဖြစ်ပေါ်နေသည်ကို သိလာမည် ဖြစ်ပေသည်။ ထို့နောက် သမာဓိဉာဏ်များ တစ်ဆင့်တိုး၍ ရင့်ကျက်လာသောအခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်သုံးသပ်၍ သိလာမည် ဖြစ်ပေသည်။

ထို့နောက် သမာဓိဉာဏ်များ တစ်ဆင့်တက်၍ ရင့်ကျက်လာပြန်သောအခါ ရုပ်တရား နာမ်တရားတို့၏ ဖြစ်ပေါ်လာပြီးလျှင် အလျင်အမြန် ကုန်ပျက်ကုန်ပျက်သွားသည်များကို ကိုယ်တိုင် တွေ့သိရမည် ဖြစ်ပေသည်။ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ကွေး၊ ဆန့်သော ကိုယ်အမူအရာများကို ရှုမှတ်လိုက်သောအခါမှာလည်း ဖြစ်ပေါ်လာပြီးလျှင် အလျင်အမြန် ကုန်ပျက်ကုန်ပျက်သွားသည်ကို ကိုယ်တိုင် တွေ့သိကြရမည် ဖြစ်ပေသည်။

ဖောင်း၊ ပိန်၊ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ကွေး၊ ဆန့်စသော ကိုယ်အမူအရာများ၌ ဖြစ်မှုပျက်မှုများကို မြင်အောင် ရှုနိုင်ပြီးသော အခါ ဝေဒနာကို ရှုမှတ်ရာ၌လည်း ဝေဒနာ၏ ဖြစ်မှုပျက်မှုများကို တွေ့မြင်လာမည် ဖြစ်ပေသည်။ စိတ်ကို ရှုမှတ်ရာ၌လည်း စိတ်၏ ဖြစ်မှုပျက်မှုများကို တွေ့မြင်လာမည် ဖြစ်ပေသည်။ မြင်မှု၊ ကြားမှု၊ နံမှုစသည့် သဘောတရားများကို ရှုမှတ်ရာ၌လည်း ဖြစ်မှုပျက်မှုများကို တွေ့မြင်လာမည် ဖြစ်ပေသည်။ လူသာမန် နတ်သာမန်တို့ မခံစားမတွေ့သိနိုင်သော ချမ်းသာထူးများကိုလည်း ခံစားတွေ့သိကြရမည် ပင်ဖြစ်ပေသည်။

ထို့နောက် ဆက်လက်၍ ရှုမှတ်အားထုတ်ပြန်သောအခါ ဉာဏ်စဉ်များ အဆင့်ဆင့်တက်ကာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ချမ်းသာသို့ (အာရုံပြုသောအားဖြင့်) ရောက်သွားကြရမည် ဖြစ်ပေသည်။ အစရှာလို့မရအောင် ကြာမြင့်ခဲ့သော အနမတဂ္ဂသံသရာ ဘဝပေါင်းများစွာက ပြုမှားမိုက်မှားခဲ့သော အပါယ်ဝရဲသို့ ကျရောက်စေမည့် ကံဆိုးကံဟောင်းများသည်လည်း အကျိုးပေးခွင့်မရ၊ အပြီးတိုင် ပျောက်ကင်းသွားကြရပေသည်။ ယခုဘဝမှစ၍ နောင်ဘဝများတွင်လည်း အပါယ်ဝရဲသို့ ကျစေနိုင်သော အကုသိုလ်ကံများကိုလည်း မပြုလုပ်နိုင်တော့သဖြင့် ယင်းအကုသိုလ်ကံများသည်လည်း အပြီးတိုင် ပျောက်ကင်းသွားရပေသည်။

ယခုဘဝမှ ကွယ်လွန်သွားသည်ရှိသော် နောင်ဘဝများ၌ ငရဲသို့များ ကျရောက်သွားရဦးမည်လော၊ တိရစ္ဆာန်များ ဖြစ်ရဦးမည်လော၊ ပြိတ္တာများ ဖြစ်ရဦးမည်လော၊ ရှပ်ရည်အလွန်ဆိုးဝါးသည့် အသုရကာယ်များ ဖြစ်ရဦးမည်လောဟူ၍ စိတ်ထဲတွင် ယုံမှားသံသယပင် မရှိတော့ပေ။ မိမိသည် ဤအပါယ်ဘုံဘဝများသို့ မကျရောက်နိုင်တော့ပြီဟု ဘဝသံသရာ၌ မကြောက်မရွံ့ ကျင်လည်သွားရမည် ဖြစ်ပေသည်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ ရောက်ဖူးပြီးသော သောတာပန်ပုဂ္ဂိုလ်သည် ဘဝသံသရာ၌ ပျော်မွေ့၍ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်းကို မေ့နေခဲ့သည်ရှိသော် (၇)ဘဝမျှသာမေ့၍ ပျော်မွေ့နိုင်မည် ဖြစ်ပေသည်။ (၇)ဘဝပြည့်သောအခါ အထူးသံဝေဂ ဖြစ်ပြီး သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်သဖြင့် ရဟန္တာဖြစ်ရလေသည်။ နိဗ္ဗာန်သို့ ဝင်စံရလေသည်။

ဘဝသံသရာ၌ ပျော်မွေ့ရာမှာလည်း လောကီအာရုံ ကာမဂုဏ်များနှင့် ပျော်မွေ့သည်က နည်းလှပေသည်။ ဒါနနှင့်ပျော်၊ သီလနှင့်ပျော်၊

သမထနှင့်ပျော်မွေ့သည်ကသာ များပေသည်။ နောင်ဘဝသံသရာ၌ ခံကြရမည့် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးရခြင်းစသော သံသရာဝဋ်ဒုက္ခများမှလည်း မြတ်စွာဘုရား၏ လက်သည်းပေါ်၌ တင်၍ပြသော မြေမှုန့်မျှလောက်သာ ကျန်ရှိပေတော့သည်။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရဟန်းတော်တို့သည် တရားနာဖို့ရာ စည်းဝေး၍ မြတ်စွာဘုရားကို စောင့်ကာနေကြကုန်၏။ တရားဟောဖို့ရာ အချိန်မရသောကြောင့် ရဟန်းတော်များရှိရာသို့ မြတ်စွာဘုရား ကြွတော်မူလာပြီးလျှင် မြေကြီးပေါ်မှ မြေမှုန့်အနည်းငယ်ကို မြတ်စွာဘုရား၏ လက်သည်းပေါ်၌ တင်ပြီးလျှင် ရဟန်းတော်တို့ကို မိန့်ကြားတော်မူ၏။

"ရဟန်းတို့ ... ငါဘုရား၏ လက်သည်းပေါ်မှာ တင်ထားသော မြေမှုန့်နှင့် မဟာပထဝီမြေကြီးမှာရှိနေသော မြေမှုန့်တို့တွင် အဘယ် မြေမှုန့်က ပို၍များသနည်း"ဟု သီတော်မူလျက်နှင့်ပင် မိန့်ကြားတော်မူလေ၏။

ရဟန်းတော်တို့က "မြတ်စွာဘုရား ... မြတ်စွာဘုရား၏ လက်သည်းပေါ်၌ တင်ထားသော မြေမှုန့်သည် မဟာပထဝီမြေကြီးပေါ်၌ ရှိနေသော မြေမှုန့်များနှင့် နှိုင်းစာလိုက်ပါလျှင် အရေအတွက်ထဲသို့ ထည့်သွင်း၍ မရအောင် နည်းပါးလှပါသည်ဘုရား။ မဟာပထဝီမြေကြီးပေါ်၌ ရှိနေသော မြေမှုန့်များက အလွန်ပင် များပြားလှပါသည်ဘုရား" ဟု လျှောက်ထားကြလေ၏။

ထိုသို့ ရဟန်းတော်များက လျှောက်ထားကြသောအခါ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ... ဤဥပမာနှင့်တူစွာ သတိပဋ္ဌာန်

ဝိပဿနာတရား အားထုတ်၍ သောတာပန်ဖြစ်သွားပြီးသော ပုဂ္ဂိုလ်၏ သန္တာန်၌ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းစသော သံသရာဝဋ်ဒုက္ခတို့သည် ငါဘုရား၏ လက်သည်းပေါ်မှာ တင်ထားသော မြေမှုန့်မျှပင် ကျန်ရှိတော့သည်။ ကုန်သွားပြီးသော သံသရာဝဋ်ဒုက္ခတို့သည် မဟာပထဝီမြေကြီးပေါ်၌ရှိသော မြေမှုန့်များ လောက်ပင် များပြားကြပေသည်။ ကုန်သွားကြပေပြီ"ဟု သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်၍ သောတာပန်ဖြစ်သွားသော ပုဂ္ဂိုလ်၏ ချမ်းသာခွင့်ရပုံ၊ သက်သာခွင့်ရပုံများကို ဟောကြားတော်မူခဲ့ပါသည်။

သို့ဖြစ်၍ လူဘဝကို ရရှိခိုက် မိမိအတွက်ရရှိသော အချိန်များ၌ အကျိုးအရှိဆုံးဖြစ်သည့် သတိပဋ္ဌာန်ဝိပဿနာအကျင့်တရားကို အားထုတ်သင့်လှပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

လွှမ်းမိုးနိုင်မှု တရားရ

ယခုအချိန်အခါသည် ဝိပဿနာတရား ထွန်းကားလာသော အချိန် ဖြစ်ပေသည်။ အသိဉာဏ် ပြည့်ဝသူတိုင်း ဝိပဿနာတရားသည် မိမိတို့၏ အားကိုးရာအစစ် ဖြစ်ပေသည်ဟု ယုံကြည်ကာ အားထုတ်လျက် ရှိကြပေသည်။ အကြောင်းမညီညွတ်သေး၍ အားထုတ်ခွင့်မရကြသေးသော ပုဂ္ဂိုလ်တို့ကလည်း ဝိပဿနာတရား ရှုမှတ်ပုံ ရှုမှတ်နည်းတို့ကို ရှာမီးလေ့လာစုဆောင်းလျက် ရှိကြပေသည်။

ကမ္ဘာနိုင်ငံအသီးသီးတို့မှ ပညာရှိပုဂ္ဂိုလ်တို့ကလည်း ဝိပဿနာတရား အားထုတ်ခြင်းဖြင့် ခန္ဓာကိုယ်၏ သဘာဝအစစ်အမှန်ကို သိပ်ပွဲနည်းကျကျ သိနိုင် မသိနိုင် လေ့လာဆန်းစစ်လျက် ရှိကြပေသည်။ ဝိပဿနာတရားကို နည်းလမ်းမှန်ကန်စွာ ရှုမှတ်တတ်ပါက ခန္ဓာကိုယ်၏ သဘာဝအစစ်အမှန်ကို သိပ်ပွဲနည်းကျကျ ကိုယ်တိုင်တွေ့သိကြရမည်မှာ ကေန်မုချပင် ဖြစ်ပေသည်။

ဝိပဿနာတရားသည် ခန္ဓာကိုယ်၏ သဘာဝအစစ်အမှန်ကို သိပ်ပွဲနည်းကျကျသိအောင် ဉာဏ်ဖြင့် ရှာဖွေအားထုတ်ရသော တရားပင် ဖြစ်ပေသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ဉာဏ်ဖြင့် ရှာဖွေတွေ့သိပြီးမှ ဟောကြားတော်မူသော တရားဖြစ်ပေသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော နည်းအတိုင်း တပည့်သားအဆက်ဆက်တို့

သည် ဝိပဿနာတရား အားထုတ်ခဲ့ကြသောကြောင့် ခန္ဓာကိုယ်၏ သဘာဝအစစ်အမှန်ကို သိပ်ပွန်းကျကျ သိကြပြီးလျှင် ချမ်းသာစစ် ချမ်းသာမှန်ကို ရရှိကြပေသည်။

နည်းလမ်းမှန်ကန်စွာ ဝိပဿနာတရား အားထုတ်၍ ဝိပဿနာ ဉာဏ်များ ဖြစ်ပေါ်လာသောအခါ ခန္ဓာကိုယ်၏ သဘာဝအစစ်အမှန် တို့တွင် ကိုယ်စိတ်တို့၌ တွေ့ကြုံခံစားမှု ဝေဒနာများကို တွေ့သိကြ ရမည် ဖြစ်ပေသည်။

တွေ့သိကြရမည့် ဝေဒနာများမှာ -

(၁) ဆင်းရဲခြင်း = ဒုက္ခဝေဒနာ၊

(၂) ချမ်းသာခြင်း = သုခဝေဒနာ၊

(၃) ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်းမဟုတ်၊ အလယ် အလတ်ဖြစ်ခြင်း = ဥပေက္ခာဝေဒနာဟူ၍ (၃)မျိုးဖြစ် ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေသနာအစဉ်အား ဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍ သုခဝေဒနာ ကို ရှေးဦးစွာ ဟောကြားတော်မူပါသည်။ ဝိပဿနာတရား အားထုတ် သောအခါမှာမူ ဒုက္ခဝေဒနာကို ရှေးဦးစွာ တွေ့ကြရပေသည်။

ဤဝေဒနာ(၃)မျိုးတို့ကို လွှမ်းမိုးကျော်လွန်အောင် ရှုမှတ်နိုင်မှ သာ မိမိတို့ အလိုရှိအပ်သော ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်ကို ရရှိနိုင်ကြမည် ဖြစ်ပေသည်။

ဝေဒနာ(၃)မျိုးတို့တွင် -

(၁) ဆင်းရဲခြင်း = ဒုက္ခဝေဒနာကို မြား၊ ညောင့်၊ ဆူးကို ပယ်နုတ်သကဲ့သို့ လွှမ်းမိုးအောင် ရှုမှတ်နိုင်ရမည်။

(၂) ချမ်းသာခြင်း = သုခဝေဒနာကို ဒုက္ခလို့ ထင်မြင်လာအောင် ရှုမှတ်နိုင်ရမည်။

(၃) အလယ်အလတ်ဖြစ်ခြင်း = ဥပေက္ခာဝေဒနာကို အနိစ္စလို့ ထင်မြင်လာအောင် ရှုမှတ်နိုင်ရမည်ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

(သံ-၂/၄၀၉)

၁။ ဆင်းရဲခြင်း = ဒုက္ခဝေဒနာကို မြား၊ ငြောင့်၊ ဆူးကို ပယ်နှုတ်သကဲ့သို့ လွှမ်းမိုးအောင် ရှုမှတ်ရမည်ဟူသည် - တောတောင် အရပ်များ၌ အလုပ်လုပ်ကြသောသူတို့သည် ခြေဖဝါး၊ လက်ဖဝါးတို့၌ ဆူးစူးလာသောအခါ ဆူးကို မပယ်နှုတ်ပါဘဲ ဆက်လက်၍ လုပ်ကိုင်နေပါက လိုရာကိစ္စ အချိန်မီ မပြီးမြောက်နိုင်၊ အချိန်ကုန် လူပန်းသာ ဖြစ်ကြရပေသည်။

စူးဝင်နေသောဆူးကို ရှေးဦးစွာ ပယ်နှုတ်ပြီးမှ လုပ်ကိုင်ဆောင်ရွက်ဖွယ်များကို လုပ်ကိုင်ဆောင်ရွက်သည်ရှိသော် လိုရာကိစ္စများ အချိန်မီ ပြီးမြောက်၍ ချမ်းသာကြရသကဲ့သို့ -

ထိုနည်းတူစွာ ဝိပဿနာတရား အားထုတ်ကြသောပုဂ္ဂိုလ်တို့သည် နာကျင်ကိုက်ခဲခြင်းစသော ဆင်းရဲဒုက္ခဝေဒနာများ ဖြစ်ပေါ်လာသောအခါ ယင်းဒုက္ခဝေဒနာကို လွှမ်းမိုးအောင် မရှုမှတ်ပါဘဲ အခြားရှုမှတ်ဖွယ် ဝင်လေ ထွက်လေ၊ ဝမ်းဗိုက် ဖောင်း ပိန်စသော ရှုမှတ်ဖွယ်များကို ရှုမှတ်နေပါက စိတ်တည်ငြိမ်မှု သမာဓိမဖြစ်ပါဘဲ ပျံ့လွင့်နေတတ်ကြပေသည်။

နာကျင်ကိုက်ခဲမှု ဒုက္ခဝေဒနာက ထင်ရှားပြင်းထန်နေသော ကြောင့် ဝင်လေ ထွက်လေ၊ ဖောင်း ပိန် စသည်တို့ကို ရှုမှတ်ပါ

သော်လည်း ယင်းအာရုံတို့အပေါ်၌ စိတ်တည်ငြိမ်မှု မရှိပါဘဲ နာကျင်ကိုက်ခဲခြင်း ဒုက္ခဝေဒနာဆီသို့ စိတ်ရောက်ရောက်သွားကာ ပျံ့လွင့်နေတတ်ကြပေသည်။ အားထုတ်လိုသော စိတ်ဓာတ်များ ကျဆင်းသွားတတ်ကြပေသည်။

သို့ဖြစ်၍ နာကျင်ကိုက်ခဲခြင်းစသော ဆင်းရဲဒုက္ခဝေဒနာများ ဖြစ်ပေါ်လာသောအခါ ဆူးစူးနေသူသည် ဆူးကို ရှေးဦးစွာ ပယ်နုတ်သကဲ့သို့ ပေါ်လာသော ဆင်းရဲဒုက္ခဝေဒနာကို ရှေးဦးစွာ လွှမ်းမိုးအောင် ရှုမှတ်ကြရပေသည်။ ဤကဲ့သို့ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်ဖို့ရာမှာ နာကျင်ကိုက်ခဲခြင်းဝေဒနာ ပေါ်လာသောအခါ ဒီဝေဒနာကို ခံနိုင်ရမည်ဟု စိတ်ကိုလည်း တင်းမိတတ်သည်။ ခန္ဓာကိုယ်ကိုလည်း တင်းမိတတ်သည်။ မတင်းမိအောင် အထူး သတိပြုရပါမည်။

ဝေဒနာပျောက်ကင်းမှု၊ မပျောက်ကင်းမှုများ၌ စိတ်ကူးကြံစည်မှု၊ ပူပန်မှုများ မရှိစေရပါ။ ဝေဒနာ ပျောက်ချင်ပျောက်၊ မပျောက်ချင်လည်းရှိစေ၊ သူ့သဘောအတိုင်းပင် ဖြစ်ပေသည်ဟု စိတ်ကို အေးအေးထားရပါမည်။ ဝေဒနာအပေါ်၌ မှတ်သိစိတ်ကို တည့်တည့်ချထားရပါမည်။ ဤကဲ့သို့ ဝေဒနာအပေါ်၌ မှတ်သိစိတ်ကို တည့်တည့်ချထားပြီးသောအခါ နာကျင်ကိုက်ခဲသော ဝေဒနာသည် အသားပေါ်အရေပေါ်လောက်ကပင် နာသည်၊ အကြောထိအောင် နာသည်၊ အရိုးထိအောင် နာသည် စသည်ဖြင့် ဝေဒနာ၏ နာပုံအတိုင်းအရှည်ကို စိတ်ဖြင့် သိနိုင်သမျှသိအောင် စူးစိုက်၍ နာတယ်၊ ကျင်တယ်၊ အောင့်တယ် စသည်ဖြင့် ပိုင်းခြား ပိုင်းခြားကာ ရှုမှတ်ရပါသည်။

ရှုမှတ်သောအခါမှာလည်း ကျောက နာတယ် ကျင်တယ် အောင့်တယ်၊ ခါးက နာတယ် ကျင်တယ် အောင့်တယ်၊ ဒူးက နာတယ်

ကျင်တယ် အောင့်တယ် စသည်ဖြင့် အထည်ကိုယ်ခြေမ်များကို ထည့်၍ မမှတ်ရ၊ အထည်ကိုယ်ခြေမ်များ မပါစေရဘဲ နာကျင်ကိုက်ခဲမှု သဘောသက်သက်မျှကိုသာ စူးစိုက်၍ မှတ်ရပါသည်။

ဝေဒနာပေါ်မှာ မှတ်သိစိတ်ကို တည့်တည့်ချ၍ နာတယ်၊ ကျင်တယ်၊ အောင့်တယ် စသည်ဖြင့် ပိုင်းခြားပိုင်းခြား၍ ရိုရိုသေသေ စူးစူးစိုက်စိုက် မှတ်ရပါသည်။ သမာဓိဉာဏ်များ အားရှိလာသောအခါ (၄)ချက် (၅)ချက်ခန့် စူးစူးစိုက်စိုက် မှတ်လိုက်သည်ရှိသော် ပို၍ပို၍ နာကျင်ကိုက်ခဲသည်များကို တွေ့သိလာတတ်ပေသည်။ အထွတ်အထိပ်ရောက်အောင် နာကျင်ကိုက်ခဲပြီး၍ ပြန်သက်သာလာသောအခါ မှာလည်း (၄)ချက် (၅)ချက်ခန့် ပိုင်းခြားပိုင်းခြား၍ ရှုမှတ်လိုက်သည်ရှိသော် သက်သာသက်သာသွားကာ အခြားနေရာများသို့ ရွှေ့ရွှေ့သွားတာများကို တွေ့သိရပေမည်။

ထို့နောက် ဆက်ကာဆက်ကာ ရှုမှတ်၍ သမာဓိဉာဏ်များ တစ်ဆင့်ထက်သန် အားရှိလာပြန်သောအခါ နာတယ်၊ ကျင်တယ်၊ အောင့်တယ် စသည်ဖြင့် ရှုမှတ်လိုက်သည်ရှိသော် နာတာ၊ ကျင်တာ၊ အောင့်တာတို့သည် တစ်ချက်မှတ် တစ်ချက်ပေါ်ပြီးတာနှင့် အလျင်အမြန် ပျောက်ပျောက်သွားသည်များကို တွေ့သိလာရမည် ဖြစ်ပေသည်။

ထို့နောက် သမာဓိဉာဏ်များ တစ်ဆင့်တက်၍ အားရှိလာပြန်သောအခါ နာတယ်၊ ကျင်တယ်၊ အောင့်တယ် စသည်ဖြင့် ရှုမှတ်လိုက်သည်ရှိသော် နာတာ၊ ကျင်တာ၊ အောင့်တာတို့သည် တစ်ချက်မှတ် တစ်ချက် (ယူပစ်လိုက်သလို) ကုန်ပျက်ကုန်ပျက်သွားသည်များကိုလည်း တွေ့သိလာရမည် ဖြစ်ပေသည်။ မှတ်သိစိတ်ပါ ကုန်ပျက်ကုန်ပျက်သွားသည်ကိုလည်း တွေ့သိရမည် ဖြစ်ပေသည်။

ဤကဲ့သို့ ဝေဒနာနှင့် မှတ်သိစိတ် နှစ်မျိုးလုံး ကုန်ပျက်ကုန်ပျက်နေသည်ကို တွေ့မြင်သွားသောအခါ ဒုက္ခဝေဒနာကို မှတ်သိစိတ်က လွှမ်းမိုးသွားပြီ ဖြစ်သဖြင့် ဒုက္ခဝေဒနာကြောင့် အဖန်ဖန် ဖြစ်နေသော စိတ်နလုံးမသာယာမှု ပဋိယာနုသယ = ဒေါသကိုလည်း ပယ်သတ်ခြင်းကိစ္စ ပြီးသွားပေသည်။ ဒေါသကို ပယ်သတ်နိုင်သောကြောင့် မိမိတို့၏ ပါရမီအားလျော်စွာ ဒေါသကုန်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားရမည် ဖြစ်ပေသည်။

(၂) ချမ်းသာခြင်း = သုခဝေဒနာကို ဒုက္ခလို့ ထင်မြင်လာအောင် ရှုမှတ်ရမည်ဟူသည် - ဝိပဿနာတရား အားထုတ်၍ အဖြစ်အပျက်ကိုသိသော ဉဒယဗ္ဗယဉာဏ်သို့ ရောက်လာသောအခါ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း သုခဝေဒနာများ ဖြစ်ပေါ်လာ၏။ ထိုသုခဝေဒနာ၌ သာယာစွဲလမ်းမှုများ ဖြစ်နေတတ်၏။ သာယာစွဲလမ်းမှုများ မဖြစ်ရအောင် ချမ်းသာတယ်၊ ချမ်းသာတယ်ဟု ရိုရိုသေသေ စူးစူးစိုက်စိုက် ရှုမှတ်လိုက်သည်ရှိသော် ချမ်းသာမှုများ ဖြစ်ပေါ်လာပြီးလျှင် အလျင်အမြန် ပျက်ပျက်သွားသည်များကို တွေ့သိလာမည် ဖြစ်ပေသည်။ ဖြစ်မှုပျက်မှုများ အလွန်လျင်မြန်သည်ဖြစ်၍ နှိပ်စက်နေသကဲ့သို့ ထင်လာသောကြောင့် ဆင်းရဲဒုက္ခတစ်မျိုးပင် ဖြစ်သည်ဟု ထင်မြင်လာပေသည်။

ဤကဲ့သို့ ဒုက္ခဟု ထင်မြင်လာလျှင် သုခဝေဒနာ၌ သာယာတပ်မက်နေသော ရာဂါနုသယ (လောဘ)ကိုလည်း ပယ်သတ်ခြင်းကိစ္စ ပြီးသွားပေသည်။ လောဘကို ပယ်သတ်နိုင်သောကြောင့် မိမိတို့၏ ပါရမီအားလျော်စွာ လောဘကုန်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားရမည် ဖြစ်ပေသည်။

(၃) အလယ်အလတ်ဖြစ်ခြင်း = ဥပေက္ခာဝေဒနာကို အနိစ္စလို့ ထင်အောင် ရှုမှတ်ရမည်ဟူသည် - ဝိပဿနာတရား အားထုတ်၍ သခ်ါရပေက္ခာဉာဏ်သို့ ရောက်လာသောအခါ ချမ်းသာနှင့် ဆင်းရဲကို အညီအမျှ ရှုနိုင်၍ လွယ်ကူနေသောကြောင့် ဥပေက္ခာဝေဒနာ ဖြစ်ပေါ်လာ၏။ လွယ်ကူလွန်း၍ ကုန်ပျက်ခြင်း၊ မမြဲခြင်း အနိစ္စသဘောကို မမြင်နိုင်ပါဘဲ တွေဝေခြင်း = မောဟ ဖြစ်နေတတ်ပေသည်။ ဤကဲ့သို့ ရှုမှတ်မှု အလွန်လွယ်ကူနေ၍ တွေဝေခြင်း (မောဟ)ဖြစ်နေသောအခါ ကုန်ပျက်တာများကို မြင်နိုင်လောက်အောင် ရိုရိုသေသေ စူးစူးစိုက်စိုက် ဖောင်းတယ်၊ ပိန်တယ် စသည်ဖြင့် ရှုမှတ်ရပေသည်။ စူးစူးစိုက်စိုက် ရှုမှတ်လိုက်သဖြင့် ဖောင်းတာ ပိန်တာတို့ ကုန်ပျက်ကုန်ပျက်သွားသည်များကို တွေ့မြင်လာမည် ဖြစ်ပေသည်။ မှတ်သိစိတ်ပါ ကုန်ပျက်ကုန်ပျက်သွားသည်များကိုလည်း တွေ့မြင်လာမည် ဖြစ်ပေသည်။ ဖောင်းတာ ပိန်တာလည်း မမြဲ၊ မှတ်သိစိတ်လည်း မမြဲဟု အနိစ္စလက္ခဏာ ထင်မြင်လာမည် ဖြစ်ပေသည်။

ကုန်ပျက်သည်များက အလွန်လျင်မြန်သဖြင့် နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်းပင် ဖြစ်သည်ဟု ဒုက္ခလက္ခဏာကိုလည်း ထင်မြင်လာမည် ဖြစ်ပေသည်။ ကုန်ပျက်နှိပ်စက်နေခြင်း ဆင်းရဲတို့ကို ဘယ်လိုမှ ကာကွယ်လို့မရ၊ သူ့သဘောအတိုင်း ကုန်ပျက်နှိပ်စက်နေ၍ ကိုယ်အစိုးမရခြင်းပင် ဖြစ်သည်ဟု အနတ္တလက္ခဏာကိုလည်း ထင်မြင်လာမည် ဖြစ်ပေသည်။

ဤကဲ့သို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာများ ထင်လာသောအခါ ဥပေက္ခာဝေဒနာ၌ တွေဝေနေသော အဝိဇ္ဇာနုသယ(မောဟ)ကို ပယ်သတ်ခြင်းကိစ္စ ပြီးသွားပေသည်။ မောဟကို ပယ်သတ်နိုင်သော

ကြောင့် မိမိတို့၏ ပါရမီအားလျော်စွာ မောဟကုန်ရာ နိဗ္ဗာန်ချမ်းသာ သို့ ရောက်သွားရမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

တရားရဖွယ် ရိပ်သာရွေးချယ်

ယခုအချိန်အခါသည် သတိပဋ္ဌာန်ဝိပဿနာတရား ထွန်းကားသောအချိန် ဖြစ်ပေသည်။ အသိဉာဏ်ပြည့်ဝသူတိုင်း မိမိတို့ရရှိသော အားလပ်ချိန်များ၌ သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်လျက် ရှိကြပေသည်။ အားထုတ်သောအခါမှာလည်း ရိပ်သာများသို့ သွားရောက်၍ အားထုတ်လေ့ ရှိကြပေသည်။ ဤကဲ့သို့ သွားရောက် အားထုတ်ကြရာ၌ မိမိနှင့် မသင့်လျော်သော ရိပ်သာများ၌ သွားရောက်နေထိုင်၍ အားထုတ်မိပါက တရားမတွေ့၊ တရားမရသဖြင့် အချိန်ကုန်လူပန်းဖြစ်ပြီး ယခုအချိန်အခါသည် တရားရနိုင်သော အချိန်အခါ မဟုတ် စသည်ဖြင့် စိတ်ဓာတ်များ ကျဆင်းသွားတတ်ကြပေသည်။ သို့ဖြစ်၍ သင့်လျော်သောရိပ်သာကို ရွေးချယ်ဖို့ရာ လိုအပ်လှပေသည်။

ရွေးချယ်ဖို့ရာ ရိပ်သာ(၄)မျိုး မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(၁) တရားလည်း မထင်ရှား၊ ပစ္စည်းလည်း ရှားပါးသော ရိပ်သာ၊
(၂) တရားတော့ မထင်ရှား၊ ပစ္စည်းပေါများသော ရိပ်သာ၊
(၃) တရားတော့ ထင်ရှားပါ၏၊ ပစ္စည်းရှားပါးသော ရိပ်သာ၊
(၄) တရားလည်း ထင်ရှား၊ ပစ္စည်းလည်း ပေါများသော ရိပ်သာဟူ၍ (၄)မျိုး ဟောကြားတော်မူပါသည်။

(မူလပဏ္ဏာသ-၁၄၉)

(၁) ပထမရိပ်သာတစ်ခုသို့ သွားရောက်၍ အားထုတ်သောအခါ တရားပြဆရာက ပြည့်ပြည့်စုံစုံ တရားပြပေးမှု မရှိသောကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်ပါးပါးကြောင့်ဖြစ်စေ (၁၀)ရက်၊ (၁၅)ရက် စသည်ဖြင့် ရက်ပေါင်း အတော်ကြာအောင် အားထုတ်ပါသော်လည်း တရားသဘောများကို ထင်ထင်ရှားရှား မတွေ့ရ။ ရေနှင့် စားဖွယ်သောက်ဖွယ် အဝတ်အထည် စသည့် ပစ္စည်းများကလည်း မပြည့်စုံ၊ ရှားပါး၏။ ထိုရိပ်သာ၌ မည်သည့် အကြောင်းကြောင့်မျှ ဆက်လက်၍ မနေရ။ သက်ဆိုင်ရာပုဂ္ဂိုလ်များကို မပန်ကြားဘဲ အမြန်ထွက်ခွာသွားရပါမည်။

ဆောင်ပုဒ်။ ။ မထင်တရား၊ ပစ္စည်းရှား၊ ထွက်သွားမပန်ရာ။

(၂) ဒုတိယရိပ်သာတစ်ခုသို့ သွားရောက်၍ အားထုတ်သောအခါ (၁၀)ရက်၊ (၁၅)ရက် စသည်ဖြင့် ရက်ပေါင်း အတော်ကြာအောင် အားထုတ်ပါသော်လည်း တရားသဘောများကို ထင်ထင်ရှားရှား မတွေ့ရ။ ရေနှင့် စားဖွယ်သောက်ဖွယ် အဝတ်အထည် စသည့် ပစ္စည်းများကတော့ ပြည့်စုံပေါများလုပေ၏။ ထိုရိပ်သာ၌လည်း မည်သည့်အကြောင်းကြောင့်မျှ ဆက်လက်၍ မနေရ။ သက်ဆိုင်ရာပုဂ္ဂိုလ်များကို ပန်ကြား၍ ထွက်ခွာသွားရမည်။

ဆောင်ပုဒ်။ ။ မထင်တရား၊ ပစ္စည်းများ၊ ထွက်သွားပန်ကြားကာ။

(၃) တတိယရိပ်သာတစ်ခုသို့ သွားရောက်၍ အားထုတ်သောအခါ မကြာမီရက်အတွင်းမှာပင် တရားသဘောများကို ထင်ထင်ရှားရှား တွေ့ရ၏။ ရေနှင့် စားဖွယ်သောက်ဖွယ် အဝတ်အထည် စသည့် ပစ္စည်းများကတော့ မပြည့်စုံ၊ အလွန်ရှားပါး၏။ ထို

ရိပ်သာ၌ သည်းခံ၍ ခိုကပ်ကာ တရားပြည့်စုံသည်အထိ ဆက်လက်၍ နေရပါမည်။

ဆောင်ပုဒ်။ ။ တရားထင်ရှား၊ ပစ္စည်းပါး၊ မသွားကပ်နေရာ။

(၄) စတုတ္ထရိပ်သာတစ်ခုသို့ သွားရောက်၍ အားထုတ်သောအခါ မကြာမီရက်အတွင်းမှာပင် တရားသဘောများကိုလည်း ထင်ထင်ရှားရှား တွေ့ရ၏။ ရေနှင့် စားဖွယ်သောက်ဖွယ် အဝတ်အထည်စသည့် ပစ္စည်းများကလည်း ပြည့်စုံပေါများ၏။ ထိုရိပ်သာမှ သက်ဆိုင်ရာပုဂ္ဂိုလ်များက ယောဂီအတွက် သတ်မှတ်ထားသော နေထိုင်ခွင့်ရက်ကုန်ပါပြီဟု နှင်ထုတ်ပါသော်လည်း မိမိလိုအပ်သောတရား မပြည့်စုံသေးပါက မပြည့်စုံသေးတဲ့အကြောင်း တောင်းပန်လျှောက်ထား၍ ဆက်လက်နေထိုင်ရပါမည်။

ဆောင်ပုဒ်။ ။ တရားထင်ရှား၊ ပစ္စည်းများ၊
နှင်ထုတ်စေကာမသွားရာ။

ဤကဲ့သို့ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ပထမနှင့် ဒုတိယရိပ်သာတို့ကို ရှောင်ကြဉ်၍ တရားထင်ရှား၍ တရားရှိနိုင်သော တတိယနှင့် စတုတ္ထရိပ်သာတို့ကို ရွေးချယ်နေထိုင်၍ အားထုတ်ရပါမည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အကျိုးများရန် ဒုလ္လဘရဟန်းခံ

ယခုခေတ်အခါ၌ ရှေးခေတ်အခါများကထက် ဒုလ္လဘရဟန်းခံ ပွဲများ မြန်မာပြည်တွင် ပို၍များပြားလာပါသည်။ ဒုလ္လဘဟူသော အမည်နှင့် လျော်ညီစွာ ကျင့်သုံးနေထိုင်ပါက ဒုလ္လဘရဟန်းခံပြုသူ များလည်း မဂ်ဖိုလ်နိဗ္ဗာန် ရောက်သည်အထိ အကျိုးများကြမည် ဖြစ် ပေသည်။ သာသနာတော်ကြီးလည်း မိမိတို့ကို အကြောင်းပြု၍ တိုး တက်ကြီးပွား အကျိုးများမည် ဖြစ်ပေသည်။

ဒုလ္လဘဟူသောအမည်နှင့် လျော်ညီစွာ ကျင့်သုံးနေထိုင်ခြင်း မရှိပါက မိမိတို့လည်း အပါယ်ငရဲသို့ ကျရောက်သွားသည်အထိ ဆုတ် ယုတ်သွားမည် ဖြစ်ပေသည်။ သာသနာတော်ကြီးလည်း မိမိတို့ကို အကြောင်းပြု၍ ဆုတ်ယုတ်သွားမည် ဖြစ်ပေသည်။ သို့ဖြစ်၍ မိမိ အတွက်၊ သာသနာတော်ကြီးအတွက် အကျိုးရှိသော ဒုလ္လဘရဟန်း တော်များဖြစ်အောင် ကျင့်ကြံအားထုတ်သင့်လှပေသည်။

ဒုလ္လဘဟူသောအမည်ကို လူအများစုက သိရှိနားလည် သဘော ပေါက်နေကြသည်မှာ သာသနာ့ဘောင်သို့ ခေတ္တခဏာဝင်ရောက်၍ လူပြန်ထွက်ကြမည့် ရဟန်းတော်များ ဖြစ်ကြသည်ဟူ၍ နားလည် သဘောပေါက်နေကြပေသည်။

အမှန်စင်စစ် ဒုလ္လဘဟူသောအမည်သည် နားလည် သဘော ပေါက်ကြသည့်အတိုင်း ခေတ္တခဏ သာသနာ့ဘောင်သို့ ဝင်ရောက်၍ လူပြန်ထွက်ကြမည့် ရဟန်းတော်များဟူ၍ အဓိပ္ပါယ်မရရှိပေ။ ရခဲသည်ကို ရအောင်ယူသူများဟူ၍ အဓိပ္ပါယ်ရရှိပေသည်။

ဒုလ္လဘ၌ ဒု-က တစ်ပုဒ်၊ လဘ-က တစ်ပုဒ် ဖြစ်ပေသည်။ ဒု-ရနိုင်ခဲသည်ကို၊ လဘ-ရသည် (ဝါ) ရအောင်ယူသည်၊ ဒုလ္လဘ - ရနိုင်ခဲသော ရဟန်းအဖြစ်ကို ရအောင်ယူထားသူဟူ၍ အဓိပ္ပါယ် ရရှိပေသည်။ ဒုလဘဟု ပင်ကိုယ်ပုဒ်ရင်းပင် ဖြစ်ပါသော်လည်း သဒ္ဒါ စည်းကမ်းများကြောင့် ဒုလ္လဘဟု လနှစ်လုံးဆင့် "လ္ဘ"ဖြစ်နေပါသည်။

ဒုလ္လဘ - ရနိုင်ခဲသော ရဟန်းအဖြစ်ဟူသည် လူဝတ်ကြောင်များအနေဖြင့် မရနိုင် မယူနိုင်သည့် (၂၂၇)သွယ်သော သီလသိက္ခာပုဒ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော သီလသိက္ခာပုဒ်တို့ကို လိုက်နာကျင့်ကြံ၍ သီလကုသိုလ်များကို ရယူနိုင်သောကြောင့် ဒုလ္လဘ - ရနိုင်ခဲသော ရဟန်းအဖြစ်ဟု ဆိုလိုပါသည်။

ဒုလ္လဘရဟန်းခံခြင်းနှင့်စပ်၍ သာသနာတော်၌ ရဟန်းပြုသူ (၅)မျိုးရှိသည်ကို သိထားသင့်ပေသည်။ ဒုလ္လဘရဟန်းပြုသူနှင့်တကွ သာသနာတော်၌ ရဟန်းပြုသူ (၅)မျိုးရှိပါသည်။

(၁) သဒ္ဓါပဗ္ဗဇိတ = ယုံကြည်ခြင်းကြောင့် ရဟန်းပြုသူ၊
(၂) ပညာပဗ္ဗဇိတ = ပညာကြောင့် ရဟန်းပြုသူ၊
(၃) ဘယာပဗ္ဗဇိတ = အပြစ်ဘေးကြောင့် ရဟန်းပြုသူ၊
(၄) မိရိုးဖလာပဗ္ဗဇိတ = မိဘရိုးရာ အစဉ်အလာကြောင့် ရဟန်းပြုသူ၊

(၅) ဒုလ္လဘပဗ္ဗဇိတ = ရခဲသည့် ရဟန်းအဖြစ်ကို ရလို သောကြောင့် ရဟန်းပြုသူဟူ၍ (၅)မျိုးရှိပါသည်။

(၁) သဒ္ဓါပဗ္ဗဇိတ = ယုံကြည်ခြင်းကြောင့် ရဟန်းပြုသူဟူသည် - အကြင်သူသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ အကြောင်းကို နာကြားရ၍ ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါ တရားဖြစ်၏။ ထိုသဒ္ဓါတရားကို အကြောင်းပြု၍ ရဟန်းပြုသော သူသည် သဒ္ဓါပဗ္ဗဇိတ = ယုံကြည်ခြင်းကြောင့် ရဟန်းပြုသူ မည်၏။

ထိုရဟန်းသည် ရတနာသုံးပါးကို ယုံကြည်လေးစားသောကြောင့် သီလသိက္ခာပုဒ်များကိုလည်း မကျိုးမပေါက်ရအောင် အလေးဂရုပြု၍ စောင့်ထိန်း၏။ ဆရာသမားများနှင့် အတူနေသူ သီတင်းသုံးဖော်တို့ ကိုလည်း အလေးပြု၍ နေထိုင်၏။ သံသရာမှ လွတ်မြောက်ကြောင်း ကမ္မဋ္ဌာန်းတရားတို့ကိုလည်း ကြိုးစားအားထုတ်၍ နေတတ်၏။ ဤ ကဲ့သို့ နေထိုင်ကျင့်သုံးသဖြင့် ကြည်ညိုဖွယ်ဂုဏ်များနှင့် ပြည့်စုံသော ကြောင့် သာသနာတော်၏ ဂုဏ်ကျက်သရေဆောင် ပုဂ္ဂိုလ်မျိုး ဖြစ် ပေသည်။

(၂) ပညာပဗ္ဗဇိတ = ပညာကြောင့် ရဟန်းပြုသူဟူသည် - အကြင် သူသည် ဗုဒ္ဓ၏ ပိဋကတ်စာပေကျမ်းဂန်တို့ကို လေ့လာဖတ်ရှု ရ၊ နာကြားရ၍ အသိအလိမ္မာ ဉာဏ်ပညာ တိုးတက်လာသော ကြောင့် ရဟန်းပြု၏။ အသိအလိမ္မာ ဉာဏ်ပညာကို အကြောင်း ပြု၍ ရဟန်းပြုသောသူသည် ပညာပဗ္ဗဇိတ = ပညာကြောင့် ရဟန်းပြုသူမည်၏။

ထိုရဟန်းသည် ဗုဒ္ဓ၏ ပိဋကတ်စာပေကျမ်းဂန်တို့ကို သင်ယူတတ်မြောက်ခြင်းဌာနသာ အလေးပြု၏။ အခြားသာသနာရေးကိစ္စများ၌ အလေးပြုခြင်းမရှိ၊ အများနှင့် မဆန့်ကျင်ရုံမျှသာ နေထိုင်လေ့ရှိ၏။ သို့ပါသော်လည်း ပိဋကတ်စာပေကျမ်းဂန်များ ပြည့်စုံစွာ သင်ကြားတတ်မြောက်ပြီးသောအခါ သဒ္ဓါနှင့်ပညာ နှစ်ပါးစုံ ပြည့်စုံလာသဖြင့် သာသနာတော်၏ ဂုဏ်ကျက်သရေဆောင် ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်ပေသည်။

(၃) ဘယာပဗ္ဗဇိတ = အပြစ်ဘေးကြောင့် ရဟန်းပြုသူဟူသည် - အကြင်သူသည် ရာဇဝတ်ဘေးစသော တစ်စုံတစ်ရာသော အပြစ်ဘေးကြောင့်သော်လည်းကောင်း၊ စားဝတ်နေရေး မပြေလည်၍သော်လည်းကောင်း ရဟန်းပြု၏။ ထိုအပြစ်ဘေးနှင့် မပြေလည်ခြင်းကို အကြောင်းပြု၍ ရဟန်းပြုသောသူသည် ဘယာပဗ္ဗဇိတ = အပြစ်ဘေးကြောင့် ရဟန်းပြုသူမည်၏။

ထိုရဟန်းမျိုးသည် များသောအားဖြင့် ဆရာသမားကောင်းများ ထံ၌ စနစ်တကျလည်း မနေလိုပေ။ ကြည်ညိုဖွယ်ကို ဆောင်နိုင်သော သီလသိက္ခာပုဒ်များကိုလည်း စောင့်ထိန်းခြင်း မရှိပေ။ အရပ်လေးမျက်နှာ လှည့်လည်တောင်းခံကာ သာသနာတော်၏ ဂုဏ်ကျက်သရေတို့ကို ဖျက်ဆီးနေသော ပုဂ္ဂိုလ်မျိုး ဖြစ်ပေသည်။

(၄) မိရိုးဖလာပဗ္ဗဇိတ = မိဘရိုးရာ အစဉ်အလာကြောင့် ရဟန်းပြုသူဟူသည် - အကြင်သူသည် ငယ်စဉ်အခါကတည်းက ရှင်သာမဏေပြုလုပ်၍ အသက်နှစ်ဆယ်ပြည့်လျှင် မိရိုးဖလာထုံးစံအတိုင်း ရဟန်းပြု၏။ ထိုမိရိုးဖလာထုံးတမ်းစဉ်လာကို အကြောင်းပြု၍ ရဟန်းပြုသောသူသည် မိရိုးဖလာပဗ္ဗဇိတ = မိဘရိုးရာ အစဉ်အလာကြောင့် ရဟန်းပြုသူမည်၏။

ထိုရဟန်းမျိုးကို ယခုခေတ်အခါ၌ ငယ်ဖြူရဟန်းဟု ခေါ်ဝေါ်ကြကုန်၏။ ထိုရဟန်းသည် ဆရာသမားကောင်းများ၏ သြဝါဒကို ခံယူ၍ ပညာသင်ကြားတတ်မြောက်ပါက ယုံကြည်ခြင်း သဒ္ဓါတရားနှင့်လည်း ပြည့်စုံလာတတ်ပေသည်။ သဒ္ဓါနှင့်ပညာ ပြည့်စုံလာသောအခါ သာသနာတော်၏ ဂုဏ်ကျက်သရေဆောင် သာသနာ့အာဇာနည် ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်ပေသည်။

(၅) ဒုလ္လဘပဗ္ဗဇိတ = ရခဲသည့်ရဟန်းအဖြစ်ကို ရလိုသောကြောင့် ရဟန်းပြုသူဟူသည် - သာသနာ့ဘောင်၌ အမြဲပင် မနေနိုင်ဘြားသော်လည်း ရခဲသော ရဟန်းအဖြစ်ကို ရယူမည်။ နောက်နောင်ဘဝများအတွက် အထုံပါရမီ ကုသိုလ်ဖြစ်အောင် အားထုတ်မည်ဟု ရည်မှန်း၍ ရဟန်းပြု၏။ ထိုရခဲသော ရဟန်းအဖြစ်ကို ရလိုခြင်းကို အကြောင်းပြု၍ ရဟန်းပြုသောသူသည် ဒုလ္လဘပဗ္ဗဇိတ = ရခဲသည့် ရဟန်းအဖြစ်ကို ရလိုသောကြောင့် ရဟန်းပြုသူမည်၏။

အကြင်ဒုလ္လဘရဟန်းတော်တို့သည် (၂၂၇)သွယ်သော သီလ သိက္ခာပုဒ်တို့ကို စောင့်ထိန်းခြင်းလည်းမရှိ။ ဆရာသမားများ၏ ဆုံးမ သြဝါဒတို့ကိုလည်း ရိုရိုသေသေ လိုက်နာ ကျင့်ကြံခြင်းလည်းမရှိ။ သာသနာတော်၏ သက်ခ်ိန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း(၄)ပါးတို့ကို စားကာသောက်ကာဖြင့် ပျော်ပျော်နေထိုင်ကြကုန်၏။ ထိုဒုလ္လဘ ရဟန်းတော်တို့သည် ဒုလ္လဘဟူသောအမည်နှင့် မလျော်ညီ၊ အာပတ်ကြီးငယ်များလည်း သင့်နေမည်ဖြစ်၍ အပါယ်ငရဲသို့ ကျရောက်သွားသည်အထိ ဆုတ်ယုတ်သွားကြမည် ဖြစ်ပေသည်။

အကြင်ဒုလ္လဘရဟန်းတော်တို့သည် ဒုလ္လဘဟူသောအမည်နှင့် လျော်ညီစွာ လူဘဝ၌ မရနိုင်၊ မစောင့်ထိန်းနိုင်သော (၂၂၇)သွယ်

သော သီလသိက္ခာပုဒ်တို့ကို လုံခြုံအောင် စောင့်ထိန်း၏။ ဆရာသမား ကောင်းတို့၏ အဆုံးအမ ဩဝါဒများကို ရိုရိုသေသေ လိုက်နာ၍ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံအောင် နေထိုင်၏။ ထိုဒုလ္လဘ ရဟန်းတော်တို့သည် မိမိတို့၏ ပါရမီအားလျော်စွာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြသည်အထိ အကျိုးများကြမည် ဖြစ်ပေသည်။

ပါရမီနှင့်ယှဉ်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်သေးပြားသော်လည်း နောက်နောင်ဘဝ နောက်နောင်သော ဘုရားရှင်တို့၏ သာသနာတော်၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများ ဖြစ်ကြ၍ နိဗ္ဗာန်သို့ ရောက်သွားကြရမည် ဖြစ်ပေသည်။

ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါက အမျိုးကောင်းသား တစ်ယောက်သည် ဆွေမျိုးဥာတိများ ပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာများ ပျက်စီးခြင်းတို့ကြောင့် ဝိပဿီမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုလေ၏။ ထိုအမျိုးကောင်းသားရဟန်းသည် ရဟန်းတရားတို့ကို ကြိုးစား၍ အားထုတ်၏။ (၇)ရက်ပြည့်သည်ရှိသော် စိတ်ဆင်းရဲခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ ငြိမ်းအေးသွားလေ၏။ ထိုအခါ ရဟန်းဘဝမှထွက်၍ လူဝတ်လဲသွားလေ၏။

လူဘဝမှာ နေထိုင်ပြီး သက်တမ်းကုန်၍ ကွယ်လွန်ဖုတေသွားသောအခါ (၉၁)ကမ္ဘာပတ်လုံး အပါယ်(၄)ပါးသို့ မကျရောက်ပါဘဲ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါက (၇)ရက် ရဟန်းပြုခဲ့ဖူးသော အထုံပါရမီကုသိုလ်တို့ကြောင့် ပဋိသန္ဓေခါ(၄)ပါး၊ အဘိညာဉ်(၆)ပါး ရရှိသော ရဟန္တာပုဂ္ဂိုလ် ဖြစ်ရလေ၏။ သတ္တာဟာပဗ္ဗဇိတမထေရ်ဟု ထင်ရှားလေ၏။

သို့ဖြစ်၍ ဒုလ္လဘရဟန်းတော်တို့သည် ရခဲသည့် ရဟန်းအဖြစ်ကို ရအောင်ယူသူ (ဒုလ္လဘ)ဟူသောအမည်နှင့် လျော်ညီစွာ နေထိုင်ပါက ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ ရောက်သွားရသည်အထိ အကျိုးများကြမည် ဖြစ်ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

နှစ်ဖက်မြင်သာ ဆည်းကပ်ရာ

ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည် ပြုလုပ်ဆောင်ရွက်ဖွယ်များကို ဆောင်ရွက်ရာ၌ အများအယွင်းမရှိ ပြုလုပ်ဆောင်ရွက်နိုင်သောကြောင့် မျက်မှောက်သံသရာ (၂)ဖြာလုံး၌ ချမ်းသာကြပေသည်။ အတူတကွ နေထိုင်ကြသူများကိုလည်း ချမ်းသာစေကြပေသည်။

သို့ဖြစ်၍ ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ကို မိမိတို့၏ ရှေ့ဆောင်လမ်းပြ ခေါင်းဆောင်အရာ၌ ထားကြရပေသည်။ ထိုပုဂ္ဂိုလ်တို့နှင့် ပေါင်းသင်းဆက်ဆံကြရပေသည်။ ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ကြရပေသည်။

ဉာဏ်ပညာ အမြော်အမြင်နှင့်စပ်၍ ပုဂ္ဂိုလ်(၃)မျိုးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(၁) အန္ဓ = နှစ်ဖက်လုံးမမြင်သောပုဂ္ဂိုလ်၊
(၂) ကေစကၠု = တစ်ဖက်သာမြင်သောပုဂ္ဂိုလ်၊
(၃) ဒ္ဒိစက္ခု = နှစ်ဖက်လုံးမြင်သောပုဂ္ဂိုလ်ဟူ၍ (၃)မျိုး ဟောကြားတော်မူပါသည်။

(အံ-၁/၁၂၆)

(၁) အန္ဓ = နှစ်ဖက်လုံးမမြင်သောပုဂ္ဂိုလ်ဟူသည် - အကြင်ပုဂ္ဂိုလ်သည် မရသေးသော စီးပွားဥစ္စာကို ရအောင်ရှာဖွေနိုင်သော အမြော်အမြင် ဉာဏ်ပညာလည်းမရှိ၊ ရလာပြီးသော စီးပွားဥစ္စာများကို တိုးတက်ကြီးပွား များပြားလာအောင် ပြုလုပ်နိုင်သော အမြော်အမြင် ဉာဏ်ပညာလည်းမရှိ။

မျက်မှောက်သံသရာ နှစ်ဖြာအပြစ်ရှိ၍ ရှောင်ကြဉ်ရမည့် သူအသက်သတ်ခြင်း (ပါဏာတိပါတ)၊ သူ့ဥစ္စာခိုးခြင်း (အဒိန္နာဒါန) စသော အကုသိုလ်တရားတို့ကို သိတတ်သော ဉာဏ်ပညာလည်းမရှိ၊ မျက်မှောက်သံသရာ နှစ်ဖြာအကျိုးရှိ၍ ပြုလုပ်ရမည့် ဒါန၊ သီလစသော ကုသိုလ်တရားတို့ကို သိတတ်သော ဉာဏ်ပညာလည်းမရှိ၊ ထိုပုဂ္ဂိုလ်သည် အန္ဓ = နှစ်ဖက်လုံးမမြင်သော ပုဂ္ဂိုလ်မည်၏။

ထိုပုဂ္ဂိုလ်သည် ယခုဘဝ၌ မိမိကိုလည်း ချမ်းသာစေ၊ မိမိနှင့် အတူတကွနေကြသော သားသမီး၊ သားမယား၊ အလုပ်သမား၊ ဆွေမျိုးဥာတိတို့ကိုလည်း ချမ်းသာစေတတ်သော စီးပွားဥစ္စာလည်းမရှိ။ နောက်နောင်ဘဝများအတွက် ချမ်းသာကြောင်းဖြစ်သည့် ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုများကိုလည်း မပြုလုပ်သောကြောင့် ယခုမျက်မှောက်ဘဝနှင့် နောင်သံသရာဘဝများ၌ ခံစားရမည့် အကျိုးနှစ်ပါးလုံးမှ ဆုံးရှုံးရပေသည်။

(၂) ကေစက္ခု = တစ်ဖက်သာမြင်သောပုဂ္ဂိုလ်ဟူသည် - အကြင်ပုဂ္ဂိုလ်သည် မရသေးသော စီးပွားဥစ္စာတို့ကို ရှာဖွေတတ်သော အမြော်အမြင် ဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏။ ရလာပြီးသော စီးပွားဥစ္စာတို့ကို တိုးတက်ကြီးပွား များပြားလာအောင် ပြုလုပ်တတ်သော အမြော်အမြင် ဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏။

မျက်မှောက်သံသရာ နှစ်ဖြာအပြစ်ရှိ၍ ရှောင်ကြဉ်ရမည့် သူ့အသက်သတ်ခြင်း (ပါဏာတိပါတ)၊ သူ့ဥစ္စာခိုးခြင်း (အဒိန္နာဒါန) စသော အကုသိုလ်တရားတို့ကို သိတတ်သော ဉာဏ်ပညာလည်း မရှိ၊ မျက်မှောက်သံသရာ နှစ်ဖြာအကျိုးရှိ၍ ပြုလုပ်ရမည့် ဒါန၊ သီလ စသော ကုသိုလ်တရားတို့ကို သိတတ်သော ဉာဏ်ပညာလည်းမရှိ၊ ထိုပုဂ္ဂိုလ်သည် ဧကစက္ခု = တစ်ဖက်သာမြင်သော ပုဂ္ဂိုလ်မည်၏။

ထိုတစ်ဖက်မြင်သောပုဂ္ဂိုလ်သည် ကုသိုလ်၊ အကုသိုလ်တို့ကို မသိသည်ဖြစ်၍ မတရားသော နည်းအမျိုးမျိုးတို့ဖြင့် စီးပွားဥစ္စာကို ရအောင်ရှာ၏။ အလေးမမှန်၊ ချိန်ခွင်မမှန်၊ တင်း ပြည်မမှန် စသည်တို့ဖြင့် ခိုးယူခြင်း၊ ပစ္စည်းတန်ဖိုး မမှန်မကန် လိမ်ပြော၍ ခိုးယူခြင်း စသည်တို့ဖြင့် စီးပွားဥစ္စာကို ရအောင်ရှာဖွေ၍ လောကီအာရုံ ကာမဂုဏ်ချမ်းသာ အမျိုးမျိုးတို့ကို ခံစား၏။ ထိုပုဂ္ဂိုလ်သည် သေသည်၏ အခြားမဲ့ဌ ငရဲသို့ ကျရောက်ကာ ဆင်းရဲဒုက္ခအမျိုးမျိုး ခံရမည်သာ ဖြစ်ပေသည်။

(၃) ဒ္ဝိစက္ခု = နှစ်ဖက်လုံးမြင်သောပုဂ္ဂိုလ်ဟူသည် - အကြင်ပုဂ္ဂိုလ်သည် မရသေးသော စီးပွားဥစ္စာတို့ကို တရားသဖြင့် ရအောင်ရှာဖွေတတ်သော အမြော်အမြင် ဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏။ ရလာပြီးသော စီးပွားဥစ္စာတို့ကို တိုးတက်ကြီးပွား များပြားလာအောင် ပြုလုပ်တတ်သော ဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏။

မျက်မှောက်သံသရာ နှစ်ဖြာအပြစ်ရှိ၍ ရှောင်ကြဉ်ရမည့် သူ့အသက်သတ်ခြင်း (ပါဏာတိပါတ)၊ သူ့ဥစ္စာခိုးခြင်း (အဒိန္နာဒါန) စသော အကုသိုလ်တရားတို့ကို သိတတ်သော ဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏။ မျက်မှောက်သံသရာ နှစ်ဖြာအကျိုးရှိ၍ ပြုလုပ်ရမည့် ဒါန၊

သီလ၊ ဘာဝနာစသော ကုသိုလ်တရားတို့ကို သိတတ်သော ဉာဏ်ပညာနှင့်လည်း ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်သည် ဒွိစက္ခု = နှစ်ဖက်လုံးမြင်သော ပုဂ္ဂိုလ်မည်၏။

ထိုနှစ်ဖက်လုံးမြင်သောပုဂ္ဂိုလ်သည် တရားသဖြင့် ရှာဖွေ၍ရသော ပစ္စည်းဥစ္စာတို့ကို အလျှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းတို့ဖြင့် ကွယ်လွန်သောအခါ စိုးရိမ်ရခြင်းမရှိ၊ ချမ်းသာသုခ အပြည့်အဝရှိသော နတ်ပြည်သို့ ရောက်ရလေသည်။ သတိပဋ္ဌာန်ဝိပဿနာ တရား အားထုတ်ခြင်းဖြင့် ပါရမီအားလျော်စွာ နိဗ္ဗာန်ချမ်းသာ ရောက်သည့်တိုင်အောင် တရားထူးတရားမြတ်များ ရနိုင်ပေသည်။

သို့ဖြစ်၍ နှစ်ဖက်လုံးမမြင်သောပုဂ္ဂိုလ်နှင့် တစ်ဖက်သာမြင်သော ပုဂ္ဂိုလ်တို့ကို ဝေးစွာရှောင်ကြဉ်ရမည်။ နိဗ္ဗာန်ချမ်းသာကို ရသည်အထိ အကျိုးများမည့် နှစ်ဖက်လုံးမြင်သောပုဂ္ဂိုလ်ကိုသာ မှီဝဲဆည်းကပ်ရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကောင်းဆိုးနှစ်တန် သစ္စာမန္တန်

အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး လောကထဲ၌ရှိနေကြသည့် အားလုံးသော ပုဂ္ဂိုလ်သတ္တဝါတို့သည် အသက်နှင့် စည်းစိမ်ဥစ္စာများ ချက်ချင်းပင် ပျက်စီးရတော့မည့် ဘေးရန်အန္တရာယ်များနှင့် တွေ့ကြုံလာသောအခါ ဆောက်တည်ရာမရအောင် ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်ကြရပေသည်။ သစ္စာမန္တန်ကိုသာ အားကိုးကြရပေသည်။ သစ္စာမန္တန်ဖြင့် ဘေးရန်အန္တရာယ်တို့မှ လွတ်မြောက်နိုင်ကြပေသည်။

သစ္စာမန္တန်ဆိုသည်မှာ -

(၁) မိမိသန္တာန်၌ အမှန်ရှိနေသည့် ကောင်းသောအဖြစ်မှန်ကို ဟုတ်မှန်သည့်အတိုင်း ဖော်ထုတ်၍ အဓိဋ္ဌာန်ပြုခြင်းဟူသော သစ္စာမန္တန်၊

(၂) မိမိသန္တာန်၌ အမှန်ရှိနေသည့် မကောင်းသောအဖြစ်မှန်ကို ဟုတ်မှန်သည့်အတိုင်း ထုတ်ဖော်၍ အဓိဋ္ဌာန်ပြုခြင်းဟူသော သစ္စာမန္တန်ဟူ၍ နှစ်မျိုးရှိပေသည်။

(၁) အသက်နှင့် စည်းစိမ်ဥစ္စာ ချက်ချင်းပင် ပျက်စီးရတော့မည့် ဘေးရန်အန္တရာယ်များနှင့် တွေ့ကြုံလာသောအခါ မိမိသန္တာန်၌ အမှန်ရှိနေသည့် ကောင်းသော အကျင့်သိက္ခာဂုဏ်တို့ကို ဟုတ်မှန်သည့်အတိုင်း နလုံးသွင်းဆင်ခြင်ကာ နှုတ်ဖြင့်ထုတ်

ဖော်ရွတ်ဆိုရ၍ "ဤမှန်ကန်သော သစ္စာစကားကြောင့် အသက်နှင့် စည်းစိမ်ဥစ္စာများ ပျက်စီးရမည့် ဘေးအန္တရာယ်တို့မှ လွတ်မြောက်ပါစေသတည်း" ဟူ၍ သစ္စာအဓิฐာန်ပြုရပေသည်။ ယင်းသစ္စာမန္တန်(သစ္စာစကားကြောင့်) ဘေးရန်အန္တရာယ် အမျိုးမျိုးတို့မှ လွတ်မြောက်နိုင်ကြပေသည်။

(၂) အသက်နှင့် စည်းစိမ်ဥစ္စာများ ချက်ချင်းပင် ပျက်စီးရတော့မည့် ဘေးရန်အန္တရာယ်များနှင့် တွေ့ကြုံလာသောအခါ မိမိသန္တာန်၌ အမှန်ရှိနေသည့် မကောင်းသောအဖြစ်မှန်ကို ဟုတ်မှန်သည့်အတိုင်း နလုံးသွင်းဆင်ခြင်ကာ နှုတ်ဖြင့်ထုတ်ဖော်ရွတ်ဆို၍ "ဤမှန်ကန်သော သစ္စာစကားကြောင့် အသက်နှင့် စည်းစိမ်ဥစ္စာများ ပျက်စီးရမည့် ဘေးရန်အန္တရာယ်တို့မှ လွတ်မြောက်ပါစေသတည်း" ဟူ၍ သစ္စာအဓิฐာန်ပြုရပေသည်။ ယင်းသစ္စာမန္တန်(သစ္စာစကားကြောင့်)လည်း ဘေးရန်အန္တရာယ် အမျိုးမျိုးတို့မှ လွတ်မြောက်နိုင်ကြပေသည်။

ရှေးသူတော်ကောင်းများ သစ္စာမန္တန်ကြောင့် ရောဂါဝေဒနာများ ပျောက်ကင်းခြင်းနှင့် အသက်သေရခြင်းဘေးမှ လွတ်ကင်း၍ ချမ်းသာသုခ ရခဲ့ဖူးကြပေသည်။

အကောင်းကိုဆိုသော သစ္စာမန္တန်

ရှေးအခါက သား၏ ကောင်းသောသစ္စာမန္တန်ကြောင့် မိခင်၏ ခေါင်းကိုက်ရောဂါ ပျောက်ကင်းခဲ့ဖူးလေသည်။ ရှေးအခါက သီရိလင်္ကာ(သီဟိုဠ်ကျွန်း)၌ အစ်ကိုကြီး မဟာစက္ကလနှင့် ညီငယ် စူဠစက္ကလတို့သည် မိခင်ကို လုပ်ကျွေးကာ နေထိုင်ကြလေ၏။ မိခင်၌ ပြင်းထန်သော ခေါင်းကိုက်ရောဂါ စွဲကပ်လာ၏။ ဆေးဆရာက ယုန်

သွေးနှင့်ကုသမှ သင်တို့မိခင်၏ ခေါင်းကိုက်ရောဂါ ပျောက်ကင်းနိုင်မည်ဟု ဆိုသဖြင့် မဟာစက္ကလသည် စူဠစက္ကလကို ယုန်ဖမ်းဖို့ရာ တောသို့စေလွှတ်၏။

စူဠစက္ကလသည် ယုန်ဖမ်းဖို့ရာ ပိုက်ကွန်များကို ယူဆောင်၍ တောသို့ဝင်ကာ ပိုက်ကွန်များဖြင့် ယုန်ထောင်ဖမ်းလေ၏။ နို့စို့သားငယ်နှစ်ကောင်ရှိသော ယုန်မတစ်ကောင်ကို ဖမ်းမိလေ၏။ ယုန်မသည် သေရမည့်ဘေးမှ ကြောက်လန့်သဖြင့် အော်ဟစ်၍ အစွမ်းကုန် ရုန်းကန်လေ၏။ ယုန်ငယ်နှစ်ကောင်တို့သည် မိခင်၏အနီးသို့ ပြေးလာကြပြီးလျှင် မိခင်ကို လှည့်ပတ်ကာ သနားဖွယ်ရာ ပြေးလွှားနေကြ၏။

ယုန်ငယ်နှစ်ကောင်တို့သည် တိရစ္ဆာန်ပင် ဖြစ်ပါသော်လည်း မိခင်ယုန်မကြီးကို သနားကြင်နာသောအမူအရာဖြင့် လှည့်ပတ်ပြေးလွှားနေသည်ကို စူဠစက္ကလ မြင်လေ၏။ ထိုအခါ စူဠစက္ကလစိတ်တွင် ကိုယ်ချင်းစာနာစိတ်၊ သနားကြင်နာစိတ်များ ဖြစ်ပေါ်လာလေ၏။ ဤယုန်ငယ်မိသားစု သုံးကောင်တို့သည် မိမိ၏မိသားစု သုံးယောက်တို့နှင့် တူလှပေသည်။ ယုန်ငယ်တို့၏ မိခင်သေပြီးမှ မိမိတို့၏မိခင် အနာရောဂါပျောက်ကင်းအောင် ပြုလုပ်ရမည်ဟူသော အလုပ်သည် ကိုယ်ချင်းစာတရား ကင်းမဲ့လှပေသည်။ သနားကြင်နာခြင်း ကရုဏာတရား ကင်းမဲ့လှပေသည်ဟု ဆင်ခြင်ကာ ယုန်မကို ပိုက်ကွန်မှ လွှတ်၍ အိမ်သို့ပြန်လာခဲ့လေ၏။

အိမ်သို့ပြန်ရောက်သောအခါ အစ်ကိုကြီး မဟာစက္ကလက "ဘာကြောင့် ယုန် မရခဲ့သနည်း"ဟု မေး၏။ စူဠစက္ကလသည် ယုန်မတစ်ကောင်ကို ဖမ်းမိပါသော်လည်း ယုန်ငယ်မိသားစု သုံးကောင်သည် မိမိတို့၏ မိသားစုသုံးယောက်နှင့် တူသောကြောင့် သနား၍ လွှတ်ပေးခဲ့ကြောင်း ပြောကြားလေ၏။

မဟာစက္ကလသည် မိမိတို့၏ မိခင်ကို ယုတ်ညံ့သော တိရစ္ဆာန်မနှင့် နှိုင်းယှဉ်သည်ဟု စိတ်ဆိုး၍ အမျက်ထွက်ကာ တုတ်ကိုင်ဆွဲ၍ ရိုက်မည်ပြုရာ စူဠစက္ကလသည် မိခင်ထံသို့ ပြေးသွား၍ မိခင်ကို ဖက်ထားလေ၏။ မိခင်က မရိုက်ဖို့ရာ မဟာစက္ကလကို တားမြစ်၏။

စူဠစက္ကလသည် သစ္စာဓိဋ္ဌာန်ပြုလေ၏။ "မိမိသည် သိတတ်သော အရွယ်မှစ၍ ယခုတိုင်အောင် သူ့အသက်သတ်ခြင်းကို မပြုခဲ့စဖူး ယုန်မမိသားစု သုံးကောင်တို့ဌာလည်း မိမိတို့၏ မိသားစုသုံးယောက်တို့နှင့် အညီအမျှ ချစ်ခြင်းမေတ္တာစိတ်ဖြင့် သီလကို ဖြည့်ကျင့်၏" ဟု နှုတ်ဖြင့်ထုတ်ဖော်၍ ပြောဆို၏။ "ဤမှန်ကန်သော သစ္စာစကားကြောင့် မိခင်၏ ခေါင်းကိုက်ရောဂါ ပျောက်ပါစေသတည်း" ဟု သစ္စာမန္တန်ဆို၍ ဓိဋ္ဌာန်ပြုလေ၏။ မိခင်၏ ခေါင်းကိုက်ရောဂါသည် ယူပစ်သလို ချက်ချင်းပင် ပျောက်ကင်းသွားလေ၏။

ဤကဲ့သို့ စူဠစက္ကလ၏ ကောင်းသောအကျင့်ဂုဏ်ကို ထုတ်ဖော်၍ဆိုသော ကောင်းသောသစ္စာမန္တာန်ကြောင့် မိခင်၏ ခေါင်းကိုက်ရောဂါ ပျောက်ကင်းရပေသည်။

(အဋ္ဌသာလိနီ - ၁၄၆)

အဆိုးကိုဆိုသော သစ္စာမန္တန်

လွန်လေပြီးသော အခါတစ်ပါး၌ ဘုရားအလောင်း ကဏ္ဍဒီပါယနရသေ့သည် ဗာရာဏသီပြည် ရသေ့ကျောင်းတစ်ခု၌ သီတင်းသုံးနေ၏။ တစ်နေ့သောအခါ ကဏ္ဍဒီပါယနရသေ့၏ကျောင်းသို့ မဏ္ဍာဗျသူကြွယ်သည် လှူဖွယ်ပစ္စည်းများကိုယူ၍ သား ယညဒတ်၊ ဇနီး သူကြွယ်မတို့နှင့်တကွ သွားလေ၏။

သားငယ် ယည္ဒတ်သည် မိဘတို့နှင့် ရသေ့ကြီးတို့ စကား ပြောနေခိုက်တွင် ဂျင်ပေါက်၍ ကစားနေ၏။ ဂျင်သည် မြွေရှိသော တွင်းထဲသို့ လိမ့်၍ဝင်သွားလေ၏။ ယည္ဒတ်သည် တွင်းထဲသို့ ဝင် သွားသောဂျင်ကို လက်ဖြင့်နှိုက်ယူရာ မြွေသည် အမျက်ထွက်၍ ယည္ဒတ်၏လက်ကို ပြင်းထန်စွာ ကိုက်လေ၏။ ယည္ဒတ်သည် မေ့၍ လဲကျသွားလေ၏။

မိခင်ဖခင်တို့သည် ယည္ဒတ်ကို ရသေ့ကြီးထံ မ,ချီခဲ့ပြီးလျှင် "အရှင်ဘုရား ... တပည့်တော်တို့၏သားငယ် မြွေဆိပ်တက်ရောဂါ ကို ပျောက်ကင်းအောင် ကုပေးပါဘုရား"ဟု လျှောက်ထားကြလေ ၏။ ရသေ့ကြီးက "ဆေးမကုတတ်"ဟု ပြော၏။ "ဆေးမကုတတ် လျှင် သစ္စာဓိဋ္ဌာန်ပြု၍ မြွေဆိပ်တက်ခြင်းရောဂါ ပျောက်ကင်းအောင် ကုပေးပါဘုရား"ဟု လျှောက်ထားကြလေ၏။

ရသေ့ကြီးသည် ယည္ဒတ်၏ခေါင်းပေါ် လက်ကိုတင်ထား၍ "ငါသည် ရသေ့ဝတ်ပြီးသည်မှ (၇)ရက်သာပျော်၍ မြတ်သောအကျင့် ကို ကျင့်၏။ (၇)ရက်မှ နောက်အနစ်(၅၀)ကျော်တို့ ကာလပတ်လုံး မြတ်သောအကျင့်၌ မပျော်မွေ့. မကျင့်လိုဘဲ မြတ်သောအကျင့်ကို ကျင့်၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ယည္ဒတ်၏ မြွေဆိပ် တက်ခြင်း(ရောဂါ) ကင်းပျောက်၍ အသက်ရှင်ပါစေသတည်း"ဟု သစ္စာမန္တန်ဆို၍ အဓိဋ္ဌာန်ပြု၏။

ရသေ့ကြီး၏ သစ္စာမန္တန်(သစ္စာစကား)ကြောင့် ယည္ဒတ်၏ ရင်ဝ (နို့)မှ အထက်၌ရှိသော မြွေဆိပ်တို့သည် မြေသို့ ထွက်ကျလေ၏။ ယည္ဒတ်သည် မျက်စိဖွင့်ကြည့်၍ "အမေတို့၊ အဖေတို့"ဟု ခေါ်ကာ ပြန်၍ မေ့သွားလေ၏။

ကဏ္ဍဒီပါယနရသေ့သည် မဏ္ဍာဗျသူကြွယ်ကို ဤသို့ မိန့်ဆိုလေ၏။ "ငါ၏ အစွမ်းကို ပြုပြီးပြီ၊ သင့်သားအသက်ရှင်ရေးအတွက် သင်၏ အစွမ်းဖြင့် သစ္စာအဓိဋ္ဌာန်ပြုလော့"ဟု မိန့်ဆိုလေ၏။

ဖခင် မဏ္ဍာဗျသူကြွယ်သည် "ငါသည် ပေးလှူခြင်းကို အလိုမရှိ၊ မနှစ်သက်။ အလှူခံပုဂ္ဂိုလ်တို့ကိုလည်း မကြည်ညို၊ မနှစ်သက်။ သို့ပါသော်လည်း မိဘဘိုးဘွားတို့၏ အစဉ်အလာမပျက်အောင် လှူဒါန်း၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ယညဒတ် မြွေဆိပ်တက်ခြင်း(ရောဂါ) ကင်းပျောက်၍ အသက်ရှင်ပါစေသတည်း"ဟု သစ္စာမန္တန်ဆိုရ၍ အဓိဋ္ဌာန်ပြုလေ၏။

မဏ္ဍာဗျသူကြွယ်၏ သစ္စာမန္တန်(သစ္စာစကား)ကြောင့် သားငယ် ယညဒတ်၏ခါးမှ အထက်ဌာ်ရှိသော မြွေဆိပ်တို့သည် မြေသို့ ထွက်ကျလေ၏။ ဤသို့ ထွက်ကျသော်လည်း ယညဒတ်သည် ထ၊ ထိုင်၊ သွား၊ ရပ်လို့ မရသေးသောကြောင့် မဏ္ဍာဗျသူကြွယ်သည် ဇနီးမယားကို ဤသို့ ဆို၏။ "ငါ၏ အစွမ်းကို ပြုပြီးပြီ၊ သင့်သား ထသွားနိုင်အောင် သစ္စာအဓိဋ္ဌာန်ပြုလော့"ဟု ဆို၏။

ယညဒတ်၏ မိခင်သည် "အမောင် မဏ္ဍာဗျသူကြွယ်၊ သင်၏ မျက်မှောက်ဌာ် ကျွန်ုပ် သစ္စာဓိဋ္ဌာန်ပြုဖို့ရာ မသင့်တော်ပေ"ဟု ဆိုလေ၏။ "သား၏ အသက်ရှင်ရေးအတွက် ဟုတ်မှန်သည့်အတိုင်းသာ သစ္စာပြုပါ"ဟု တိုက်တွန်းသဖြင့် မိခင်သူကြွယ်မသည် "ငါသည် သားယညဒတ်ကို ကိုက်သောမြွေဌာ်လည်းကောင်း၊ ယညဒတ်၏ဖခင်သူကြွယ်ဌာ်လည်းကောင်း မချစ်၊ မုန်းခြင်းသည် တူမျှသည်သာတည်း"ဟု ဆို၏။ "ဤမှန်ကန်သော သစ္စာစကားကြောင့် သားငယ် ယညဒတ်၏ မြွေဆိပ်တက်ခြင်း(ရောဂါ) ကင်းပျောက်၍ အသက်ရှင်ပါစေသတည်း"ဟု သစ္စာမန္တန်ဆိုရ၍ အဓိဋ္ဌာန်ပြုလေ၏။

မိခင်၏ သစ္စာမန္တန်(သစ္စာစကား)ကြောင့် ယညဒတ်၏ ကိုယ်ဌ ရှိသော အားလုံးသော မြွေဆိပ်တို့သည် မြေသို့ ထွက်ကျလေ၏။ ယညဒတ်သည် ထ၍ သွားလာ ကစားနိုင်လေ၏။

ဤကဲ့သို့ ရသေ့ကြီး၊ သူကြွယ်၊ သူကြွယ်မတို့သည် မိမိတို့ မကောင်းသော အဖြစ်မှန်ကို ဟုတ်မှန်သည့်အတိုင်း ဆိုကြသော သစ္စာမန္တန်ကြောင့် သားငယ်၏ မြွေဆိပ်သင့်ခြင်းဘေးမှ လွတ်မြောက်၍ အသက်ရှင်ခဲ့ရပေသည်။

ဤကဲ့သို့ ရသေ့ကြီး၊ သူကြွယ်၊ သူကြွယ်မတို့သည် တစ်ဦးက တစ်ဦး၏ မကောင်းသောအဖြစ်တို့ကို သိကြသောအခါ အချင်းချင်း သတိပေး ဆုံးမစကား ပြောကြသောကြောင့် ရသေ့ကြီး၏ မပျော်မွေ့ခြင်း၊ သူကြွယ်၏ မလှူလိုခြင်း၊ သူကြွယ်မ၏ မချစ်၊ မုန်းခြင်းတို့သည် ပြေပျောက်၍ ပျော်မွေ့ခြင်း၊ လှူလိုခြင်း၊ ချစ်ခင်ခြင်းဟူသော အကောင်းဘက်သို့ ရောက်သွားကြလေ၏။

(ဇာတ်-ဌ-၄/၃၀)

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကောင်းရာရောက်ဖွယ်
ကောင်းစွာနေခြင်းလေးသွယ်

လူဘဝသို့ ရောက်လာကြသော ပုဂ္ဂိုလ်တို့သည် အတိတ်ဘဝများက မိမိတို့ ပြုလုပ်ခဲ့ကြသော ကောင်းမှုကုသိုလ်ကံများက အကျိုးပေးခွင့်ရ၍ လူဘဝသို့ ရောက်လာကြခြင်း ဖြစ်ပေသည်။ လူဘဝမှာလည်း ကောင်းသောနေခြင်းဖြင့်သာ နေလိုကြပေသည်။ ကောင်းသောနေခြင်းဖြင့် နေနိုင်မှသာ နောင်ဘဝများတွင် ကောင်းမြတ်သော ဘုံဘဝများသို့ ရောက်နိုင်ကြမည် ဖြစ်ပေသည်။ အကောင်းမြတ်ဆုံး နိဗ္ဗာန်ချမ်းသာသို့လည်း ရောက်နိုင်ကြမည် ဖြစ်ပေသည်။

လူဘဝမှာ ကောင်းစွာနေခြင်း (၄)မျိုးရှိသည်ဟု အရှင်ကစ္စာယနမထေရ်အလောင်း ကာဠဒေဝိလရသေ့ကြီး မိန့်ကြားခဲ့ပေသည်။

(၁) မပျင်းမရိ စီးပွားဥစ္စာကို ရအောင်ရှာဖွေခြင်းဖြင့် ကောင်းစွာနေခြင်း။

(၂) ရရှိလာသော စီးပွားဥစ္စာများကို ခွဲဝေ၍ သုံးဆောင်ခြင်းဖြင့် ကောင်းစွာနေခြင်း။

(၃) စီးပွားဥစ္စာများ ပေါများကြွယ်ဝလာသောအခါ မော်ကွားထောင်လွှားခြင်း မရှိမူ၍ ကောင်းစွာနေခြင်း။

(၄) စီးပွားဥစ္စာများ ပျက်စီးဆုတ်ယုတ်သွားသောအခါ စိတ်ဓာတ်ကျဆင်း အလွန်ပင်ပန်းခြင်း မရှိမူ၍ ကောင်းစွာနေခြင်းဟူ၍ ကောင်းစွာနေခြင်း (၄)မျိုးကို ညီငယ်ရသော့အား အကြောင်းပြု၍ မိန့်ကြားခဲ့ပါသည်။

(ဇာတ်-၄-၃၃/၄၄၂)

(၁) ပျင်းရိ၍ စီးပွားဥစ္စာရအောင် မရှာဖွေသောသူတို့သည် စီးပွားဥစ္စာ မရှိခြင်းကြောင့် မိမိကိုယ်တိုင်လည်း စားဝတ်နေရေး မပြည့်စုံ၍ ဆင်းရဲစွာ နေရ၏။ မိမိနှင့် အတူတကွ နေကြသော မိဘများ၊ သားသမီးများ၊ ဆွေမျိုးများ၊ အလုပ်သမားများလည်း စားဝတ်နေရေး မပြည့်စုံ၍ ဆင်းရဲစွာ နေကြရပေသည်။ သို့ဖြစ်၍ ပျင်းရိသဖြင့် စီးပွားဥစ္စာရအောင် မရှာဖွေဘဲ နေခြင်းသည် လူ့ဘဝ၌ မကောင်းသော နေခြင်းသာ ဖြစ်ပေသည်။

မပျင်းမရိ စီးပွားဥစ္စာကို ရအောင် လုပ်ကိုင်ရှာဖွေသောသူတို့သည် စီးပွားဥစ္စာများ ရှိခြင်းကြောင့် မိမိကိုယ်တိုင်လည်း စားဝတ်နေရေး ပြည့်စုံ၍ ချမ်းသာစွာ နေရ၏။ မိမိနှင့်အတူတကွ နေကြသော မိဘများ၊ သားသမီးများ၊ ဆွေမျိုးများ၊ အလုပ်သမားများလည်း စားဝတ်နေရေး ပြည့်စုံကြ၍ ချမ်းသာစွာ နေကြရပေသည်။ သို့ဖြစ်၍ မပျင်းမရိ စီးပွားဥစ္စာရရှိအောင် လုပ်ကိုင်ရှာဖွေ၍ နေခြင်းသည် လူ့ဘဝ၌ ကောင်းစွာနေခြင်း ဖြစ်ပေသည်။

(၂) ရရှိလာသော စီးပွားဥစ္စာများကို မှုတခွဲဝေပေးသင့်သူ သားသမီး မိဘ ဆွေမျိုးတို့ကိုလည်း ခွဲဝေပေးခြင်းမရှိ၊ ရဟန်းသံဃာစသော အလှူခံပုဂ္ဂိုလ်များကိုလည်း လှူဒါန်းခြင်းမရှိဘဲ စီးပွားဥစ္စာ၌ တပ်မက်နေသောသူတို့သည် စီးပွားဥစ္စာပင် ပေါများကြွယ်ဝသော်လည်း ယခုဘဝအတွက်လည်း အကျိုးမရှိ၊ နောင်ဘဝ

များအတွက်လည်း အကျိုးမရှိသော နေခြင်းဖြစ်၍ လူဘဝ၌ မကောင်းသောနေခြင်းသာ ဖြစ်ပေသည်။

ရရှိလာသော စီးပွားဥစ္စာများကို (၄)ပုံ ပုံ၍ (၁)ပုံကို သားသမီးများ၊ မိဘဆွေမျိုးများနှင့် ရဟန်းသံဃာစသော အလှူခံပုဂ္ဂိုလ်တို့အား ခွဲဝေလှူဒါန်း၍ သုံးဆောင်ခြင်း၊ (၂)ပုံကို အလုပ်အကိုင်အရင်းအနှီးထဲသို့ ပြန်ထည့်ခြင်း၊ (၁)ပုံကို ဘေးရန်အန္တရာယ်များ ရှိလာသောအခါ ကာကွယ်ဖို့ရာ သိုမှီးသိမ်းဆည်းထားခြင်းတို့ဖြင့် ခွဲဝေ၍ သုံးဆောင်သောသူတို့သည် လူဘဝ၌ ကောင်းစွာနေခြင်း ဖြစ်ပေသည်။

(၃) စီးပွားဥစ္စာများ ပေါများကြွယ်ဝ ချမ်းသာကြွယ်ဝလာသောအခါ ပစ္စည်းဥစ္စာကို အမှီပြု၍ မိတ်ဟောင်းဆွေဟောင်းများကိုပင် မသိမမြင်တော့သကဲ့သို့ မော်ကြွားထောင်လွှားခြင်း မာန်မာနများ ဖြစ်နေတတ်ကြပေသည်။ ယင်းကဲ့သို့ ဖြစ်နေသောသူတို့သည် ယခုဘဝနှင့် နောင်ဘဝတို့၌ ဆုတ်ယုတ်ကြောင်း။ ဆင်းရဲကြောင်း ဖြစ်သော နေခြင်းဖြစ်၍ လူဘဝ၌ မကောင်းသော နေခြင်းသာ ဖြစ်ပေည်။

စီးပွားဥစ္စာများ ပေါများကြွယ်ဝ ချမ်းသာလာသောအခါ မော်ကြွားထောင်လွှားခြင်းမရှိ၊ မကြွယ်ဝမီ ရှေးကလိုပင် မိတ်ဟောင်းဆွေဟောင်းများကို ချစ်ခင်လေးစားစွာ ဆက်ဆံပေါင်းသင်းနေထိုင်ခြင်းသည် ယခုဘဝနှင့် နောင်ဘဝများအတွက် ချမ်းသာကြောင်းဖြစ်သော နေခြင်းဖြစ်၍ လူဘဝ၌ ကောင်းစွာနေခြင်း ဖြစ်သည်။

(၄) ရေ၊ မီး၊ ခိုးသူစသော အကြောင်းတစ်ပါးပါးကြောင့် စီးပွားဥစ္စာများ ပျက်စီးဆုတ်ယုတ်သွားသောအခါ မအိပ်နိုင်၊ မစားနိုင်၊

တမ္ပိုင်ပ္ပိုင်တတ္ထေတ္ထေနှင့် အလွန်စိတ်ပင်ပန်းနေခြင်းသည် ယခု မျက်မှောက်ဘဝနှင့် နောင်သံသရာဘဝတို့၌ ဆုတ်ယုတ်ဖွယ် ဖြစ်သော နေခြင်းဖြစ်၍ လူ့ဘဝ၌ မကောင်းသောနေခြင်းသာ ဖြစ်ပေသည်။

ရေ၊ မီး၊ ခိုးသူစသော အကြောင်းတစ်ပါးပါးကြောင့် စီးပွားဥစ္စာ များ ဆုတ်ယုတ်ပျက်စီးသွားသောအခါ တုန်လှုပ်ချောက်ချား စိတ် ပင်ပန်းမှုများ မရှိပါဘဲ စီးပွားဥစ္စာများ မပျက်စီးမီကလိုပင် မျက်မှောက် သံသရာ နှစ်ဖြာအတွက် အကျိုးရှိမည့် အလုပ်များကို ပြုလုပ်ကာ နေခြင်းသည် လူ့ဘဝ၌ ကောင်းစွာနေခြင်း ဖြစ်ပေသည်။

ဤကောင်းစွာနေခြင်း (၄)မျိုးနှင့် ပြည့်စုံအောင် နေနိုင်မှသာ ယခုဘဝ၌ ကောင်းသောနေခြင်း ဖြစ်ပေသည်။ နောင်ဘဝများတွင် လည်း ကောင်းမြတ်သာ ဘုံဘဝများသို့ ရောက်သွားကြရမည် ဖြစ် ပေသည်။ အကောင်းမြတ်ဆုံး နိဗ္ဗာန်ချမ်းသာသို့လည်း ရောက်သွား ကြမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

တရားရှေ့ယာ် အခွင့်ကောင်းလေးသွယ်

သာသနာတော်သက္ကရာဇ် (၂၅၀၀)ကျော်သွားပြီဖြစ်သော ယခု အချိန်အခါသည် သောတာပန်စသော အရိယာပုဂ္ဂိုလ်များဖြစ်၍ တရားထူးတရားမြတ်များ ရနိုင်သည့် အချိန်အခါမဟုတ်ဟု အချို့သော ပုဂ္ဂိုလ်များက ယူဆလျက်ရှိကြပေသည်။ အချို့သော ပုဂ္ဂိုလ်များကလည်း သာသနာတော် အနှစ်(၂၅၀၀)ပင် ကျော်သော်လည်း သောတာပန်စသော အရိယာပုဂ္ဂိုလ်များဖြစ်၍ တရားထူးတရားမြတ်များ ရနိုင်ကြသေးသည်ဟု ယူဆလျက်ရှိကြပေသည်။ ဤအယူအဆ နှစ်မျိုးတို့တွင် မည်သူ့အယူအဆက မှန်ကန်သည်ကို အဋ္ဌကထာဆရာများ၏ အဖွင့်စကားဖြင့် သိကြရပေသည်။

မြတ်စွာဘုရား၏ အလိုတော်ကို သိတော်မူကြသော အဋ္ဌကထာဆရာများက တရားထူးတရားမြတ်များ ရနိုင်သော အခွင့်အခါကောင်း (၄)မျိုးကို ဖွင့်ပြခဲ့ပါသည်။

(၁) ဗုဒ္ဓုပ္ပါဒခဏော = ဘုရားပွင့်တော်မူသောအခါဖြစ်၍ သာသနာတော်ကြီးနှင့် တွေ့ကြုံရခြင်းဟူသော အခွင့်အခါကောင်း။

(၂) မဇ္ဈိမဒေသဥပ္ပတ္တိခဏော = သာသနာထွန်းကားသော အရပ်(မဇ္ဈိမဒေသ)၌ လူဖြစ်နေရခြင်းဟူသော အခွင့်အခါကောင်း။

(၃) သမ္မာဒိဋ္ဌိယာပဋိလဒ္ဓခဏော = အယူကောင်းအယူမှန်ကို ရရှိနေခြင်းဟူသော အခွင့်အခါကောင်း။

(၄) ဆန္ဒံအာယတနာနံ အဝေကလ္လခဏော = မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော အကြည်ဓာတ်(၆)ပါး မချို့တဲ့ပါဘဲ အပြည့်အစုံ ရရှိနေခြင်းဟူသော အခွင့်အခါကောင်းဟူ၍ တရားထူးတရားမြတ် ရနိုင်သော အခွင့်အခါကောင်း (၄)မျိုးကို ဖွင့်ပြခဲ့ပါသည်။

(ဓမ္မပဒ-ဋ္ဌ-၂/၃၀၄)

(၁) ဘုရားမပွင့်သော သာသနာပအခါတွင် လူပြည်ဌ လူဖြစ်ကြသောသူတို့သည် တရားထူးတရားမြတ်များရအောင် ကျင့်ကြံအားထုတ်လိုကြပါသော်လည်း တရားထူးတရားမြတ်ရကြောင်း သတိပဋ္ဌာန်ဝိပဿနာတရား လုံးဝ မရှိသောကြောင့် မကျင့်ကြံ အားမထုတ်ကြရသဖြင့် တရားထူးတရားမြတ်များ မရနိုင်ခြင်း ဖြစ်ကြရပေသည်။

ဘုရားပွင့်၍ သာသနာရှိသောအခါတွင် လူပြည်ဌ လူဖြစ်ကြသောသူတို့သည် တရားထူးတရားမြတ်များရကြောင်း မြတ်စွာဘုရားဟောကြားတော်မူအပ်သော သတိပဋ္ဌာန်ဝိပဿနာတရားတို့ကို နာကြားခွင့်၊ အားထုတ်ခွင့် ရကြသောကြောင့် မိမိတို့၏ ပါရမီအားလျော်စွာ သောတာပန်စသော အရိယာပုဂ္ဂိုလ်များဖြစ်၍ တရားထူးတရားမြတ်များ ရကြပေသည်။ သို့ဖြစ်၍ ဘုရားပွင့်သောအခါ သာသနာတော်ကြီးနှင့် တွေ့ကြုံရခြင်းသည် တရားထူးတရားမြတ်များ ရဖို့ရာ အခွင့်အခါကောင်းတစ်ခုပင် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ ဘုရားပွင့်လာ၊ သာသနာ၊
တွေ့တာခွင့်ကောင်းဖြစ်ပေသည်။

(၂) ဘုရားပွင့်၍ သာသနာတော်ပင် ရှိသော်လည်း သာသနာမထွန်းကားသော အရပ်ဒေသ၌ လူဖြစ်နေကြရသောသူတို့သည် တရားထူးတရားမြတ်ရကြောင်း သတိပဋ္ဌာန်ဝိပဿနာတရားတို့ကို မနာကြားရ၊ အားမထုတ်ကြရသောကြောင့် တရားထူးတရားမြတ်များ မရနိုင်ခြင်း ဖြစ်ကြရပေသည်။

သာသနာထွန်းကားသော အရပ်ဒေသ၌ လူဖြစ်ကြရသောသူတို့သည် သာသနာနှင့်စပ်သော ကောင်းမှုများကိုလည်း ပြုကြရပေသည်။ တရားထူးတရားမြတ်ရကြောင်း သတိပဋ္ဌာန်ဝိပဿနာတရားတို့ကိုလည်း နာကြားကြရ၊ အားထုတ်ကြရပေသည်။ သို့ဖြစ်သောကြောင့် သောတာပန်စသော အရိယာပုဂ္ဂိုလ်များဖြစ်၍ တရားထူးတရားမြတ်များ ရနိုင်ကြပေသည်။ သို့ဖြစ်၍ သာသနာထွန်းကားသော အရပ်ဒေသ၌ လူဖြစ်ရခြင်းသည် တရားထူးတရားမြတ်များ ရဖို့ရာ အခွင့်အခါကောင်းတစ်ခုပင် ဖြစ်ပေသည်။

မြတ်စွာဘုရားလက်ထက်တော်အခါက အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသကို သာသနာထွန်းကားရာ အရပ်ဟု ယူရပေသည်။ ယခုအချိန်အခါ၌မူ မြန်မာပြည်ကဲ့သို့ သာသနာထွန်းကားရာ အရပ်ဒေသများကို ယူရမည် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ သာသနာထွန်းပါ၊ အရပ်မှာ၊
နေတာခွင့်ကောင်းဖြစ်ပေသည်။

(၃) ဒါနစသော ကောင်းမှုများ ပြုလုပ်လျှင် ဖြစ်လေရာဘဝတိုင်းဌ ကြွယ်ဝချမ်းသာခြင်းစသော ကောင်းကျိုးအမျိုးမျိုး ခံစားရသည်ကိုလည်း မယုံကြည်၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုများ ပြုလုပ်လျှင် ငရဲသို့ ကျရောက်ရခြင်းစသော မကောင်းသော အပြစ်ဒဏ် ခံရသည်ကိုလည်း မယုံကြည်၊ လူဆိုသည်မှာ တစ်ဘဝပင်ရှိသည်၊ နောက်ဘဝမရှိဟု မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့သည် ဒါနစသော ကောင်းမှုများလည်း မပြု၊ တရားထူးတရားမြတ်များရကြောင်း သတိပဋ္ဌာန်ဝိပဿနာ တရား အားထုတ်ခြင်းကိုလည်း မပြုလုပ်ကြသောကြောင့် တရားထူးတရားမြတ်များ မရနိုင်ခြင်း ဖြစ်ကြရပေသည်။

ဒါနစသော ကောင်းမှုများ ပြုလုပ်လျှင် ဖြစ်လေရာဘဝတိုင်းဌ ကြွယ်ဝချမ်းသာခြင်းစသော ကောင်းကျိုးအမျိုးမျိုးတို့ကို ခံစားရရှိနိုင်သည်၊ နိဗ္ဗာန်ချမ်းသာတိုင်အောင် ကောင်းကျိုးများ ခံစားကြရသည်ဟု ယုံကြည်ခြင်း၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုများ ပြုလုပ်လျှင် ငရဲသို့ ကျရောက်ခြင်းစသော မကောင်းသော အပြစ်ဒဏ်များ ခံကြရသည်ဟု ယုံကြည်ခြင်းရှိသဖြင့် အယူကောင်းအယူမှန်ရှိသောသူတို့သည် ဒါနစသော ကောင်းမှုများကိုလည်း ပြုလုပ်ကြပေသည်။ တရားထူးတရားမြတ်ရကြောင်း သတိပဋ္ဌာန်ဝိပဿနာတရားတို့ကိုလည်း အားထုတ်ကြပေသည်။ သို့ဖြစ်သောကြောင့် မိမိတို့၏ ပါရမီအားလျော်စွာ သောတာပန်စသော အရိယာပုဂ္ဂိုလ်များဖြစ်၍ တရားထူးတရားမြတ်များ ရကြပေသည်။ သို့ဖြစ်၍ အယူကောင်းအယူမှန်ရခြင်းသည်လည်း တရားထူးတရားမြတ်ရဖို့ရန် အခွင့်အခါကောင်းတစ်ခု ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အယူကောင်းရှိတာ၊ မိမိမှာ၊
မှန်စွာခွင့်ကောင်းဖြစ်ပေသည်။

(၄) မျက်စိအကြည်ဓာတ်ချို့တဲ့(ကန်း)နေသောသူသည် ဘုရားဖူးလို့ မရ၊ မျက်စိက မြင်တယ်၊ မြင်တယ်ဟု တရားရှုမှတ်လို့လည်း မရ၊ နားအကြည်ဓာတ်ချို့တဲ့(နားပင်း)နေသောသူသည် တရားနာလို့ မရ၊ နားက ကြားတယ်၊ ကြားတယ်ဟု တရားမှတ်လို့လည်း မရ၊ နာခေါင်းအကြည်ဓာတ်၊ လျှာအကြည်ဓာတ်၊ ကိုယ်အကြည်ဓာတ်၊ စိတ်အကြည်ဓာတ်ချို့တဲ့(ရူးသွပ်)နေသောသူတို့သည် တရားနာလို့လည်း မရ၊ တရားရှုမှတ်လို့လည်း မရသောကြောင့် တရားထူးတရားမြတ်များ မရနိုင်ခြင်း ဖြစ်ကြရပေသည်။

မျက်စိအကြည်၊ နားအကြည်၊ နာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်ဓာတ်များ မချို့တဲ့ပါဘဲ အပြည့်အစုံရှိနေကြသောသူတို့သည် ဘုရားဖူးနိုင်ခြင်း၊ တရားနာနိုင်ခြင်း၊ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်နိုင်ခြင်းတို့ကို ပြုလုပ်နိုင်သောကြောင့် မိမိတို့၏ ပါရမီအားလျော်စွာ သောတာပန်စသော အရိယာပုဂ္ဂိုလ်များ ဖြစ်၍ တရားထူးတရားမြတ်များ ရနိုင်ကြပေသည်။ သို့ဖြစ်၍ အကြည်ဓာတ်(၆)ပါး မချို့တဲ့ပါဘဲ အပြည့်အစုံရှိနေခြင်းသည်လည်း တရားထူးတရားမြတ်များ ရဖို့ရာ အခွင့်ကောင်းအခါကောင်းတစ်ခုပင် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အကြည်ဓာတ်ခြောက်ဖြာ၊ ပြည့်စုံတာ၊
မှန်စွာခွင့်ကောင်းဖြစ်ပေသည်။

ဤအခွင့်အခါကောင်း (၄)မျိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ပါလျှင် မိမိတို့၏ ပါရမီအားလျော်စွာ တရားထူးတရားမြတ်များ ရကြမည် ဖြစ်ပေသည်။

နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်သော ပုဂ္ဂိုလ်တို့သည် အချိန်ပြည့် အားမထုတ်နိုင်၍ အချိန်ပိုင်းမျှပင် အားထုတ်ရပါသော်လည်း တရားသဘောများကို တွေ့မြင်နိုင်ကြပေသည်။ တရားသဘောများကို တွေ့မြင်သွားသော ပုဂ္ဂိုလ်တို့သည် တရားအားထုတ်မှုဌ် စိတ်ဝင်စားလာကြပေသည်။ မိမိတို့၏ ပါရမီအားလျော်စွာ တရားထူးတရားမြတ်များ ရနိုင်သည်ကို ရှေးကထက်ပို၍ ယုံကြည်မှု သဒ္ဓါတရားများ ထက်သန်အားကောင်းလာတတ်ကြပေသည်။

ယခုဘဝမှာ တရားရနိုင်သည်ဟု ယုံကြည်မှု သဒ္ဓါတရား ထက်သန်အားကောင်းလာသည်နှင့်အမျှ တရားအားထုတ်မှုဌ် ဇွဲ၊ လုံ့လ၊ ဝီရိယများ ထက်သန်လာတတ်ပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယ ထက်သန်အားကောင်းလာသည်နှင့်အမျှ အမှတ်သတိရမှု အားကောင်းလာတတ်ပါသည်။ အမှတ်သတိရမှု အားကောင်းသည်နှင့်အမျှ စိတ်တည်ငြိမ်မှု သမာဓိလည်း ဖြစ်လာ အားကောင်းလာတတ်ပါသည်။ သမာဓိအားကောင်းလာသည်နှင့်အမျှ ဝိပဿနာဉာဏ်များ ဖြစ်ပေါ်လာကြပါသည်။ ဝိပဿနာဉာဏ်များ အားကောင်း ပြည့်စုံလာသောအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လာ၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြမည် ဖြစ်ပေသည်။ တရားထူးတရားမြတ်များ ရသွားကြမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဖြည်းဖြည်းမှန်မှန် ပြုသင့်ရန်

လူပြည်လူလောကဌ် နေထိုင်ကြသော ပုဂ္ဂိုလ်ဟူသမျှတို့သည် ပြုဖွယ်ကိစ္စ မရှိသောလူဟူ၍ မရှိကြပေ။ ရဟန္တာပုဂ္ဂိုလ်မှတစ်ပါး ပြုဖွယ်ကိစ္စ ရှိသူချည်းသာ ဖြစ်ကြပေသည်။ ပြုဖွယ်ကိစ္စများကို ပြုလုပ်ကြသောအခါ၌ ဖြည်းဖြည်းပြုလုပ်ရမည့် အမှုကိစ္စနှင့် မြန်မြန်ပြုလုပ်ရမည့် အမှုကိစ္စတို့ကို ခွဲခြား၍ သိထားကြရပေမည်။ ခွဲခြား၍ သိထားမှသာ မိမိတို့ ပြုလုပ်အပ်သော အမှုကိစ္စများ အချိန်မီ ကောင်းစွာ ပြီးမြောက်နိုင်မည် ဖြစ်ပေသည်။

ဖြည်းဖြည်းမှန်မှန် လုပ်ရမည့် အမှုကိစ္စများမှာ -

(၁) အတတ်ပညာသင်ခြင်း။
(၂) စီးပွားဥစ္စာရှာခြင်း။
(၃) တောင်တက်ခြင်း။
(၄) ကာမဂုဏ်ကို အလိုရှိခြင်း။
(၅) အမျက်ဒေါသထွက်ခြင်းဟူ၍ (၅)မျိုးရှိပေသည်။

(၁) အကြင်သူသည် အတတ်ပညာသင်သောအခါ မြန်မြန်တတ်လိုသောကြောင့် ပထမသင်ခန်းစာများကို ကျေကျေပွန်ပွန် မတတ်မြောက်သေးပါဘဲ ဒုတိယသင်ခန်းစာများကို အမြန်တိုးတက်၍ သင်ယူ၏။ ဒုတိယသင်ခန်းစာများကို ကျေကျေပွန်ပွန် မတတ်မြောက်သေးပါဘဲ တတိယ၊ စတုတ္ထစသော သင်ခန်းစာများကို

အမြန်တိုးတက်၍ သင်ယူ၏။ ထိုသူသည် ပထမသင်ခန်းစာ၊ ဒုတိယသင်ခန်းစာ စသည်များကို ကျေကျေပွန်ပွန် မတတ်မြောက်ခဲ့သောကြောင့် တတိယ၊ စတုတ္ထစသော အထက်သင်ခန်းစာများကို သင်ယူရာ၌ အခက်အခဲများစွာ တွေ့ရမည် ဖြစ်ပေသည်။ ထို့ကြောင့် အတတ်ပညာ သင်လိုသော စိတ်ဓာတ်များ ကျဆင်းသွားတတ်ပေသည်။

အကြင်သူသည် အတတ်ပညာသင်သောအခါ ပထမသင်ခန်းစာ စသည်များကို ကျေကျေပွန်ပွန် တတ်မြောက်အောင် ဖြည်းဖြည်းသင်ယူလေ့လာ မှတ်သား၏။ ပထမသင်ခန်းစာ စသည်များကို ကျေပွန်စွာ တတ်မြောက်ပြီးမှ ဒုတိယ၊ တတိယစသော သင်ခန်းစာများကို ဖြည်းဖြည်းတက်၍ သင်ယူ၏။ ထိုသူသည် သင်ယူခဲ့သော အောက်အောက် သင်ခန်းစာများ၏ အထောက်အကူကို ရရှိသဖြင့် အထက်ထက် သင်ခန်းစာ အတတ်ပညာများကို ဆုံးခန်းတိုင်အောင် သင်ကြားတတ်မြောက်နိုင်၏။ သို့ဖြစ်၍ အတတ်ပညာသင်သောအခါ ဖြည်းဖြည်း သင်ယူကြရပေသည်။

ဖြည်းဖြည်းသင်ယူရမည်ဆိုသည်မှာ မကျက်မမှတ် မလေ့လာဘဲ အချိန်သက်သက် ဖြုန်းနေခြင်းမျိုးကို ဆိုလိုရင်း မဟုတ်ပါ။ ဆရာသမားများထံမှ သင်ယူခဲ့သော သင်ခန်းစာများကို ကျေပွန်အောင် အထပ်ထပ် ကျက်မှတ်လေ့လာနေခြင်းဖြင့် ဖြည်းဖြည်းသင်ယူခြင်းမျိုးကို ဆိုလိုပါသည်။

(၂) အကြင်သူသည် စီးပွားဥစ္စာ ရှာဖွေသောအခါ မြန်မြန်ကြွယ်ဝချမ်းသာလိုသောကြောင့် အခြေခံပစ္စည်းဥစ္စာ မရှိသေးပါဘဲ လုပ်ငန်းအမျိုးမျိုးတို့ကို ချဲ့ထွင်တည်ထောင်၍ လုပ်ကိုင်၏။ ထိုသူသည် လုပ်ငန်းအမျိုးမျိုးတို့၌ ကျွမ်းကျင်မှုလည်းမရှိ၊ ပစ္စည်း

အင်အားလည်း မဖြည့်စွက်နိုင်သောကြောင့် ရည်မှန်းသည့် အတိုင်း ဘယ်လုပ်ငန်းမှ မဖြစ်မြောက်လာ၍ စိတ်ဓာတ်များ ကျဆင်းသွားတတ်ပေသည်။

အကြင်သူသည် စီးပွားဥစ္စာရှာဖွေသောအခါ မိမိကျွမ်းကျင်သော လုပ်ငန်းတစ်ခုခုကို တဖြည်းဖြည်း တိုးတက်လာအောင် မပြတ်မလပ် လုပ်ကိုင်ရှာဖွေ၏။ ထိုသူသည် မိမိကြိုးစားမှုနှင့်အမျှ တဖြည်းဖြည်း စီးပွားဥစ္စာများ စုဆောင်းမိ၍ ကြွယ်ဝချမ်းသာမည်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ စီးပွားဥစ္စာရှာဖွေသောအခါ ဖြည်းဖြည်းရှာဖွေကြရပေသည်။

(၃) အကြင်သူသည် ပေ ၄၀၀၀၊ ပေ ၅၀၀၀ စသည့် မြင့်မားသော တောင်ကုန်းများသို့ တက်သောအခါ မြန်မြန်ရောက်လိုသော ကြောင့် အလျင်အမြန် ပြေး၍တက်၏။ ထိုသူသည် တောင်ကုန်းပေါ်သို့ မရောက်မီ အမောဆို၍ မတက်နိုင်တော့ဘဲ ဒုက္ခ ဖြစ်နိုင်ပေသည်။

အကြင်သူသည် အလွန်မြင့်မားသော တောင်ကုန်းပေါ်သို့ တက်သောအခါ မိမိ၏ ကိုယ်အင်အားနှင့်အမျှ ဖြည်းဖြည်း အမှတ်သတိ ဖြင့်တက်၏။ ထိုသူသည် မိမိရောက်လိုသော တောင်ကုန်းပေါ်သို့ ကောင်းမွန်စွာ ရောက်ရှိသွားမည်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ တောင်တက်သောအခါ ဖြည်းဖြည်းတက်ကြရပေသည်။

(၄) လူဘောင်လူလောကဌ် နေကြသောသူတို့သည် လောကီဘုံသား လူအများတို့၏ သဘာဝအတိုင်း အိမ်ထောင်ဖက် ရှာဖွေကြရ ပေသည်။ ရှာဖွေသောအခါ အလျင်အမြန် လိုချင်သောကြောင့် မလေ့လာ မစဉ်းစားပါဘဲ အိမ်ထောင်ဖက်ကို ရွေးချယ်အတည် ပြုတတ်ကြပေသည်။ စေ့စပ်ကြောင်းလမ်းခြင်း ပြုလိုက်တတ်

ကြပေသည်။ ထို့နောက်မှ မကိုက်ညီသော တစ်ဦး၏သဘော ထားကို တစ်ဦးသိသောအခါ စိတ်ဝမ်းကွဲကြပေသည်။ စိတ် မချမ်းသာမှုများ ဖြစ်ကြရပေသည်။ ထိမ်းမြားမည့်နေ့ကျမှ ထွက်ပြေး တိမ်းရှောင်သွားခြင်းများလည်း ရှိကြပေသည်။ နစ်ဖက်သော လူကြီးမိဘများ မျက်နှာပျက်ကြရပေသည်။ မင်္ဂလာ အခမ်းအနားအတွက် ပစ္စည်းများ ဆုံးရှုံးကြရပေသည်။ သို့ဖြစ်၍ ကာမဂုဏ်(အိမ်ထောင်ဖက်)ကို ဖြည်းဖြည်းရှာဖွေကြရ ပေသည်။ အလိုရှိကြရပေသည်။

(၅) အကြင်သူသည် စိတ်ဆိုး အမျက်ထွက်စရာအကြောင်းများ ဖြစ်ပေါ်လာသောအခါ အကြောင်းအကျိုးကို မစဉ်းစား မဆင်ခြင်ပါဘဲ အမြန်စိတ်ဆိုး အမျက်ထွက်တတ်၏။ ကြမ်းတမ်းသော ကိုယ်နှုတ်အမူအရာတို့ဖြင့် ဆဲဆိုကြိမ်းမောင်းခြင်းများကို ပြုလုပ်၏။ ထိုသူသည် အပြောမှား အပြုမှားတို့ကို ပြုလုပ်မိသော ကြောင့် ကောင်းသော ဂုဏ်သိက္ခာများ ထိခိုက်ကျဆင်းသွားရ ပေသည်။ ခင်မင်ကြည်ညိုနေကြသော မိတ်ကောင်းဆွေကောင်းတို့ အကြည်ညိုပျက်၍ မိတ်ပျက်ဆွေပျက် ဖြစ်ရပေသည်။ သို့ဖြစ်၍ စိတ်ဆိုး အမျက်ထွက်စရာအကြောင်း ဖြစ်ပေါ်လာ သောအခါ ဖြည်းဖြည်းအမျက်ထွက်ကြရပေသည်။

တစ်နည်း – ဖြည်းဖြည်းပြုလုပ်ရမည့် အရာသုံးမျိုး

နောင်ပြုပြင်ရန်ခက်သောကြောင့် စဉ်းစဉ်းစားစား ဖြည်းဖြည်း ပြုကြရမည့် အရာသုံးမျိုး ရှိပေသည်။

(၁) အိမ်ထောင်ပြုခြင်း။
(၂) ဘုရားတည်ခြင်း။
(၃) ဆေးမင်ကြောင်ထိုးခြင်းဟူ၍ သုံးမျိုးရှိပေသည်။

(၁) အရှက်(ဟိရီ)၊ အကြောက်(ဩတ္တပ္ပ)နှင့် ပြည့်စုံကြသော အမျိုးကောင်းသား။ အမျိုးကောင်းသမီးတို့သည် အိမ်ထောင်ပြုခြင်းကိစ္စကို တစ်ကြိမ်တစ်ခါသာ ပြုလိုကြပေသည်။ အကြိမ်ကြိမ်ပြောင်းလဲ၍ မပြုလိုကြပေ။ ပြုလုပ်ပြောင်းလဲဖို့ရန် ခက်ခဲသော အရာတစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ အိမ်ထောင်ပြုခြင်းကို စဉ်းစဉ်းစားစား ဖြည်းဖြည်းပြုကြရပေသည်။

(၂) စေတီတော်နှင့် ရုပ်တုတော်တို့ကို တည်ထားကိုးကွယ်ကြရာ၌ သင့်တော်သော အရပ်ဒေသနှင့် ကြည်ညိုဖွယ်ရာ သင့်တော်သော ပုံတော်တို့ကို ရွေးချယ်စိစစ်၍ တည်ထားကိုးကွယ်ကြရပေသည်။ မသင့်တော်သော အရပ်ဒေသနှင့် ကြည်ညိုဖွယ်မရှိ၊ ဘုရား၏ ဂုဏ်အင်္ဂါနှင့် မပြည့်စုံသော စေတီတော်၊ ရုပ်တုတော်တို့ကို မဖျက်ဆီးကောင်းသောကြောင့် ပြုပြင်ပြောင်းလဲဖို့ရာ ခက်ခဲသောအရာတစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ဘုရားတည်ခြင်းကိုလည်း စဉ်းစဉ်းစားစား ဖြည်းဖြည်းပြုကြရပေသည်။

(၃) ငယ်ရွယ်သူတို့သည် မိမိတို့၏ခန္ဓာကိုယ်တွင် လက်မောင်း၊ ရင်ဘတ်၊ ကျောကုန်း စသည်တို့၌ ကြောင်ရုပ်၊ ကျားရုပ်၊ ဂဠုန်ရုပ်၊ နတ်ရုပ်စသည့် ဆေးမင်ကြောင်ရုပ်များကို ထိုးကြပေသည်။ နောင်အသက်အရွယ်ကြီးလာသောအခါ ယင်းဆေးမင်ကြောင်ရုပ်များကို မနှစ်သက်၍ ဖျောက်ဖျက်လိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာတတ်ကြပေသည်။ သို့သော် ဆေးမင်ကြောင်များက အသားထဲ၌ စွဲကပ်နေသောကြောင့် ဖျက်လို့မရတော့ပေ။ ပြုပြင်ပြောင်းလဲဖို့ရာ ခက်ခဲသောအရာတစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ဆေးမင်ကြောင်ထိုးခြင်းကိုလည်း စဉ်းစဉ်းစားစား ဖြည်းဖြည်းပြုကြရပေသည်။

ဖြည်းဖြည်းပြုလုပ်ရမည့် နောင်ပြင်ရန် အခက်သုံးမျိုးကို ရှေးလူကြီးများက "အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ကျွဲသုံးမျိုးမပိုင်လျှင်၊ နောင်ပြင်ရန်ခက်သည့်အမျိုး" ဟူ၍ ကဗျာစပ်ဆိုကြပေသည်။

မြန်မြန်ပြုလုပ်ရမည့် အမှုကိစ္စများ

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစသော ကုသိုလ်ကောင်းမှုများပင် ဖြစ်ပေသည်။ ကုသိုလ်ကောင်းမှုများကို ယနေ့ပြုခွင့်ရလျှင် ယနေ့ပင် မြန်မြန်ပြုလုပ်ကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ယနေ့ပြုလုပ်ခွင့်ရသော ကုသိုလ်ကောင်းမှုကို နောက်နေ့သို့ မရွှေ့ဆိုင်းရ။ ဘာ့ကြောင့် မရွှေ့ဆိုင်းရသနည်း။ မိမိတို့၏ အသက်သည် ဒီနေ့ ရှင်နေပါသော်လည်း မနက်ဖြန်ခါ ရှင်ချင်မှရှင်မည် ဖြစ်ပေသည်။ ဘာ့ကြောင့် မနက်ဖြန်ခါ မရှင်သနည်း။ မိမိတို့၏ ကိုယ်တွင်း၌ (၉၆)ပါးသော ရောဂါဝေဒနာနှင့် ကိုယ်ပမာ ဓား၊ လုံ၊ လက်နက်၊ အဆိပ်စသော မျိုးစွာသော သေကြောင်းစစ်သည်ရှိသော သေမင်းနှင့် တစ်ရက် နှစ်ရက်၊ တစ်လ နှစ်လ၊ တစ်နှစ် နှစ်နှစ် စသည်ဖြင့် (တရားမပြည့်စုံသေး၍) လူဘဝမှာ နေပါရစေဦးဟု ဘယ်လိုမှ ချိန်းချက်ထားလို့ မရပေ။

သေမင်းကို မိတ်ဆွေဖွဲ့၍ ချိန်းချက်ထားလို့လည်း မရပေ။ တံစိုးလက်ဆောင်ပေး၍ ချိန်းချက်ထားလို့လည်း မရပေ။ မိမိတို့က သေမင်းကို အနိုင်တိုက်ယူဖို့ရာ စစ်သည်ဗိုလ်ပါများ စုဆောင်း၍ ချိန်းချက်ထားလို့လည်း မရပေ။ ထို့ကြောင့် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာစသော ကုသိုလ်ကောင်းမှုများကို ယနေ့ပြုခွင့်၊ အားထုတ်ခွင့်ရလျှင်

ယနေ့ပင် ချက်ချင်း အမြန်ပြုလုပ် အားထုတ်ကြရပေမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ကုသိုလ်ကောင်းမှုများကို မြန်မြန်ပြုလုပ် အားထုတ်ကြရပေသည်။

(မ-၃/၂၂၆)

ဆောင်ပုဒ် ။ ။ စစ်သည်များပြား၊ သေမင်းအား။
ချီန်းထားလက်ဆောင်မရှိပါ။
တွန်းလှန်နိုင်ကြောင်း၊ ဗိုလ်ပါပေါင်း။
စုဆောင်းထားခြင်းမရှိပါ။
ဒါကြောင့်တို့မှာ၊ နက်ဖြန်ခါ။
ရှင်မှာကေန်မသိပါ။
ဒါ့ကြောင့်နောက်နေ့၊ ရက်မရွှေ့
ယနေ့ပင်လျှင်အားထုတ်ပါ။

(စည်)

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အဆိပ်ပင်သဖွယ် အကုသိုလ်ဟယ်

ပါရမီအခြေခံရှိ၍ အသိဉာဏ် ပြည့်ဝကြွေသော မုဂ္ဂိုလ်တို့သည် ဘဝသံသရာမှာ အဖန်ဖန်ဖြစ်ရမည်ကို ကြောက်ရွံ့ထိတ်လန့်ကြပေသည်။ ဘဝသံသရာမှ လွတ်မြောက်လိုကြပေသည်။ အထူးသဖြင့် အပါယ်သံသရာမှ အမြန်ဆုံး လွတ်မြောက်လိုကြပေသည်။ လွတ်မြောက်ကြောင်းတရားတို့ကို အားထုတ်လျက် ရှိကြပေသည်။ ဘဝသံသရာမှ လွတ်မြောက်ဖို့ရာမှာလည်း မိမိတို့သန္တာန်၌ ရှိနေကြသည့် အဆိပ်ပင်နှင့်တူသော အကုသိုလ်တို့ကို ပယ်သတ်နိုင်မှသာ လွတ်မြောက်နိုင်ကြမည် ဖြစ်ပေသည်။

အဆိပ်ပင်နှင့်တူသော အကုသိုလ်များမှာ -

(၁) ကိုယ်နှင့်နှုတ်တို့၌ လွန်ကျူး၍ဖြစ်သော (ဝီတိက္ကမ) အကုသိုလ်၊

(၂) စိတ်ထဲတွင်သာ အဖန်ဖန်တလဲလဲဖြစ်သော (ပရိယုဋ္ဌာန) အကုသိုလ်၊

(၃) အတိတ်ဘဝပေါင်းများစွာက (ကိန်း၍) လိုက်ပါလာသော (အနုသယ)အကုသိုလ်ဟူ၍ သုံးမျိုးရှိပေသည်။

(၁) ကိုယ်နှင့်နှတ်တို့၌ လွန်ကျူးခြင်းဖြစ်သော (ဝိတိက္ကမ)အကုသိုလ်ဟူသည် - သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူတစ်ပါးသားမယား၊ သားသမီးများကို လွန်ကျူးဖျက်ဆီးခြင်းဟူသော ကိုယ်၌ဖြစ်သော အကုသိုလ်က(၃)ခု ဖြစ်ပေသည်။ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုခြင်း ပြောဆိုခြင်း၊ အကျိုးမရှိသော အဖျင်းစကားကို ပြောဆိုခြင်းဟူသော နှုတ်၌ဖြစ်သော အကုသိုလ်က(၄)ခု ဖြစ်ပေသည်။

ယင်း(၇)ခုသော အကုသိုလ်တို့သည် အဆိပ်ပင်၏ အခက်အဖျားတို့ကို အဝေးမှပင် တွေ့မြင်ရသကဲ့သို့ ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးခြင်းကို ထင်ထင်ရှားရှား တွေ့ကြ၊ သိကြ၊ မြင်ကြရသောကြောင့် အဆိပ်ပင်၏ အခက်အဖျားတို့နှင့် တူကြပေသည်။

အခက်အဖျားနှင့်တူသည့် ကိုယ်နှုတ်တို့၌ လွန်ကျူးခြင်းဖြစ်သော အကုသိုလ်တို့ကို သီလဖြင့် ပယ်သတ်ကြရပေသည်။ သီလကို ဆောက်တည်၍ လုံ့ခြုံအောင် စောင့်ထိန်းထားပါလျှင် ကိုယ်ဖြင့် သတ်ခြင်း၊ ခိုးခြင်း၊ လွန်ကျူးခြင်း၊ နှုတ်ဖြင့် လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုခြင်းပြောခြင်း၊ အကျိုးမရှိသော အဖျင်းစကားတို့ကို ပြောဆိုခြင်းဟူသော အကုသိုလ်များ မဖြစ်နိုင်တော့ပေ။ ယင်းကဲ့သို့ မဖြစ်ခြင်းသည်ပင် သီလဖြင့် ပယ်သတ်သည်မည်၏။ သီလသည် အခက်အဖျားနှင့်တူသော အကုသိုလ်တို့ကို ပယ်သတ်သောကြောင့် အဖျားဖြတ်တရားမည်၏။

ဆောင်ပုဒ်။ ။ ကိုယ်နှင့်နှုတ်မှာ၊ ဖြစ်ပေါ်လာကြား၊ အကုမျှား၊
ပယ်ရှားမြတ်သီလာ။

(၂) စိတ်ထဲတွင်သာ အဖန်ဖန်တလဲလဲ ဖြစ်နေသော (ပရိယုဋ္ဌာန) အကုသိုလ်ဟူသည် - လိုချင်စရာ၊ တပ်မက်စရာများကို စိတ်ထဲ၌ အကြိမ်ကြိမ်အဖန်ဖန် လိုချင်တပ်မက်နေသော (လောဘ) အကုသိုလ်၊ လိုချင်စရာ တပ်မက်စရာများကို လိုချင်တိုင်း မရသဖြင့် စိတ်ထဲတွင် နှလုံးမသာယာမှုများ အဖန်တလဲလဲ ဖြစ်နေသော (ဒေါမနဿ၊ ဒေါသ) အကုသိုလ် စသည်တို့ပင် ဖြစ်ပေသည်။

အဆိပ်ပင်၏ ပင်စည်လုံးပတ်ကို အဝေးမှ ကြည့်သည်ရှိသော် မည်မျှကြီးသည်ဟု သေသေချာချာ မသိရ၊ အနီးသို့ ရောက်လာမှသာ ပင်စည်လုံးပတ်သည် ဤမျှလောက် ကြီးသည်ဟု သိရသကဲ့သို့ စိတ်ထဲ၌ အဖန်တလဲလဲ ဖြစ်နေသော (ပရိယုဋ္ဌာန)အကုသိုလ်များကို ပကတိသော မျက်စိဖြင့် မမြင်ရ၊ စိတ်ဖြင့် ဆင်ခြင်ကြည့်မှသာ သိကြရသောကြောင့် (ပရိယုဋ္ဌာန)အကုသိုလ်တို့သည် အဆိပ်ပင်၏ ပင်စည်လုံးပတ်နှင့်တူ၏။

ပင်စည်၏ လုံးပတ်နှင့်တူသည့် စိတ်ထဲတွင်သာ အဖန်တလဲလဲ ဖြစ်နေသော (ပရိယုဋ္ဌာန)အကုသိုလ်တို့ကို သမထဖြင့် ပယ်သတ်ရပေသည်။ ဘုရားဂုဏ်တော် ပွားများခြင်းစသော သမထအာရုံတစ်ခု၌ စိတ်ကို တည်ငြိမ်အောင် စူးစိုက်၍ ရှိနေသောအခါ စိတ်ထဲတွင် အဖန်တလဲလဲ ဖြစ်နေသော အကုသိုလ်များ မဖြစ်နိုင်တော့ပေ။ ယင်းကဲ့သို့ မဖြစ်ခြင်းသည်ပင် သမထဖြင့် ပယ်သတ်သည်မည်၏။ သမထသည် ပင်စည်လုံးပတ်နှင့်တူသော အကုသိုလ်များကို ပယ်သတ်သောကြောင့် အလယ်ဖြတ်တရားမည်၏။

ဆောင်ပုဒ်။ ။ စိတ်ထဲတွင်သာ၊ ဖြစ်ပေါ်လာကြား၊ အကုမျှား၊ ပယ်ရှားမြတ်သမာ။

(၃) အတိတ်ဘဝပေါင်းများစွာက (ကိန်း၍) လိုက်ပါလာသော (အနုသယ) အကုသိုလ်ဟူသည် - အစမထင် အတိတ်ဘဝပေါင်းများစွာက နာမ်အစဉ်မှာ အကြိမ်ကြိမ်အဖန်ဖန် ဖြစ်လာ၊ ကိန်းလာသော အကုသိုလ်များ ဖြစ်ပေသည်။

အဆိပ်ပင်၏ ရေသောက်မြစ်ကို အဝေးမှ ကြည့်သည်ရှိသော် မမြင်ရ၊ အနီးသို့ ရောက်လာသော်လည်း ပကတိသော မျက်စိဖြင့် မမြင်နိုင်၊ ဤအဆိပ်ပင် ရှင်သန်နေခြင်းသည် မြေအောက်ထဲ၌ ရေသောက်မြစ် ရှိနေလို့သာ ရှင်သန်နေခြင်း ဖြစ်ပေသည်ဟု ဉာဏ်မျက်စိဖြင့်ကြည့်မှ သိရသကဲ့သို့ (အနုသယ)အကုသိုလ်တို့ကို ဉာဏ်ဖြင့် ဆင်ခြင်ကြည့်မှသာ သိကြရသောကြောင့် (အနုသယ)အကုသိုလ်တို့သည် အဆိပ်ပင်၏ ရေသောက်မြစ်နှင့်တူ၏။

ရေသောက်မြစ်နှင့်တူသည့် အတိတ်ဘဝပေါင်းများစွာက ကိန်း၍လိုက်ပါလာသော (အနုသယ)အကုသိုလ်တို့ကို ဝိပဿနာပညာ၊ မဂ်ပညာတို့ဖြင့် ပယ်သတ်ကြရပေသည်။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်သတ်ရမည် ဆိုပါသော်လည်း မဂ်ဉာဏ်ကသာ အပြီးတိုင် ပယ်သတ်နိုင်ပေသည်။ သို့ပါသော်လည်း မဂ်ဉာဏ်သို့ ရောက်ဖို့ရာမှာ ဝိပဿနာပွားများ အားထုတ်ရပေသည်။ ဝိပဿနာဉာဏ်ပြည့်စုံမှ မဂ်ဉာဏ်ကို ရရှိကြပေသည်။

သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် သောတာပတ္တိမဂ်ဉာဏ်က အဆိပ်ပင်၏ ရေသောက်မြစ်နှင့်တူသော အပါယ်ရေသောက်မြစ်ဖြစ်သည့် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ အကုသိုလ်တို့ကို အပြီးတိုင် ပယ်သတ်လိုက်ပေသည်။ အပါယ်သို့ ကျရောက်စေနိုင်သော လောဘ၊ ဒေါသ၊ မောဟတို့ကိုလည်း ပယ်သတ်လိုက်ပေသည်။

လွန်ခဲ့ပြီးသော အတိတ်ဘဝပေါင်းများစွာက မိုက်မှားပြုလုပ်မိခဲ့သည့် အပါယ်သို့ ကျရောက်စေနိုင်သော အကုသိုလ်ကံဟောင်းကံဆိုးများကိုလည်း အပြီးတိုင် ပယ်သတ်လိုက်ပေသည်။ ယင်းကဲ့သို့ ပယ်သတ်လိုက်သောကြောင့် သောတာပန်ဖြစ်၍ အပါယ်ဘဝသံသရာ ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်ကြရပေသည်။

ဆက်လက်ကာ ဝိပဿနာရှုမှတ်၍ သကဒါဂါမိမဂ်ဉာဏ်သို့ ရောက်သွားသောအခါ သကဒါဂါမိမဂ်ဉာဏ်က အဆိပ်ပင်၏ ရေသောက်မြစ်နှင့်တူသော ကာမရာဂါနုသယ(လောဘ)၊ ပဋိဃာနုသယ(ဒေါသ)၊ အဝိဇ္ဇာနုသယ(မောဟ) အကုသိုလ်တို့ကို အကြွင်းမဲ့ မပယ်သတ်နိုင်သော်လည်း အားနည်းအောင်(ခေါင်းပါးအောင်) ပြုလိုက်သောကြောင့် သကဒါဂါမ်ဖြစ်၍ ဒုက္ခများသည့် ကာမဘုံ၌ တစ်ကြိမ်သာ ဖြစ်ရပေတော့မည်။ ကာမဘုံ၌ အကြိမ်ကြိမ်ဖြစ်ရခြင်း ဆင်းရဲဒုက္ခများမှ လွတ်မြောက်ကြရပေသည်။

ဆက်လက်ကာ ဝိပဿနာရှုမှတ်၍ အနာဂါမိမဂ်ဉာဏ်သို့ ရောက်သွားသောအခါ အနာဂါမိမဂ်ဉာဏ်က အဆိပ်ပင်၏ ရေသောက်မြစ်နှင့်တူသော ကာမရာဂါနုသယ(လောဘ)၊ ပဋိဃာနုသယ(ဒေါသ) အကုသိုလ်တို့ကို အပြီးတိုင် ပယ်သတ်လိုက်သောကြောင့် အနာဂါမ်ဖြစ်၍ ဆင်းရဲဒုက္ခများလုံးသည့် ဤကာမဘုံ၌ မဖြစ်ကြရတော့ပါဘဲ အပြီးတိုင် လွတ်မြောက်သွားကြရပေသည်။

ဆက်လက်ကာ ဝိပဿနာရှုမှတ်၍ အရဟတ္တမဂ်ဉာဏ်သို့ ရောက်သွားသောအခါ အရဟတ္တမဂ်ဉာဏ်က အဆိပ်ပင်၏အောက်သို့ အနက်ဆုံး ရေသောက်မြစ်နှင့်တူသော ဘဝရာဂါနုသယ(လောဘ)၊ မာနာနုသယ(မာန)၊ အဝိဇ္ဇာနုသယ(မောဟ) အကုသိုလ်တို့ကို အပြီး

တိုင် ပယ်သတ်သောကြောင့် ရဟန္တာဖြစ်၍ ဘဝသံသရာ ဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ လွတ်မြောက်ကြရပေသည်။

ဆောင်ပုဒ်။ ။ ဘဝစဉ်ဆက်၊ ကိန်းလျက်ပါတြား၊ အကုမျှား၊ ပယ်ရှားမြတ်ပညာ။

မြတ်စွာဘုရားလက်ထက်တော်အခါက သစ်ပင်၏ အခက်အဖျားနှင့်တူသည့် ကိုယ်နှုတ်တို့ဌာ်ဖြစ်သော (ဝိတိက္ကမ)အကုသိုလ်တို့ကို သီလဖြင့်လည်းကောင်း၊ ပင်စည်လုံးပတ်နှင့်တူသည့် စိတ်ထဲတွင်သာ အဖန်တလဲလဲ ဖြစ်နေသော (ပရိယုဋ္ဌာန)အကုသိုလ်တို့ကို သမထဖြင့်လည်းကောင်း ပယ်သတ်ခဲ့သော်လည်း ရေသောက်မြစ်နှင့်တူသော အတိတ်ဘဝပေါင်းများစွာက ကိန်း၍လိုက်ပါလာသော (အနုသယ)အကုသိုလ်တို့ကို မဂ်ဉာဏ်ဖြင့် မပယ်သတ်သောကြောင့် ဗြဟ္မာပြည်မှာဖြစ်ပြီးမှ ဝက်မလေးဖြစ်ရတဲ့အကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တစ်နေ့သ၌ အရှင်အာနန္ဒာ အစရှိသော နောက်ပါသံဃာများနှင့်တကွ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွဝင်တော်မူရာ မြို့ဝတွင် ဝက်မလေးတစ်ကောင်ကို မြင်တော်မူ၍ ပြုံးတော်မူ၏။ ပြုံးတော်မူရခြင်း၏ အကြောင်းကို အရှင်အာနန္ဒာက မေးလျှောက်လေ၏။

မြတ်စွာဘုရားက ဝက်မလေးကိုမြင်၍ ပြုံးရခြင်းဖြစ်ပေသည်ဟု ဖြေကြားတော်မူပြီးလျှင် ဤဝက်မလေးသည် ဗြဟ္မာ့ပြည်မှ စုတေလာသော ဝက်မလေးဖြစ်သည်။ ဤဝက်မလေးသည် ကကုသန်မြတ်စွာဘုရားလက်ထက်တော်အခါက ဆွမ်းစားကျောင်းတစ်ခု၏ အနီး၌

ကြက်မဖြစ်ဖူးလေသည်။ ဆွမ်းစားကျောင်းမှ ရဟန်းတစ်ပါး၏ ဝိပဿနာကမ္မဋ္ဌာန်း ရွတ်ဖတ်သံကို ကြားရပြီး သေလွန်သွားသော ကြောင့် လူပြည်၌ မင်းသမီး ဖြစ်ရလေသည်။

မင်းသမီးဘဝ၌ ပရိဝိုဠ်ရဟန်းပြု၍ အဖျားဖြတ် သီလတရား ကိုလည်း လုံခြုံအောင် စောင့်ထိန်းခဲ့လေသည်။ တစ်နေ့သ၌ အိမ်သာ (ကုဋီ)ထဲသို့ ဝင်ရောက်ရာတွင် ပိုးလောက်များကိုမြင်၍ ကမ္မဋ္ဌာန်း ရှုလေ၏။ အလယ်ဖြတ် သမထ(ပထမစျာန်)တရားကို ရရှိလေ၏။ ပထမစျာန်ချမ်းသာဖြင့် တစ်သက်ပတ်လုံး ချမ်းသာစွာ နေရလေ၏။ ထိုဘဝမှ ကွယ်လွန်စုတေသောအခါ ပထမစျာန်ဘုံ ဗြဟ္မာ့ပြည်၌ ဖြစ် ရလေ၏။

ပထမစျာန်ဘုံ ဗြဟ္မာ့ပြည်မှ ကွယ်လွန်စုတေသောအခါ လူပြည်၌ သူဌေးသမီး ဖြစ်ရလေသည်။ သူဌေးသမီးဘဝ၌ ဒုစရိုက်အကု သိုလ်များကို ပြုမိသောကြောင့် ယခု ငါဘုရားပွင့်တော်မူလာသောအခါ ရာဂြိုဟ်မြို့ဝ၌ ဝက်မလေး ဖြစ်နေရခြင်း ဖြစ်ပေသည်ဟု မိန့်ကြား တော်မူလိုက်ရာ ရဟန်းတော်များ ထိတ်လန့်သံဝေဂ ဖြစ်ကြပေသည်။

မွန်မြတ်သော ဗြဟ္မာ့ပြည်မှာ ဖြစ်ပြီးမှ ယခုကဲ့သို့ ယုတ်ညံ့ သော ဝက်မလေး ဖြစ်ရခြင်းသည် ပရိဝိုဠ်မအကျင့်ကို ကျင့်ခဲ့စဉ်က အဖျားဖြတ် သီလနှင့် အလယ်ဖြတ် သမထတရားတို့ကိုသာ ကျင့်ကြံ အားထုတ်ခဲ့၍ အမြင့်ဖြတ် ဝိပဿနာတရားကို မဂ်ဉာဏ်ရသည်အထိ အားမထုတ်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အနုသယမပယ်၊ ဝက်မငယ်၊
ပြန်လည်ဖြစ်ရသည်။

ဤကဲ့သို့ ရဟန်းတော်များ ထိတ်လန့်သံဝေဂ ဖြစ်ကြသည်ကို မြတ်စွာဘုရား သိတော်မူ၍ (ရပ်တော်မူလျက်ပင်) တရားဟော တော်မူလေ၏။

"ရဟန်းတို့ ... သစ်ပင်တစ်ပင်ကို အကိုင်းအခက်များကိုသာ ပယ်သတ်၍ အမြစ်ရင်းကို မပယ်သတ်ဘဲ ထားခဲ့လျှင် အကိုင်းအခက်များ တစ်ဖန်ပြန်ပေါက်၍ ကြီးထွားလာနိုင်၏။ ထို့အတူ အဖျားပိုင်းနှင့်တူသည့် ကိုယ်နှုတ်တို့၌ဖြစ်သော (ဝိတိက္ကမ)အကုသိုလ်တို့ကို သီလဖြင့်လည်းကောင်း အလယ်ပိုင်းနှင့်တူသော စိတ်ထဲတွင်သာ အဖန်တလဲလဲဖြစ်နေသော (ပရိယုဋ္ဌာန)အကုသိုလ်တို့ကို သမထဖြင့်လည်းကောင်း ပယ်သတ်ခဲ့သော်လည်း အမြစ်ရင်းနှင့်တူသော (အနုသယ)အကုသိုလ်တို့ကို မဂ်ဉာဏ်ဖြင့် မပယ်သတ်လျှင် ဘဝသစ်၌ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းစသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ အဖန်တလဲလဲ ဖြစ်ကြရမည်" စသည်ဖြင့် ရဟန်းတော်တို့အား ဟောကြားတော်မူလေ၏။

(ဓမ္မပဒ-၆-၂/၃၃၂)

ကြားနာရသော ရဟန်းတော်တို့သည် ဝိပဿနာတရားကို မဂ်ဉာဏ်ရသည်အထိ ရှုမှတ်ပွားများကြသောကြောင့် အမြစ်နှင့်တူသော အနုသယအကုသိုလ်တို့ကို မဂ်ဉာဏ်ဖြင့် ပယ်သတ်၍ သောတာပန်စသည်များ ဖြစ်သွားကြလေသည်။ အပါယ်ဘဝသံသရာ စသည်တို့မှ လွတ်မြောက်သွားကြပေသည်။

ဆောင်ပုဒ်။ ။ အမြစ်မပယ်၊ အကိုင်းပယ်၊
ပြန်လည်ကြီးထွားသည်။
အနုသယမပယ်၊ ဒုက္ခနပယ်၊
ပြန်လည်ဖြစ်ရသည်။

အနုသယကိုပယ်၊ ဒုက္ခနယ်၊
တကယ်လွတ်ကြသည်။
အနုသယပယ်ရန်၊ သတိပဋ္ဌာန်၊
အမှန်ပွားရမည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

၁–နှစ်မှတစ်ကြိမ် မြတ်ကထိန်

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကထိန်ခင်းခြင်း၊ ကထိန်အလှူ ပွဲပြုလုပ်ခြင်းတို့ကို အလွန်ပင် စိတ်ဝင်စားကြပေသည်။ ကထိန်အလှူ များသို့ မိသားစုတို့ တပျော်တပါး သွားလေ့ရှိကြပေသည်။ ကထိန် အလှူရှင်များကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကျွေးမွေးလေ့ ရှိ ကြပေသည်။ စားဖွယ်သောက်ဖွယ်များကို အထူးစီမံ၍ ကျွေးမွေးလေ့ ရှိကြပေသည်။ ကထိန်အလှူပွဲသို့ လာရောက်ကြသူများကလည်း ပျော်ပျော်ပါးပါး သုံးဆောင်မှီဝဲ စားသောက်ကြပေသည်။ ကထိန်တရား ကိုလည်း ကထိန်အလှူရှင်များနှင့်အတူ နာယူလေ့ရှိကြပေသည်။ ၁-နှစ်မှတစ်ကြိမ် လှူဒါန်းခွင့်ရသောကြောင့် အလွန်အကျိုးကြီးမြတ်သည် ဟု ယုံကြည်ကြပေသည်။ "သက်နှံးမှာကထိန်၊ ကျောင်းမှာသိမ်" ဟူ ၍ပင် ဆိုရိုးပြုကြပေသည်။

ကထိန်နှင့်စပ်၍ သိဖွယ်ရာများမှာ -

(၁) ကထိန်ဆိုသည့် စကား၏အဓိပ္ပါယ်၊
(၂) ခင်းခြင်းဆိုသည့် စကား၏အဓိပ္ပါယ်၊
(၃) ကထိန်ခင်းရခြင်းအကြောင်း၊
(၄) ကထိန်ခင်းရခြင်းအကျိုး၊
(၅) ကထိန်အလှူ မွန်မြတ်သည်ဟု ဆိုရခြင်း ဤ(၅)မျိုးမှာ သိဖွယ်ရာ ကောင်းလှပါပေသည်။

(၁) ကထိန်ဟူသော စကားသည် "ကထိန"ဟူသော ပါဠိမှ သက်ဆင်းဖြစ်ပေါ်လာသော စကားဖြစ်ပေသည်။ "ကထိန"ဟူသော ပါဠိက မြီခြင်းဟူသော အနက်ကို ဟောပါသည်။ မြီခြင်းအမျိုးမျိုးတို့တွင်လည်း အချိန်ကာလမြီခြင်းနှင့် အကျိုးတရားမြီခြင်းတို့ကို ဟောပါသည်။ ကထိန်ဟူသည် အချိန်ကာလအားဖြင့်လည်း မြီ၏၊ အကျိုးတရားအားဖြင့်လည်း မြီ၏ဟု အဓိပ္ပါယ်ရပါသည်။

အချိန်ကာလမြီပုံ

မြတ်စွာဘုရား သတ်မှတ်ပေးထားသော အချိန်ကာလအတွင်းမှာသာ ကထိန်ခင်းခြင်းကို ပြုလုပ်ကြရသောကြောင့် ကထိန်သည် အချိန်ကာလအားဖြင့် မြီပေသည်။ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် တစ်လအတွင်းမှာသာ ကထိန်သက်နှံ့လျှုခြင်း၊ ကထိန်ခင်းခြင်းကို ပြုလုပ်ရမည်ဟု မြတ်စွာဘုရား၏ အမိန့်အာဏာတော်ဖြင့် ပိုင်းခြားသတ်မှတ်ပေးထားသောကြောင့် တစ်လအတွင်းမှာသာ ကထိန်ခင်းခြင်းကို ပြုလုပ်ကြရပေသည်။ အခြားသော နတ်တော်၊ ပြာသို၊ တပို့တွဲစသော လများသို့ ပြောင်းရွှေ့ကာ ကထိန်ခင်း၍ မရကြပေ။ သို့ဖြစ်၍ ကထိန်သည် အချိန်ကာလအားဖြင့် မြီခြင်းဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ အချိန်ကာလ၊ ပြောင်းမရ၊ မြဲလှကထိန်မည်။

အကျိုးမြီပုံ

ကထိန်ခင်းသော ကျောင်းတိုက်၌ နေထိုင်ကြသည့် (ပုရိမဝါမှ ထသော) ရဟန်းတော်တို့သည် ကထိန်အကျိုး(၅)ပါးကို ရရှိစေဟု မြတ်စွာဘုရား ခွင့်ပြုပေးသနားတော်မူသော အကျိုးတရား(၅)ပါးကို

သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် (၅)လအထိ မြို့စွာတည်နေ၏။ တစ်ပါးသောလများသို့ ကထိန်အကျိုးတရားများ ပြောင်းသွားခြင်း မရှိပေ။ သို့ဖြစ်၍ ကထိန်သည် အကျိုးတရားအားဖြင့်လည်း မြဲခြင်းဖြစ်ပေသည်။

ဆောင်ပုဒ် ။ ။ အကျိုးတရား၊ ရွှေ့မသွား၊ မြဲခြားကထိန်မညည်။

(၂) ခင်းခြင်းဟူသည် ကထိန်အကျိုးများကို ကျယ်ပြန့်သွားအောင် ပြုလုပ်ခြင်းပင် ဖြစ်ပေသည်။ ကထိန်မခင်းသော ကျောင်းတိုက်၌ နေထိုင်ကြသော ရဟန်းတော်တို့သည် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ (၁)လသာ ကထိန်အကျိုးကို ရရှိကြပေသည်။ ကထိန်ခင်းသော ကျောင်းတိုက်၌ နေထိုင်ကြသော ရဟန်းတော်တို့သည် (၁)လမှ (၅)လအထိ ကျယ်ပြန့်၍ အကျိုးတရားများကို ရရှိကြပေသည်။

ဆောင်ပုဒ် ။ ။ တစ်လကျိုးကား၊ ငါးလပွား၊ ပြန့်သွားခင်းသည်မည်။

ဥပမာ - မိမိတို့အိမ်သို့ ဧည့်သည်များ ရောက်ရှိလာ၍ ငါးခေါက်ခေါက်ထားသော ကော်ဇောကြီးကို ခင်းချ၊ ဖြန့်ချလိုက်သောအခါ တစ်ဆမှ ငါးဆသို့ ကျယ်ပြန့်သွားသကဲ့သို့ ထို့အတူ ဒကာ၊ ဒကာမများက ကထိန်သင်္ကန်းကို လှူဒါန်းလိုက်သောအခါ သံဃာတော်များက ဝိနည်းကဲ့ဖြင့် ကထိန်ခင်းလိုက်သည်ရှိသော် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ (၁)လသာ ရရှိသော အကျိုးမှ တပေါင်းလပြည့်နေ့တိုင်အောင် (၅)လအထိ ကထိန်အကျိုးတရားများ ကျယ်ပြန့်သွားပေသည်။ ကထိန်အကျိုးတရား

(၅)ပါးကို ရဟန်းတော်များ (၁)လမှ (၅)လအထိ ကျယ်ပြန့်စွာ ခံစားခွင့် ရရှိကြပေသည်။

ဤကဲ့သို့ ဒကာ၊ ဒကာမများက သင်္ကန်းလှူဒါန်း၍ ဆရာတော်သံယာတော်များက (၁)လမှ (၅)လအထိ ကထိန်အကျိုးတရား ကျယ်ပြန့်သွားအောင် ဝိနည်းကံဖြင့် ပြုလုပ်ခြင်းကိုပင် ခင်းသည်ဟု ဆိုရပါသည်။

(၃) ကထိန်ခင်းရခြင်းအကြောင်းမှာ - မြတ်စွာဘုရားလက်ထက်တော်အခါက ပါဝေယျကတိုင်းသား ရဟန်း(၃၀)တို့သည် မြတ်စွာဘုရားကို ဖူးမြင်ဖို့ရာ ရောက်လာကြရာတွင် သင်္ကန်းကို မိုးစိုရ၍ သင်္ကန်းဖြင့် ပင်ပန်းနေကြသောကြောင့် ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့ပါသည်။

ပါဝေယျကတိုင်းသား ရဟန်း(၃၀)တို့၏ ရဟန်းဖြစ်လာရခြင်းအကြောင်းမှာ - မြတ်စွာဘုရား ဘုရားဖြစ်ပြီး၍ တစ်ဝါရပြီးသော အခါ ဥရုဝေလတောသို့ ကြွသွားတော်မူ၍ သစ်ပင်ရင်းတစ်ခုမှာ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဘဒ္ဒဝဂ္ဂိညီနောင် မင်းသား(၃၀)တို့သည် ဥရုဝေလတောထဲသို့ ဇနီးမယားတို့နှင့်တကွ ဥယျာဉ်ကစားပျော်ပါးဖို့ရာ ရောက်လာကြပေသည်။ မင်းသားတို့ ပျော်ပါးကစားနေကြစဉ် အဝှားဇနီးမယားဖြစ်သူ တစ်ဦးသည် အရှင်မင်းသား၏ ပစ္စည်းဥစ္စာများကို ခိုးယူ၍ ထွက်ပြေးသွားလေ၏။ မင်းသား(၃၀)တို့သည် ခိုးယူထွက်ပြေးသွားသော အမျိုးသမီးကို လိုက်ရှာကြရာ မြတ်စွာဘုရားကို တွေ့မြင်ကြလေ၏။ မြတ်စွာဘုရားထံ ချဉ်းကပ်၍ အမျိုးသမီးတစ်ယောက် ပျောက်သွားသဖြင့် လိုက်ရှာကြရသည့်အကြောင်းလျှောက်ထားကြလေ၏။

မြတ်စွာဘုရားက "မင်းသားတို့ ... အမျိုးသမီးကို ရှာခြင်းနှင့် မိမိကိုယ်ကို ရှာခြင်းတို့တွင် အဘယ်ရှာခြင်းက ပိုမြတ်သနည်း"ဟု မေးတော်မူ၏။ ပါရမီရင့်ကျက်နေကြသော မင်းသားတို့က "မိမိကိုယ်ကို ရှာခြင်းက ပို၍မြတ်ပါသည်"ဟု လျှောက်ထားကြလေ၏။ "ဤကဲ့သို့ မိမိကိုယ်ကို ရှာခြင်းက ပိုမြတ်လျှင် သင်တို့ထိုင်ကြ၊ ငါဘုရား တရားဟောမည်"ဟု မိန့်ကြားကာ တရားဟောတော်မူ၏။ တရား၏ အဆုံး၌ မင်းသား(၃၀)တို့သည် သောတာပန် ဖြစ်သွားကြလေ၏။ မြတ်စွာဘုရားက "ထေ ဘိက္ခဝေါ"ဟု ခေါ်တော်မူလိုက်ရာ ရဟန်းများ ဖြစ်သွားကြလေ၏။

ထိုရဟန်း(၃၀)တို့သည် အာရညကင်ခုတင်ကို ဆောက်တည်၍ တောင်ခိုသာ နေကြ၏။ ပိဏ္ဍပါတ်ခုတင်၊ ပံသုကူခုတင်၊ သင်္ကန်းသုံးထည် ဖြင့်သာ နေခြင်း (တိစီဝရိက်)ခုတင်တို့ကို ဆောက်တည်၍ နေကြ လေကုန်၏။ ထိုရဟန်း(၃၀)တို့သည် (၁၃)နှစ်တိုင်တိုင် တောအရပ်မှာ နေကြပြီးသောအခါ မြတ်စွာဘုရားကို အလွန်ဖူးမြင်လိုကြသော ကြောင့် မြတ်စွာဘုရားရှိတော်မူရာ သာဝတ္ထိပြည်သို့ ခရီးထွက်ကြ လေသည်။ ခရီးကား အလွန်ဝေးကွာလှသည်ဖြစ်၍ မြတ်စွာဘုရား ရှိတော်မူရာ သာဝတ္ထိပြည်သို့ မရောက်မီ ဝါဆိုဖို့ရာ အချိန်ကျရောက် လာသောကြောင့် သာဝတ္ထိပြည်နှင့် (၆)ယူဇနာ ကွာဝေးသော သာကေတမြို့မှာ ဝါဆိုကြရပေသည်။

ဝါကျွတ်သည်နှင့် တစ်ပြိုင်နက် (ပဝါရဏာပြုပြီးလျှင်) မြတ်စွာ ဘုရားရှိတော်မူရာ သာဝတ္ထိပြည်သို့ ဦးတည်၍ ခရီးထွက်ကြလေ၏။ လမ်းခရီးတွင် မိုးက အလွန်ရွာသွန်းသဖြင့် သင်္ကန်းများ မိုးစို၊ ရွှံ့ ညွန်များပေကျံ၍ ပင်ပန်းစွာ မြတ်စွာဘုရားထံသို့ ရောက်လာကြလေ ၏။ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ... ကျန်းကျန်းမာမာ ချမ်း ချမ်းသာသာ ရှိကြပါ၏လော"ဟု စသည်ဖြင့် (ပဋိသန္ထာရ)နှုတ်ဆက်

စကား မိန့်ကြားတော်မူ၏။ ထို့နောက် အလွန်ဝေးသော ခရီးမှ လာခဲ့ကြပြီးလျှင် သင်္ကန်းများ မိုးစိုရ်ု ပင်ပန်းနေကြသော ရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူလိုက်ပါသည်။ ယနေ့တိုင်အောင် ကထိန်ခင်းခွင့် ရနေကြပေသည်။

(၄) ကထိန်ခင်းရခြင်း အကျိုးမှာ - ဒကာ၊ ဒကာမများက ကထိန်သင်္ကန်းလှူဒါန်းသဖြင့် ရဟန်းတော်များက ဝိနည်းကံဖြင့် ကထိန်ခင်းလိုက်သောအခါ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင်အောင် ကထိန်အကျိုး(၅)ပါးကို ရဟန်းတော်များ ရရှိကြပေသည်။ ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ရဟန်းတော်များ ရရှိသော အကျိုး(၅)ပါးနှင့် လျော်ညီစွာ အကျိုး(၅)ပါး ရရှိကြပေသည်။

(က) အနာမန္တစာရ = ပင့်ဖိတ်ထားသော ဆွမ်းစားရှိပါလျက် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ အရပ်တစ်ပါးသို့ သွားသော်လည်း အာပတ်မသင့်ခြင်းအကျိုးကို ရဟန်းတော်များ ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ မပန်မကြား၊ လိုရာသွား၊ ပြစ်များမသင့်ပြီ။

ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းတို့၌ အရပ်ဒေသတစ်ပါးသို့ သွားလိုသောအခါ သူတစ်ပါးတို့ တားဆီးခြင်းမပြုနိုင်။ လွတ်လပ်စွာ သွားနိုင်ခြင်းအကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ တားဆီးကင်းကွာ၊ လွတ်လပ်စွာ၊
လိုရာသွားနိုင်သည်။

(ခ) အသမာဒါနစာရ = တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်း သုံးထည်တို့တွင် တစ်ထည်ထည်ကို ထား လိုရာအရပ်ဌ်ထားကာ သွားသော်လည်း အာ ပတ်မသင့်ခြင်းအကျိုးကို ရဟန်းတော်များ ရရှိကြပေသည်။

ဆောင်ပုဒ် ။ ။ သုံးထည်ထဲမှာ၊ ထားလိုရာ၊ ထားကာသွားနိုင်သည်။

ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းတို့ဌ် အရပ်တစ်ပါးသို့ သွားလာခြင်း ကိစ္စ၊ အလုပ်အကိုင်ကိစ္စတို့ကို ပြုလုပ်သောအခါ တာဝန်ကိစ္စများ မလေးပါဘဲ ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူနှင့် ပြီးမြောက်ခြင်းအကျိုး ကို ရရှိကြပေသည်။

ဆောင်ပုဒ် ။ ။ တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။

(ဂ) ဂဏာဘောဇန = (၄)ပါး၊ (၄)ပါးထက် ပိုလွန်သော ရဟန်းတော် တို့ကို ထမင်းစားလာခဲ့ပါ၊ ဟင်းစားလာခဲ့ပါ၊ မုန့်စားလာခဲ့ပါ စသည်ဖြင့် မအပ်သောဖိတ် ခြင်းဖြင့် ဖိတ်အပ်သော ဆွမ်းဘောဇဉ်များကို စားလိုက လိုက်၍ စားသော်လည်း အာပတ် မသင့်ခြင်းအကျိုးကို ရဟန်းတော်များ ရရှိကြ ပေသည်။

ဆောင်ပုဒ် ။ ။ လေးပါးတူပင်၊ ဂိုဏ်းဘောဇဉ်၊ စားချင်စားနိုင်သည်။

ကထိန်သင်္ကန်း လျှုဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်း၌ စားလိုရာ အာဟာရအမျိုးမျိုးတို့ကို စားချင်တိုင်း စားပါသော်လည်း ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်း၊ အဆိပ်ဖြစ်ခြင်းစသော ဘေးဖြစ်ခြင်းမည်သည် မရှိ၊ စားသမျှ ကြေညက်ခြင်းအကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ စားလိုရာများ၊ စားသော်ငြား၊ ဘေးကားမဖြစ်ပြီ။

(ဃ) ယာဝဒတ္တာစီဝရ = များစွာသော သင်္ကန်းတို့ကို အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုပါဘဲ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့တိုင် အောင် ငါးလအထိ သိမ်းဆည်းထားပါသော်လည်း အာပတ်မသင့်ခြင်းအကျိုးကို ရဟန်းတော်များ ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ သင်္ကန်းများစွာ၊ ငါးလမှာ၊ သိမ်းကာထားနိုင်သည်။

ကထိန်သင်္ကန်း လျှုဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်း၌ စိန်၊ ရွှေ၊ ငွေ၊ ပတ္တမြား စသည့် များစွာသော ရတနာတို့ကို သိမ်းဆည်းထားပါသော်လည်း ရန်သူမျိုး (၅)ပါး ဘေးရန်များ မရှိပါဘဲ ကောင်းမွန်စွာ သိမ်းဆည်းထားနိုင်ခြင်းအကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ ပစ္စည်းအများ၊ သိမ်းပိုက်ထား၊ ဘေးကားမရှိပြီ။

(c) ယောစတတ္ထာစီဝရပ္ပါဒ = ကထိန်ခင်းပြီးသည်မှနောက်၌ ကထိန်ခင်းသော ကျောင်းတိုက်သို့ တစ်ပါးသော ကျောင်းတိုက်က သံယာတော်

များ လာရောက်နေထိုင်ကြရာတွင် သံယာအားလုံးအတွက် သင်္ကန်းလှူ ဒါန်းပါသော်လည်း မူလ ကထိန်ခင်း ထားသော ကျောင်းတိုက်က သံယာ တော်များကသာ ပိုင်ဆိုင်ရရှိခြင်းအကျိုး ကိုလည်း ရရှိပေသည်။

ဆောင်ပုဒ်။ ။ သံယာလှူတြား၊ သင်္ကန်းများ၊ သူ့အားသာဖြစ်သည်။

ကထိန်သင်္ကန်း လှူဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းတို့၌ ကိုယ့်ပစ္စည်းများကို ကိုယ်မပေးလို က ဘယ်လိုတန်ခိုးအာဏာ ကြီးမားသူကမှ အနိုင်အထက်ပြု၍ မယူ နိုင်။ ကိုယ်ကပေးမှသာ ယူလို့ရခြင်းအကျိုးကို ရရှိကြပေသည်။

ဆောင်ပုဒ်။ ။ ကိုယ့်ပစ္စည်းများ၊ သူတစ်ပါး၊ ယူသွားကင်းပသည်။

(၅) ကထိန်သင်္ကန်းအလှူ မွန်မြတ်သည်ဟု ဆိုရခြင်းမှာ ရဟန်းတော် တို့သည် ကထိန်သင်္ကန်းမှ တစ်ပါးသော သင်္ကန်းများကို အလို ရှိသောအခါ မိဘ ဆွေမျိုးများထံမှာလည်း တောင်းကောင်း ပေသည်။ သင်္ကန်းအလိုရှိသောအခါ တောင်းခံပါဘုရားဟု ဖိတ်ထားသောသူများထံမှာလည်း တောင်းကောင်းပါသည်။ ကထိန်သင်္ကန်းကိုမူ မိဘ ဆွေမျိုးများနှင့် ဖိတ်ထားသူများထံ၌ မတောင်းကောင်းပေ။ ကောင်းကင်မှ ကျလာသကဲ့သို့ ဒကာ၊ ဒကာမများ သူ့အလိုအလျောက် သဒ္ဓါတရားဖြစ်ပွားရ၍ လှူဒါန်း လာသော သင်္ကန်းကိုသာ ခံယူ၍ ကထိန်ခင်းရပေသည်။ ဤ

ကဲ့သို့ တောင်းခံခြင်း လုံးဝမပါ၊ သန့်ရှင်းဖြူစင်စွာ ရရှိသော သင်္ကန်းဖြစ်၍ မွန်မြတ်လှပေသည်။ မွန်မြတ်သည်ဟု ဆိုရပေသည်။

ကထိန်သင်္ကန်းမှ တစ်ပါးသောပစ္စည်း(၄)ပါးကို သဒ္ဓါတရားရှိသူ ဒကာ၊ ဒကာမများက လှူဒါန်း၍ ခံယူကြရသောအခါ မြတ်စွာဘုရား က "ချစ်သားရဟန်းတို့ ... ရဟန်းသီလ မရှိဘဲ သူတစ်ပါး လှူဒါန်း သော သင်္ကန်းကို ဝတ်ရုံရခြင်းသည် မီးအလျှံတောက်လောင်နေသော သံပြားကို ဝတ်ရုံရသည်ထက်ပင် ဆင်းရဲဒုက္ခ များလှပေသည်။ ဆွမ်း ကို သုံးဆောင်ခြင်းသည် အလျှံပြောင်ပြောင် တောက်လောင်နေသော သံတွေခဲကို မျိုရသည်ထက်ပင် ဆင်းရဲဒုက္ခ များလှပေသည်။ ကျောင်း ထဲ၌ နေထိုင်ခြင်းသည် အလျှံပြောင်ပြောင် တောက်လောင်နေသော သံနှောင်အိမ်ထဲ၌ နေရသည်ထက်ပင် ဆင်းရဲဒုက္ခ များလှပေသည်" စသည်ဖြင့် နှိပ်ကွပ်၍ သတိပေးစကား မိန့်ကြားတော်မူပါသည်။

ကထိန်သင်္ကန်းကို အလှူခံရာ၌ ရဟန်းတော်များကို ချီးမြှောက် ၍ မိန့်ကြားတော်မူပါသည်။ "ချစ်သားရဟန်းတို့ ... ကထိန်သင်္ကန်း ကိုလည်း ခံယူကြစေ၊ ကထိန်အကျီးတရား(၅)ပါးကိုလည်း တစ်လမှ ငါးလအထိ ရရှိကြစေ"ဟု ချီးမြှောက်၍ မိန့်ကြားတော်မူသောကြောင့် ကထိန်သင်္ကန်းအလှူသည် မွန်မြတ်လှပေသည်။ မွန်မြတ်သည်ဟု ဆိုရပေသည်။

ကထိန်သင်္ကန်းအလှူသည် တစ်နှစ်မှတစ်ကြိမ်၊ တစ်ကြိမ်မှာ လည်း တစ်လအတွင်းသာ၊ တစ်လအတွင်းမှာလည်း တစ်ရက်ဖြင့် သာ အပြီးခင်းရသောကြောင့် မွန်မြတ်လှသည်ဟု ဆိုရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

မြိန္ဓာတည်ပါ မြတ်သဒ္ဓါ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကောင်းမှုကုသိုလ် ပြုလုပ်ခြင်း၌ မွေ့လျော်ကြပေသည်။ ကောင်းမှုကုသိုလ်များ ပြုနေရလျှင် စိတ်ကြည်လင်ခြင်း၊ စိတ်ကြည်နူးခြင်း ဖြစ်ကြရပေသည်။ ဤကဲ့သို့ ဖြစ်ကြရခြင်းသည် သဒ္ဓါတရားကြောင့်ပင် ဖြစ်ပေသည်။ သဒ္ဓါတရား ပြည့်စုံသည်နှင့်အမျှ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်များကို ပြုနိုင်ကြပါသည်။ စိတ်ကြည်လင်ခြင်း၊ စိတ်ကြည်နူးခြင်း ဖြစ်ကြရပေသည်။ သဒ္ဓါတရားသည် ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်များ ပြုလုပ်နိုင်ဖို့ရာ အခြေခံအကောင်းဆုံး တရားတစ်ခု ဖြစ်ပေသည်။ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရာမှာလည်း အခြေခံအကောင်းဆုံး တရားတစ်ခုပင် ဖြစ်ပေသည်။ သို့ဖြစ်၍ မြတ်စွာဘုရားက သဒ္ဓါတရားသည် မိမိတို့သန္တာန်မှာ အမြဲတည်ရှိဖို့ရာ ကောင်းသောတရားဖြစ်၏။ (သဒ္ဓါ သာဓု ပတိဋ္ဌိတာ)ဟူ၍ ဟောကြားတော်မူပါသည်။

(သံ-၁/၃၃)

သဒ္ဓါကို "ယုံကြည်ခြင်း"ဟု မြန်မာပြန်ဆိုကြပါသည်။ ထိုယုံကြည်ခြင်းဟူသော စကားသည် နှစ်ခွန်းပေါင်းစပ်ထားသော စကားဖြစ်ပေသည်။ ယုံတာက တစ်ခွန်း၊ ကြည်တာက တစ်ခွန်း ဖြစ်ပေသည်။ ယုံတာက ဘုရား၊ တရား၊ သံဃာ၊ ကံနှင့် ကံ၏အကျိုး ဤငါးမျိုးကို ယုံကြည်ခြင်း ဖြစ်ပေသည်။ ကြည်တာက စိတ်အစဉ်ကို ကြည်လင်စေခြင်း ဖြစ်ပေသည်။

ထိုသဒ္ဓါသည် ပုဂ္ဂိုလ်တို့၏ ပါရမီ အရင့်အနှံ့လိုက်၍ (၄)မျိုး ရှိပေသည်။

(၁) အာဂမသဒ္ဓါ = ဘုရားအလောင်းများ သန္တာန်၌ဖြစ်သော ယုံကြည်ခြင်း။

(၂) အဓိဂမသဒ္ဓါ = သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ယုံကြည်ခြင်း။

(၃) သြကပ္ပနသဒ္ဓါ = ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။

(၄) ပသာဒသဒ္ဓါ = အသွင်အပြင်ကို ကြည်ညိုပြီး ယုံကြည်ခြင်းဟူ၍ (၄)မျိုးရှိပေသည်။

(အံ-၆-၃/၂၇)

(၁) ဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားထံ၌ ဘုရားဆုကို ပန်ပြီးသည်မှစ၍ ဘုရားအဖြစ်ကို ကေန်မှချ ရမည်ဟု ယုံကြည်သော သဒ္ဓါတရားသည် မည်သည့်ဘုံဘဝသို့ ရောက်၍မှ မပျက်နိုင်၊ မည်သည့်အကြောင်းကြောင့်မှ မပျက်နိုင်၊ မြဲမြဲစွာ တည်လျက်ပင် ရှိပေသည်။

ကေန်မှချ ဘုရားဖြစ်ရမည်ဟူသော ယုံကြည်ချက် (သဒ္ဓါ)ကြောင့်-

(က) ခန္ဓာကိုယ်မှအပ ပစ္စည်းဥစ္စာရတနာတို့ကို လှူဒါန်းခြင်းဟူသော ဒါနပါရမီ၊

(ခ) ခြေ၊ လက်စသော အင်္ဂါကြီးငယ်တို့ကို လှူဒါန်းခြင်းဟူသော ဒါနဥပပါရမီ၊

(ဂ) ကိုယ်အသက်ကို လှူဒါန်းခြင်းဟူသော ဒါနပရမတ္ထပါရမီတို့ကို ပြည့်အောင် ဖြည့်ကျင့်နိုင်ခဲ့ပေသည်။

စွန့်ခြင်းကြီး(၅)ပါးကို စွန့်နိုင်ခြင်း

ကေန်မုချ ဘုရားဖြစ်ရမည်ဟူသော ယုံကြည်ချက် သဒ္ဓါကြောင့်ပင် -

(က) အလွန်ပြုနိုင်ခဲသော ပဒေသရာဇ်၊ ကေရာဇ်၊ စကြာမင်းစည်းစိမ် ဥစ္စာရတနာတို့ကို စွန့်ခြင်းဟူသော ဓနပရိစ္စာဂ၊

(ခ) သားသမီးတို့ကို စွန့်ခြင်းဟူသော ပုတ္တပရိစ္စာဂ၊

(ဂ) ဇနီးမယားကို စွန့်ခြင်းဟူသော ဘရိယပရိစ္စာဂ၊

(ဃ) ခြေ၊ လက်စသော အင်္ဂါကြီးငယ်တို့ကို စွန့်ခြင်းဟူသော အင်္ဂပရိစ္စာဂ၊

(င) ကိုယ်အသက်ကို စွန့်ခြင်းဟူသော ဇီဝိတပရိစ္စာဂ ဤ စွန့်ခြင်းကြီး(၅)ပါးကိုလည်း စွန့်နိုင်ခဲ့ပေသည်။

ဤကဲ့သို့ ပါရမီ(၁၀)ပါး အပြား(၃၀)ပြည့်အောင် ဖြည့်ကျင့်နိုင်ခြင်း၊ စွန့်ခြင်းကြီး(၅)ပါးကို မင့်မကွက် စွန့်လွှတ်နိုင်ခြင်းတို့သည် ကေန်မုချ ဘုရားဖြစ်ရမည်ဟူသော ယုံကြည်ချက် သဒ္ဓါတရားသည် ဘုရားအလောင်းတော်သန္တာန်၌ မြဲမြဲခိုင်ခဲ့စွာ တည်နေခြင်းကြောင့်ပင် ဖြစ်ပေသည်။

(၂) သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့၏ ဘုရား၊ တရား၊ သံဃာ စသည်တို့၌ ယုံကြည်ခြင်းသဒ္ဓါသည် မည်သို့သော အကြောင်းကြောင့်မှ မပျက်နိုင်။ မည်သည့်ဘုံဘဝများသို့ ရောက်လို့မှ မပျက်နိုင်၊ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များက ဘယ်လိုပင် ဖျက်ဆီးပြားသော်လည်း မပျက်စီးနိုင်၊ မြဲမြဲစွာ တည်လျက် ရှိပေသည်။

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပစ္စည်းလည်း အလွန်ဆင်းရဲ၊ နှုန်းလည်း

စွဲနေသော သုပ္ပဗုဒ္ဓသည် မြတ်စွာဘုရား၏တရားတော်ကို နာကြားရ၍ သောတာပန် ဖြစ်သွားလေ၏။ ထိုအခါ သိကြားမင်းက "သုပ္ပဗုဒ္ဓ သင်သည် ပစ္စည်းလည်း အလွန်ဆင်းရဲ၊ နှုန်းစွဲ၍ ဆင်းရဲဒုက္ခလည်း ခံနေရ၏။ သို့ဖြစ်သောကြောင့် သင့်ကို ငါကယ်မချင်သည်။ သင်သည် ငါ့အား ဘုရားဖြင့် အကျိုးမရှိ၊ တရားဖြင့် အကျိုးမရှိ၊ သံဃာဖြင့် အကျိုးမရှိဟု ပြောဆိုလေ၊ ထိုသို့ ပြောဆိုလျှင် သင်အလိုရှိသလောက် ပစ္စည်းဥစ္စာများကို ငါပေးမည်"ဟု သိကြားမင်းက ပြောလေ၏။

သောတာပန်ဖြစ်၍ ဘုရား၊ တရား၊ သံဃာ၌ မြဲမြံစွာ ယုံကြည်ခြင်းရှိသော သုပ္ပဗုဒ္ဓက သိကြားမင်းကို "သင်သည် အရှက်ကင်းမဲ့ လူမိုက်ဖြစ်၏။ သင်နှင့် ငါ စကားမပြောလိုပေ"ဟူ၍ ကြိမ်းမောင်း ပြောဆိုလေ၏။ ဤကဲ့သို့ သောတာပန်ပုဂ္ဂိုလ်၏ သဒ္ဓါတရားကို သိကြားမင်းသော်မှလည်း ဖျက်ဆီး၍ မရ၊ မြဲမြံစွာ တည်လျက် ရှိပေသည်။

(၃) ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ရတနာသုံးပါးတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါဟူသည် ပုထုဇဉ် ဗုဒ္ဓဘာသာဝင်တို့၏ သန္တာန်၌ဖြစ်သော သဒ္ဓါပင် ဖြစ်ပေသည်။ အရိယာပုဂ္ဂိုလ်တို့ သန္တာန်၌ဖြစ်သော သဒ္ဓါမျိုးပင် ဖြစ်ပေသည်။ သို့သော် အရိယာပုဂ္ဂိုလ်တို့သန္တာန်၌ဖြစ်သော သဒ္ဓါလောက် မခိုင်မြဲပေ။ ယခုဘဝ၌လည်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားတတ်၏။ နောင်ဘဝများသို့ ရောက်သွားသောအခါ၌လည်း ပျက်စီးသွားတတ်၏။ ပုထုဇဉ်တို့၏ သဒ္ဓါကို မပျက်စီးသွားရအောင် တန်ခိုးရှင်တို့သော်မှလည်း မစောင့်ရှောက်နိုင်ကြပေ။ မိမိတို့ကိုယ်တိုင်သာ စောင့်ရှောက်ကြရပေသည်။

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် ကုလ္လာဓနမည်သော တောအရပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အရှင်မဟာ မောဂ္ဂလာန်၏ အလုပ်အကျွေး ဒကာတစ်ဦးသည် မြတ်စွာဘုရားထံ၌ မနက်ဖြန်ခါ မိမိအိမ်သို့ သံဃာတော်များနှင့်တကွ မြတ်စွာဘုရား ဆွမ်းစားကြွပါရန် ရှေးဦးစွာ ပင့်လျှောက်လေ၏။ ထိုနောက် အရှင်သီဝလိ၏မယ်တော် သုပ္ပဝါသမင်းသမီးကလည်း အရှင်သီဝလိကို (၇)နှစ်တိုင်တိုင် ဝမ်းမှာလွယ်၊ (၇)ရက်တိုင်တိုင် ပင်ပန်းစွာ မွေးဖွားရသောကြောင့် (၇)ရက်တိုင်တိုင် မွေးနေ့ဆွမ်းကျွေးလိုသည်ဖြစ်၍ မြတ်စွာဘုရားထံ၌ လင်ယောက်ျား မင်းသားကို ဆွမ်းစားပင့်စေ၏။

မြတ်စွာဘုရားထံ၌ ဆွမ်းစားနှစ်ခု ဆုံနေသောအခါ မြတ်စွာဘုရားက အရှင်သီဝလိမွေးနေ့ဆွမ်းစားသည် (နောက်အခါ) သာသနာတွင် ကျေးဇူးများမည်ကို မြင်တော်မူသောကြောင့် အရှင်မဟာ မောဂ္ဂလာန်၏ အလုပ်အကျွေးဒကာ ဆွမ်းစားကို (၇)ရက်လွန်ပြီး (၈)ရက်မြောက်နေ့ကျမှ ကျွေးဖို့ရာ အရှင်မဟာမောဂ္ဂလာန်ကို စေလွှတ်၍ ရှေ့စေ၏။

အရှင်မဟာမောဂ္ဂလာန်သည် အလုပ်အကျွေးဒကာအိမ်သို့ ကြွရောက်၍ ရှေ့ဆိုင်းသောအခါ အလုပ်အကျွေးဒကာက "အရှင်ဘုရား ... ဤ(၇)ရက်အတွင်းမှာ -

(၁) တပည့်တော်၏ အသက်၊

(၂) တပည့်တော်၏ စည်းစိမ်ဥစ္စာ၊

(၃) တပည့်တော်၏ သဒ္ဓါတရား ဤသုံးပါး မပျက်စီးသွားရအောင် အရှင်ဘုရား တာဝန်ယူနိုင်ပါလျှင် တပည့်တော်၏ ဆွမ်းကျွေးကို (၈)ရက်မြောက်နေ့သို့ ရှေ့ဆိုင်းပါမည် ဘုရား" ဟု လျှောက်ထားလေ၏။

အရှင်မဟာမောဂ္ဂလာန်က မိန့်ကြားတော်မူသည်မှာ "ဆွမ်းဒကာကြီး၏ အသက်နှင့် စည်းစိမ်ဥစ္စာ ဤ(၂)ပါးကို မပျက်စီးသွားရအောင် ဆရာတော် တာဝန်ယူနိုင်ပါသည်။ သင်ဆွမ်းဒကာကြီး၏ သဒ္ဓါတရား မပျက်သွားဖို့ရာကိုတော့ တာဝန်မယူနိုင်၊ သင်၏ သဒ္ဓါတရား မပျက်သွားဖို့ရာကိုတော့ သင်ပဲ တာဝန်ယူရပေမည်"ဟု မိန့်ကြားတော်မူလေ၏။ ပုထုဇဉ်၏ သဒ္ဓါတရား မပျက်သွားရအောင် တန်ခိုးအရာမှာ တေဒဂ်ရသော အရှင်မဟာမောဂ္ဂလာန်သော်မှ တာဝန်မယူနိုင်။ မိမိတို့ကိုယ်တိုင်ပင် ခိုင်မြဲစွာတည်အောင် စောင့်ရှောက်ကြရပေသည်။

(ဥဒါနပါဠိ-၉၆)

(၄) အသွင်အပြင်ကို ကြည်ညိုမှု ယုံကြည်သော သဒ္ဓါသည် အလွန်နနယ်ပျော့ညံ့သော ယုံကြည်ခြင်းပင် ဖြစ်ပေသည်။ အမှားမှား အယွင်းယွင်းလည်း ဖြစ်နိုင်ပေသည်။ ရုပ်အဆင်းကိုမြင်၍ ကြည်ညိုပို ယုံကြည်ခြင်း၊ အသံကိုကြား၍ ကြည်ညိုပို ယုံကြည်ခြင်း၊ အဝတ်အထည် ဝတ်ဆင်ပုံကိုမြင်၍ ကြည်ညိုပို ယုံကြည်ခြင်းသည် မခိုင်မြဲ ပျော့ညံ့သော သဒ္ဓါတရားပင် ဖြစ်ပေသည်။

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းဌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ကောသလမင်းကြီးသည် မြတ်စွာဘုရားထံ လာရောက်ဖူးမြင်လေ၏။ ကောသလမင်းကြီး မြတ်စွာဘုရား၏ အနီးမှာ ထိုင်နေစဉ် အချို့က အဝတ်လုံးဝ မဝတ်၊ အချို့က ကိုယ်ထက်ဝက်မျှသာ အဝတ်ဝတ်ကြသော တိတ္ထိတို့သည် ပုဗ္ဗာရုံကျောင်း၏အနီး လမ်းခရီးမှ တိတ္ထိတို့၏ အသုံးအဆောင် ပရိက္ခရာများကို ထမ်းပိုး၍ သွားကြလေ၏။

ကောသလမင်းကြီး မြင်သောအခါ အဝတ်မဝတ်ခြင်းစသော အသွင်အပြင် အမူအရာကို ကြည်ညိုရ၍ ကိလေသာကုန်ပြီးသော ရဟန္တာများ ဖြစ်သည်ဟု ကြည်ညိုသဒ္ဓါဖြစ်၍ လက်အုပ်ချီကာ ဦးညွှတ်လေ၏။ တိတ္ထိများ လွန်သွားသောအခါ မြတ်စွာဘုရားထံ လာ၍ "မြတ်စွာဘုရား၏ မနီးမဝေးမှ ဖြတ်သွားကြသော ပုဂ္ဂိုလ်တို့သည် ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်သည်ဟု ယုံကြည်ပါသည်ဘုရား" ဟူ၍ မြတ်စွာဘုရားကို လျှောက်ထားလေ၏။ မြတ်စွာဘုရားက "ကြည်ညိုယုံကြည်ထိုက်သော ပုဂ္ဂိုလ်ဟု သင်မင်းကြီးအနေနှင့် သိနိုင်ဖို့ရာ အလွန်ခဲယဉ်းပေသည်" ဟု မိန့်ကြားတော်မူ၏။

ကြည်ညိုထိုက်သော ဂုဏ်သိက္ခာအရည်အချင်းတို့ကို သိနိုင်ဖို့ရာမှာ -

(၁) အတူတကွလည်း နေပါမှ၊

(၂) အချိန်ကြာကြာလည်း နေပါမှ၊

(၃) မိမိကလည်း ကြည်ညိုထိုက်သောသူ ဟုတ်၊ မဟုတ်ကို နလုံးသွင်း ဆင်ခြင်မှုလည်း ရှိပါမှ၊

(၄) ကြည်ညိုထိုက်သူ၊ မကြည်ညိုထိုက်သူဟု သိနိုင်၊ ဆုံးဖြတ်နိုင်သော ဉာဏ်ပညာလည်း ရှိပါမှ ဤလေးပါးဖြင့် ကြည့်နိုင်မှသာ ကြည်ညိုထိုက်သူ၊ မကြည်ညိုထိုက်သူဟု သိနိုင်ပေသည်ဟူ၍ မိန့်ကြားတော်မူလိုက်ပါသည်။

(သံ-၁/၇၈)

ဆောင်ပုဒ်။ ။ အတူနေကြာ၊ ဆင်ခြင်ပါ၊
ပညာဉာဏ်ဖြင့်ကြည့်။
မကြည်ညိုထိုက်၊ ကြည်ညိုထိုက်၊
တိုက်ရိုက်ကေန်သိ။

ဤသဒ္ဓါလေးမျိုးတို့တွင် ဘုရားအလောင်းတော်များ၏ သဒ္ဓါနှင့် အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါနှစ်မျိုးသာ ခိုင်မြဲစွာတည်သော သဒ္ဓါမျိုး ဖြစ်၏။ ကျန်သော သဒ္ဓါနှစ်မျိုးမှာ ခိုင်မြဲစွာ မတည်သော သဒ္ဓါမျိုး ဖြစ်၏။ မိမိတို့သန္တာန်၌ ခိုင်မြဲစွာ သဒ္ဓါတရား တည်ရှိဖို့ရာမှာ သော တာပန်စသော အရိယာအဖြစ်သို့ ရောက်ဖို့ရာမှာလည်း သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်မှသာ ရောက်နိုင်ကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ မိမိတို့သန္တာန်၌ ခိုင်မြဲစွာ သဒ္ဓါတရား တည်ရှိလိုလျှင် သတိ ပဋ္ဌာန်ဝိပဿနာတရား အားထုတ်ကြရမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

နိဗ္ဗာန်ရောက်ရန် အကျင့်လမ်းမှန်

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ယခုဘဝမှာလည်း ချမ်းသာစွာ နေလိုကြပေသည်။ နောင်သံသရာဘဝများ၌လည်း ချမ်းသာစွာ နေလိုကြပေသည်။ ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်သို့လည်း ရောက်လိုကြပေသည်။ သို့ဖြစ်၍ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်ကောင်းမှုများကို တတ်နိုင်သမျှ ပြုလုပ်အားထုတ်ကြလျက် ရှိကြပေသည်။ ယခုဘဝ ချမ်းသာနှင့် နောင်သံသရာဘဝ ချမ်းသာတို့သည် ကောန်စင်စစ် ချမ်းသာစစ် ချမ်းသာမှန်တို့ မဟုတ်ကြပေ။ ဆင်းရဲမကင်းသော ချမ်းသာခြင်းသာ ဖြစ်ကြပေသည်ဟူ၍လည်း သိနေကြပေသည်။ ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်တိုင်း ပြုလုပ်တိုင်း ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်သို့ ရောက်ဖို့ရန်ကိုလည်း ဆုတောင်းပတ္ထနာပြုလျက် ရှိကြပေသည်။

ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်သို့ ရောက်ဖို့ရန်မှာ ဒါန၊ သီလ၊ သမထ ကုသိုလ်ကောင်းမှုများကို ပြုကာမျှဖြင့် မရောက်နိုင်ကြပေ။ ဝိပဿနာတရား အားထုတ်မှသာ ရောက်နိုင်ကြမည်ဟူ၍လည်း သိနေကြပေသည်။ သို့ဖြစ်၍ အသိဉာဏ်ပြည့်ဝကြသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ဝိပဿနာတရားကို အချိန်ရသမျှ အားထုတ်လျက် ရှိကြပေသည်။ အချိန်မရကြသေးသော ပုဂ္ဂိုလ်တို့ကလည်း အားထုတ်ဖို့ရန် နည်းမှန်လမ်းမှန်များကို ရှာဖွေလျက် ရှိကြပေသည်။

ဝိပဿနာတရား အားထုတ်ကြမည့် ပုဂ္ဂိုလ်တို့သည် တရားသဘောများကို မြန်မြန်တွေ့လိုကြပေသည်။ တရားလည်း မြန်မြန်တက်လိုကြပေသည်။ တရားထူးတရားမြတ်များကိုလည်း မြန်မြန်ရလိုကြပေသည်။ သို့ဖြစ်၍ နည်းမှန်လမ်းမှန် ဝိပဿနာတရား အားထုတ်နည်းကို ရှာဖွေလေ့လာလျက် ရှိကြပေသည်။ နည်းမှန်လမ်းမှန် ဝိပဿနာတရား အားထုတ်နည်းမှာ သတိပဋ္ဌာန်တရား လေးပါးဖြင့် အားထုတ်နည်းပင် ဖြစ်ပေသည်။ သတိပဋ္ဌာန်တရား လေးပါးဟူသည်-

(၁) ကာယာနုပဿနာသတိပဋ္ဌာန် = ကိုယ်အမှုအရာ ဖြစ်တိုင်းကို ရှုမှတ်ခြင်း။

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် = သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဟူသော ဝေဒနာသုံးပါးကို ရှုမှတ်ခြင်း။

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန် = စိတ်အမှုအရာ (စိတ်ပြောင်းလဲမှု) ဖြစ်တိုင်းကို ရှုမှတ်ခြင်း။

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် = မြင်မှု၊ ကြားမှုစသော သဘောတရားများကို ရှုမှတ်ခြင်းဟူ၍ လေးပါး ရှိပါသည်။

(၁) ကိုယ်အမှုအရာ ဖြစ်တိုင်းကို ရှုမှတ်ခြင်းဟူသည် - သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းစသော ကိုယ်အမှုအရာများ ဖြစ်တိုင်းဖြစ်တိုင်း သတိပြု၍ သဘောတရားမှစ၍ ဖြစ်မှု၊ ပျက်မှု၊ ကုန်ပျက်မှုတို့ကို သိအောင် ရှုမှတ်နေရမည်ဟု ဆိုလိုပါသည်။

ကိုယ်အမှုအရာ ဖြစ်တိုင်းကို ရှုမှတ်ဖို့ရာမှာ -
(က) ထိုင်မှတ်ခြင်း။
(ခ) စကြီ(လမ်း)လျှောက်၍မှတ်ခြင်း။
(ဂ) အထွေထွေ အသေးစိတ်ရှုမှတ်ခြင်းဟူ၍ သုံးမျိုးရှိပေသည်။

(က) ထိုင်မှတ်ခြင်းဟူသည် - တိတ်ဆိတ်ရာအရပ်၌ တင်ပျဉ်ခွေ၍ ဖြစ်စေ၊ ဒူးတုပ်၍ဖြစ်စေ မှတ်ရပါသည်။ ခါးနှင့်ခေါင်းကို တည့်တည့်မတ်မတ် ထားရပါမည်။ မျက်လုံးကို မှိတ်ထားရပါမည်။ ဝမ်းဗိုက်၌ စိတ်ကို စူးစိုက်ထားရပါမည်။ အသက်ရှူသွင်း၍ ဝမ်းဗိုက် ဖောင်းတက်လာသောအခါ (အတွင်းက) အဆင့်ဆင့် တောင့်တင်းတွန်းကန်မှုကို သိအောင် စူးစိုက်၍ ဖောင်းတယ်ဟု ရှုမှတ်ရပါသည်။

အသက်ရှူထုတ်လိုက်၍ ဝမ်းဗိုက် ပိန်ကျသွားသောအခါ (အတွင်းက) အဆင့်ဆင့် ရွှေ့ကျ လျော့ကျသွားသော သဘောကို တွေ့အောင် စူးစိုက်၍ ပိန်တယ်ဟု ရှုမှတ်ရပါသည်။ သမာဓိဉာဏ်များ ရင့်သန်လာသောအခါ တောင့်တင်းတွန်းကန်ခြင်း ဖောင်းမှုနှင့် ရွှေ့ကျ လျော့ကျသွားခြင်း ပိန်မှုတို့သည် အဆင့်ဆင့် တစ်ရွေ့ပြီး တစ်ရွေ့ ကုန်ပျက်ကုန်ပျက်သွားသည်ကို တွေ့ကြရမည် ဖြစ်ပေသည်။

(ခ) စကြီ(လမ်း)လျှောက်၍ ရှုမှတ်ခြင်းဟူသည် - မြန်မြန်သွားရသောအခါ ဘယ်ညာမှတ်၍ သွားရပါသည်။ ဘယ်က လှမ်းလိုက်သောအခါ (ခြေထောက်ပုံသဏ္ဌာန်ကို ဖျောက်၍) တစ်ရွေ့ပြီးတစ်ရွေ့ ရွှေ့ရွှေ့သွားသည်ကို သိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ ညာက လှမ်းလိုက်သောအခါမှာလည်း နည်းတူပင် ရှေ့သို့ ရွှေ့ရွှေ့သွားသည်ကို သိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

ခပ်နေးနေးသွားရသောအခါ ကြွတယ်၊ ချတယ်ဟု နှစ်ချက်မှတ်ရပါသည်။ ကြွတယ်ဟု မှတ်သောအခါ (ခြေထောက်ပုံသဏ္ဌာန်ကို ဖျောက်၍) အထက်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွှေ့ရွှေ့တက်သွားသည်ကို သိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ ချတယ်ဟု ရှုမှတ်သောအခါ တစ်ရွေ့ပြီးတစ်ရွေ့ အောက်သို့ ရွှေ့ရွှေ့ကျသွားသည်ကို သိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

နေးနေးသွားသောအခါ ကြွတယ်၊ လှမ်းတယ်၊ ချတယ်ဟု သုံးချက်မှတ်ရပါသည်။ ကြွတယ်ဟု မှတ်သောအခါ (ခြေထောက်ပုံသဏ္ဌာန်ကို ဖျောက်၍) အထက်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွှေ့တက်သွားသည်ကို သိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ လှမ်းတယ်ဟု မှတ်သောအခါမှာ (ခြေထောက်ပုံသဏ္ဌာန်ကို ဖျောက်၍) ရှေ့သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွှေ့သွားသည်ကို သိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ ချတယ်ဟု မှတ်သောအခါ (ခြေထောက်ပုံသဏ္ဌာန်ကို ဖျောက်၍) အောက်သို့ တစ်ရွေ့ပြီးတစ်ရွေ့ ရွှေ့ကျသွားသည်ကို သိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ ပုံသဏ္ဌာန်သည် ပညတ်ဖြစ်၏။ သို့ဖြစ်၍ ဝိပဿနာ မရှိရ။ ရွှေ့နေခြင်းသည် ပရမတ်ဖြစ်၏။ သို့ဖြစ်၍ ဝိပဿနာ ရှိရသည်။

ဆောင်ပုဒ်။ ။ ပညတ်ကိုခွာ၊ ပရမတ်သာ၊ မှန်စွာရှုရမည်။

သမာဓိဉာဏ်များ ဖြစ်လာသောအခါ ကြွခြင်း၊ လှမ်းခြင်းတို့၌ ပေါ့ပေါ့ပြီး ရွှေ့ရွှေ့သွားသည်များကို စ၍တွေ့ကြရမည် ဖြစ်ပေသည်။ ချခြင်း၌ လေးလေးပြီး ကျကျသွားသည်များကို တွေ့ကြရမည် ဖြစ်ပေသည်။ သမာဓိဉာဏ်များ ရင့်သန်၍ ဘင်ဘီဉာဏ်သို့ ရောက်လာသောအခါ ပေါ့မှ လေးမှတို့သည် တစ်ရွေ့ပြီးတစ်ရွေ့ အလျင်အမြန် ကုန်ပျက်ကုန်ပျက်သွားသည်များကို တွေ့ကြရမည် ဖြစ်ပေသည်။

http://www.dhammadownload.com

၁၉၆ သိကောင်းစရာ မေ့မပခေသာ

(ဂ) အထွေထွေ အသေးစိတ် ရှုမှတ်ခြင်းဟူသည် - ထိုင်၊ ထ၊ ကွေး၊ ဆန့် စသည်တို့ပင် ဖြစ်ပေသည်။ ထိုင်သောအခါ (ခန္ဓာကိုယ်ပုံသဏ္ဌာန်ကို ဖျောက်၍) တစ်ရွေ့ပြီးတစ်ရွေ့ အောက်သို့ ရွေ့ရွေ့ကျသွားသည်ကို သိအောင် စူးစိုက်၍ ထိုင်တယ်ဟု ရှုမှတ်ရပါသည်။ ထသောအခါ၌လည်း (ခန္ဓာကိုယ်ပုံသဏ္ဌာန်ကို ဖျောက်၍) တစ်ရွေ့ပြီးတစ်ရွေ့ အထက်သို့ ရွေ့ရွေ့တက်သွားသည်ကို သိအောင် စူးစိုက်၍ ထတယ်ဟု ရှုမှတ်ရပါသည်။

သမာဓိဉာဏ်များ ဖြစ်လာသောအခါ ထိုင်တယ်ဟု ရှုမှတ်ရာ၌ လေးလေးပြီး ကျသွားသည်ကိုလည်းကောင်း။ ထတယ်ဟု မှတ်ရာ၌ ပေါ့ပေါ့ပြီး တက်သွားသည်ကိုလည်းကောင်း တွေ့ကြုံရမည် ဖြစ်ပေသည်။ သမာဓိဉာဏ်များ ရင့်သန်၍ ဘင်ဉာဏ်သို့ ရောက်လာသောအခါ ပေါ့မှု လေးမှုတို့သည် တစ်ရွေ့ပြီးတစ်ရွေ့ အလျင်အမြန် ကုန်ပျက်သွားသည်ကို တွေ့ကြုံရမည် ဖြစ်ပေသည်။

လက်ကို ကွေးရသောအခါ (လက်ပုံသဏ္ဌာန်ကို ဖျောက်၍) တစ်ရွေ့ပြီးတစ်ရွေ့ ခန္ဓာကိုယ်ဘက် အထက်ပိုင်းသို့ ရွေ့ရွေ့တက်လာသည်ကို သိအောင် စူးစိုက်၍ ကွေးတယ်၊ ကွေးတယ်ဟု ရှုမှတ်ရပါသည်။ လက်ပြန်ဆန့်သောအခါမှာလည်း (လက်ပုံသဏ္ဌာန်ကို ဖျောက်၍) ခန္ဓာကိုယ်အပြင်ဘက် အောက်ပိုင်းသို့ တစ်ရွေ့ပြီးတစ်ရွေ့ ကျသွားသည်ကို သိအောင် စူးစိုက်၍ ဆန့်တယ်၊ ဆန့်တယ်ဟု ရှုမှတ်ရပါသည်။

သမာဓိဉာဏ်များ ဖြစ်လာလျှင် ကွေးလိုက်သောအခါ ပေါ့ပေါ့တက်သွားသည်ကို တွေ့ကြုံရမည်။ ဆန့်လိုက်သောအခါ လေးလေးကျသွားသည်ကို တွေ့ကြုံရမည် ဖြစ်ပေသည်။ သမာဓိဉာဏ်များ ရင့်သန်၍ ဘင်ဉာဏ်သို့ ရောက်လာသောအခါ ပေါ့မှု လေးမှုတို့သည်

တစ်ရွှေ့ပြီးတစ်ရွှေ့ အလျင်အမြန် ကုန်ပျက်သွားသည်ကို တွေ့ကြရမည် ဖြစ်ပေသည်။

(၂) သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူသော ဝေဒနာသုံးပါးတို့တွင် တရားရှုမှတ်သောအခါ ဒုက္ခဝေဒနာကို ရှေးဦးစွာ တွေ့ကြုံရမည် ဖြစ်ပေသည်။ ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုမှတ်နိုင်ဖို့ရာ အဓိကပင် ဖြစ်ပေသည်။

တရားရှုမှတ်နေစဉ်မှာ နာကျင်ကိုက်ခဲခြင်းစသော ဒုက္ခဝေဒနာများ ဖြစ်ပေါ်လာသောအခါ ဝေဒနာပေါ်၌ မှတ်သိစိတ်ကို တည့်တည့်ချထားရမည်။ ခန္ဓာကိုယ်ကို မတင်းမိအောင်၊ စိတ်ကိုလည်း မတင်းမိအောင် ဝေဒနာပျောက်မှု မပျောက်မှု၌ ကြောင့်ကြပူပန်မှုလည်း မရှိရအောင် အထူးသတိပြုရမည် ဖြစ်ပေသည်။

ဝေဒနာပေါ်၌ မှတ်သိစိတ်ကို တည့်တည့်ချထားပြီးသောအခါ နာကျင်ကိုက်ခဲခြင်းသည် အသားပေါ် အရေပေါ်လောက်ပင် နာကျင်ကိုက်ခဲသည်၊ အကြောထိအောင် နာကျင်ကိုက်ခဲသည်၊ အရိုးထိအောင် နာကျင်ကိုက်ခဲသည် စသည်ဖြင့် နာကျင်ကိုက်ခဲနေပုံ အခြင်းအရာ ပမာဏကို သိအောင် စူးစိုက်၍ နာတယ်၊ ကျင်တယ်၊ အောင့်တယ်၊ ကိုက်တယ် စသည်ဖြင့် ရှုမှတ်ရပါသည်။

သမာဓိဉာဏ်များ ဖြစ်လာသောအခါ (၄)ချက် (၅)ချက်လောက် ရှုမှတ်လိုက်လျှင် ပိုနာ၊ ပိုကျင်၊ ပိုကိုက်သည်များကို တွေ့လာတတ်ပေသည်။ အစွမ်းကုန် နာကျင်ကိုက်ခဲပြီးသောအခါ ပြန်၍သက်သာလာတတ်ပေသည်။ သက်သာလာသော်လည်း ရှုမှတ်မှုကို မလျှော့ပါဘဲ ဆက်လက်၍ ရှုမှတ်ရပါသည်။ ဆက်လက်၍ ရှုမှတ်ပါက (၄)ချက် (၅)ချက်လောက် ရှုမှတ်လိုက်လျှင် တစ်မျိုးပြီးတစ်မျိုး သက်သာသွားသော ဝေဒနာ၏သဘောကို တွေ့ကြုံရမည် ဖြစ်ပေသည်။

ထို့နောက် ဆက်ကာဆက်ကာ ရှုမှတ်၍ သမာဓိဉာဏ်များ တစ်ဆင့် ရင့်သန်လာသောအခါ ဝေဒနာပေါ်၌ မှတ်သိစိတ်ကို တည့်တည့်ချ၍ စူးစူးစိုက်စိုက် ရှုမှတ်လိုက်လျှင် တစ်ချက်မှတ် တစ်ချက် ပိုနာ၊ ပိုကျင်၊ ပိုကိုက်သည်တို့ကို တွေ့ကြုံရမည် ဖြစ်ပေသည်။ ပြန်လျော့သက်သာလာသောအခါမှာလည်း တစ်ချက်မှတ် တစ်ချက် သက်သာသည်များကို တွေ့ကြုံရမည် ဖြစ်ပေသည်။

ထို့နောက် ဆက်ကာဆက်ကာ ရှုမှတ်၍ သမာဓိဉာဏ်များ တစ်ဆင့် ရင့်သန်လာသောအခါ ဝေဒနာပေါ်၌ မှတ်သိစိတ်ကို တည့်တည့်ချ၍ စူးစူးစိုက်စိုက် ရှုမှတ်လိုက်လျှင် တစ်ချက်မှတ် တစ်ချက် ဝေဒနာ ကုန်ပျက်ကုန်ပျက်သွားသည်ကို တွေ့ကြုံရမည် ဖြစ်ပေသည်။

သမာဓိဉာဏ်များ ရင့်သန်၍ ဘင်ဉာဏ်သို့ ရောက်သောအခါ စူးစူးစိုက်စိုက် ရှုမှတ်လိုက်လျှင် တစ်ချက်မှတ် တစ်ချက် ဝေဒနာ ကုန်ပျက်သည်ကို တွေ့မြင်ရသည့်အပြင် မှတ်သိစိတ်ပါ ကုန်ပျက်ကုန်ပျက်သွားသည်ကိုလည်း တွေ့မြင်ကြရမည် ဖြစ်ပေသည်။ ဝေဒနာလည်းမမြဲ၊ မှတ်သိစိတ်လည်း မမြဲခြင်း အနိစ္စ၊ အလျင်အမြန် ကုန်ပျက်နေခြင်းဖြင့် နိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်း ဒုက္ခ၊ ကုန်ပျက်နိပ်စက်နေခြင်းကို ဘယ်လိုမှ ကာကွယ်မရ၊ သူ့သဘောအတိုင်း သူ ကုန်ပျက်နိပ်စက်နေသည်ဖြစ်၍ ကိုယ်အစိုးမရခြင်း အနတ္တဟူသော လက္ခဏာရေးသုံးပါးကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။

(၃) စိတ်အမှုအရာ (စိတ်ပြောင်းလဲမှု) ဖြစ်တိုင်းကို ရှုမှတ်ရခြင်းဟူသည် - စိတ်ချမ်းသာမှု၊ စိတ်ဆင်းရဲမှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှု စသည်များ ဖြစ်တိုင်းဖြစ်တိုင်း ချမ်းသာဆင်းရဲ၊ ဝမ်းသာဝမ်းနည်းခြင်းနှင့်တကွဖြစ်သော စိတ်ကိုသိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ တရားထိုင်မှတ်နေရင်း၊ စကြီ်လျှောက်နေရင်း စိတ်ကူး

ကြံစည်မှုများ ဖြစ်လာလျှင်လည်း စိတ်ကူးတယ်၊ ကြံစည်တယ်ဟု စူးစိုက်၍ ရှုမှတ်ရပါသည်။ သမာဓိဉာဏ်များ ရင့်သန်၍ ဘင်္ဂဉာဏ်သို့ ရောက်လာသောအခါ စိတ်ကူးတယ်၊ ကြံစည်တယ်ဟု ရှုမှတ်လိုက်လျှင် စိတ်ကူးကြံစည်နေသော စိတ်များ အလျင်အမြန် ကုန်ပျက်ကုန်ပျက်သွားသည်ကို တွေ့ကြရမည် ဖြစ်ပေသည်။

စိတ်ကူးကြံစည်မှုများ အလျင်အမြန် ကုန်ပျက်နေသည်ကို တွေ့မြင်ရသဖြင့် စိတ်လည်း မမြဲခြင်း အနိစ္စ၊ အလျင်အမြန် ကုန်ပျက်နေခြင်းဖြင့် နှိပ်စက်သကဲ့သို့ဖြစ်၍ ဆင်းရဲခြင်း ဒုက္ခ၊ ကုန်ပျက်နှိပ်စက်နေခြင်းကို ဘယ်လိုမှ ကာကွယ်၍မရ၊ သူ့သဘောအတိုင်းသူ ကုန်ပျက်နှိပ်စက်နေသည်ဖြစ်၍ ကိုယ်အစိုးမရခြင်း အနတ္တဟူသော လက္ခဏာရေးသုံးပါးကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။

(၄) မြင်မှု၊ ကြားမှုစသော သဘောတရားများကို ရှုမှတ်ခြင်းဟူသည် - လူတစ်ယောက်ကို အမှတ်ဖြင့် ကြည့်သောအခါ အမျိုးသား၊ အမျိုးသမီးဟူ၍ ကွဲပြားအောင် မကြည့်ရ။ မြင်ကာမျှမတ္တဋ္ဌ တည်အောင် စိတ်ကိုထား၍ မြင်တယ်၊ မြင်တယ်ဟု ရှုမှတ်ရပါမည်။

သမာဓိဉာဏ်များ ရင့်သန်၍ ဘင်္ဂဉာဏ်သို့ ရောက်သောအခါ မြင်တယ်၊ မြင်တယ်ဟု ရှုမှတ်လိုက်လျှင် မြင်ရသောအဆင်း တရိပ်ရိပ် ကုန်ပျက်နေသည်ကိုလည်းကောင်း၊ မြင်သိစိတ်များ အလျင်အမြန် ကုန်ပျက်သွားသည်ကိုလည်းကောင်း တွေ့မြင်ကြရမည် ဖြစ်ပေသည်။ အဆင်းလည်း မမြဲ၊ မြင်သိစိတ်လည်း မမြဲခြင်း အနိစ္စ၊ အလျင်အမြန် ကုန်ပျက်နေခြင်းဖြင့် နှိပ်စက်သကဲ့သို့ဖြစ်၍ ဆင်းရဲခြင်း ဒုက္ခ၊ ကုန်ပျက်နှိပ်စက်နေခြင်းကို ဘယ်လိုမှ ကာကွယ်၍မရ၊ သူ့သဘောအတိုင်း

သူ ကုန်ပျက်နိပ်စက်နေသည်ဖြစ်၍ ကိုယ်အစိုးမရခြင်း အနတ္တဟူသော လက္ခဏာရေးသုံးပါးကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။

အသံတစ်ခုခုကို အမှတ်ဖြင့် နားထောင်ရသောအခါ ကောင်းတဲ့အသံ၊ မကောင်းတဲ့အသံဟု ခွဲခြား၍ သိလိုသောဆန္ဒနှင့် စိတ်ကူးကြံစည်မှုများကို မဖြစ်စေပါဘဲ ကြားကာမျှမတ္တဥ် တည်အောင် စိတ်ကိုထား၍ ကြားတယ်၊ ကြားတယ်ဟု ရှုမှတ်ရပါသည်။

သမာဓိဉာဏ်များ ရင့်သန်၍ ဘင်ဉာဏ်သို့ ရောက်လာသောအခါ ကြားတယ်၊ ကြားတယ်ဟု ရှုမှတ်လိုက်လျှင် ကြားရသောအသံတစ်သံပြီးတစ်သံ ကုန်ပျက်ကုန်ပျက်သွားသည်ကိုလည်းကောင်း၊ ကြားသိစိတ်လည်း တစ်စိတ်ပြီးတစ်စိတ် အလျင်အမြန် ကုန်ပျက်ကုန်ပျက်သွားသည်ကိုလည်းကောင်း တွေ့မြင်ကြရမည် ဖြစ်ပေသည်။

နံမှု၊ စားမှု၊ ထိမှုတို့ကို ရှုမှတ်ရာ၌လည်း နည်းတူပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတို့ကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။

ဤကဲ့သို့ နည်းမှန်လမ်းမှန် ရှုမှတ်ခြင်းဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါးတို့ကို တွေ့မြင်ပြီးသောအခါ ဝိပဿနာ ပါရမီအားလျော်စွာ သောတာပန်စသော အရိယာများဖြစ်၍ ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်သို့ ရောက်သွားကြရမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အလောင်းတော်ဘုန်းစာ ချီးမြှောက်ရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏ သီလသည် ရှောင်ကြဉ်ရမည့် ဝါရိတ္တသီလနှင့် ဖြည့်ကျင့်ရမည့် စာရိတ္တသီလဟူ၍ နှစ်မျိုးရှိပေသည်။ ဤသီလနှစ်မျိုးလုံးကို ဖြည့်ကျင့်မှသာ သီလအကျင့်နှင့် ပြည့်စုံသည်ဟု ဆိုရပေသည်။

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့တစ်ပါးသားသမီး ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ လိမ်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်သေစာသောက်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော ဝါရိတ္တသီလနှင့်လည်း ပြည့်စုံအောင် ကျင့်သုံးနေထိုင်ကြရပေသည်။ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်စသော ဖြည့်ကျင့်ရမည့် စာရိတ္တသီလနှင့်လည်း ပြည့်စုံအောင် ကျင့်သုံးနေထိုင်မှသာ သီလအကျင့်နှင့် ပြည့်စုံသည်ဟု ဆိုရပေသည်။

ဖြည့်ကျင့်ရမည့် စာရိတ္တသီလတို့တွင် အတူတကွ နေထိုင်ကြသော မိဘ၊ သားသမီး၊ ဆွေမျိုး၊ မိတ်သင်္ဂဟများ လိုက်နာဖြည့်ကျင့်ရမည့် ချီးမြှောက်ကြောင်း တရား(၄)ပါးလည်း ပါဝင်ပေသည်။ ချီးမြှောက်ကြောင်း တရား(၄)ပါး (သင်္ဂဟသုတ္တန်)ကို မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်။

(၁) ဒါန = ပေးကမ်းလှူဒါန်းခြင်း။
(၂) ပေယျဝဇ္ဇ = ချစ်ခင်ဖွယ်စကားကို ပြောဆိုခြင်း။
(၃) အတ္ထစရိယ = အကျိုးစီးပွားကို ကျင့်ခြင်း။
(၄) သမာနတ္တတာ = ကိုယ်နှင့်အတူ ထားခြင်းဟူ၍ ဟော ကြားတော်မူခဲ့ပါသည်။

(အံ-၁/၃၄၁)

(၁) ပေးကမ်းလှူဒါန်းခြင်းသည် ပေးသူနှင့် ယူသူနှစ်ဦးလုံး နှစ်သက်ကြည်နူးခြင်းကိုလည်း ဖြစ်စေပါသည်။ ကုသိုလ်အကျိုးများကိုလည်း ရရှိစေပါသည်။ ပေးသူသည် ယူသူ၏ စိတ်ချမ်းသာဖွယ် ဖြစ်သော ဝစ္စည်းများကို ပေးလိုက်ရပေသည်ဟု နှစ်သက်ကြည်နူးခြင်း ဖြစ်ရပေသည်။ မိမိပိုင်သော ပစ္စည်းကို ပေးရခြင်းဖြင့် ဝန်တိုခြင်း မစ္ဆရိယနှင့် ပစ္စည်းဌ တပ်မက်နမြောခြင်း (လောဘ) တို့ ကင်းပျောက်သွားကြရပေသည်။ ယူသူအပေါ်ဌ ချမ်းသာစေခြင်း (အဒေါသ) မေတ္တာပြဋ္ဌာန်းသော ကုသိုလ်နှင့် ပစ္စည်းဌ မတပ်မက်ခြင်း မနမြောခြင်း အလောဘ ပြဋ္ဌာန်းသော ကုသိုလ်အကျိုးများကို ရရှိပေသည်။

ယူသူသည် ပေးသူ၏ မိမိအပေါ် မေတ္တာ စေတနာထားရှိသည်ကို သိရ၍ နှစ်သက်ကြည်နူးခြင်း ဖြစ်ရပေသည်။ ပေးသူအပေါ်ဌ မိမိကဲ့သို့ပင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေဟု မေတ္တာတုံ့ပြန်ခြင်း အဖန်ဖန်ဖြစ်ရ၍ ကုသိုလ်အကျိုးများကို ရရှိပေသည်။

(၂) ချစ်ခင်ဖွယ်စကားကို ပြောဆိုခြင်းသည် ပြောသူနှင့် နားထောင်သူ နှစ်ဦးလုံး နှစ်သက်ခြင်းကို ဖြစ်စေ၍ ကုသိုလ်အကျိုးများ ရရှိကြပေသည်။

ပြောသူသည် မပြောမီက နားထောင်သူအား မေတ္တာစိတ်ဖြင့် ချီသာစွာ ချစ်ခင်ဖွယ်ရာစကားကို ပြောမည်ဟု နလုံးသွင်းမှု ရှိသော ကြောင့် မနောက်မေတ္တာ ကုသိုလ်အကျိုးကိုလည်း ရရှိပေသည်။ ပြော ဆဲခဏ၌လည်း ချီသာစွာ ချစ်ခင်ဖွယ်ရာစကားကို ပြောသောကြောင့် ဝစီက်မေတ္တာ ကုသိုလ်အကျိုးကိုလည်း ရရှိပေသည်။

နားထောင်သူသည် ချီသာစွာ ချစ်ခင်ဖွယ်ရာစကားကို ကြား ရသောကြောင့် နှစ်သက်ကြည်နူးခြင်း။ စိတ်ချမ်းသာခြင်း ဖြစ်ရပေသည်။ နောင်သောအခါ မိမိကိုပြောဆိုသူက ချီသာစွာ ချစ်ခင်ဖွယ်ရာစကား များကို ပြောလိုက်ပေသည်ဟု သတိရတိုင်း သတိရတိုင်း နှစ်သက် ကြည်နူးခြင်း။ စိတ်ချမ်းသာခြင်းများ အဖန်ဖန်ဖြစ်ရ၍ ကုသိုလ်အကျိုး များ ရရှိပေသည်။

(၃) အကျိုးစီးပွားကို ကျင့်ခြင်းသည် အကျိုးရှိအောင် ဆောင်ရွက် ပေးသူနှင့် လိုက်နာသူ နှစ်ဦးလုံးတို့၌ ကောင်းကျိုးချမ်းသာများ ကို ရရှိကြပေသည်။

အကျိုးရှိအောင် ဆောင်ရွက်ပေးသူသည် လိုက်နာသူအပေါ်၌ မျက်မှောက်ဘဝနှင့် နောင်သံသရာဘဝများအတွက် ကောင်းကျိုးချမ်း သာများ ရရှိဖို့ရာ ဒုစရိုက်အမှုတို့ကို မပြုအပ်၊ သုစရိုက်အမှုတို့ကို ပြုအပ်၏။ ပညာရှိပုဂ္ဂိုလ်များကို ဆည်းကပ်အပ်၏။ ပညာမဲ့သူများကို မဆည်းကပ်အပ် စသည်ဖြင့် မေတ္တာ စေတနာရှေ့ထား၍ အကျိုး ရှိအောင် ညွှန်ပြ ဆောင်ရွက်ပေးရသောကြောင့် မေတ္တာ စေတနာ ပြဋ္ဌာန်းသော ကုသိုလ်အကျိုးများကို ရရှိပေသည်။

လိုက်နာသူသည် အကျိုးရှိရာများကို ပြောဆိုညွှန်ပြပေးသည် ဟု ရှိသေစွာ လိုက်နာ၍ သူ့အသက်သတ်ခြင်း။ သူ့ဥစ္စာခိုးခြင်း။ သူ

တစ်ပါးသားသမီး ဖျက်ဆီးကျူးလွန်ခြင်း၊ လိမ်ပြောခြင်း၊ အရက်သေစာ သောက်စားခြင်း စသည်တို့မှ ရှောင်ကြဉ်၏။ သူတော်ကောင်း ပညာရှိများကို မှီဝဲဆည်းကပ်၍ ပညာမဲ့သူ လူမိုက်များကို ရှောင်ကြဉ်၏။ ဤကဲ့သို့ ဒုစရိုက်အမှုများကို ရှောင်ကြဉ်ခြင်းကြောင့်လည်းကောင်း၊ ပညာရှိကို မှီဝဲဆည်းကပ်၍ လူမိုက်များကို ရှောင်ကြဉ်ခြင်းကြောင့် လည်းကောင်း မျက်မှောက်ဘဝနှင့် နောင်သံသရာဘဝများတွင် ကောင်းကျိုးချမ်းသာများ ရရှိကြပေသည်။ နိဗ္ဗာန်ချမ်းသာရောက်သည့် တိုင်အောင်လည်း ကောင်းကျိုးချမ်းသာများ ရရှိသွားနိုင်ပေသည်။

(၄) ကိုယ်နှင့်အတူ ထားခြင်းသည်လည်း အတူတကွ နေပေးသော ကြီးကဲသူနှင့် အတူတကွနေရသော ငယ်ရွယ်သူတို့ နှစ်ဦးလုံး တို့၌ ကောင်းကျိုးချမ်းသာများ ရရှိကြပေသည်။

ငယ်ရွယ်သူများနှင့် အေးအတူပူအမျှ ချမ်းသာအတူ ဆင်းရဲအတူ နေပေးသော ကြီးကဲသူတို့သည် ငယ်ရွယ်သူများ၏ အပြောအဆို၊ အနေအထိုင်၊ အစားအသောက်မတတ်ခြင်းစသော အပြုအမှုများကို မေတ္တာရှေ့ထား၍ သည်းခံကြရပေသည်။ မေတ္တာရှေ့ထား၍ လည်း သည်းခံခြင်း များများဖြင့် ပြုပြင်ပေးကြရပေသည်။ ယင်းကဲ့သို့ မေတ္တာရှေ့ထား၍ သည်းခံခြင်းများဖြင့် အတူတကွနေကြရသော ကြောင့် မေတ္တာတရား ခန္တီတရားများ ရင့်ကျက်တိုးပွားလာခြင်း အကျိုးများကို ရရှိကြပေသည်။

အသက်ဂုဏ်သိက္ခာကြီးကဲသူများနှင့် အတူတကွနေကြရသော ငယ်ရွယ်သူတို့သည် အသက်ဂုဏ်သိက္ခာကြီးသူတို့၏ အေးအတူပူအမျှ ချမ်းသာအတူ ဆင်းရဲအတူ နေပေးခြင်းတည်းဟူသော ချီးမြှောက်မှုများကို ခံယူရသောကြောင့် စိတ်ကြည်နူး စိတ်ချမ်းသာမှုများကို ရရှိကြပေသည်။ အသက်ဂုဏ်သိက္ခာကြီးကဲသူတို့၏ ကောင်းသောအပြု

အမှုများကို အတုယူကာ ပြုလုပ်ကြသဖြင့် မျက်မှောက်သံသရာ နှစ်ဖြာလုံး၌ ကောင်းကျိုးချမ်းသာများကို ရရှိနိုင်ကြပေသည်။

သာမန်အနေအားဖြင့် ပေးလှူခြင်းဟူသော ထောက်ပံ့ချီးမြှောက်ခြင်း တစ်ခုဖြင့်သာ တစ်ဦးဦးကို ချီးမြှောက်ထောက်ပံ့ခြင်းကိစ္စ ပြည့်စုံသည်ဟု မှတ်ထင်ကြပေသည်။ ဤသင်္ဂီဟသုတ္တန်အရ မြတ်စွာဘုရား၏ အလိုတော်မှာ (၄)မျိုးလုံးဖြင့် ထောက်ပံ့ချီးမြှောက်မှုသာ အပြည့်အစုံ ထောက်ပံ့ချီးမြှောက်ရာ ရောက်ပေသည်။

ပေးကမ်းခြင်းတစ်ခုဖြင့် ထောက်ပံ့ချီးမြှောက်၍ ပြောဆိုခွင့် ရောက်လာသောအခါ မင့်မည္ဟာ ရင့်သီးစွာ ပြောဆိုပါက ပေးလှူခြင်းသည် ထောက်ပံ့ချီးမြှောက်ရာ ရောက်တော့မည် မဟုတ်ပေ။ သို့ဖြစ်၍ ချိုသာစွာ ချစ်ခင်ဖွယ်ရာ စကားတို့ဖြင့်လည်း ပြောဆိုကြရပေသည်။

အချို့သော ပုဂ္ဂိုလ်တို့သည် ပေးကမ်းလှူဒါန်းခြင်းကို အလိုမရှိကြပေ။ ချိုသာစွာ ချစ်ခင်ဖွယ်ရာ ပြောဆိုသောစကားကိုသာ အလိုရှိကြပေသည်။ ထိုပုဂ္ဂိုလ်တို့ကို ချိုသာစွာ ချစ်ခင်ဖွယ်ရာစကားတို့ဖြင့် ပြောဆိုချီးမြှောက်ရပေသည်။ အချို့သော ပုဂ္ဂိုလ်တို့သည် ပေးကမ်းလှူဒါန်းခြင်းနှင့် ချစ်ခင်ဖွယ်ရာ စကားတို့ကို အလိုမရှိကြပေ။ အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းကိုသာ အလိုရှိကြပေသည်။ ထိုပုဂ္ဂိုလ်တို့ကို အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှောက်ကြရပေသည်။ အချို့သော ပုဂ္ဂိုလ်တို့သည် ပေးကမ်းလှူဒါန်းခြင်း၊ ချစ်ခင်ဖွယ်စကားတို့ကို ပြောဆိုခြင်း၊ အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို အလိုမရှိကြပေ။ ကြီးကဲသူများနှင့် အတူတကွ နေထိုင်ခြင်းကို အလိုရှိကြ၏။ ထိုပုဂ္ဂိုလ်တို့ကို အတူတကွ နေထိုင်ပေးခြင်းဖြင့် ချီးမြှောက်ကြရပေသည်။

ဤချီးမြှောက်ခြင်း တရား(၄)ပါး မရှိကြသော မိသားစုများနှင့် မိတ်ဆွေသင်္ဂဟတို့သည် အဖိုးတန်ရိက္ခာပစ္စည်းများကိုတင်၍ လှည်းနားစောင့်မပါသောလှည်းဖြင့် ခရီးသွားကြသူများနှင့် တူကြပေသည်။ လှည်းနားစောင့်မပါသောလှည်းဖြင့် ခရီးသွားသူတို့သည် လမ်းခုလတ်၌ လှည်းဘီးကျွတ်ထွက်ကာ ဆင်းရဲဒုက္ခ ရောက်ကြရသကဲ့သို့ ဘဝသံသရာနှစ်ဖြာလုံး၌ ဆင်းရဲဒုက္ခ ရောက်ကြမည်သာ ဖြစ်ပေသည်။

ထောက်ပံ့ချီးမြှောက်ခြင်း တရား(၄)ပါး ရှိကြသော မိသားစုများနှင့် မိတ်ဆွေသင်္ဂဟတို့သည် အဖိုးတန်ရိက္ခာပစ္စည်းများကိုတင်၍ လှည်းနားစောင့်ပါသောလှည်းဖြင့် ခရီးသွားကြသူများနှင့် တူကြပေသည်။ လှည်းနားစောင့်ပါရှိသောလှည်းဖြင့် ခရီးသွားကြသောသူတို့သည် မိမိတို့ အလိုရှိအပ်သော ချမ်းသာရာအရပ်သို့ ချမ်းသာစွာ ရောက်ရှိကြသကဲ့သို့ ယခုဘဝနှင့် နောင်ဘဝသံသရာ နှစ်ဖြာလုံး၌ ချမ်းသာစွာ နေကြရမည် ဖြစ်ပေသည်။ မိမိတို့ အလိုရှိအပ်သော နိဗ္ဗာန်ချမ်းသာတိုင်အောင် ရောက်ရှိသွားကြမည် ဖြစ်ပေသည်။

ဘုရားအလောင်းတော်သည် တစ်ခုသောဘဝ၌ ကျေး(ကြက်တူရွေး)မင်း ဖြစ်လေ၏။ ထိုအခါက မိဘ၊ သားသမီး။ ဘဝတူ ဒုက္ခိတတို့ကို ကြွေးဟောင်းဆပ်ခြင်း၊ ကြွေးသစ်ချခြင်း၊ ရွှေအိုးမြှုပ်နှံခြင်းဟူသော (ဒါန) ထောက်ပံ့ချီးမြှောက်ခြင်း သုံးမျိုးတို့ဖြင့် ထောက်ပံ့ချီးမြှောက်ခဲ့ဖူးလေသည်။

(ဇာတ်-၄-၄/၂၇၆)

တစ်ချိန်သောအခါ ဘုရားအလောင်းတော်သည် ရာဇပြေါ်ပြည်အနီး လက်ပ်တောကြီး၌ ကျေး(ကြက်တူရွေး)မင်း ဖြစ်လေ၏။ ထို ရာဇပြေါ်ပြည်အနီး သာလိန္ဒိယရွာ၌ ကောသိယဂေါတ္တပုဏ္ဏားသည် လယ်ပယ်တစ်ထောင်၌ သလေးစပါးများကို စိုက်ပျိုးထားလေ၏။

လယ်ပယ်ငါးရာကို စောင့်ရှောက်ဖို့ရာ အခစားဖြင့် သူရင်းတုံး တစ်ယောက်ကို အပ်နှင်းထားလေ၏။ သလေးစပါးနံများ မှည့်လာသောအခါ ဘုရားအလောင်းကျေး(ကြက်တူရွေး)မင်းနှင့် ကျေးပေါင်းများစွာတို့သည် အခစားယောက်ျား၏ လယ်ပယ်ထဲသို့ သက်ဆင်းကာ သလေးစပါးများကို စားကြကုန်၏။

သူရင်းတုံးလယ်စောင့်ယောက်ျားသည် တစ်နေရာမှ ခြောက်လှန့်လိုက်သည်ရှိသော် ကျေးသားတို့သည် အခြားတစ်နေရာသို့ သက်ဆင်းကာ သလေးစပါးများကို စားကြလေ၏။ ဘုရားအလောင်းမှ တစ်ပါးသော ကျေးသားတို့သည် လယ်ထဲ၌သာစား၍ ပျံသွားကြလေ၏။ ဘုရားအလောင်းသည် သလေးစပါးများကို စားလည်းစား၏။ သလေးစပါးနံတို့ကို ချီယူ၍လည်း ပျံသွားလေ၏။ သူရင်းတုံး လယ်စောင့်ယောက်ျားသည် မခြောက်နိုင် မမောင်းနိုင်တော့သဖြင့် လယ်ရှင်ပုဏ္ဏားကြီးထံ သွား၍ပြောကြားလေ၏။

လယ်ရှင်ပုဏ္ဏားကြီးက သလေးစပါးနံများ ချီချီသွားသော ကျေးသားကြီးကို ကျောက္ခင်းထောင်ဖမ်း၍ ကျွန်ပ်ထံယူလာခဲ့ပါဟု ပြောကြားလေ၏။ လယ်စောင့်ယောက်ျားသည် ပုဏ္ဏားကြီး မှာလိုက်တဲ့ အတိုင်း ကျောက္ခင်းထောင်၍ဖမ်းရာ ဘုရားအလောင်း ကျေးမင်းကို မိသဖြင့် ပုဏ္ဏားကြီးထံ ယူ၍သွားလေ၏။ ပုဏ္ဏားကြီးသည် ဥဒေါင်းလောက် လုပထွားကျိုင်းသော ဘုရားအလောင်း ကျေးမင်းကို သားအရင်းကဲ့သို့ ချစ်ခင်ကြည်ညိုလှ၍ ရင်ခွင်တွင် ပိုက်ထားကာ မေးလေ၏။

"အသင်ကျေးသား ... အခြားသော ကျေးသားများက သလေးစပါးနံများကို လယ်ကွက်ထဲတွင်သာ စား၍ ပျံသွားကြ၏။ အသင်ကတော့ စားရုံမဟုတ်၊ သလေးစပါးနံများကို ချီ၍ချီ၍ သွားခြင်းသည် -

(၁) သင့်မှာ ဝမ်းဗိုက်က ပိုကြီးနေလို့လား။
(၂) သို့မဟုတ် သင့်မှာ သလေးစပါးနံများ သိုလှောင်ဖို့ရာ စပါးကျီများ ရှိနေလို့လား။
(၃) သို့မဟုတ် သင်နှင့် အကျွန်ုပ် ရန်ဖက်များ ဖြစ်နေလို့ လား"ဟု လယ်ရှင်ပုဏ္ဏားကြီးက မေးလေ၏။

ဘုရားအလောင်း ကျေးမင်းက "သင်ပြောတာတွေ တစ်ခုမှ မဟုတ်ပါ။ အကျွန်ုပ် သလေးစပါးနံများကို ချီ၍ချီ၍ သွားရခြင်းမှာ -

(၁) ကြွေးဟောင်းလည်း ဆပ်နေရပါသည်။
(၂) ကြွေးသစ်လည်း ချနေရပါသည်။
(၃) ရွှေအိုးလည်း မြှုပ်နံနေရပါသည်။ ဤအကြောင်းသုံးပါး ကြောင့် သလေးစပါးနံများကို ချီ၍ချီ၍ သွားရခြင်း ဖြစ် ပါသည်"ဟု ဖြေကြားလေ၏။

(ဇာတက-၄-၄/၂၇၉)

လယ်ရှင်ပုဏ္ဏားကြီးက "အသင်ပြောတာတွေလည်း အကျွန်ုပ် တစ်ခုမျှ နားမလည်၊ ရှင်းပြပါဦး"ဟု ပြောကြားလေ၏။

ဘုရားအလောင်း ကျေးမင်းက အကျွန်ုပ်၏ မိဘိုဖဘိုတို့ကိုလည်း သလေးစပါးနံများချီ၍ ကျွေးရပါသည်။ ဤသို့ချီ၍ ကျွေးရခြင်းသည် ကြွေးဟောင်းဆပ်ရခြင်း ဖြစ်ပေသည်။

အကျွန်ုပ်၏ သားငယ်သမီးငယ်တို့ကိုလည်း သလေးစပါးနံများ ချီ၍ ကျွေးရပါသည်။ ဤသို့ ကျွေးရခြင်းသည် ကြွေးသစ်ချရခြင်း ဖြစ်ပေသည်။

အကျွန်ုပ်၏ အနီးဌ် မပျံ့မသွားနိုင်သော ဒုက္ခိတ ကျေးသား တို့ကိုလည်း သလေးစပါးနံများ ချီ၍ ကျွေးရပါသည်။ ဤသို့ချီ၍

ကျေးရခြင်းသည် ရွှေအိုးမြှုပ်နှံရခြင်း ဖြစ်ပေသည်"ဟု သလေးစပါးနှံများ ချီရခြင်းအကြောင်းကို ရှင်းပြလေ၏။

လယ်ရှင်ပုဏ္ဏားကြီးက "ထောက်ပံ့ချီးမြှောက်ခြင်းတရားတို့ကို လူဖြစ်သူများပင် အပြည့်အစုံ မသိကြပေ။ သင်ကတော့ ကျေးသား(ကြက်တူရွေး)ဖြစ်ပါလျက် ထောက်ပံ့ချီးမြှောက်ခြင်းတရားတို့ကို သိလုပေသည်"ဟု ကြည်ညိုလှသည်ဖြစ်၍ လယ်ပယ်တစ်ထောင်လုံး အပ်နှင်းလှူဒါန်းလိုက်လေသည်။ ဘုရားလောင်း ကျေးမင်းသည် လယ်ရှစ်ပယ်ကိုသာ ခံယူလေ၏။

ယခုအခါ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဘုရားအလောင်းကျေးမင်း၏ ထောက်ပံ့ချီးမြှောက်ပုံများကို အတုယူကာ စာရိတ္တသီလကို ကျင့်သုံးသောအားဖြင့် -

(၁) မိဘများကို လှူဒါန်းကျွေးမွေးခြင်းဖြင့် ကြွေးဟောင်းလည်း ဆပ်နေကြရပေသည်။

(၂) သားငယ်၊ သမီးငယ်များကို ပေးကမ်းကျွေးမွေးခြင်းဖြင့် ကြွေးသစ်လည်း ချနေကြရပေသည်။

(၃) မရှိဆင်းရဲနွမ်းပါးသူများနှင့် သီလရှင်များကို ပေးကမ်းလှူဒါန်းခြင်း။ သံဃာတော်များကို ထောက်ပံ့လှူဒါန်းခြင်းတို့ဖြင့် ရွှေအိုးလည်း မြှုပ်နှံနေကြရပေသည်။

ဆောင်ပုဒ် ။ ။ ကြွေးဟောင်းဆပ်ပေ၊ ကြွေးသစ်ဝေ၊
မြှုပ်လေမြတ်ရွှေအိုး။
အလောင်းတော်ကျေးမင်း၊ ချီးမြှောက်ခြင်း။
မယွင်းတူစွာပြုအပ်ပါ။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ကုသိုလ်ဖြစ်ရာ နှလုံးသွင်းပါ

ကုသိုလ်သည် မိမိတို့၏ ကိုးကွယ်အားထားရာအစစ် ဖြစ်ပေသည်။ အကုသိုလ်သည် မိမိတို့၏ ရန်သူအစစ် ဖြစ်ပေသည်ဟု ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ သိမြင်လျက် ရှိကြပေသည်။ သို့ဖြစ်၍ အကုသိုလ်ကိုတော့ ကင်းနိုင်သမျှကင်းအောင် ရှောင်ကြဉ်၍ နေထိုင်ကြရပေသည်။ ကုသိုလ်ကိုတော့ ဖြစ်နိုင်သမျှဖြစ်အောင် ပြုလုပ်၍ နေထိုင်ကြရပေသည်။ ကုသိုလ်ဖြစ်နိုင်ခြင်း (ကုသိုလ်ဖြစ်ခြင်း)၏ အကြောင်းများမှာ -

(၁) ယောနိသောမနသိကာရ = အသင့်အတင့် နှလုံးသွင်းခြင်း။
(၂) သပ္ပုရိသူပနိဿယ = သူတော်ကောင်းကို အမှီရခြင်း။
(၃) သဒ္ဓမ္မဿဝန = သူတော်ကောင်းတရားကို နာကြားရခြင်း။
(၄) ပတိရူပဒေသဝါသ = သင့်လျော်သော အရပ်ဒေသကောင်းဌ နေထိုင်ရခြင်း။
(၅) ပုဗ္ဗေ စ ကတပုညတာ = ရှေးဘဝများက ကောင်းမှုအထူး ပြုခဲ့ဖူးခြင်းဟူ၍ (၅)မျိုး ရှိပေသည်။

(၁) ယောနိသောမနသိကာရ = အသင့်အတင့် နှလုံးသွင်းခြင်းဟူသည် - သာယာဖွယ်၊ နှစ်သက်ဖွယ်ကောင်းသော အာရုံ(ကျွတ္တာရုံ)များနှင့်ပင် တွေ့ရတွေ့ရ အကြောင်းအကျိုးမှန်ကို ဆင်ခြင

ကာ မိမိစိတ်ကို ကောင်းရာဘက်၌ တည်အောင် ပြုပြင်(နလုံးသွင်း)၍ထားခြင်းပင် ဖြစ်ပေသည်။

သာယာဖွယ်၊ နစ်သက်ဖွယ်ကောင်းသော ဣဋ္ဌာရုံများနှင့် တွေ့ကြုံရသောအခါ စွဲလမ်းတပ်မက်ခြင်းလောဘ မဖြစ်ရအောင် နလုံးသွင်းကြရပေသည်။ ဤကောင်းသော နစ်သက်ဖွယ် သာယာဖွယ် အာရုံများနှင့် တွေ့ကြုံရခြင်းသည် မိမိရှေးဘဝများက ပြုခဲ့ဖူးသော ကုသိုလ်ကံများကြောင့် တွေ့ကြုံရခြင်းပင် ဖြစ်ပေသည်။ နောင်အနာဂတ်ဘဝများ၌လည်း ယခုလို ကောင်းသောအာရုံများနှင့် တွေ့ကြုံရပြီး အကောင်းမြတ်ဆုံး နိဗ္ဗာန်တိုင်အောင် ရောက်ရှိသွားဖို့ရာ ကုသိုလ်တရားများကို မမေ့မလျော့ ပြုလုပ်မှ တော်မည်ဟု နလုံးသွင်းလိုက်ပါက ကောင်းသောအာရုံများ၌ တပ်မက်ခြင်းလောဘ မဖြစ်တော့ပါဘဲ ကုသိုလ်များသာ ဖြစ်သွားရပေသည်။

မနစ်သက်ဖွယ်ရာ မကောင်းသော အနိဋ္ဌာရုံများနှင့် တွေ့ကြုံရသောအခါမှာလည်း စိတ်ဆင်းရဲခြင်း၊ စိတ်နလုံးမသာယာခြင်း ဒေါမနဿ၊ ဒေါသ ဖြစ်မသွားရအောင် နလုံးသွင်းကြရပေသည်။ ဤမနစ်သက်ဖွယ်ရာ မကောင်းသော အနိဋ္ဌာရုံများနှင့် မိမိတွေ့ကြုံရခြင်းသည် အတိတ်က မကောင်းသော အကုသိုလ်ကံများကို မိမိပြုလုပ်ခဲ့၍သာ တွေ့ကြုံရခြင်း ဖြစ်ပေသည်။

ဤမကောင်းသော အနိဋ္ဌာရုံ အကျိုးပေးများကို ကောင်းမှုကုသိုလ်များဖြင့်သာ လွန်မြောက်နိုင်မည် ဖြစ်ပေသည်။ ကောင်းမှုကုသိုလ်များကို ရှေးကထက် ဆတက်ထမ်းပိုး တိုးပြုလုပ်မှ တော်မည်ဟု နလုံးသွင်းလိုက်ပါက မကောင်းသော အနိဋ္ဌာရုံများကြောင့် ဒေါမနဿ၊ ဒေါသ အကုသိုလ်များ မဖြစ်တော့ပါဘဲ ကုသိုလ်များသာ ဖြစ်သွားရပေသည်။ သို့ဖြစ်၍ ယောနိသောမနသိကာရ = အသင့်

အတင့် နလုံးသွင်းခြင်းသည် ကုသိုလ်ဖြစ်ခြင်း၏ ပထမ အနီးဆုံး အကြောင်း ဖြစ်ပေသည်။

ဒါနစသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ရာ၌လည်း ယောနိသောမနသိကာရ = အသင့်အတင့် နလုံးသွင်းမှု ရှိကြရပေသည်။ မိမိတို့မှာ တရားသဖြင့် ရှာဖွေ၍ ရရှိထားသော လှူဖွယ်ပစ္စည်းများလည်း ရှိနေခိုက်၊ သီလရှိသော အလှူခံပုဂ္ဂိုလ်များနှင့်လည်း တွေ့ကြုံနေရခိုက် လှူဒါန်းလိုက်သော ဒါနသည် ဘဝသံသရာမှာ နိဗ္ဗာန်ရောက်သည့်တိုင်အောင် အထောက်အပံ့ကောင်း ရိကၖာထုပ်ဖြစ်ပေသည် စသည်ဖြင့် အကြောင်းအကျိုးမှန်တို့ကို ဆင်ခြင်၍ မိမိစိတ်ကို ကောင်းရာဘက်၌တည်အောင် ပြုပြင်လိုက်ခြင်းသည် (၀ါ)နလုံးသွင်းလိုက်ခြင်းသည် ယောနိသောမနသိကာရပင် ဖြစ်ပေသည်။ ဒါန ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်း ဖြစ်ပေသည်။

အရှင်အနုရုဒ္ဓါအစလောင်း နလုံးသွင်း တိုက်တွန်းပုံ

တစ်ချိန်သောအခါ အရှင်အနုရုဒ္ဓါအလောင်းသည် တစ်ခုသော ဘဝ၌ အန္ဓဘာရဟူသော အမည်ဖြင့် ဆင်းရဲသား မြက်ထမ်းသမား ဖြစ်ခဲ့ဖူးလေသည်။ သုမနသူဌေးအိမ်၌ မှီခိုရှိ၍ နေရပေသည်။ အန္ဓဘာရသည် တောအရပ်မှ မြက်ထုံးကိုထမ်း၍ အိမ်သို့ပြန်လာခဲ့ရာ လမ်းခရီးတွင် ဥပရိဋ္ဌပစ္စေကဗုဒ္ဓ ဆွမ်းခံကြွလာသည်ကို ဖူးမြင်ရလေ၏။

အန္ဓဘာရသည် အိမ်သို့အပြန်ပြန်လာကာ ဆင်းရဲသူ အိမ်ရှင်မ ဇနီးကို ဆွမ်းတစ်ထပ်စာ လှူဒါန်းဖို့ရာ ပြောကြားလေ၏။ "မိမိတို့မှာ ရေးဘဝများက ကောင်းမှုကုသိုလ်များ မပြုခဲ့ကြ၍ ယခုလို ဆင်းရဲနေကြရခြင်း ဖြစ်ပေသည်။ ယခုအချိန်မှာမူ ဆွမ်းတစ်ထပ်စာ လှူဖွယ်ပစ္စည်းများလည်း အဆင်သင့် ရှိနေခိုက်၊ ဥပရိဋ္ဌပစ္စေကဗုဒ္ဓ ဆွမ်း

အလှူခံပုဂ္ဂိုလ်နှင့်လည်း တွေ့ကြုံနေရခိုက် လှူကြရအောင်"ဟု အကြောင်းအကျိုးမှန်ကို ဆင်ခြင်ကာ လှူဒါန်းဖို့ရန် ဇနီးသည်ကို တိုက်တွန်းပြောကြားခြင်းသည် ယောနိသောမနသိကာရဖြစ်အောင် ပြောကြားခြင်းပင် ဖြစ်ပေသည်။

(အံ-ဌ-၁/၁၄၆)

(၂) သပ္ပုရိသူပနိဿယ = သူတော်ကောင်းကို အမှီရခြင်းဟူသည်- မိဘဆရာသမားကောင်းများနှင့် အတူတကွ နေထိုင်ရခြင်းပင် ဖြစ်ပေသည်။ မိဘဆရာသမားကောင်းများနှင့် အတူတကွ နေထိုင်ရသောသူတို့သည် မိဘဆရာသမားကောင်းများ၏ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်တို့ကို တွေ့မြင်ရသောကြောင့် မိမိလည်း စွမ်းနိုင်သောအခါ ကုသိုလ်ကောင်းမှုများကို ပြုလုပ်မည်ဟူသော စိတ်ဆန္ဒများ ဖြစ်ပေါ်ပြီး ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပေသည်။ မိဘဆရာသမားကောင်းများ၏ အဆုံးအမကို ခံယူရသောကြောင့်လည်း ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြပေသည်။ သို့ဖြစ်၍ သပ္ပုရိသူပနိဿယ = သူတော်ကောင်းကို အမှီရခြင်းသည် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ခြင်း၏ ဒုတိယမြောက်အကြောင်း ဖြစ်ပေသည်။

(၃) သဒ္ဓမ္မသဝန = သူတော်ကောင်းတရားကို နာကြားရခြင်းဟူသည် - ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစသော သူတော်ကောင်းတရားတို့ကို နာကြားရခြင်းပင် ဖြစ်ပေသည်။

ဒါနသည် ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းတို့၌ ပစ္စည်းဥစ္စာ ရတနာများ ပေါများကြွယ်ဝ၍ မိမိပြုလိုသော ကောင်းမှုများကို ဆက်ကာဆက်ကာ ပြုလုပ်နိုင်သဖြင့် နိဗ္ဗာန်ချမ်းသာတိုင်အောင်

ကောင်းကျိုးချမ်းသာများ ရရှိဖို့ရာ အထောက်အပံ့ကောင်း ဖြစ်ပေသည် စသည်ဖြင့် နာကြားရခြင်းသည် သဒ္ဓမ္မသဝနဖြစ်၏။

သီလသည် ယခုဘဝမှစ၍ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းဌ ပစ္စည်းဥစ္စာ ရှာဖွေသောအခါ ရလွယ်ခြင်း၊ ကောင်းသော ဂုဏ်သတင်းတို့ဖြင့် ပျံ့နှံ့ကျော်ကြားခြင်း၊ ပရိသတ်အမျိုးမျိုးသို့ ဝင်ရောက်သောအခါ မျက်နှာမငယ် ဝမ်းမြောက်ဝမ်းသာ ဝင်ရောက်နိုင်ခြင်း၊ ကွယ်လွန်ခါနီးတွင် ကောင်းသော နိမိတ်များထင်၍ မတွေ့မဝေ ကွယ်လွန်ရခြင်း၊ နတ်ပြည်သို့ ရောက်ရခြင်းဟူသော အကျိုးများကိုလည်း ရရှိစေသည်။ တရားအားထုတ်သောအခါ သမာဓိကို လျင်မြန်စွာ ဖြစ်စေသည်။ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းတို့ဌ အနာဂင်းခြင်း၊ အသက်ရှည်ခြင်းစသော အကျိုးများကိုလည်း ရရှိစေသည် စသည်ဖြင့် နာကြားရခြင်းသည် သဒ္ဓမ္မသဝနဖြစ်၏။

သမထသည် ဗြဟ္မာပြည်သို့ ရောက်စေနိုင်သည်။ ဝိပဿနာသည် မိမိတို့ ကောင်းမှုများ ပြုတိုင်းပြုတိုင်း ဆုတောင်းခဲ့ကြသော မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာသို့ ရောက်စေနိုင်သည် စသည်ဖြင့် နာကြားရခြင်းသည် သဒ္ဓမ္မသဝနဖြစ်၏။ ဤကဲ့သို့ သဒ္ဓမ္မသဝန = သူတော်ကောင်းတရားတို့ကို နာကြားရခြင်းသည် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ခြင်း၏ တတိယမြောက်အကြောင်း ဖြစ်ပေသည်။

(၄) ပတိရူပဒေသဝါသ = သင့်လျော်သော အရပ်ဒေသကောင်းဌ နေထိုင်ရခြင်းဟူသည် - မိမိတို့နေထိုင်ရာအရပ်သည် အအေးအပူ ဥတုရာသီလည်း မှန်တ၏။ ပစ္စည်းဥစ္စာများကိုလည်း တရားသဖြင့် ရှာဖွေ၍ ရလွယ်၏။ သာသနာထွန်းကား၍ ရတနာသုံးပါးကိုလည်း အလေးထား၏။ ဤအရပ်ဒေသမျိုးသည် ပတိရူပဒေသဝါသဖြစ်၏။

ဤအရပ်ဒေသမျိုးဌ နေထိုင်ရသော ပုဂ္ဂိုလ်တို့သည် သာသနာနှင့်စပ်သော ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်နိုင်ကြ၏။ အားထုတ်နိုင်ကြ၏။ သို့ဖြစ်၍ ပတိရူပဒေသဝါသ = သင့်လျော်သော အရပ်ဒေသကောင်းဌ နေထိုင်ရခြင်းသည် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ခြင်း၏ စတုတ္ထမြောက်အကြောင်းဖြစ်ပေသည်။

(၅) ပုဗ္ဗေ စ ကတပုညတာ = ရှေးဘဝများက ကောင်းမှုအထူးပြုခဲ့ဖူးခြင်းဟူသည် - လွန်လေပြီးသော အတိတ်ဘဝများက ဘုရား၊ ပစ္စေကဗုဒ္ဓ၊ ရဟန္တာစသော ပုဂ္ဂိုလ်များထံ၌ ဒါန၊ သီလစသော ကုသိုလ်ကောင်းမှုအထူးများကို ဆည်းပူး ပြုလုပ်ခဲ့ခြင်းပင် ဖြစ်ပေသည်။

အတိတ်ဘဝများက ကောင်းမှုအထူးများကို ဆည်းပူး အားထုတ်ခဲ့ဖူးသော ပုဂ္ဂိုလ်တို့သည် ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ကုသိုလ်ကောင်းမှုများကို ပြုလုပ်လိုသော စိတ်ဆန္ဒများ ထက်သန်နေတတ်ကြပေသည်။ ကုသိုလ်ကောင်းမှုများကို ရည်မှန်းသည့်အတိုင်း ပြုလည်း ပြုလုပ်နိုင်ကြပေသည်။ သို့ဖြစ်၍ ပုဗ္ဗေ စ ကတပုညတာ = ရှေးဘဝများက ကုသိုလ်ကောင်းမှုအထူး ရှိခဲ့ဖူးခြင်းသည် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ခြင်း၏ ပဌမမြောက်ပေးသော အကြောင်းဖြစ်ပေသည်။

ပုဗ္ဗေ စ ကတပုညတာ = ရှေးဘဝများက ကုသိုလ်ကောင်းမှုအထူး ရှိခဲ့ဖူးခြင်းသည် ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ခြင်း၏ အဝေးဆုံးအကြောင်းပင် ဖြစ်ပါသော်လည်း အင်အားအကြီးဆုံး အကြောင်းဖြစ်ပေသည်။ ပုဗ္ဗေ စ ကတပုညတာ = ရှေးဘဝက ကောင်းမှုအထူး ရှိခဲ့ဖူးသူတို့သည် (ပတိရူပဒေသဝါသ) သင့်လျော်သော အရပ်ဒေသကောင်းဌ လူဖြစ်ကာ

နေထိုင်ကြရပေသည်။ (သဒ္ဓမ္မသဝန) သူတော်ကောင်းတရားတို့ကို နာကြားရပေသည်။ (သပ္ပုရိသူပနိဿယ) မိကောင်းဖကောင်း၊ ဆရာသမားကောင်းများနှင့် တွေ့ကြရပေသည်။ (ယောနိသောမနသိကာရ) မိမိစိတ်ကို ကုသိုလ်ဖြစ်အောင် နလုံးသွင်းတတ်ကြပေသည်။

ဘုရားအလောင်းမိသားစု နလုံးသွင်းပုံ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း အုပ်စိုးစဉ် ဘုရားအလောင်းသည် တံခါးရွာ၌ ပုဏ္ဏားမျိုးတွင် ဖြစ်လေ၏။ ဘုရားအလောင်းသည် ဇနီး၊ သား၊ သမီး၊ ခွေးမ၊ ကျွန်မ(အခိုင်းအစေ) တို့နှင့်အတူတကွ ချမ်းသာစွာ နေထိုင်လေ၏။ လယ်ယာအလုပ်ဖြင့် အသက်မွေးလေ၏။

(ဇာတက-၄-၃/၁၅၁)

တစ်နေ့သ၌ ဘုရားအလောင်းနှင့် သားဖြစ်သူတို့သည် လယ်ထဲသွား၍ လယ်ထွန်ကြရာ၌ သားဖြစ်သူ မြွေကိုက်ခံရ၍ သေဆုံးသွားလေ၏။ ဘုရားအလောင်းသည် လယ်အနီးမှ ခရီးသွားသူ အိမ်နီးချင်းတစ်ယောက်ကို ဇနီးသည်ပုဏ္ဏားမထံ သွားရောက်ကာ ပြောကြားပေးပါရန် မှာကြားလေ၏။

ဘုရားအလောင်း မှာကြားလိုက်သည့်အတိုင်း ဇနီးသည်နှင့် သမီး၊ ခွေးမ၊ ကျွန်မဖြစ်သူ လေးယောက်တို့သည် ဖြူစင်သောအဝတ်များကို ဝတ်ဆင်၍ အမွှေးနံ့သာများယူဆောင်ကာ လာခဲ့ကြကုန်၏။ သားအလောင်းကောင်၏ အနီး၌ ထိုင်နေသော ဘုရားအလောင်းထံ ရောက်လာကြသောအခါ တစ်ဦးတစ်ယောက်မျှ ငိုယိုခြင်း၊ မျက်ရည်ကျခြင်း မရှိကြပေ။ သေခြင်းသဘောတရားကို အသင့်အတင့် နလုံးသွင်းလျက် ရှိကြပေသည်။ ယူလာခဲ့သော ထမင်းကို ဘုရားအလောင်း

အား ကျွေးကြလေ၏။ ဘုရားအလောင်းသည် သားသေ၏ အနီးဌ်ပင် ထိုင်၍စားလေ၏။

ဘုရားအလောင်း ထမင်းစားပြီးသောအခါ မိသားစု(၅)ယောက်တို့သည် ထင်းများရှာဖွေစုဆောင်းကာ သားအလောင်းကောင်ကို ထင်းပုံပေါ်တင်၍ အမွှေးနံ့သာတို့ဖြင့်ပူဇော်ကာ မီးသင်္ဂြိုဟ်ကြလေ၏။ တစ်ယောက်မျှ မငိုကြွေးကြပေ။ သေခြင်းသဘောတရားကိုသာ နလုံးသွင်းနေကြကုန်၏။

ဘုရားအလောင်း မိသားစုငါးယောက်တို့၏ အကျင့်သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာ ပူလောင်လေ၏။ သိကြားမင်းသည် နတ်ပြည်မှ သက်ဆင်းကာ မိသားစုငါးယောက်တို့၏ အနီးဌ် ရပ်၍ "သင်တို့ ဘာလုပ်နေကြသနည်း"ဟု မေးလေ၏။

"အကျွန်ုပ်တို့သည် လူတစ်ယောက်ကို မီးသင်္ဂြိုဟ်ကြကုန်သည်" ဟု ပြောကြလေ၏။ သိကြားမင်းက "သင်တို့ လူတစ်ယောက်ကို မီးသင်္ဂြိုဟ်ကြသည် ဟုတ်မည်မထင်၊ သားသမင်ကိုသတ်၍ မီးဖုတ်ကင်နေကြခြင်းပင် ဖြစ်ပေလိမ့်မည်" "မဟုတ်ပါ။ လူကိုပင် မီးသင်္ဂြိုဟ်နေကြခြင်း ဖြစ်ပါသည်" "လူကို မီးသင်္ဂြိုဟ်နေကြခြင်းမှန်လျှင် သင်တို့၏ ရန်သူပင် ဖြစ်လိမ့်မည်" "ရန်သူလည်း မဟုတ်ပါ။ သားသေကို မီးသင်္ဂြိုဟ်နေကြခြင်းသာ ဖြစ်ပါသည်"ဟု ဘုရားအလောင်းက ပြောကြားလေ၏။

"သားသေကို မီးသင်္ဂြိုဟ်နေကြတာမှန်လျှင် သင်တို့မချစ်သော သားဖြစ်လိမ့်မည်" "မဟုတ်ပါ။ အလွန်ချစ်သော သားဖြစ်ပါသည်" "အလွန်ချစ်သော သားဖြစ်လျှင် ဘာကြောင့် မငိုကြွသနည်း"ဟု သိကြားမင်းက မေးရာ မိသားစု(၅)ယောက်တို့က မိမိတို့ နလုံးသွင်းပုံ အသီးသီးကို ဖြေကြားကြလေ၏။

မြွေရေလဲသလို

ဘုရားအလောင်းက "မြွေသည် အရေဟောင်းကိုစွန့်၍ မင့်မကွက်ဘဲ သွားသကဲ့သို့ ကျွန်ုပ်၏သားသည် သူ၏ရုပ်ကိုယ်ကိုစွန့်၍ ဘဝတစ်ပါးသို့ ပြောင်းသွားလေ၏။ ကျန်ခဲ့သော ရုပ်အလောင်းကောင်သည် မြွေအရေခွံဟောင်းနှင့်တူသည်။ ခံစားခြင်းလည်း မရှိ၊ မီးရှို့သော်လည်း ဘာမျှမသိသော အလောင်းကောင်ကိုကြည့်၍ ငိုနေခြင်းဖြင့် ဘာအကျိုးမှ မရှိနိုင်၊ ဒါကြောင့် မငိုခြင်းဖြစ်သည်"ဟု ဖြေကြားလေ၏။

မခေါ်ဘဲလာ ခွင့်မပြုဘဲပြန်

မိခင်ပုဏ္ဏားမကြီးက "မိမိသားသည် မိမိတို့က မခေါ်ပါဘဲ ဘဝတစ်ပါးက မိမိတို့၏အိမ်သို့ လာခဲ့သည်။ မိမိတို့ ခွင့်မပြုပါဘဲ ဘဝတစ်ပါးသို့ သွားလေသည်။ အလိုအလျောက် လာခဲ့သလို အလိုအလျောက်ပင် ပြန်သွားခြင်း ဖြစ်ပေသည်။ ငိုနေခြင်းဖြင့် ဘာမှ အကျိုးမရှိနိုင်၊ ဒါ့ကြောင့် မငိုခြင်းဖြစ်သည်"ဟု ဖြေကြားလေ၏။

ပင်ပန်းရုံသာ

အစ်မဖြစ်သူက "ကျွန်ုပ်ငိုနေလျှင် ကြိုလိုပင်ပန်းရုံသာရှိမည်။ ဘာအကျိုးမှ မရှိနိုင်ပါ။ ကျွန်ုပ်ငိုနေသဖြင့် ဆွေမျိုးမိတ်သင်္ဂီဟအပေါင်းတို့ပါ ပို၍ စိတ်မကောင်း စိတ်မချမ်းသာဖို့သာ ဖြစ်ပေသည်။ ငိုနေခြင်းဖြင့် ဘာအကျိုးမှ မရှိနိုင်၊ ဒါ့ကြောင့် မငိုခြင်းဖြစ်ပေသည်"ဟု ဖြေကြားလေ၏။

လကို မရနိုင်သလို

ဇနီးဖြစ်သူက "သေသွားသူ လင်အတွက် စိုးရိမ်ငိုကြွေးနေလျှင် ကောင်းကင်၌ သွားနေသောလကို ယူပေးပါဟု ငို၍တောင်းနေသော

ကလေးငယ်ကဲ့သို့ ဖြစ်ပေမည်။ ငိုကြွေးခြင်းဖြင့် ဘာအကျိုးမှ မရှိနိုင်၊ ဒါ့ကြောင့် မငိုခြင်းဖြစ်ပေသည်"ဟု ဖြေကြားလေ၏။

အိုးကွဲ ပြန်မစပ်သလို

ကျွန်မဖြစ်သူက "သေသောသူသည် မိမိတို့က ငိုကြွေးနေပါ သော်လည်း ဘာမှမသိနိုင်တော့ပါ၊ ပြန်၍ အသက်ရှင်လာတော့မည် မဟုတ်ပါ၊ ကွဲသွားပြီးသော ရေအိုးကြီးသည် တစ်ဖန် ပြန်စပ်၍ မရ သလို ဘယ်တော့မှ ပြန်၍ ရှင်လာတော့မည် မဟုတ်ပါ၊ ငိုကြွေးနေ ခြင်းဖြင့် ဘာအကျိုးမှ မရှိနိုင်ပါ၊ ဒါ့ကြောင့် မငိုခြင်းဖြစ်ပေသည်"ဟု ဖြေကြားလေ၏။

မိမိတို့၏ မိသားစုတစ်ယောက် ကွယ်လွန်သေဆုံးရခြင်း အနိဋ္ဌာရုံ နှင့် တွေ့ကြုံကြရာ၌ ဘုရားအလောင်း၏ မိသားစုငါးယောက်တို့ အသီးသီး နလုံးသွင်းကြခြင်းသည် အနိဋ္ဌာရုံ၌ ကုသိုလ်ဖြစ်အောင် နလုံးသွင်းကြခြင်းပင် ဖြစ်ပေသည်။

ဤကဲ့သို့ မကောင်းသော အနိဋ္ဌာရုံနှင့်ပင် တွေ့ရတွေ့ရ၊ ကောင်းသော ဣဋ္ဌာရုံနှင့်ပင် တွေ့ရတွေ့ရ ကုသိုလ်ဖြစ်အောင် ယောနိသောမနသိကာရဖြင့် နလုံးသွင်းကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

လေးပါးစုံမှ ချမ်းသာရ

အသိဉာဏ်ပြည့်ဝသော ပုဂ္ဂိုလ်တို့သည် လောကဓမ္မ နှစ်ဌာန လုံးတို့၌ တိုးတက်ကြီးပွား ချမ်းသာလိုကြပေသည်။ တိုးတက်ကြီးပွား ကြောင်း အလုပ်များကို လုပ်ကိုင်လိုကြပေသည်။ မိမိတို့လုပ်ကိုင်သော တိုးတက်ကြီးပွားကြောင်း လုပ်ငန်းများကို အောင်မြင်စွာ ပြီးမြောက် လိုကြပေသည်။ မိမိတို့လုပ်ငန်းများ အောင်မြင်စွာ ပြီးမြောက်ရန်မှာ ဆင်ခြင်ဖွယ်(၄)ပါးနှင့် ပြည့်စုံမှ ပြီးမြောက်နိုင်ကြမည် ဖြစ်ပေသည်။

ဆင်ခြင်ဖွယ်(၄)ပါးမှာ -

(၁) သတ္ထုကသမ္ပဇည = အကျိုးရှိသည်ကို ရွေးချယ်ဆင်ခြင်ခြင်း။

(၂) သပ္ပါယသမ္ပဇည = သင့်မသင့်ကို ရွေးချယ်ဆင်ခြင်ခြင်း။

(၃) ဂေါစရသမ္ပဇည = မပြတ်မလပ် ပြုအပ်သည်ကို ဆင်ခြင်ခြင်း။

(၄) အသမ္မောဟသမ္ပဇည = မတွေမဝေ သိသည်ကို ဆင်ခြင်ခြင်းဟူ၍ (၄)ပါးရှိပေသည်။

(မူလပဏ္ဏာသ-၄-၂၅၈)

လောကရေးရော ဆင်ခြင်မှုယ်ရော

(၁) လောကချမ်းသာရေးအတွက် တိုးတက်ကြီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ကြမည့် ပုဂ္ဂိုလ်တို့သည် မလုပ်မကိုင်မီက မိမိတို့အတွက် အကျိုးအရှိဆုံး လုပ်ငန်းကို ရှေးဦးစွာ ရွေးချယ်ကြရပေသည်။ ဤကဲ့သို့ ရွေးချယ် ဆင်ခြင်ခြင်းသည် တိုးတက်ကြီးပွားချမ်းသာဖို့ရန် အခြေခံအင်္ဂါတစ်ခုပင် ဖြစ်ပေသည်။

(၂) ထို့နောက် လုပ်ငန်းစဉ်ပြုလုပ်ဖို့ရာ သင့်လျော်သော အချိန်ကာလ၊ သင့်လျော်သော အရပ်ဒေသ စသည်တို့ကို ရွေးချယ်ကြရပေသည်။ ရှေးလူကြီးများက ကာလ၊ ဒေသ၊ အဂ္ဂ၊ ဓနံဟု ဆိုရိုးပြုကြပေသည်။ ကာလ = သင့်လျော်သော အချိန်ကာလ၊ ဒေသ = သင့်လျော်သော အရပ်ဒေသ၊ အဂ္ဂ = သင့်လျော်သော တန်ဖိုး၊ ဓနံ = သင့်လျော်သော ဥစ္စာအင်အားတို့ကို ချင့်ချိန်ကာ ရွေးချယ်ကြရပေသည်။ မသင့်လျော်သော အချိန်ကာလ၊ အရပ်ဒေသ စသည်တို့၌ လုပ်ငန်းများ လုပ်ကိုင်မိပါက ရည်မှန်းသည့်အတိုင်း မတိုးတက်ဘဲ ဖြစ်နေတတ်ကြပေသည်။ အကြောင်းမညီညွတ်ပါက လုပ်ကိုင်ပြီးသော လုပ်ငန်းများပင် ပျက်စီးဆုံးရှုံးသွားတတ်ကြပေသည်။ သို့ဖြစ်၍ သင့်လျော်သော အချိန်ကာလ၊ သင့်လျော်သော အရပ်ဒေသ စသည်တို့ကို ရွေးချယ် ဆင်ခြင်ကြရပေသည်။ ဤကဲ့သို့ သင့် မသင့် ရွေးချယ် ဆင်ခြင်နိုင်ခြင်းသည် တိုးတက်ကြီးပွား ချမ်းသာဖို့ရန် အခြေခံအင်္ဂါတစ်ခုပင် ဖြစ်ပေသည်။

(၃) အကျိုးအရှိဆုံးလုပ်ငန်းနှင့် သင့်လျော်သော အချိန်ကာလ၊ အရပ်ဒေသ စသည်တို့ကို ရွေးချယ်ပြီးသောအခါ လုပ်ငန်းစတင်၍ လုပ်ကိုင်ကြရပေသည်။ လုပ်ငန်းခွင်၌ စိတ်ဝင်စားစွာ မပြတ်မလပ် လုပ်ကိုင်ကြရပေသည်။

လုပ်ငန်းတစ်ခု စတင်ထူထောင်ပြီးလျှင် လုပ်ငန်းအပေါ်၌ စိတ်မဝင်စား၊ အခြားကိစ္စများဖြင့် အချိန်ကုန်သည်က များနေပါက မိမိ၏လုပ်ငန်းသည် ရည်မှန်းသည့်အတိုင်း တိုးတက်နိုင်မည် မဟုတ်ပေ။ ဆုတ်ယုတ်သွားတတ်ပေသည်။ သို့ဖြစ်၍ မိမိတို့၏ လုပ်ငန်းခွင်၌ စိတ်ဝင်စားစွာ မပြတ်မလပ် လုပ်ကိုင်ကြရပေသည်။ ဤကဲ့သို့ စိတ်ဝင်စားစွာ မပြတ်မလပ် လုပ်ကိုင်ခြင်းသည်လည်း တိုးတက်ကြီးပွားကာ ချမ်းသာဖို့ရာ အခြေခံအင်္ဂါတစ်ခုပင် ဖြစ်ပေသည်။

(၄) မပြတ်မလပ် လုပ်ကိုင်ရာ၌လည်း မိမိတို့၏ လုပ်ငန်းတိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကို ပိုင်းပိုင်းခြားခြား (မတွေ့မဝေ) မှန်ကန်စွာသိအောင် လေ့လာကြရပေသည်။ မိမိ၏လုပ်ငန်း၌ တစ်နေ့တာအတွက် အရင်းအနှီးက မည်မျှရှိသည်၊ အကျိုးအမြတ်က မည်မျှရှိသည်၊ တစ်လအတွက်၊ တစ်နှစ်အတွက် အရင်းအနှီးက မည်မျှရှိသည်၊ အကျိုးအမြတ်က မည်မျှရှိသည် စသည်တို့ကို ပိုင်းပိုင်းခြားခြား (မတွေ့မဝေ) မှန်ကန်စွာ သိခြင်းသည် တိုးတက်ကြီးပွားကာ ချမ်းသာဖို့ရာ အခြေခံအင်္ဂါတစ်ခုပင် ဖြစ်ပေသည်။

ဤဆင်ခြင်ဖွယ်ရာ တရား(၄)ပါးနှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တို့သည် လောကဌ် တိုးတက်ကြီးပွားကာ ချမ်းသာကြမည် ဖြစ်ပေသည်။

ဓမ္မရေးရာ ဆင်ခြင်ဖွယ်ရာ

(၁) နိဗ္ဗာန်ချမ်းသာသို့ ရောက်ရှိရေးအတွက် တရားရှာကြမည်၊ တရားအားထုတ်ကြမည့် ပုဂ္ဂိုလ်တို့သည် အားမထုတ်မီ မိမိတို့အတွက် အကျိုးအရှိဆုံး ကုသိုလ်တရားတို့ကို ရွေးချယ်ဆင်ခြင်ကြရပေသည်။ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ တန်ခိုးကြီးဘုရားများသို့ သွားရောက်ဖူးမြင်ခြင်း၊ သမထ ဝိပဿနာတရားတို့ကို

အားထုတ်ခြင်းစသော အကျိုးအရှိဆုံး အလုပ်ကို ရှေးဦးစွာ ရွေးချယ်ဆင်ခြင်ကြရပေသည်။ ဤကဲ့သို့ ရွေးချယ်ဆင်ခြင်ခြင်းသည် တရားထူးတရားမြတ်များရကာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရာ အခြေခံအင်္ဂါတစ်ခုပင် ဖြစ်ပေသည်။

(၂) အကျိုးရှိရာများကို ရွေးချယ်ဆင်ခြင်ပြီးသောအခါ ဘယ်အချိန်ကာလမှာ ပြုလုပ်အားထုတ်မည်၊ ဘယ်ရိပ်သာ၊ ဘယ်ကျောင်းတိုက်မှာ ပြုလုပ်အားထုတ်မည်၊ ဘယ်ဆရာသမားထံမှာ ပြုလုပ်အားထုတ်မည် စသည်ဖြင့် သင့်လျော်သော အချိန်ကာလ၊ သင့်လျော်သော ရိပ်သာကျောင်း၊ သင့်လျော်သော ဆရာသမားတို့ကို ရွေးချယ်ဆင်ခြင်ကြရပေသည်။

မပြုလုပ်မီ အကျိုးရှိရာကို ရွေးချယ်ဆင်ခြင်ထားပြီးပါသော်လည်း သင့်လျော်သော အချိန်ကာလ စသည်တို့ကို မရွေးချယ်မှု၍ မသင့်လျော်သော အချိန်ကာလ စသည်တို့၌ ပြုလုပ်အားထုတ်မိပါက မိမိတို့ ရွေးချယ်သည့်အတိုင်း အကျိုးများ မရရှိနိုင်ပါဘဲ ဆုတ်ယုတ်သွားတတ်ကြပေသည်။ သို့ဖြစ်၍ သင့်လျော်သော အချိန်ကာလ၊ သင့်လျော်သော ရိပ်သာကျောင်း၊ သင့်လျော်သော ဆရာသမား စသည်တို့ကို ရွေးချယ်ဆင်ခြင်ကြရပေသည်။

ဥပမာ - တန်ခိုးကြီးဘုရား စေတီများသို့ သွားရောက်ဖူးမြင်မည်ဟု၍ ရွေးချယ်ဆင်ခြင်ခြင်းသည် အကျိုးရှိရာကို ရွေးချယ်ဆင်ခြင်ခြင်းပင် ဖြစ်ပေသည်။ သို့ပါသော်လည်း တန်ခိုးကြီးဘုရား စေတီတော်များ၌ အဆို၊ အက၊ အတီး၊ အမှုတ်တို့ဖြင့် အကြီးအကျယ် ဘုရားပွဲတော်ကျင်းပနေသော အချိန်ကာလမျိုးသည် ရဟန်း သာမဏေများအတွက် မသင့်လျော်သော အချိန်ကာလ ဖြစ်ပေသည်။

ယင်းဘုရားပွဲတော် အကြီးအကျယ် ကျင်းပနေသောအချိန်တွင် ရဟန်း သာမဏေများ သွားရောက်ဖူးမြင်ပါက လိုအပ်သော ကုသိုလ် အကျိုးများ မရရှိပါဘဲ အာပတ်ကြီးငယ်များသင့်ကာ လူဝတ်လဲရသည် အထိ ဆုတ်ယုတ်သွားတတ်ကြပေသည်။ သို့ဖြစ်၍ ကုသိုလ်အကျိုး တရားတို့ကို လိုလားကြသော ရဟန်း သာမဏေတို့သည် လူသူနည်း ပါးသော အချိန်ကာလကို ရွေးချယ်၍ ဘုရားဖူးသွားကြရပေသည်။

အကျိုးရှိသော ဝိပဿနာတရားတို့ကို အားထုတ်ကြသောအခါ မှာလည်း သင့်လျော်သော ရိပ်သာကျောင်းကို ရွေးချယ်ဆင်ခြင်ကြ ရပေသည်။ အဂ်ါ(၅)ပါးနှင့် ပြည့်စုံသော ရိပ်သာကျောင်းသည် တရား အားထုတ်ဖို့ရာ သင့်လျော်သော ရိပ်သာကျောင်း ဖြစ်ပေသည်။

အဂ်ါ(၅)ပါးမှာ -

(က) မိမိတို့ မူလနေရာအရပ်ဒေသနှင့် မနီးလွန်းမဝေးလွန်း ခြင်း။

(ခ) လူသူရှင်း၍ အသံတိတ်ဆိတ်ခြင်း။

(ဂ) မှက်၊ ခြင်၊ ယင်စသော ဘေးရန်နည်းခြင်း။

(ဃ) စားဖွယ်သောက်ဖွယ်၊ ဆေးဝါးစသော အသုံးအဆောင် ပစ္စည်းရလွယ်ခြင်း။

(င) တရားမတွေ့သေးသူကို တရားတွေ့သွားအောင်၊ တရား တွေ့ပြီးသူကို တရားတက်သွားအောင်၊ တရားထူးတရား မြတ်များ ရသွားအောင် တရားပြပေးနိုင်သော ကမ္မဋ္ဌာန်း ဆရာရှိခြင်း။ ဤအဂ်ါ(၅)ပါးနှင့် ပြည့်စုံသော ရိပ်သာ ကျောင်းသည် ဝိပဿနာတရား အားထုတ်ဖို့ရန် သင့်လျော် သော ရိပ်သာကျောင်း ဖြစ်ပေသည်။

တစ်နည်း -

တရားအားထုတ်ဖို့ရန် ရိပ်သာကျောင်းတို့သည် (၄)မျိုး ရှိပေသည်။

အကြင်ရိပ်သာကျောင်း၌ တရားအားထုတ်သောအခါ တရားသဘောများကိုလည်း ထင်ရှားစွာ မတွေ့ရ၊ စားဖွယ်သောက်ဖွယ်၊ ဆေးဝါးစသော ပစ္စည်းကလည်း ရှားပါးလှ၏။ ထိုရိပ်သာကျောင်းသည် တရားအားထုတ်ဖို့ရန် မသင့်လျော်သော ရိပ်သာကျောင်း ဖြစ်ပေသည်။

အကြင်ရိပ်သာကျောင်း၌ တရားအားထုတ်သောအခါ တရားသဘောများကိုတော့ ထင်ရှားစွာ မတွေ့ရ၊ စားဖွယ်သောက်ဖွယ်၊ ဆေးဝါးစသော ပစ္စည်းများကား ပေါများလှ၏။ ထိုရိပ်သာကျောင်းသည်လည်း တရားအားထုတ်ဖို့ရာ မသင့်လျော်သော ရိပ်သာကျောင်းပင် ဖြစ်ပေသည်။

အကြင်ရိပ်သာကျောင်း၌ တရားအားထုတ်သောအခါ တရားသဘောများကိုတော့ ထင်ရှားစွာ တွေ့ရ၏။ စားဖွယ်သောက်ဖွယ်စသော ပစ္စည်းများကား ရှားပါးလှ၏။ ထိုရိပ်သာကျောင်းသည် တရားအားထုတ်ဖို့ရာ သင့်လျော်သော ရိပ်သာကျောင်း ဖြစ်ပေသည်။

အကြင်ရိပ်သာကျောင်း၌ တရားအားထုတ်သောအခါ တရားသဘောများကိုလည်း ထင်ရှားစွာ တွေ့ရသည်။ စားဖွယ်သောက်ဖွယ်၊ ဆေးဝါးစသော ပစ္စည်းများလည်း ပေါများလှ၏။ ထိုရိပ်သာကျောင်းသည် တရားအားထုတ်ဖို့ရာ သင့်လျော်သော ရိပ်သာကျောင်း ဖြစ်ပေသည်။ ဤကဲ့သို့ သင့်လျော်သော ရိပ်သာကျောင်းကို ရွေးချယ်ဆင်ခြင်ခြင်းသည် တရားထူးတရားမြတ်ရကာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ဖို့ရန် အခြေခံအင်္ဂါတစ်ပါးပင် ဖြစ်ပေသည်။

(၃) အားထုတ်သင့်သော အချိန်ကာလနှင့် ရိပ်သာကျောင်း စသည့် ဆင်ခြင်ဖွယ်ရာများကို ဆင်ခြင်ရွေးချယ်ပြီးသောအခါ ထိုရိပ်သာကျောင်းများသို့ ဝင်ရောက်၍ အားထုတ်ကြရပေသည်။ အားထုတ်သောအခါ မိမိရည်မှန်း ပိုင်းခြားထားသော ရက်အတွင်း မိမိရည်မှန်းထားသော တရားထူးများ မရမချင်း ရှေ့အမှတ်နှင့် နောက်အမှတ်၊ ရှေ့သမာဓိနှင့် နောက်သမာဓိ၊ ရှေ့ဉာဏ်နှင့် နောက်ဉာဏ် ဆက်စပ်သွားရအောင် မပြတ်မလပ် အားထုတ်ကြရပေသည်။

ရှေ့အမှတ်နှင့် နောက်အမှတ် ဆက်စပ်အောင် ရှုမှတ်ဖို့ရန်မှာ အမှတ်(၃)မျိုး ရှိပါသည်။ ထိုင်၍ မှတ်ခြင်း၊ စင်္ကြံလျှောက်၍ မှတ်ခြင်း၊ အထွေထွေအသေးစိတ် မှတ်ခြင်းဟူ၍ (၃)မျိုးရှိပေသည်။ ထို(၃)မျိုးတို့တွင် အထွေထွေအသေးစိတ် အမှတ်သည် မပြတ်မလပ် ရှုမှတ်ဖို့ရန် အခက်အခဲဆုံး အမှတ်ဖြစ်ပေသည်။

သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းစသော အသေးစိတ် ကိုယ်အမူအရာတို့ကို အမှန်အတိုင်းသိအောင် ရှုမှတ်ခြင်းကို မြတ်စွာဘုရား ဟောကြားတော်မူသော ပါဠိတော်၌ သမ္ပဇည-ဟု ခေါ်ပါသည်။

သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းစသော အသေးစိတ် ကိုယ်အမူအရာတို့ကို သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ လျောင်းတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း မပြတ်မလပ်အောင် ရှုမှတ်နေရပေသည်။ ရှေ့အမှတ်နှင့် နောက်အမှတ်၊ ရှေ့သမာဓိနှင့် နောက်သမာဓိ၊ ရှေ့ဉာဏ်နှင့် နောက်ဉာဏ် ဆက်စပ်အောင် ရှုမှတ်နေရပေသည်။ ဤကဲ့သို့ မပြတ်မလပ် ရှုမှတ်နေခြင်းသည်လည်း

တရားထူးတရားမြတ်များရကာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရန် အခြေခံအင်္ဂါတစ်ပါးပင် ဖြစ်ပေသည်။

ပထမသင်္ဂါယနာတင်ရန် ရဟန်းတော်ငါးရာ ရွေးချယ်ရာတွင် (၄၉၉)ပါးတို့သည် ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ကြ၏။ အရှင်အာနန္ဒာ တစ်ပါးတည်းသာ ရဟန္တာမဟုတ်သူ ဖြစ်၏။ သို့ဖြစ်၍ အရှင်အာနန္ဒာ သည် ညဉ့်ဦးယံ၊ သန်းခေါင်ယံတို့၌ စင်္ကြံလျှောက်ကာ ကြိုးစားအား ထုတ်လေ၏။ သန်းခေါင်ယံလွန်၍ မိုးသောက်ယံ အချိန်သို့ ရောက် သောအခါ လဲလျောင်းကာ အားထုတ်လိုသဖြင့် ကျောင်းတွင်းသို့ဝင် ၍ လျောင်းချလိုက်လေ၏။ လျောင်းချခိုက်မှာ လျောင်းတယ်၊ လျောင်း တယ်ဟု မှတ်သော အသေးစိတ်အမှတ်ဖြင့် ရဟန္တာဖြစ်၍ နိဗ္ဗာန် ချမ်းသာသို့ ရောက်ရှိသွားလေ၏။

(၄) သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ကွေးခြင်း၊ ဆန့် ခြင်းစသော အသေးစိတ် ကိုယ်အမူအရာများကို မပြတ်မလပ် ရှုမှတ်၍ သမာဓိဉာဏ်များ ဖြစ်လာသောအခါ မှတ်စရာ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ကွေး၊ ဆန့်နေသော ကိုယ်အမူအရာ ရုပ် များက တခြား၊ မှတ်သိနေသော စိတ်နာမ်က တခြားဟူ၍ နာမ်နှင့်ရုပ် နှစ်မျိုးကို ကွဲပြား၍ (မတွေ့မဝေ) မှန်ကန်စွာ သိ ကြရပေသည်။

ထို့နောက် ဆက်ကာဆက်ကာ မပြတ်မလပ် ရှုမှတ်၍ သွား ချင်သော စိတ်ကြောင့် သွားသော ရုပ်ကိုယ်အမူအရာ ဖြစ်လာပေ သည်။ ရပ်ချင်သော စိတ်ကြောင့် ရပ်သော ရုပ်ကိုယ်အမူအရာ ဖြစ် လာပေသည်။ ထိုင်ချင်သော စိတ်ကြောင့် ထိုင်သော ရုပ်ကိုယ်အမူ အရာ ဖြစ်လာပေသည်။ လျောင်းချင်သော စိတ်ကြောင့် လျောင်း သော ရုပ်ကိုယ်အမူအရာ ဖြစ်လာပေသည်။ ကွေးချင်သော စိတ်

ကြောင့် ကွေးသော ရုပ်ကိုယ်အမူအရာ ဖြစ်လာပေသည်။ ဆန့်ချင်သော စိတ်ကြောင့် ဆန့်သော ရုပ်ကိုယ်အမူအရာ ဖြစ်လာပေသည် စသည်ဖြင့် အကြောင်းနှင့်အကျိုးကို မှန်ကန်စွာ သိကြရပေသည်။

ထို့နောက် ဆက်ကာဆက်ကာ မပြတ်မလတ် ရှုမှတ်၍ သမာဓိ ဉာဏ်များ တစ်ဆင့် ရင့်သန်လာသောအခါ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ကွေး၊ ဆန့်စသော အမူအရာတို့သည် အဆင့်ဆင့် ဖြစ်ပေါ်ပြီး ကုန်ပျက်သွားကြသည်တို့ကို (မတွေ့မဝေ) မှန်ကန်စွာ သိကြရပေသည်။

ထို့နောက် ဆက်ကာဆက်ကာ မပြတ်မလပ် ရှုမှတ်၍ သမာဓိ ဉာဏ်များ တစ်ဆင့် ရင့်သန်လာသောအခါ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ကွေး၊ ဆန့်စသော အမူအရာများနှင့် မှတ်သိစိတ်ပါ အလျင်အမြန် ကုန်ပျက်သွားသည်တို့ကို တွေ့မြင်ရ၍ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ကွေး၊ ဆန့်စသော ရုပ်ကိုယ်အမူအရာတို့လည်း မမြဲခြင်း၊ မှတ်သိစိတ်လည်း မမြဲခြင်း အနိစ္စ၊ အလျင်အမြန် ကုန်ပျက်နေခြင်းဖြင့် နှိပ်စက်သကဲ့သို့ဖြစ်ခြင်း ဒုက္ခ၊ ကုန်ပျက်နှိပ်စက်နေခြင်း ဒုက္ခကို ဘယ်လိုမှ ကာကွယ်၍မရ၊ သူ့သဘောအတိုင်းသူ ဖြစ်နေခြင်း အနတ္တ ဟူ၍ (မတွေ့မဝေ) မှန်ကန်စွာ သိကြရပေသည်။ ဤကဲ့သို့ မတွေ့မဝေ မှန်ကန်စွာ သိခြင်းသည် တရားထူးတရားမြတ်များရကာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရာ အခြေခံအင်္ဂါတစ်ပါးပင် ဖြစ်ပေသည်။

ဤကဲ့သို့ -

(၁) အကျိုးရှိသည်ကို ရွေးချယ်ဆင်ခြင်ခြင်း၊

(၂) သင့်မသင့်ကို ရွေးချယ်ဆင်ခြင်ခြင်း။

(၃) မပြတ်မလပ် ပြုလုပ်အပ်သည်ကို ဆင်ခြင်ခြင်း၊

(၄) မတွေ့မဝေ သိသည်ကို ဆင်ခြင်ခြင်းဟူသော ဆင်ခြင်ဖွယ်ရာ(၄)ပါးနှင့် ပြည့်စုံကြပါလျှင် လောကဓမ္မ နစ်ဌာန

လုံးတို့၌ တိုးတက်ကြီးပွားကာ ချမ်းသာကြမည် ဖြစ်ပေ
သည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ပယ်နှိုင်ပါက ချမ်းသာရ

တစ်လောကလုံး၌ ရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည် ဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ ကင်းလွတ်လိုကြပါသော်လည်း ဆင်းရဲဒုက္ခ အမျိုးမျိုးတို့နှင့်ပင် တွေ့ကြုံနေကြရပေသည်။ တွေ့ကြုံနေကြရခြင်း၏ အကြောင်းရင်းမှာ ရာဂ(လောဘ)၊ ဒေါသ၊ မောဟတို့ ရှိနေခြင်းကြောင့်ပင် ဖြစ်ပေသည်။ ရာဂ၊ ဒေါသ၊ မောဟတို့ ရှိနေသမျှကာလ ပတ်လုံး ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေကြရမည်သာ ဖြစ်ပေသည်။ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်နိုင်မှသာ ချမ်းသာစစ် ချမ်းသာမှန်ကို ရကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်နိုင်ဖို့ရာ ပွားများရမည့် တရားသုံးပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

(၁) ရာဂ(လောဘ)ကို ပယ်ဖို့ရာ အသုဘကမ္မဋ္ဌာန်း ပွားများရမည်။
(၂) ဒေါသကို ပယ်ဖို့ရာ မေတ္တာကမ္မဋ္ဌာန်း ပွားများရမည်။
(၃) မောဟကို ပယ်ဖို့ရာ ပညာဘာဝနာကို ပွားများရမည်။
(အံ-၂/၃၈၈)

(၁) ရာဂကို ပယ်ဖို့ရာ အသုဘကမ္မဋ္ဌာန်း ပွားများရမည်ဟု ဟောကြားတော်မူရာ၌ - မိမိ၏ ခန္ဓာကိုယ်နှင့် သူတစ်ပါးတို့၏ ခန္ဓာကိုယ်တို့ကို သုဘ = တင့်တယ်နှစ်သက်ဖွယ်ဟု မှတ်ထင်နေလျှင်

စွဲလမ်းတပ်မက်ခြင်းရာဂ ဖြစ်လေသည်။ အသုဘ = မတင့်တယ်၊ စက်ဆုတ်ဖွယ်ဟူထင်အောင် ရှုနိုင်မှသာ တပ်မက်ခြင်းရာဂ ကင်းပျောက်သွားနိုင်ပေသည်။ သို့ဖြစ်၍ အသုဘကမ္မဋ္ဌာန်းဖြင့် တပ်မက်ခြင်းရာဂကို ပယ်ရမည်ဟု ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ အသုဘသည် သေသူ၏ ခန္ဓာကိုယ် အသုဘနှင့် ရှင်သူ၏ ခန္ဓာကိုယ် အသုဘဟူ၍ နှစ်မျိုးရှိပေသည်။ ရှင်သူ၏ ခန္ဓာကိုယ် အသုဘထက် သေသူ၏ ခန္ဓာကိုယ် အသုဘ၌ မတင့်တယ်ခြင်း၊ စက်ဆုတ်ဖွယ်ဖြစ်ခြင်းတို့မှာ ပို၍ထင်ရှားပေသည်။ ရှင်သူ၏ ခန္ဓာကိုယ် အသုဘ၌ မတင့်တယ်ခြင်း၊ စက်ဆုတ်ဖွယ်ဖြစ်ခြင်းတို့မှာ မထင်ရှားလှပေ။ ပြုပြင်မှု အဝတ်တန်ဆာတို့ဖြင့် ဖုံးအုပ်ဆင်မြန်းထားမှုတို့ကြောင့် တင့်တယ်သည်၊ နှစ်သက်ဖွယ်ဖြစ်သည်ဟု မှတ်ထင်ကြပေသည်။ သို့ပါသော်လည်း အတွင်း၌ ရှိနေသော သဘောတရားချင်းမှာတော့ သေသူနှင့် ရှင်သူ မထူးကြပေ၊ တူကြပေသည်။ သေသူ၏ ခန္ဓာကိုယ် မတင့်တယ်ခြင်း၊ စက်ဆုတ်ဖွယ်ဖြစ်ခြင်း အသုဘတို့ကို တစ်ခါတစ်ရံ မှသာ တွေ့ကြရပေသည်။ ရှင်သူ၏ ခန္ဓာကိုယ် မတင့်တယ်ခြင်း၊ စက်ဆုတ်ဖွယ်ဖြစ်ခြင်း အသုဘတို့ကိုတော့ အမြဲမပြတ် တွေ့နေကြရပေသည်။ သို့ပါသော်လည်း မတင့်တယ်ခြင်း၊ စက်ဆုတ်ဖွယ်ဖြစ်ခြင်း အသုဘအဖြစ်ဖြင့် မထင်မြင်ကြပေ။ တင့်တယ်ခြင်း၊ နှစ်လိုဖွယ်ဖြစ်ခြင်း သုဘအဖြစ်ဖြင့်သာ ထင်မြင်ကြပေသည်။ သို့ဖြစ်၍ စွဲလမ်းတပ်မက်ခြင်းရာဂ(လောဘ) ဖြစ်ကြရပေသည်။ ထိုစွဲလမ်းတပ်မက်ခြင်းရာဂ(လောဘ)ကို ပယ်နိုင်ဖို့ရာမှာ မိမိခန္ဓာကိုယ်မှစ၍ အသက်ရှင်နေကြသော သူတစ်ပါးတို့၏ ခန္ဓာကိုယ်တို့၌ မတင့်တယ်ခြင်း၊ စက်ဆုတ်ဖွယ်ဖြစ်ခြင်း အသုဘ ထင်မြင်အောင် ရှုကြရမည် ဖြစ်ပေသည်။ မိမိခန္ဓာကိုယ်၌ အသုဘ ထင်မြင်အောင် ရှုနိုင်ပါက သူတစ်ပါးတို့၏ ခန္ဓာကိုယ်များ၌လည်း အသုဘ ထင်မည်သာ ဖြစ်ပေသည်။ သို့ဖြစ်၍ မိမိခန္ဓာကိုယ်ကို ရှေးဦးစွာ အသုဘထင်အောင် ရှုကြရပေသည်။

ရာဂကို အသုဘပြင့်ပယ်ဖုံ

မိမိခန္ဓာကိုယ်အတွင်းမှ အပြင်ပသို့ ထွက်ကျလာသမျှတို့ကို ရှုဆင်ခြင်ကြည့်ပါက တင့်တယ်သော နှစ်သက်စရာဟူ၍ ဘာတစ်ခုမှ မတွေ့ကြရပေ။ မတင့်တယ်သော စက်ဆုတ်ဖွယ်များကိုသာ တွေ့ကြရပေသည်။

မျက်စိမှလည်း မတင့်တယ်သော မျက်ဝတ်၊ မျက်ချေးများသာ ယိုထွက်လာပေသည်။ နားမှလည်း မတင့်တယ်သော နားဖာချေးများသာ ယိုထွက်လာပေသည်။ နှာခေါင်းမှလည်း မတင့်တယ်သော နှပ်ချေးများသာ ယိုထွက်လာပေသည်။ ပါးစပ်မှလည်း မတင့်တယ်သော တံတွေး သလိပ်များသာ ယိုထွက်လာပေသည်။ ကျင်ကြီး ကျင်ငယ် ပေါက်များမှလည်း အနံ့မကောင်း မတင့်တယ်သော ကျင်ကြီး ကျင်ငယ်များသာ ယိုထွက်လာကြပေသည်။ ကိုးသောင်းကိုးထောင်သော မွေးညင်းပေါက်များမှလည်း အနံ့မကောင်း မတင့်တယ်သော ချွေးများ၊ အစေးများသာ ယိုထွက်လာကြပေသည်။ ဤကဲ့သို့ မိမိခန္ဓာကိုယ်မှ ထွက်ကျလာသော အရာဝတ္ထုမှန်သမျှတို့သည် မတင့်တယ်၊ မနှစ်သက်ဖွယ်၊ စက်ဆုတ်ဖွယ်များသာ ဖြစ်ပေသည်။ သို့ဖြစ်၍ မိမိခန္ဓာကိုယ်သည် အသုဘစင်စစ် ဖြစ်ပေသည်။

မိမိခန္ဓာကိုယ်သည် အသုဘစင်စစ် ဖြစ်သည်ဟု သိမြင်လာသောသူသည် သူတစ်ပါးတို့ ခန္ဓာကိုယ်သည်လည်း မိမိခန္ဓာကိုယ်နှင့် အလားတူပင် အသုဘစင်စစ် ဖြစ်သည်ဟု သိမြင်လာကြမည် ဖြစ်ပေသည်။ မိမိ၏ ခန္ဓာကိုယ်နှင့် သူတစ်ပါးတို့၏ ခန္ဓာကိုယ်တို့သည် အသုဘစင်စစ် ဖြစ်သည်ဟု သိမြင်လာသော ပုဂ္ဂိုလ်တို့သည် မိမိခန္ဓာကိုယ်၊ သူတစ်ပါး ခန္ဓာကိုယ်တို့၌ စွဲလမ်းတပ်မက်ခြင်းရာဂ (လောဘ) ကင်းပျောက်သွားကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍

http://www.dhammadownload.com

ပယ်နိုင်ပါက ချမ်းသာရ ၂၃၃

တပ်မက်ခြင်းရာဂကို အသုဘကမ္မဋ္ဌာန်းဖြင့် ပယ်ရမည်ဟု ဟောကြား တော်မူခြင်း ဖြစ်ပေသည်။

တစ်ချိန်သောအခါ အရှင်အာနန္ဒာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နောက်လိုက်ရဟန်းငယ် အရှင်ဝဏ္ဏသနင့်အတူ သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံကြွဝင်လေ၏။ မင်းကြီး အမတ်ကြီးများ အိမ်မှပင့်သဖြင့် ဝင်ရောက် သီတင်းသုံးနေတော်မူ သောအခါ လုပစွာ တန်ဆာဆင်ထားသော အမျိုးသမီးများက ပြိုစု လုပ်ကျွေးကြလေ၏။ နောက်လိုက်ရဟန်းငယ် အရှင်ဝဏ္ဏသသည် အမျိုးသမီးများ၌ တပ်မက်သော ရာဂဖြစ်နေတဲ့အကြောင်း အရှင် အာနန္ဒာကို လျှောက်ထားလေ၏။ အရှင်အာနန္ဒာက အသုဘကမ္မဋ္ဌာန်း ပွားများ၍ တပ်မက်ခြင်းရာဂကို ပယ်ဖျောက်ပါဟု တိုက်တွန်း မိန့် ကြားတော်မူလေ၏။

အမျိုးသမီးများ၌ စွဲလမ်းတပ်မက်သောရာဂကြောင့် သာသနာ တော်မှ လျှောကျ ဒုက္ခရောက်ရတော့မည့် အရှင်ဝဏ္ဏသသည် အရှင် အာနန္ဒာ မိန့်ကြားတော်မူသည့်အတိုင်း အသုဘကမ္မဋ္ဌာန်းကို ပွားများ လိုက်ရာ ရာဂကိုပယ်နိုင်သောကြောင့် ရဟန္တာဖြစ်သည့်တိုင်အောင် သာသနာတော်၌ ချမ်းသာစွာ သီတင်းသုံး နေထိုင်သွားရပေသည်။

(၂) ဒေါသကိုပယ်ဖို့ရန် မေတ္တာကမ္မဋ္ဌာန်း ပွားများရမည်ဟု ဟော ကြားတော်မူရာ၌ - ဒေါသနှင့် မေတ္တာတို့သည် မီးနှင့်ရေကဲ့သို့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ကြပေသည်။ ဒေါသသည် မီးနှင့်တူ ပေသည်။ ဒေါသဖြစ်သူသည် မိမိကိုယ်ကိုလည်း ပူလောင်စေ၏။ သူ တစ်ပါးကိုလည်း ပူလောင်စေ၏။ တစ်ဦးတစ်ယောက်က ဒေါသဖြစ် ၍ ပြစ်မှုကျူးလွန်လာလျှင် အခြားသူများကလည်း ချက်ချင်းပင် ဒေါသဖြစ်၍ ပူလောင်လာကြပေသည်။ မြို့ရွာများကို မီးလောင်သော

အခါ တစ်အိမ်မှ တစ်အိမ်သို့ မီးများ အမြန်ကူးစက်သွားသကဲ့သို့ ဒေါသသည် တစ်ယောက်မှ တစ်ယောက်သို့ အမြန်ကူးစက်၍ ပူလောင်စေ၏။ သို့ဖြစ်၍ ဒေါသသည် မီးနှင့်တူပေသည်။

မေတ္တာသည် ရေနှင့်တူပေသည်။ မေတ္တာတရားရှိသူသည် မိမိကိုယ်ကိုလည်း အေးချမ်းစေ၏။ သူတစ်ပါးကိုလည်း အေးချမ်းစေ၏။ တစ်ဦးတစ်ယောက်က မေတ္တာရှေ့ထား၍ ချမ်းသာအောင် ပြောဆိုပြုလုပ် ဆောင်ရွက်ပေးလိုက်လျှင် အခြားသူများကလည်း မေတ္တာတုန့်ပြန်၍ ချမ်းသာအောင်ပင် ပြောဆိုပြုလုပ် ဆောင်ရွက်ပေးကြသည်။ မေတ္တာသည် တစ်ယောက်မှ တစ်ယောက်သို့ ကူးစက်၍ အေးချမ်းစေသည်။ သို့ဖြစ်၍ မေတ္တာသည် ရေနှင့်တူပေသည်။

ဒေါသကို မေတ္တာဖြင့်ပယ်ပုံ

မိမိနှင့် တွေ့ကြုံရသော ပုဂ္ဂိုလ်သတ္တဝါမှန်သမျှနှင့် အရပ်ဆယ်မျက်နှာ၌ ရှိကြသော ပုဂ္ဂိုလ်သတ္တဝါတို့ကို မိမိကဲ့သို့ပင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေဟု မေတ္တာစိတ်ကို ဖြစ်စေ၍ ပွားများခြင်းသည် မနောက်မေတ္တာမည်၏။ နှုတ်ဖြင့် သူတစ်ပါးတို့အား ချမ်းသာစေကြောင်းများကို ပြောဆိုညွှန်ပြပေးခြင်းသည် ဝစီက်မေတ္တာမည်၏။ ကိုယ်ဖြင့် သူတစ်ပါးတို့အား ချမ်းသာစေကြောင်းများကို ပြုလုပ် ဆောင်ရွက်ပေးခြင်းသည် ကာယက်မေတ္တာမည်၏။ ဤကဲ့သို့ ကာယက်မေတ္တာ၊ ဝစီက်မေတ္တာ၊ မနောက်မေတ္တာများ မိမိသန္တာန်၌ ဖြစ်နေခဲ့လျှင် ဒေါသဖြစ်ခွင့်မရ။ ဒေါသကို ပယ်ပြီးဖြစ်သောကြောင့် ချမ်းသာစွာနေရမည် ဖြစ်ပေသည်။ မေတ္တာစျာန်ရအောင် ပွားများနိုင်သော ပုဂ္ဂိုလ်တို့သည် ဒေါသကင်းပျောက်၍ လောကီချမ်းသာတို့တွင် ဘယ်ချမ်းသာနှင့်မျှ နှိုင်းစာ၍မရသော ချမ်းသာခြင်းကို ခံစားရရှိကြပေသည်။

မာဂဏ္ဍီ၏ လုပ်ကြံတင်ပြမှုကြောင့် ဥတေနမင်းကြီးသည် သာမာဝတီနှင့် အပေါင်းအဖော် ငါးရာတို့ကို တစ်ချက်တည်းသော မြားဖြင့် အားလုံးသေစေနိုင်သော လေးကိုတင်၍ ပစ်လေ၏။ သာမာဝတီနှင့် အပေါင်းအဖော် ငါးရာတို့၏ ပွားများသောမေတ္တာကြောင့် မြားမထွက်ပါဘဲ မင်းကြီးဘက်သို့ ထွက်လာသဖြင့် ဥတေနမင်းကြီးသည် သာမာဝတီကို ရှိခိုးတောင်းပန်ရလေ၏။ ဤကဲ့သို့ မေတ္တာပွားများခြင်းကြောင့် သာမာဝတီနှင့် အပေါင်းအဖော် ငါးရာတို့သည် အသက်သေရခြင်းဘေးမှ လွတ်မြောက်ကာ ချမ်းသာခြင်း ရရှိခဲ့ကြဖူးလေသည်။

(၃) မောဟကိုပယ်ဖို့ရန် ပညာဘာဝနာ ပွားများရမည်ဟု ဟောကြားတော်မူရာ၌ - မောဟနှင့် ပညာတို့သည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ကြပေသည်။ မောဟသည် အမိုက်မှောင်နှင့်တူ၏။ ပညာသည် အလင်းရောင်နှင့်တူ၏။ နေ၊ လ အလင်းရောင် မရှိပါက အမှောင် ဖြစ်ပေါ်လာ၏။ နေ၊ လ အလင်းရောင် ဖြစ်ပေါ်လာလျှင် အမှောင် ပျောက်ကွယ်သွားသကဲ့သို့ ပညာအလင်းရောင် မရှိပါက မောဟအမိုက်မှောင် ဖြစ်နေပေသည်။ ပညာအလင်းရောင် ဖြစ်ပေါ်လာလျှင် မောဟအမိုက်မှောင် ပျောက်ကင်းသွားရပေသည်။ သို့ဖြစ်၍ မောဟကို ပညာဘာဝနာဖြင့် ပယ်ရမည်ဟု ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

မောဟသည် မောဟရှိသူကို အရာရာတွင် တွေဝေစေ၏။ အမှားကို အမှန်ဟု မှတ်ထင်စေ၏။ အမှန်ကိုလည်း အမှားဟု မှတ်ထင်စေ၏။ ပြုလုပ်ရမည့် အမှုကိစ္စကို မပြုလုပ်ဘဲ မပြုလုပ်ရမည့် အမှုကိစ္စကို ပြုလုပ်စေ၏။ ကိုယ်မပိုင်သည်ကို ပိုင်သည်ဟု ထင်စေ၏။ အရာရာတွင် အလွဲလွဲအမှားမှား ဖြစ်စေ၍ ဆုတ်ယုတ်စေ၏။ သို့ဖြစ်၍ မောဟသည် အမိုက်မှောင်နှင့်တူ၏။

ပညာသည် ပညာရှိသူကို အရာရာတွင် မတွေ့မဝေ မှန်ကန်စွာ သိစေ၏။ အကျိုးစီးပွား ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြား၍ သိစေ၏။ အကျိုးမရှိသည်ကို ရှောင်ကြဉ်၍ အကျိုးရှိသည်ကို ပြုလုပ်မှီဝဲစေသဖြင့် အသက်ရှည်ခြင်းစသော အကျိုးများကို ရရှိစေ၏။ အရိယာအဖြစ်သို့ ရောက်စေ၍ ချမ်းသာစွာနေရခြင်း အကျိုးများကိုလည်း ရရှိစေ၏။ သို့ဖြစ်၍ ပညာသည် အလင်းရောင်နှင့်တူ၏။

မောဟကို ပညာဖြင့်ပယ်ပုံ

မောဟကို ပယ်နိုင်ဖို့ရန် သတိပဋ္ဌာန်ဝိပဿနာတရား ပွားများအားထုတ်ကြရပေသည်။ ဝိပဿနာသည် မောဟကို ပယ်နိုင်သော ပညာပင် ဖြစ်ပေသည်။ ဝိပဿနာရှုမှတ်သောအခါ ဆိတ်ငြိမ်ရာအရပ်၌ တင်ပျဉ်ခွေ၍ဖြစ်စေ၊ ဒူးတုပ်၍ဖြစ်စေ ကြာကြာထိုင်နိုင်သော ဣရိယာပုထ်တို့ဖြင့် ထိုင်ကြရပေသည်။

ဝင်လေထွက်လေကို ရှုမှတ်လိုလျှင် နာသီးဖျားဌ၌ မှတ်သိစိတ်ကို ကပ်ထားကာ လေရှူသွင်းလိုက်၍ နာသီးဖျားဌ ဝင်လေထိလာလျှင် ဝင်လေဟု ရှုမှတ်ရပါသည်။ ရှူထုတ်လိုက်၍ ထွက်လေထိသွားလျှင်လည်း ထွက်လေဟု ရှုမှတ်ရပါသည်။ ဝိပဿနာဉာဏ်များ ဖြစ်လာသောအခါ ဝင်လေထွက်လေတို့ ထိနေတာက တခြား၊ မှတ်သိနေတာက တခြားဟူ၍ သိလာကြရပေသည်။

ဝင်လေထွက်လေ ထိနေတာနှင့် ထိုင်နေသော ရုပ်ကိုယ်ကြီးက မသိတတ်တဲ့ ရုပ်တရား၊ ဝင်လေထွက်လေတို့၏ ထိမှုကို သိမှတ်နေတာက သိတတ်တဲ့ နာမ်တရားဟု ခွဲခြား၍ သိလာကြရပေသည်။ ဤခန္ဓာကိုယ်၌ မသိတတ်သော ရုပ်တရားနှင့် သိတတ်သော နာမ်တရား နှစ်ပါးသာရှိသည်ဟု ရုပ်နာမ်ကို ပိုင်းခြား၍သိသော ဝိပဿနာပညာ ဖြစ်လာပေသည်။ အတ္တကောင် ငါကောင်ဆိုသည်မှာ

မရှိဟူ၍ အမှန်အတိုင်း သိလာကြပေသည်။ ရုပ်နာမ်နှစ်ပါးကို ငါကောင် အတ္တကောင်ဟု တွေဝေ၍ အမှားသိနေသော မောဟ ကင်းပျောက်သွားပေသည်။ ဤကဲ့သို့ ကင်းပျောက်သွားခြင်းသည် ဝိပဿနာပညာ ဖြင့် မောဟကို ပယ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ထို့နောက် ဆက်ကာဆက်ကာ အားထုတ်၍ ဝိပဿနာဉာဏ်များ အဆင့်ဆင့် ရင့်သန်လာသဖြင့် ဝင်လေထွက်လေ၏ ထိမှုကို နာသီးဖျားဌ ရှုမှတ်လိုက်သောအခါ ထိမှုအဆင့်ဆင့်တို့ ကုန်ပျက် ကုန်ပျက်သွားသည်ကို တွေ့ကြရပေသည်။ မှတ်သိစိတ်များ ကုန်ပျက်ကုန်ပျက်သွားသည်ကိုလည်း တွေ့သိကြရပေသည်။ ထိမှုလည်း မမြဲခြင်း အနိစ္စ၊ မှတ်သိစိတ်လည်း မမြဲခြင်း အနိစ္စဟု သိလာကြပေသည်။ ကုန်ပျက်မှုများက အလွန်လျင်မြန်သဖြင့် နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်း ဒုက္ခ၊ အလျင်အမြန် ကုန်ပျက်နှိပ်စက်နေခြင်း ဒုက္ခကို ဘယ်လိုမှ ကာကွယ်လို့မရ၊ သူ့သဘောအတိုင်း ကုန်ပျက်နှိပ်စက်နေ၍ ကိုယ်အစိုးမရခြင်း အနတ္တဟု သိသော ဝိပဿနာဉာဏ် ဖြစ်လာပေသည်။

ဝိပဿနာမရှုမီက ဝိမိခန္ဓာကိုယ်ကို နိစ္စ(မြဲသည်)၊ သုခ(ချမ်းသာသည်)၊ အတ္တ(အစိုးရသည်)ဟု တွေဝေ၍ အမှားသိနေသော မောဟ ကင်းပျောက်သွားပေသည်။ ဤကဲ့သို့ ကင်းပျောက်သွားခြင်းသည် ဝိပဿနာပညာဖြင့် မောဟကို ပယ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူသောနည်းဖြင့် ရှုမှတ်ပုံမှာ ဆိတ်ငြိမ်ရာအရပ်၌ ထိုင်ပြီးလျှင် အသက်ရှူသွင်းလိုက်၍ ဝမ်းဗိုက် ဖောင်းတက်လာသောအခါ ဖောင်းစမှ ဖောင်းဆုံးတိုင်အောင် အဆင့်ဆင့် တောင့်တင်းမှုသဘောကို သိအောင် စူးစိုက်၍ ဖောင်းတယ်ဟု ရှုမှတ်ရပါသည်။ အသက်ရှူထုတ်လိုက်၍

ဝမ်းဗိုက် ပိန်ကျသွားသောအခါ ပိန်စမှ ပိန်ဆုံးတိုင်အောင် အဆင့်ဆင့် ရွေ့ကျသွားသောသဘောကို သိအောင်စူးစိုက်၍ ပိန်တယ်ဟု ရှုမှတ်ရပါသည်။ ဝိပဿနာဉာဏ်များ ဖြစ်လာသောအခါ ဖောင်းတာ ပိန်တာက တခြား၊ မှတ်သိနေတာက တခြားဟူ၍ သိလာကြပေသည်။

ဖောင်းတာ ပိန်တာနှင့် ထိုင်နေသောရုပ်ကိုယ်ကြီးက မသိတတ်တဲ့ ရုပ်တရား၊ မှတ်သိစိတ်က သိတတ်တဲ့ နာမ်တရားဟု ခွဲခြား၍ သိလာကြပေသည်။ ဤခန္ဓာကိုယ်၌ မသိတတ်သော ရုပ်တရားနှင့် သိတတ်သော နာမ်တရား နစ်ပါးသာ ရှိပေသည်ဟု ရုပ်နာမ်ကို ပိုင်းခြားရှုသိသော ဝိပဿနာပညာ ဖြစ်လာပေသည်။ အတ္တကောင် ငါကောင်ဟူ၍ မရှိဟု အမှန်အတိုင်း သိလာကြပေသည်။ ရုပ်နာမ် နစ်ပါးကို ငါကောင် အတ္တကောင်ဟု တွေဝေ၍ အမှားသိနေသော မောဟ ကင်းပျောက်သွားပေသည်။ ဤကဲ့သို့ ကင်းပျောက်သွားခြင်းသည် ဝိပဿနာပညာဖြင့် မောဟကို ပယ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ထို့နောက် ဆက်ကာဆက်ကာ အားထုတ်၍ ဝိပဿနာဉာဏ်များ အဆင့်ဆင့် ရင့်သန်လာသဖြင့် ဖောင်းတယ်၊ ပိန်တယ်ဟု ရှုမှတ်လိုက်သောအခါ ဖောင်းမှု ပိန်မှုများ အဆင့်ဆင့် ကုန်ပျက် ကုန်ပျက်သွားသည်ကို တွေ့ကြရပေသည်။ မှတ်သိစိတ်များ ကုန်ပျက်ကုန်ပျက်သွားသည်များကိုလည်း တွေ့သိကြရပေသည်။ ဖောင်းမှု ပိန်မှုများလည်း မမြဲခြင်း အနိစ္စ၊ မှတ်သိစိတ်လည်း မမြဲခြင်း အနိစ္စ၊ ကုန်ပျက်မှုများက အလွန်လျင်မြန်သဖြင့် နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်း ဒုက္ခ၊ အလျင်အမြန် ကုန်ပျက်နှိပ်စက်နေခြင်း ဒုက္ခကို ဘယ်လိုမှ ကာကွယ်လို့မရ၊ သူ့သဘောအတိုင်းသူ ကုန်ပျက်နှိပ်စက်နေ၍ ကိုယ်အစိုးမရခြင်း အနတ္တဟု သိမြင်သော ဝိပဿနာဉာဏ် ဖြစ်လာပေသည်။

ဝိပဿနာမရှုမီက မိမိခန္ဓာကိုယ်ကို နိစ္စ၊ သုခ၊ အတ္တဟု တွေ့ဝေ၍ အမှားသိနေသော မောဟ ကင်းပျောက်သွားပေသည်။ ဤကဲ့သို့ ကင်းပျောက်သွားခြင်းသည် ဝိပဿနာပညာဖြင့် မောဟကို ပယ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ဝိပဿနာရှုမှတ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဉာဏ်အမြင်များ ပြည့်စုံလာသောအခါ ရာဂ၊ ဒေါသ၊ မောဟတို့ကို မဂ်ပညာဖြင့် ပယ်သတ်နိုင်ကြပြီးလျှင် မိမိတို့၏ ပါရမီအားလျော်စွာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများ ဖြစ်ကြ၍ ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်သို့ ရောက်သွားကြရမည် ဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

သူတော်ကောင်းဥစ္စာ ခုနစ်ဖြာ

သူတော်ကောင်းများနှင့် အတူတကွ နေထိုင်ကြရသောသူတို့သည် မျက်မှောက်သံသရာ နှစ်ဖြာလုံးတို့၌ ချမ်းသာကြရပေသည်။ သူတော်ကောင်းများနှင့် အတူတကွ နေထိုင်ကြရသောသူတို့သည် ယခုမျက်မှောက်ဘဝ၌လည်း ဒုစရိုက်အမှုများကင်း၍ ချမ်းသာစွာ နေထိုင်ကြရပေသည်။ နောင်ဘဝများအတွက်လည်း ကောင်းမှုကုသိုလ်များ ပြုလုပ်ခွင့်ရကြ၍ နောင်ဘဝများ၌လည်း ချမ်းသာစွာ နေထိုင်ဖို့ရာ ဖြစ်ကြပေသည်။ သို့ဖြစ်၍ မိမိတို့ကိုယ်တိုင်လည်း သူတော်ကောင်းဖြစ်လိုကြပေသည်။ သူတော်ကောင်းများနှင့်လည်း အတူတကွ နေထိုင်လိုကြပေသည်။ သူတော်ကောင်းများနှင့် ပေါင်းသင်း ဆက်ဆံလိုကြပေသည်။ နောင်ဘဝများ၌လည်း "သူတော်ကောင်းများနှင့်သာ တွေ့ရ၊ ကြုံရ၊ ဆုံရပါလို၏" ဟူ၍ပင် ဆုတောင်းပတ္ထနာ ပြုကြပေသည်။

ဘုရားအလောင်း အစရှိသော ရှေးရှေး သူတော်ကောင်းတို့သည်လည်း သူတော်ကောင်းများနှင့်သာ တွေ့လိုကြောင်း ဆုတောင်းကြပေသည်။ တစ်ချိန်သောအခါ ဘုရားအလောင်း အကိတ္တိရသေ့ကြီးသည် စျာန်သမာပတ်ချမ်းသာဖြင့် သစ်ပင်တစ်ပင်ကို အမှီပြု၍ နေတော်မူ၏။ ထိုအခါ သိကြားမင်းသည် ဘုရားအလောင်း ရသေ့ကြီးကို ကြည်ညိုလှသည်ဖြစ်၍ "ရသေ့ကြီး ... လိုချင်သောဆုကို မိန့်ကြားပါ" ဟု လျှောက်ထား၏။ ဘုရားအလောင်း အကိတ္တိရသေ့ကြီး

(က) လူမိုက်ကို မမြင်လို၊ ပညာရှိသူတော်ကောင်းကို မြင်လိုသည်၊

(ခ) လူမိုက်၏အသံကို မကြားလို၊ ပညာရှိသူတော်ကောင်း၏ အသံကို ကြားလိုသည်၊

(ဂ) လူမိုက်ကို မပေါင်းလို၊ ပညာရှိသူတော်ကောင်းနှင့် ပေါင်းသင်းလိုသည်၊

(ဃ) လူမိုက်နှင့် စကားမပြောလို၊ ပညာရှိသူတော်ကောင်းနှင့် စကားပြောလိုသည်၊

(င) လူမိုက်ကို မခင်လို၊ ပညာရှိသူတော်ကောင်းကို ခင်မင်လိုသည်ဟူ၍ သူတော်ကောင်းနှင့်သာ တွေ့လိုကြောင်းများကို မိန့်ကြားလိုက်ပေသည်။

သို့ဖြစ်၍ ဘုရားဖြစ်လာသောအခါမှာလည်း သူတော်ကောင်းဖြစ်ဖို့ရာနှင့် သူတော်ကောင်းဖြစ်သူဟု သိနိုင်ဖို့ရာ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာကို ဟောကြားတော်မူခဲ့ပါသည်။

(၁) သဒ္ဓါ = ယုံကြည်ခြင်း။
(၂) သီလ = ကိုယ်နှုတ်ကို စောင့်စည်းခြင်း။
(၃) ဟိရီ = မကောင်းမှုဒုစရိုက်ပြုရမှာ ရှက်ခြင်း။
(၄) ဩတ္တပ္ပ = မကောင်းမှုဒုစရိုက်ပြုရမှာ ကြောက်ခြင်း။
(၅) သုတ = အကြားအမြင်ရှိခြင်း။
(၆) စာဂ = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။
(၇) ပညာ = ဟုတ်မှန်စွာသိခြင်းဟူ၍ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာကို ဟောကြားတော်မူပါသည်။

(အံ-၂/၃၉၈)

(၁) သဒ္ဓါ = ယုံကြည်ခြင်းဟူသည် - ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုး ဤ(၅)မျိုးကို ယုံကြည်ခြင်းပင် ဖြစ်ပေသည်။ ယုံကြည်ခြင်းဟု ဆိုရာ၌လည်း ယုံတာက တစ်ခွန်း၊ ကြည်တာက တစ်ခွန်း ဖြစ်ပေသည်။ ယုံတာက ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုး ဤ(၅)မျိုးကို ယုံခြင်းပင် ဖြစ်ပေသည်။ ကြည်တာက စိတ်အစဉ်ကို ကြည်လင်စေခြင်းပင် ဖြစ်ပေသည်။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သောအခါ၊ ဒါနစသော ကုသိုလ်ကောင်းမှုများ ပြုလုပ်သောအခါတို့၌ စိတ်ကြည်လင်ခြင်း၊ စိတ်ကြည်နူးခြင်းတို့ ဖြစ်ပေါ်လာခြင်းသည် သဒ္ဓါတရားကြောင့်ပင် ဖြစ်ပေသည်။

သဒ္ဓါတရားသည် ကုသိုလ်ကောင်းမှုများ ဖြစ်ပွားရရှိဖို့ရာ၊ ကောင်းမြတ်သော သုဂတိဘုံဘဝများသို့ ရောက်သွားဖို့ရာ၊ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရာ အခြေခံအကောင်းဆုံး တရားတစ်ခု ဖြစ်ပေသည်။ သို့ဖြစ်၍ မြတ်စွာဘုရားက "သဒ္ဓါတရားသည် အဖော်ကောင်းနှင့် တူသည်၊ လက်နှင့် တူသည်၊ ပစ္စည်းဥစ္စာရတနာများနှင့် တူသည်၊ မျိုးစေ့ကောင်းများနှင့် တူသည်" ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

အဖော်ကောင်းနှင့်တူပုံ

မိမိတို့ မရောက်ဖူးသေးသော တိုင်းတစ်ပါး၊ အရပ်တစ်ပါးသို့ ခရီးသွားကြသောသူတို့သည် အဖော်ကောင်းကို များစွာလိုအပ်ကြပေသည်။ အဖော်ကောင်းသည် မိမိသွားလိုရာ အရပ်ဒေသများသို့ ပို့ဆောင်ပေးသဖြင့် သွားလိုရာ အရပ်ဒေသများသို့ ချမ်းသာစွာ ရောက်ရှိသွားကြရပေသည်။ ထို့အတူ သဒ္ဓါတရားသည် သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်တို့အား မိမိတို့ ရောက်လိုရာ ကောင်းမြတ်သော သုဂတိဘုံဘဝ

များသို့လည်း ပို့ဆောင်ပေးသည်။ ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်သို့လည်း ပို့ဆောင်ပေးသည်။ သို့ဖြစ်၍ သဒ္ဓါတရားသည် အဖော်ကောင်းနှင့်တူသော သူတော်ကောင်းဥစ္စာတစ်ခုပင် ဖြစ်ပေသည်။

(သံ-၁/၃၅)

လက်နှင့်တူပုံ

လက်သည် မိမိခန္ဓာကိုယ်အတွက် အသုံးအကျဆုံး ဖြစ်ပေသည်။ မသန့်ရှင်းသည်များကိုလည်း သန့်ရှင်းအောင်၊ မတင့်တယ်သည်များကိုလည်း တင့်တယ်အောင် လက်ဖြင့်ပင် ပြုပြင်ကြရပေသည်။ အဖိုးတန်ပစ္စည်းများနှင့် အဖိုးပင်မတန်ငြားသော်လည်း အသုံးကျသော ပစ္စည်းများကို သိမ်းဆည်းရာတွင်လည်း လက်ဖြင့်ပင် သိမ်းဆည်းကြရပေသည်။ ထို့အတူ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်တို့သည် လက်နှင့်တူသော သဒ္ဓါတရားဖြင့် ဒါနကုသိုလ်ကိုလည်း ပြုနိုင်၊ ရယူနိုင်ကြပေသည်။ သီလကို ဆောက်တည်၍ သီလကုသိုလ်များကိုလည်း ရယူနိုင်ကြပေသည်။ သမထ ဝိပဿနာတရားတို့ကို ပွားများအားထုတ်၍ ဘာဝနာကုသိုလ်တို့ကိုလည်း ရယူနိုင်ကြပေသည်။ သို့ဖြစ်၍ သဒ္ဓါတရားသည် လက်နှင့်တူသော သူတော်ကောင်းဥစ္စာတစ်ခုပင် ဖြစ်ပေသည်။

(အံ-၂/၃၀၄)

ရတနာနှင့်တူပုံ

ပစ္စည်းဥစ္စာရတနာရှိသောသူတို့သည် ကောင်းမြတ်သော စားဖွယ်သောက်ဖွယ်၊ အဝတ်အထည်၊ ယာဉ်ရထား၊ မော်တော်ကား၊ အိမ်ရာတိုက်တာ စသည်များကို ဝယ်ယူ၍ ချမ်းသာစွာ နေထိုင်သုံးဆောင်ခံစားနိုင်ကြပေသည်။ ထို့အတူ သဒ္ဓါတရားရှိသောသူတို့သည်လည်း အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းတို့ဖြင့် လူ့စည်းစိမ်ချမ်းသာ၊

နတ်စည်းစိမ်ချမ်းသာများကို ချမ်းသာစွာ ခံစားနိုင်ကြပေသည်။ သမထ တရား ပွားများအားထုတ်ခြင်းဖြင့် ဗြဟ္မာ့စည်းစိမ်ချမ်းသာကို ခံစား နိုင်ကြပေသည်။ ဝိပဿနာတရား အားထုတ်ခြင်းဖြင့် နိဗ္ဗာန်ချမ်းသာ ကို ရရှိနိုင်ကြပေသည်။ သို့ဖြစ်၍ သဒ္ဓါတရားသည် ပစ္စည်းဥစ္စာရတနာ များနှင့်တူသော သူတော်ကောင်းဥစ္စာတစ်ခုပင် ဖြစ်ပေသည်။

(သံ-၁/၂၁၆)

မျိုးစေ့ကောင်းနှင့်တူပုံ

မျိုးစေ့ကောင်းများ၌ အောက်သို့ အမြစ်ထွက်ရခြင်းကိစ္စနှင့် အထက်သို့ အညွှန့်အခက်ထွက်ရခြင်းကိစ္စ နှစ်ခုရှိပေသည်။ ယင်း နှစ်ခုဖြင့် သစ်ပင်ကို ကြီးထွား ရှင်သန်စေပြီးလျှင် အပွင့်အသီးများ ကို ဖြစ်စေ၏။ ထို့အတူ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်တို့သည် အမြစ် နှင့်တူသော သီလကိုလည်း ဆောက်တည်နိုင်ကြပေသည်။ အညွှန့် အခက်နှင့်တူသော သမထ ဝိပဿနာတရားတို့ကိုလည်း အားထုတ် နိုင်ကြပေသည်။ ယင်းသီလကုသိုလ်၊ သမထ ဝိပဿနာကုသိုလ်တို့ ဖြင့် အပွင့်အသီးနှင့်တူသော မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာတိုင်အောင် ရောက်ရှိသွားကြရပေသည်။ သို့ဖြစ်၍ သဒ္ဓါတရားသည် မျိုးစေ့ကောင်း နှင့်တူသော သူတော်ကောင်းဥစ္စာတစ်ခုပင် ဖြစ်ပေသည်။

(သုတ္တနိပါတ်-၂၉၁)

ဤကဲ့သို့ အဖော်ကောင်းနှင့်လည်း တူ၊ လက်နှင့်လည်း တူ၊ ပစ္စည်းဥစ္စာရတနာနှင့်လည်း တူ၊ မျိုးစေ့ကောင်းများနှင့်လည်း တူသော ကြောင့် သဒ္ဓါတရားသည် ကုသိုလ်ကောင်းမှုများ ဖြစ်ပွားရရှိဖို့ရာ၊ ကောင်းမြတ်သော သုဂတိဘုံဘဝများသို့ ရောက်ရှိသွားဖို့ရာ၊ နိဗ္ဗာန် ချမ်းသာသို့ ရောက်ရှိသွားဖို့ရာ အခြေခံအကောင်းဆုံး သူတော်ကောင်း ဥစ္စာတစ်ခုပင် ဖြစ်ပေသည်။

(၂) သီလ = ကိုယ်နှုတ်ကို စောင့်စည်းခြင်းဟူသည် - သူ့အသက်ကို မသတ်ခြင်း။ သူ့ဥစ္စာကို မခိုးခြင်း။ သူတစ်ပါးသားမယားသားသမီးများကို မဖျက်ဆီးခြင်း။ လိမ်မပြောခြင်း။ အရက်သေစာ မသောက်စားခြင်းဟူသော ငါးပါးသီလနှင့် ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်တို့ ဖြစ်ပေသည်။

သီလကို လုံခြုံအောင် စောင့်ထိန်းကြသော ပုဂ္ဂိုလ်တို့သည် -
(က) ပစ္စည်းဥစ္စာ ရှာဖွေသောအခါ ရလွယ်ခြင်း။ ပေါများခြင်း။
(ခ) ကောင်းမြတ်သော ဂုဏ်သတင်းတို့ဖြင့် ကျော်စောခြင်း။
(ဂ) ပွဲနေပွဲထိုင် ပရိသတ်အမျိုးမျိုးသို့ မျက်နှာမငယ်ပါဘဲ ရှင်လန်းဝမ်းမြောက်စွာ ဝင်ရောက်နိုင်ခြင်း။
(ဃ) ကွယ်လွန်ခါနီးတွင် ကောင်းသောနိမိတ်များ ထင်၍ မတွေမဝေ ကွယ်လွန်ရခြင်း။
(င) ကွယ်လွန်ပြီးနောက် နတ်ပြည်သို့ ရောက်ရခြင်းဟူသော ဤအကျိုးငါးမျိုးကို ရရှိကြပေသည်။

တရားအားထုတ်သော ပုဂ္ဂိုလ်တို့သည် သီလရှိမှ၊ သီလစင်ကြယ်မှ သမာဓိ ဖြစ်သည်။ သမာဓိဖြစ်မှ ဝိပဿနာဉာဏ် ဖြစ်သည်။ ဝိပဿနာဉာဏ် ပြည့်စုံမှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်သည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်မှ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြရပေသည်။ ဤကဲ့သို့ သီလသည် နိဗ္ဗာန်ရောက်ကြောင်း အခြေခံကောင်းဖြစ်၍ သူတော်ကောင်းဥစ္စာတစ်ခုပင် ဖြစ်ပေသည်။

(၃) ဟိရီ = မကောင်းမှုဒုစရိုက် ပြုရမှာ ရှက်ခြင်းဟူသည် - သူ့အသက်သတ်ခြင်း။ သူတစ်ပါးဥစ္စာခိုးခြင်း။ သူတစ်ပါးသားမယားသားသမီးများကို ဖျက်ဆီးခြင်း။ လိမ်ပြောခြင်း။ ကုန်းတိုက်ခြင်း။ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းပြောဆိုခြင်း။ အကျိုးမရှိ သိမ်

ဖျင်းသောစကားကို ပြောဆိုခြင်းစသော မကောင်းမှု ဒုစရိုက် (၁၀)ပါးတို့မှ ရှက်ခြင်းပင် ဖြစ်ပေသည်။

(၄) သြတ္တပ္ပ = မကောင်းမှုဒုစရိုက်ပြုရမှာ ကြောက်ခြင်းဟူသည် - သူ့အသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးခြင်း၊ သူတစ်ပါးသား မယား သားသမီးများကို ဖျက်ဆီးခြင်း၊ လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းပြောဆိုခြင်း၊ အကျိုးမရှိ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းစသော မကောင်းမှု ဒုစရိုက်(၁၀)ပါးတို့မှ ကြောက်လန့်ခြင်းပင် ဖြစ်ပေသည်။

ဟိရီနှင့် သြတ္တပ္ပတို့၏ ထူးခြားပုံ

သူတော်ကောင်းဖြစ်သူသည် မိမိကဲ့သို့သော အမျိုးမြတ်သူ၊ အသက်အရွယ်ကြီးသူ၊ ရဲရင့်၍ စိတ်ကောင်းစိတ်မြတ်ရှိသူ၊ အကြားအမြင်ဗဟုသုတရှိသူဖြစ်လျက် မကောင်းမှုတို့ကို ပြုလုပ်ရန် မသင့်ဟု ဆင်ခြင်၍ မကောင်းမှုတို့မှ ရှက်ခြင်း(ဟိရီ)ကို ဖြစ်စေ၏။

သူတော်ကောင်းဖြစ်သူသည် မိမိကိုယ်မိမိ ကဲ့ရဲ့ခြင်းဘေး၊ သူတစ်ပါးတို့ ကဲ့ရဲ့ခြင်းဘေး၊ မင်းပြစ်မင်းဒဏ်ဘေး၊ အပါယ်ဘေးတို့ကို ဆင်ခြင်၍ မကောင်းမှုတို့မှ ကြောက်ခြင်း(သြတ္တပ္ပ)ကို ဖြစ်စေသည်။ ဤသို့ ဟိရီနှင့် သြတ္တပ္ပ ထူးခြားကြပေသည်။

ဟိရီနှင့် သြတ္တပ္ပတို့သည် သီလမြဲခြင်း၏ အကြောင်းဖြစ်ကြပေသည်။ သီလသည် သမာဓိဖြစ်ခြင်း၏ အကြောင်းဖြစ်သည်။ သမာဓိသည် ဝိပဿနာဉာဏ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သည်။ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သည်။ ဤကဲ့သို့ ဟိရီနှင့် သြတ္တပ္ပတို့သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ခြင်း၏ အဆင့်ဆင့် အကြောင်းဖြစ်၍ သူတော်ကောင်းဥစ္စာများပင် ဖြစ်ကြပေသည်။

(၅) သုတ = အကြားအမြင်ရှိခြင်းဟူသည် - မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကတ်တော်တို့ကို သင်ကြားတတ်မြောက်မှု၊ သိရှိနားလည်မှုများပင် ဖြစ်ပေသည်။ သိရှိနားလည်မှသာ ကျင့်ကြံအားထုတ်သောအခါ နည်းလမ်းမှန်ကန်စွာ ကျင့်ကြံအားထုတ်နိုင်ကြမည် ဖြစ်ပေသည်။ နည်းလမ်းမှန်ကန်စွာ ကျင့်ကြံအားထုတ်နိုင်မှသာ မိမိတို့ အလိုရှိအပ်သော နိဗ္ဗာန်ချမ်းသာတိုင်အောင် အကျိုးများ ရရှိနိုင်ကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ သုတ = အကြားအမြင်ရှိခြင်းသည်လည်း သူတော်ကောင်းဥစ္စာတစ်ခုပင် ဖြစ်ပေသည်။

ယခုခေတ်အခါ တရားပွဲများကျင်းပ၍ တရားနာခြင်း၊ ဗုဒ္ဓစာပေများ ဖတ်ရှုလေ့လာခြင်းတို့သည် သုတ = အကြားအမြင်ရှိဖို့ပင် ဖြစ်ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကတ်တော်တို့ကို သင်ကြားလေ့လာမှု (သုတ)မရှိပါက တရားသဘောများကို မသိ၍ အယူအဆ လွဲမှားတတ်ကြပေသည်။ အဘိဓမ္မာ မသင်ဖူးကြသော ပုဂ္ဂိုလ်တို့သည် အလွဲလွဲအမှားမှား ဖြစ်တတ်ကြပေသည်။

ဥပမာ - မစ္ဆရိယနှင့် ကုက္ကုစ္စ၊ ဣဿာနှင့် မစ္ဆရိယတို့၏ သဘောကို မသိကြ၍ အလွဲလွဲအမှားမှား ဖြစ်ကြရပေသည်။

ဝန်တိုနမြောခြင်းကို မစ္ဆရိယဟု ပြောဆိုရမည့်အစား ကုက္ကုစ္စဟု ပြောဆိုသုံးနှုန်းလျက် ရှိကြပေသည်။

သူတစ်ပါးတို့ ကြွယ်ဝချမ်းသာနေသည်ကို မနာလို ငြူစူခြင်းကို ဣဿာဟု ပြောဆိုရမည့်အစား မစ္ဆရိယဟု ပြောဆိုသုံးနှုန်းလျက် ရှိကြပေသည်။

ပြုံးစူခြင်း ကျွဿာကို ဝမ်းမြောက်ခြင်း မုဒိတာပွားများ၍ ပယ်ရပါသည်။ နမြောဝန်တိုခြင်း မစ္ဆရိယကို မေတ္တာပွား၍ ပယ်ရပါသည်။ ပြုလိုက်မိသော ဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တို့အတွက် အဖန်တလဲလဲ စိုးရိမ်ခြင်း ကုက္ကုစ္စကို သမထ ဝိပဿနာပွား၍ ပယ်ရပါသည်။

(၆) စာဂ = စွန့်ကြဲပေးကမ်းခြင်းဟူသည် - ဆွေမျိုး မိဘတို့အား ပေးကမ်းခြင်း။ ပစ္စည်းဥစ္စာ နွမ်းပါးသူတို့အား စွန့်ကြဲပေးကမ်းခြင်း။ ရဟန်းသံဃာတော်များနှင့် သီလရှင်စသော သူတော်စင်တို့အား လှူဒါန်းခြင်းတို့ပင် ဖြစ်ပေသည်။

စွန့်ကြဲပေးကမ်း လှူဒါန်းသူတို့သည် အကျိုး(၅)မျိုးကို ရရှိနိုင်ကြပေသည်။

(က) သူတစ်ပါးတို့ ချစ်ခင်ကြည်ညိုမြတ်နိုးခြင်း။
(ခ) သူတော်ကောင်းများ ချဉ်းကပ်လာရောက်ခြင်း။
(ဂ) ကောင်းသောဂုဏ်သတင်းတို့ဖြင့် ကျော်စောခြင်း။
(ဃ) ပရိသတ်အမျိုးမျိုးသို့ ရှင်လန်းဝမ်းမြောက်စွာ ဝင်ရောက်နိုင်ခြင်း။
(င) ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်ရခြင်းဟူသော တမလွန်အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

စွန့်ကြဲပေးကမ်း လှူဒါန်းသူတို့သည် ဖြစ်လေရာ ဘဝတိုင်းတို့ ၌ -

(က) အသက်ရှည်ခြင်း။
(ခ) ရုပ်ရည်အဆင်း လှပတင့်တယ်ခြင်း။
(ဂ) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း။
(ဃ) အခြံအရံပရိသတ် ပေါများခြင်း။

(c) အရာရာမှာ အစိုးရခြင်းဟူသော အကျိုး(၅)မျိုးကိုလည်း ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ် ။ ။ သက်ရှည်ဆင်းလှ၊ ချမ်းသာရ၍၊ မျှားလှခြိုရံ၊ စိုးရပြန်၊ ငါးတန်ဒါနအကျိုးတည်း။

သာသနာ့ဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုသောအခါ၌လည်း-

(က) သက်နှံးပေါများခြင်း။

(ခ) ဆွမ်းပေါများခြင်း။

(ဂ) ကျောင်းအဆောက်အအုံပေါများခြင်း။

(ဃ) ဆေးပစ္စည်းပေါများခြင်း။

(c) အတူနေကြသော သီတင်းသုံးဖော်တို့က ချစ်ခင်ကြည်ညိုကြခြင်းဟူသော အကျိုး(၅)မျိုးကိုလည်း ရရှိနိုင်ကြပေသည်။

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း စာဂသည် တရားအားထုတ်သော အခါ စိတ်ကို ကြည်လင်စေသောကြောင့် ဈာန်မဂ်ဖိုလ် တရားထူး တရားမြတ်များ ရရှိဖို့ရာ အထောက်အပံ့ကောင်းဖြစ်၍ တရားထူး တရားမြတ်များကို လျင်မြန်စွာ ရရှိစေနိုင်ပေသည်။ သို့ဖြစ်၍ စာဂ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် သူတော်ကောင်းဥစ္စာတစ်ခုပင် ဖြစ်ပေသည်။

(၇) ပညာ = ဟုတ်မှန်စွာသိခြင်းဟူသည် - ဆင်းရဲကြောင်း ဟုတ် မဟုတ်၊ ချမ်းသာကြောင်း ဟုတ် မဟုတ်ကို သိတတ်သော ဉာဏ်ပညာနှင့် ဤဘဝအတွက် အကျိုးရှိ မရှိ၊ နောင်ဘဝ များအတွက် အကျိုးရှိ မရှိ စသည်တို့ကို သိတတ်သော ဉာဏ် ပညာပင် ဖြစ်ပေသည်။

အရိယာပုဂ္ဂိုလ်တို့၌ ရှိရမည့်ပညာမှာ (ဥဒယဗ္ဗယ) အဖြစ်အပျက်ကိုသိသော ဉာဏ်ပညာပင် ဖြစ်ပေသည်။ ပုထုဇဉ် သူတော်ကောင်းများ၌ ရှိရမည့် ပညာမှာ ကမ္မသကတပညာပင် ဖြစ်ပေသည်။ ကမ္မသကတပညာဟူသည် ကံသာလျှင် မိမိတို့ ကိုယ်ပိုင်ဥစ္စာရှိသည်ဟု သိသော ဉာဏ်ပညာပင် ဖြစ်ပေသည်။

မိမိတို့ တစ်သက်ပတ်လုံး ရှာမိုးစုဆောင်းထားသော ပစ္စည်းဥစ္စာများသည် တကယ်စင်စစ် ကိုယ်ပိုင်ပစ္စည်းဥစ္စာများ မဟုတ်ပေ။ ယခုဘဝ၌ပင် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူတို့နှင့် ဆက်ဆံနေသောကြောင့် မကြာခဏ ပျက်စီးဆုံးရှုံးသွားတတ်ကြပေသည်။ နောင်ဘဝများသို့ ဘယ်လိုနည်းနှင့်မျှ ယူဆောင်သွားလို့ မရကြပေ။ သို့ဖြစ်၍ ပစ္စည်းဥစ္စာတို့သည် ကိုယ်ပိုင်ဥစ္စာများ မဟုတ်ကြပေ။ အများပိုင်များသာ ဖြစ်ကြပေသည်။

မိမိတို့ပြုထားကြသော ဒါနကုသိုလ်၊ ဆောက်တည်ထားသော သီလကုသိုလ်၊ ပွားများအားထုတ်ထားသော ဘာဝနာကုသိုလ်တို့သည်သာ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဘဝအဆက်ဆက်တို့၌ ကောင်းကျိုးအမျိုးမျိုးတို့ကို လိုက်၍ပေးတတ်သောကြောင့် ကိုယ်ပိုင်ဥစ္စာများ ဖြစ်ကြပေသည်ဟု သိသော ဉာဏ်ပညာသည် ကမ္မသကတပညာဖြစ်၏။ ကမ္မသကတပညာရှိသော ပုဂ္ဂိုလ်တို့သည် နည်းလမ်းမှန်ကန်စွာ သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်ပါလျှင် မိမိတို့၏ ပါရမီအားလျော်စွာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်သို့ ရောက်ရှိနိုင်ကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ ပညာသည် သူတော်ကောင်းဥစ္စာတစ်ခုပင် ဖြစ်ပေသည်။

ဤသူတော်ကောင်းဥစ္စာ(၇)ဖြာ အခြေခံကောင်းများ ရရှိထားကြပြီးသော ပုဂ္ဂိုလ်တို့သည် နည်းမှန်လမ်းမှန် သတိပဋ္ဌာန်ဝိပဿနာ

တရားကို အားထုတ်ပါလျှင် မိမိတို့၏ ပါရမီအားလျော်စွာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားကြရမည် ဖြစ်ပေသည်။

မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မိမိတို့ကိုယ်တိုင်လည်း သူတော်ကောင်းဥစ္စာ (၇)ဖြာနှင့် ပြည့်စုံအောင် ကျင့်ကြံအားထုတ်ကြရပေသည်။ သူတော်ကောင်းဥစ္စာ(၇)ဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များနှင့်လည်း ပေါင်းသင်းဆက်ဆံကြရပေသည်။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ဒါနခြောက်ဖြာ သီဖွယ်ရာ

ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ကုသိုလ်ကောင်းမှုများကို အလွန်ပင် အလိုရှိကြပေသည်။ ကုသိုလ်ကောင်းမှုများသည် မိမိတို့၏ အားကိုးရာအစစ်ဖြစ်သည်ဟု သိမြင်ယုံကြည်လျက် ရှိကြပေသည်။ ထိုသို့ ယုံကြည်ကြသောကြောင့် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုများကို လက်လုပ်မီသမျှ ပြုလုပ်အားထုတ်လျက် ရှိကြပေသည်။ အထူးသဖြင့် ဒါနကုသိုလ်ကောင်းမှုများကို အလှူရေစက် လက်နှင့်မကွာ ဆိုသကဲ့သို့ ပေးကမ်းလှူဒါန်းလျက် ရှိကြသည်။ မိမိတို့ လှူဒါန်းကြသော အလှူဒါန အမျိုးမျိုးတို့၏ အကျိုးပေး အမျိုးမျိုးတို့ကိုလည်း သိလိုကြပေသည်။ သို့ဖြစ်ပါ၍ ဒါနခြောက်မျိုးတို့၏ အကျိုးများကို နတ်သားတစ်ယောက်က လျှောက်ထား၍ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါသည်။

(၁) ဆွမ်းခဲဖွယ် ဘောဇဉ်ကို လှူဒါန်းသူသည် အားအင်ပြည့်ဖြိုးခြင်းအကျိုးကို ရရှိနိုင်သည်။

(၂) အဝတ်သင်္ကန်းကို လှူဒါန်းသူသည် အဆင်းလှခြင်းအကျိုးကို ရရှိနိုင်သည်။

(၃) ယာဉ်ရထားကို လှူဒါန်းသူသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးကို ရရှိနိုင်သည်။

(၄) မီးအရောင်ကို လှူဒါန်းသူသည် မျက်စိအမြင် ကောင်းခြင်းအကျိုးကို ရရှိနိုင်သည်။

(၅) ကျောင်းကို လှူဒါန်းသူသည် အလုံးစုံလေးပါးသောအကျိုးကို ရရှိနိုင်သည်။

(၆) တရားကို ဟောပြော လှူဒါန်းသူသည် နိဗ္ဗာန်ချမ်းသာ အကျိုးကို ရရှိနိုင်သည်။

ဤအကျိုးများကို ရရှိနိုင်ခြင်းမှာ အလှူခံပုဂ္ဂိုလ်တို့အား ထိုအကျိုးများကို ရရှိစေနိုင်သော လှူဖွယ်ပစ္စည်းများကို လှူဒါန်းခြင်းကြောင့် ရရှိနိုင်ခြင်း ဖြစ်သည်ဟု ဟောကြားတော်မူခဲ့ပါသည်။

(သံ-၁/၂၉)

(၁) ဆွမ်းလှူဒါန်း၍ အားအင်ပြည့်ဖြိုးခြင်းအကျိုး

ဆွမ်းခံဖွယ် ဘောဇဉ်ကို လှူဒါန်းသူသည် အားအင်ပြည့်ဖြိုးခြင်းအကျိုးကို ရရှိနိုင်သည်ဟု ဟောကြားတော်မူရာ၌ - ဆွမ်းခံဖွယ် ဘောဇဉ် အာဟာရများကို (၂)ရက်၊ (၃)ရက် မမှီဝဲ မသုံးဆောင်ရသည်ရှိသော် အားအင်ကုန်ခန်း ဆုတ်ယုတ်သွား၍ ပြုလုပ်ဖွယ်ကိစ္စများကို မပြုလုပ်နိုင်ဘဲ ဖြစ်သွားကြလေသည်။ သို့ဖြစ်၍ ဆွမ်းခံဖွယ် ဘောဇဉ်ကို လှူဒါန်းသောသူတို့သည် အားအင်ကို လှူဒါန်းရာ ရောက်သောကြောင့် ဖြစ်လေရာဘဝတိုင်းတို့၌ အားအင်ပြည့်ဖြိုးခြင်းအကျိုးကို ရရှိနိုင်ကြပေသည်။

ဆွမ်းခံဖွယ် လှူဒါန်းရသော အကျိုးများကို အပြည့်အစုံ ဟောကြားတော်မူသော ဘောဇနသုတ္တန်၌ ဆွမ်းခံဖွယ် ဘောဇဉ်ကို လှူဒါန်းကြသော ပုဂ္ဂိုလ်တို့သည် အကျိုး(၅)ပါး ရရှိနိုင်ကြသည်ဟု ဟောကြားတော်မူပါသည်။

ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းတို့၌ -

(၁) အသက်ရှည်ခြင်း။

(၂) အဆင်းလှခြင်း။

(၃) ကိုယ်၏ချမ်းသာခြင်း။ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံခြင်း။

(၄) အားအင်နှင့် ပြည့်စုံခြင်း။

(၅) ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။

ဤအကျိုး(၅)ပါးကို ဆုမတောင်းရပါဘဲ ရရှိနိုင်ကြပေသည်ဟု ဟောကြားတော်မူပါသည်။

(အံ-၂/၃၅)

(၂) အဝတ်သက်နှံ့လှူခါနီး၍ အဆင်းလှခြင်းအကျိုး

အဝတ်သက်နှံ့ကို လှူဒါန်းသူသည် အဆင်းလှခြင်းအကျိုးကို ရရှိနိုင်သည်ဟု ဟောကြားတော်မူရာ၌ - ရုပ်ရည်အဆင်း လုပတင့်တယ်သူပင် ဖြစ်ပါသော်လည်း ဝတ်ထားသော အဝတ်များက ညစ်ထေးစုတ်ပြဲ မလုံမခြုံ ဖြစ်နေပါက ကြည့်လို့မြင်လို့ မကောင်းပေ။ သူတစ်ပါးတို့ မသိလိုကြပေ။ သင့်တော်သော အဝတ်များကို ဝတ်ဆင်ထားလိုက်ပါလျှင် ပင်ကိုကထက် ပိုရ၍ လုပတင့်တယ်နေကြပေသည်။ ရုပ်ရည်အဆင်း မလှသူပင် ဖြစ်စေကာမူ အဝတ်တန်ဆာကောင်းများကို ဝတ်ဆင်လိုက်ပါလျှင် တင့်တယ်လှပကာ ကြည့်ရှု၍ကောင်းနေတော်ပေသည်။ သို့ဖြစ်၍ အဝတ်သက်နှံ့ကို လှူဒါန်းသော သူတို့သည် ဖြစ်လေရာဘဝတိုင်းတို့၌ ရုပ်ရည်အဆင်း လုပတင့်တယ်ခြင်းအကျိုးကို ရရှိနိုင်ကြပေသည်။

အခြားတစ်ပါးသော သုတ္တန်များ၌လာသော အဆင်းလှခြင်းအကျိုးကို ရရှိစေနိုင်သည့် အလှူဒါနများ၌ ပြုလုပ်ဖွယ်၊ ရှောင်ကြဉ်ဖွယ်များမှာ -

(က) စားဖွယ်သောက်ဖွယ်များကို ကောင်းမွန်စွာ ချက်ပြုတ်စီမံ၍ လှူဒါန်းခြင်း။

(ခ) အဝတ်သက်ီန်းကို လှူဒါန်းခြင်း၊ ကျောင်း၊ ဘုရား၊ စေတီတို့၌ ဆင်မြန်းဖွယ်ရာ အသုံးအဆောင်များကို လှူဒါန်းခြင်း။

(ဂ) တံမြက်လှည်းခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်း။

(ဃ) ပြင်းထန်စွာ အမျက်ဒေါသထွက်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ဖြင့်လည်း ဖြစ်လေရာဘဝတိုင်းတို့၌ ရုပ်ရည်အဆင်းလှပတင့်တယ်ခြင်းအကျိုးကို ရရှိနိုင်ကြပေသည်။

(၃) ယာဉ်လှူဒါန်း၍ ချမ်းသာခြင်းအကျိုး

ယာဉ်ရထားကို လှူဒါန်းသူသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးကို ရရှိနိုင်သည်ဟု ဟောကြားတော်မူရာ၌ - မော်တော်ယာဉ် စသည် မစီးရပါဘဲ၊ ထီး ဖိနပ်မပါဘဲ ခရီးဝေး ခရီးရှည် သွားကြရသောသူတို့သည် အပူအအေးဒဏ်ကို ခံရသောကြောင့်လည်းကောင်း။ မောပန်း အားအင်ကုန်ခန်းခြင်းကြောင့်လည်းကောင်း ဆင်းရဲဒုက္ခများ ဖြစ်ကြရပေသည်။ ဖိနပ်စီး၍ ထီးဆောင်း၍လည်းကောင်း။ မော်တော်ယာဉ် စသည်များကို စီး၍လည်းကောင်း ခရီးသွားကြရသောသူတို့သည် အလိုရှိရာအရပ်သို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် ရောက်သွားကြရပေသည်။ သို့ဖြစ်၍ ယာဉ်ရထားလှူဒါန်းကြသောသူတို့သည် ဖြစ်လေရာဘဝတိုင်းတို့၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးကို ရရှိနိုင်ကြပေသည်။

ယာဉ်ရထားတို့တွင် ဆင်ယာဉ်၊ မြင်းယာဉ်နှင့် တိရစ္ဆာန်သတ္တဝါများ တပ်ဆင်ထားသော ယာဉ်ရထားတို့ကို ရဟန်း သာမဏေတို့ မစီးကောင်း။ စက်ကိရိယာဖြင့် တပ်ဆင်ထားသော ယာဉ်ရထားတို့ကိုသာ ရဟန်း သာမဏေတို့ စီးကောင်းသည်။

ထီး ဖိနပ် တောင်ဝှေးအလှူ၊ ကုတင် ကုလားထိုင်အလှူ၊ တံတား လှေကားအလှူ၊ လမ်းပြုပြင်ခြင်း။ လှေ သင်္ဘော မော်တော်ယာဉ်တို့ ဖြင့် ပို့ဆောင်ကြိုဆိုခြင်းတို့သည်လည်း ယာဉ်ရထားအလှူ၌ ပါဝင် ကြပေသည်။ သို့ဖြစ်၍ မကျန်းမမာခြင်းစသော အကြောင်းများကြောင့် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း အဖြစ်များကြသောသူတို့သည် ထီး၊ ဖိနပ်၊ တောင်ဝှေး၊ ကုတင်၊ ကုလားထိုင်များ လှူဒါန်းကြရပေသည်။ လမ်းများ ပြုပြင်ကြရပေသည်။ တံတား၊ လှေကားများ ဆောက်လုပ်၍ လှူဒါန်းကြရပေသည်။ ရဟန်း သံဃာတော်များနှင့် အသက်ကြီး သူ မကျန်းမာသူတို့ကို လှေ၊ သင်္ဘော၊ မော်တော်ယာဉ်များနှင့် ပို့ ဆောင်ပေးခြင်း၊ ကြိုဆိုခြင်းတို့ကို ပြုလုပ်ကြရပေသည်။

(၄) မီးလှူ၏ မျက်စိကြည်လင်ခြင်းအကျိုး

မီးအရောင်လှူဒါန်းသူသည် မျက်စိအမြင် ကောင်းခြင်းအကျိုး ကို ရရှိနိုင်သည်ဟု ဟောကြားတော်မူရာ၌ - မျက်စိအမြင်၊ မျက်စိ အကြည် ဘယ်လိုပင် ကောင်းသော်ငြားလည်း အလင်းရောင်မရှိ မှောင်မိုက်နေသောအခါ၌ မြင်စရာ ကျောင်း၊ ဘုရား၊ စေတီ အစရှိ သော အဆင်းများကို မမြင်နိုင်ပေ။ မီးထွန်းပေးလိုက်သောအခါမှသာ မြင်စရာ ကျောင်း၊ ဘုရား၊ စေတီ အစရှိသော အဆင်းများကို မြင် ကြရပေသည်။ သို့ဖြစ်၍ မီးအရောင်ကို လှူဒါန်းသောသူတို့သည် ဖြစ် လေရာဘဝတိုင်းတို့၌ မျက်စိအမြင် ကြည်လင်ခြင်းအကျိုးကို ရရှိနိုင် ကြပေသည်။

မျက်စိအားနည်းသူ၊ မျက်စိမှုန်သူတို့သည် ကျောင်း၊ ဘုရား၊ စေတီတို့၌ မီးအလင်းရောင်ကို လှူဒါန်းကြရပေသည်။ မီးအလင်း ရောင်ကို ဖြစ်စေတတ်သော မီးချောင်း၊ မီးလုံးများကို လှူဒါန်းကြရ ပေသည်။ ပကတိသော မျက်စိဖြင့် မမြင်နိုင်သည့် လူပြည်၊ နတ်ပြည်

တို့၌ရှိသော အဆင်းသေ၊ အဆင်းဝေးတို့ကို မြင်နိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ် ရရှိလိုသောသူတို့သည်လည်း မီးအလင်းရောင်ကို လှူ ဒါန်းကြကြရပေသည်။

(၅) ကျောင်းလှူ၍ အလုံးစုံကိုရခြင်းအကျိုး

ကျောင်းကိုလှူဒါန်းသူသည် အလုံးစုံလေးပါးသောအကျိုးကို ရရှိနိုင်သည်ဟု ဟောကြားတော်မူရာ၌ -

(က) ခရီးဝေး ခရီးရှည်သွားရခြင်းစသော အကြောင်းများကြောင့် အစာ အာဟာရ မမှီဝဲရ၍ အားအင်ကုန်ခန်း မောပန်းလာသောသူတို့ သည် ကျောင်းဝင်းထဲသို့ဝင်၍ လဲလျောင်းကာ အပန်းဖြေ အနားယူလိုက်သောအခါ အားအင်များ ပြန်၍ ပြည့်ဖြိုးလာ တတ်ကြပေသည်။ သို့ဖြစ်၍ ကျောင်းကို လှူဒါန်းသောသူတို့ သည် ဘဝဆက်တိုင်းတို့၌ အားအင်ပြည့်ဖြိုးခြင်းအကျိုးကို ရရှိ နိုင်ကြပေသည်။

(ခ) လေပူ၊ နေပူ ပြင်းထန်သော အရပ်ဒေသများသို့ ခရီးဝေး ခရီးရှည် သွားရသောကြောင့် အရေအဆင်းများ မွဲခြောက်၍ ရုပ်ရည် အဆင်း ပျက်လာသောသူတို့သည် ကျောင်းထဲသို့ဝင်၍ တံခါး ပိတ်ကာ အနားယူလိုက်သောအခါ ရုပ်ရည်အဆင်းများ ပြန်၍ ကောင်းမွန် တင့်တယ်လာတတ်ကြပေသည်။ သို့ဖြစ်၍ ကျောင်း ကို လှူဒါန်းသောသူတို့သည် ဖြစ်လေရာဘဝတိုင်းတို့၌ ရုပ်ရည် အဆင်း လှပတင့်တယ်ခြင်းအကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

(ဂ) ကျောင်းမရှိသူ၊ ကျောင်းပြင်ပ၌ နေထိုင်ရသူတို့သည် မှက်၊ ခြင်၊ ယင်များ ကိုက်ခဲခြင်းကြောင့်လည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရ၏။ အအေးအပူတို့ ရိုက်ခတ်ခြင်းဒဏ်ကို ခံရသော

ကြောင့်လည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရ၏။ ကျောင်းထဲ၌ နေကြရသောသူတို့သည် ထိုဆင်းရဲခြင်းများမှ ကင်းလွတ်၍ ချမ်းသာစွာ နေကြရ၏။ သို့ဖြစ်၍ ကျောင်းကို လှူဒါန်းသောသူတို့သည် ဖြစ်လေရာဘဝတိုင်းတို့၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကျိုးကို ရရှိနိုင်ကြပေသည်။ လုံခြုံသော ကျောင်းအတွင်း၌ စာပေကျမ်းဂန် သင်အံလေ့လာကြသော ပုဂ္ဂိုလ်တို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသဖြင့် စိတ်တည်ငြိမ်မှုရ၍ စာပေကျမ်းဂန်များကို လျင်မြန်စွာ တတ်မြောက်ကြရပေသည်။

လုံခြုံသော ကျောင်းအတွင်း၌ ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည်လည်း လုံခြုံသန့်ရှင်းသော ကျောင်းဆောင်များ၌ နေရသဖြင့် နှစ်သက်မှုဝိတိ ဖြစ်ကြရပေသည်။ ယင်းဝိတိက ကိုယ်ရော စိတ်ပါ ချမ်းသာသော သုခကို ဖြစ်စေသည်။ ယင်းသုခက စိတ်တည်ငြိမ်မှု သမာဓိကို ဖြစ်စေသည်။ ယင်းသမာဓိက ရုပ်နာမ်ကြောင်းကျိုး စသည်ကို သိသော ဝိပဿနာဉာဏ်ကို ဖြစ်စေသည်။ ဝိပဿနာဉာဏ် ပြည့်စုံသောအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန် ချမ်းသာသို့ ရောက်သွားကြရပေသည်။

(ဃ) လေပူ၊ နေပူရှိန် ပြင်းထန်သော အရပ်ဒေသများသို့ ခရီးဝေးခရီးရှည် သွားကြရသောသူတို့သည် မျက်စိများ မှုန်ပြာခြင်း၊ ပူလောင်ကိုက်ခဲခြင်း စသည်များ ဖြစ်လာသောအခါ တံခါးကို လုံခြုံအောင်ပိတ်၍ ကျောင်းအတွင်း၌ နေထိုင်ကာ အနားယူလိုက်ပါက မျက်စိများ ပြန်၍ ကြည်လင် ကောင်းမွန်းလာတတ်ကြပေသည်။ သို့ဖြစ်၍ ကျောင်းကို လှူဒါန်းသောသူတို့သည် ဖြစ်လေရာဘဝတိုင်းတို့၌ မျက်စိကြည်လင်ခြင်း၊ မျက်စိအမြင် ကောင်းခြင်းအကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

(၆) တရားကို ဟောပြော လှူဒါန်း၍ နိဗ္ဗာန်ရခြင်းအကျိုး

တရားလှူဒါန်းသူသည် နိဗ္ဗာန်ချမ်းသာအကျိုးကို ရရှိနိုင်သည်ဟု ဟောကြားတော်မူရာ၌ - တရားဟောသူ မရှိ၍ တရားမနာရသောသူတို့သည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ဒါနကိုလည်း မပြုလုပ်နိုင်၊ သီလကိုလည်း မဆောက်တည်နိုင်၊ သမထ ဝိပဿနာတရားကိုလည်း အားမထုတ်နိုင်ကြသောကြောင့် နိဗ္ဗာန်ချမ်းသာကို မရရှိနိုင်ကြပေ။ တရားဟောတတ်သော ပုဂ္ဂိုလ်များက တရားဟော၍ နာကြရသောအခါမှသာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတရားတို့ကို ပြုလုပ်အားထုတ်၍ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ကြပေသည်။ သို့ဖြစ်၍ တရားဟော၍ တရားအလှူကို လှူဒါန်းသူတို့သည် နိဗ္ဗာန်ချမ်းသာအကျိုးကို ရရှိနိုင်ကြပေသည်။

တရားဟောရာ၌ ပရိသတ် ရာထောင် စသည်တို့ကို တရားဟောပါမှ တရားဟောသည်ဟု ဆိုရသည်မဟုတ်။ ပါဠိသင်ပေးခြင်း၊ အဋ္ဌကထာသင်ပေးခြင်း၊ တရားသဘောများကို မသိ၍ မေးသည်ကို ဖြေကြားခြင်း၊ ကမ္မဋ္ဌာန်းတရား ရှုမှတ်ပုံတို့ကို ပြောကြားပေးခြင်း၊ တရားနာဖို့ရန် ပြောကြားပြုလုပ်ပေးခြင်းတို့သည် တရားဟောခြင်းပင် ဖြစ်ပေသည်။ နိဗ္ဗာန်အလှူပင် ဖြစ်ပေသည်။

မိဘ၊ အကိုကြီး၊ အမကြီး၊ အဒေါ်လေး၊ အဒေါ်ကြီး စသည် ဖြစ်သူတို့က သားငယ်၊ သမီးငယ်၊ ညီငယ်၊ ညီမငယ်၊ တူငယ်၊ တူမငယ်ဖြစ်သူတို့ကို "သူ့အသက်မသတ်နဲ့၊ သတ်ရင် ကိုယ့်အသက် တိုတတ်သည်၊ မသတ်ရင် ကိုယ့်အသက် ရှည်တတ်သည်"ဟု ပြောပြဆုံးမခြင်းသည်လည်း တရားဟောခြင်း နိဗ္ဗာန်အလှူပင် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။ သူ့အသက်သတ်၊ သက်တိုတတ်၊
မသတ်အသက်ရှည်။

သူ့ပစ္စည်းဥစ္စာကို မခိုးနှင့်၊ ခိုးရင် ကိုယ့်မှာ ပစ္စည်းရှားပါး မွဲတတ်သည်။ မခိုးရင် ကိုယ့်မှာ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝတတ်သည်။

ဆောင်ပုဒ် ။ ။ ခိုးယူတတ်ခြား၊ ပစ္စည်းရှား၊ မခိုးပေါများသည်။

သူတစ်ပါးသားသမီးကို မကျူးလွန် မဖျက်ဆီးနဲ့၊ ဖျက်ဆီးရင် ကိုယ့်ကို သူများ မုန်းတတ်သည်။ မဖျက်ဆီးရင် ကိုယ့်ကို သူတစ်ပါးတို့က ချစ်ခင်ကြသည်။

ဆောင်ပုဒ် ။ ။ ကာမဂုဏ်မှား၊ လူမုန်းများ၊ မမှားချစ်ခင်သည်။

လိမ်ညာ၍ မပြောနဲ့၊ လိမ်ပြောရင် ကိုယ့်စကားကို သူတစ်ပါးတို့ နားမထောင်ဘဲ ကလန်ကဆန် လုပ်တတ်သည်။ လိမ်မပြောရင် ကိုယ့်စကားကို သူတစ်ပါးတို့ နားထောင်၍ ကိုယ့်စကား တည်တတ်သည်။

ဆောင်ပုဒ် ။ ။ လိမ်လည်တတ်ခြား၊ စကားမတည်၊ မလိမ်ခြား၊ စကားကောင်းစွာတည်။

အရက်သေစာ မသောက်စားနဲ့၊ သောက်စားရင် သတိမေ့တတ်သည်၊ ဉာဏ်တုံး၍ စာသင်လို့ မတတ်ဘဲ ဖြစ်နေတတ်သည်။ မသောက်စားရင် သတိလည်းကောင်း၊ ဉာဏ်လည်းကောင်း၍ စာတွေ မြန်မြန်လည်းတတ်သည်၊ များများလည်းတတ်သည်။

ဆောင်ပုဒ် ။ ။ အရက်သောက်စား၊ မေ့လျော့ခြားသည်၊ မသောက်စား၊ သတိဉာဏ်ပွားသည်။

စသည်ဖြင့် ပြောပြဆုံးမခြင်းသည်လည်း တရားဟောခြင်း နိဗ္ဗာန် အလှူပင် ဖြစ်ပေသည်။

နိဂုံး

ပါဠိတော်၊ အဋ္ဌကထာများမှလာသော တရားတော်များ၏ အနှစ်သာရများကို ထုတ်ယူကာ ထည့်သွင်းဖော်ပြထားသော "သိကောင်းစရာ ဓမ္မပဒေသာ" ဤစာအုပ်ကို ကြည့်ရှုလေ့လာကြသူ၊ ဟောပြောပြသကြသူ၊ လိုက်နာကျင့်သုံးကြသူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ချမ်းသာစစ်၊ ချမ်းသာမှန် နိဗ္ဗာန်ရောက်သည့်တိုင်အောင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများကို ခံစားရရှိနိုင်ကြပါစေကုန်သတည်း။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

'သိကောင်းစရာ ဓမ္မပဒေသာ'

ပြီး ပါ ပြီ